# တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များအတွက်

## OECD- FAO လမ်းညွှန်



OECD

Food and Agriculture Organization of the United Nations

# တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ
# ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များအတွက်
# OECD- FAO လမ်းညွှန်

ဤစာတမ်းသည်လည်းကောင်း၊ အတူပါရှိသည့် မည်သည့် မြေပုံမဆိုသည်လည်းကောင်း  မည်သည့် ပိုင်နက်မဆို၏ အနေအထား သို့မဟုတ် အချုပ်အခြာအာဏာကိုဖြစ်စေ၊ နိုင်ငံတကာ နယ်ခြားနှင့် နယ်စည်းများနှင့် မည်သည့် ပိုင်နက်၊ မြို့ သို့မဟုတ် နယ်ပယ် အမည်၏ အနားသတ်ကို ဖြစ်စေ၊ ထိခိုက်စေခြင်းမရှိပါ။ ဤပူးတွဲထုတ်ဝေချက်တွင် အသုံးပြုသည့် နိုင်ငံအမည်များနှင့် ပိုင်နက်များ၏ အမည်များအတွက် FAO ၏ ကျင့်စဉ်ကို လိုက်နာကျင့်သုံးထားခြင်းဖြစ်သည်။

**ဤထုတ်ဝေချက်ကိုအောက်ပါအတိုင်းကိုးကားပါ၊**

OECD/FAO (၂၀၁၆), *OECD-FAO* တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်များ အတွက် လမ်းညွှန်၊ OECD ပုံနှိပ်တိုက်၊ ပဲရစ်မြို့

*http://dx.doi.org/10.1787/9789264251052-en*

ISBN 978-92-64-25095-6 (print)

ISBN 978-92-64-25105-2 (PDF)

FAO :

ISBN 978-92-5-109395-5 (print and PD

အစ္စရေးနိုင်ငံအတွက် ကိန်းဂဏန်းဒေတာတို့မှာ သက်ဆိုင်ရာ အစ္စရေး အာဏာပိုင်များမှ ပေးသည့်ဒေတာများဖြစ်ပြီး၊ ၄င်းတို့၏ တာဝန်ဖြစ်သည်။ ဤသို့ဒေတာကို အိုအီးစီဒီမှ အသုံးပြုမှုသည် အပြည်ပြည်ဆိုင်ရာ ဥပဒေ၏ သတ်မှတ်ချက်များအရ ဂိုလန်ကုန်းမြင့်များ၊ ဂျေရုဆလင်အရှေ့ပိုင်းနှင့် အနောက်ကမ်းခြေရှိ အစ္စရေး နယ်သစ်များ၏ အနေအထားကို ထိခိုက်စေခြင်းမရှိပါ။

**မျက်နှာဖုံး ဓာတ်ပုံ၊** © pink_cotton_candy/iStock/Thinkstock.com

အိုအီးစီဒီထုတ်ဝေချက်များရှိအမှားပြင်ဆင်ချက်များကို အွန်လိုင်းတွင် တွေ့ရှိနိုင်သည်၊ *www.oecd.org/about/publishing/corrigenda.htm.*

မူပိုင်ခွင့်: © OECD, FAO 2016

ကိုယ်ပိုင်အသုံးပြုရန်အတွက် အိုအီးစီဒီ အကြောင်းအရာများကို ကူးယူခြင်း၊ ဒေါင်းလုပ်ဆွဲခြင်း သို့မဟုတ် ရိုက်နှိပ်ခြင်းပြုလုပ်နိုင်ပြီး၊ အိုအီးစီဒီ ထုတ်ဝေချက်များ၊ ဒေတာဘေ့စ်များနှင့် မလ်တီမီဒီယာ အကြောင်းအရာများကို ကောက်နှုတ်ချက်များအဖြစ် သင့်ကိုယ်ပိုင် စာများ၊ တင်ဆက်မှုများ၊ ဘလော့ဂ်များ၊ ဝက်ဘ်ဆိုဒ်များနှင့် သင်ထောက်ကူပစ္စည်းများတွင် ထည့်သွင်းလိုလျှင် OECD နှင့် FAO အား ဇစ်မြစ်နှင့် မူပိုင်ရှင်အဖြစ် အသိအမှတ်ပြု ဖော်ပြကာ အသုံးပြုနိုင်သည်။ အများပြည်သူအတွက် သို့မဟုတ် စီးပွားရေးအရ အသုံးပြုခွင့်နှင့် ဘာသာပြန်ခွင့်များအတွက်မူ *rights@oecd.org.* သို့ တင်ပြတောင်းခံသင့်သည်။ ဤ စာသားအကြောင်းအရာ၏ အပိုင်းများကို မိတ္တူကူးယူခွင့် တောင်းခံချက်ကို *info@copyright.com* ရှိ Copyright Clearance Center (CCC) သို့ဖြစ်စေ၊ *contact@cfcopies.com.* ရှိ the Centre français d'exploitation du droit de copie (CFC) သို့ဖြစ်စေတိုက်ရိုက် တင်ပြရန်ဖြစ်သည်။

# စကားချီး

ဤတာဝန်ယူမှုရှိသောစိုက်ပျိုးရေးဆိုင်ရာကုန်ထုတ်လုပ်ဖြန့်ချိမှုကွင်းဆက်လုပ်ငန်းများ အတွက် အိုအီးစီဒီ- အက်ဖ်အေအို လမ်းညွှန် (လမ်းညွှန်)ကို စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ် ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များတစ်လျှောက် တာဝန် ယူမှု ရှိသည့်လုပ်ငန်း ကျင့်ဝတ်များဆိုင်ရာ လက်ရှိစံနှုန်းများကို စီးပွားလုပ်ငန်းများအနေနှင့် လိုက်နာကျင့်သုံးနိုင်ရန် အထောက်အကူအဖြစ် ပြုစုထားရှိ ပါသည်။ ဤစံနှုန်းများတွင် *OECD Guidelines for Multinational Enterprises*၊ စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များအတွင်း တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေခံစည်းမျဥ်းများ (*Principles for Responsible Investment in Agriculture and Food Systems*)၊ နှင့် မြေယာကဏ္ဍတွင် တာဝန်ယူမှု ရှိသော အုပ်ချုပ်ရေးဆိုင်ရာ အလွတ်သဘော လမ်းညွှန်ချက်များ *(Voluntary Guidelines on the Responsible Governance of Tenure of Land)*နှင့် မြေယာ၊ ရေလုပ်ငန်းနှင့် သစ်တော ကဏ္ဍတွင် တာဝန်ယူမှု ရှိသော အုပ်ချုပ်ရေးဆိုင်ရာ အလွတ်သဘော လမ်းညွှန်ချက်များ ( *the Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security* တို့ ပါဝင်သည်။ ဤစံနှုန်းများကို လိုက်နာကျင့်သုံးခြင်းဖြင့် စီးပွားလုပ်ငန်းများ၏ ဆိုးကျိုးရိုက်ခတ်မှုများကို လျော့ပါးစေပြီး ရေရှည်ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးသည်။

ဤလမ်းညွှန်သည် ပြည်တွင်း ပြည်ပ၊ အစိုးရနှင့် ပုဂ္ဂလိက၊ အသေးစား၊ အလတ်စားနှင့် အကြီးစား လုပ်ငန်းများအပါအဝင်၊ စိုက်ပျိုးရေး ဆိုင်ရာကုန်စည် ထုတ်လုပ် ဖြန့်ချိမှု လုပ်ငန်းကွင်းဆက် တစ်လျှောက် လုပ်ငန်းလုပ်ကိုင်လျက်ရှိသည့် စီးပွားလုပ်ငန်း အားလုံးကို ဦးတည်လမ်းညွှန်သည်။ ဤလမ်းညွှန်ချက်အောက်တွင် ကဏ္ဍပေါင်းစုံဖြစ်သော သွင်းအားစုများမှ ထုတ်လုပ်မှု အပိုင်း ဖြစ်သည့် ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းလွန်ကာလ လုပ်ငန်းများ၊ ထုတ်ပိုးခြင်း၊ သယ်ယူ ပို့ဆောင်ခြင်း၊ ဈေးကွက် သွင်းခြင်း၊ လက်လီလက်ကား ဖြန့်ချိခြင်း စသည့် စိုက်ပျိုးရေး အဆန် လမ်းကြောင်းနှင့် အစုန် လမ်းကြောင်းရှိ ကဏ္ဍများအားလုံး ပါဝင်သည်။ စိုက်ပျိုးရေးလုပ်ငန်းကွင်းဆက် တစ်လျှောက် ပေါ်ပေါက်သည့် အန္တရာယ်ဖြစ်နိုင် ခြေ နယ်ပယ်အများအပြားကို ဖြေရှင်းသည်- လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဘေးကင်းရေး၊ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရပြည့်ဝရေး၊ သဘာဝသယံဇာတများအပေါ် မြေအသုံးချခွင့် ရရှိရေးနှင့် အလုမ်းမီရေး၊ တိရစ္ဆာန် ကျန်းမာရေး သဘာဝပတ်ဝန်းကျင် ကာကွယ်ထိန်းသိမ်းရေး နှင့် သဘာဝသယံဇာတများကို ရေရှည်အသုံးပြုနိုင်ရေး၊ စီမံအုပ်ချုပ်ရေး၊ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု။

လမ်းညွှန်တွင် အခန်း လေးခန်း ပါရှိသည်၊

- စိုက်ပျိုးရေးဆိုင်ရာထုတ်လုပ်ဖြန့်ချိမှုကွင်းဆက်များတည်ဆောက်နိုင်ရန်အတွက် စီးပွားလုပ်ငန်း များ လိုက်နာကျင့်သုံးသင့်သော စံနှုန်းများကို ချပြသည့် စံပြစီးပွား လုပ်ငန်းများ ဆိုင်ရာ မူဝါဒ
- စီးပွားလုပ်ငန်းများက ၎င်းတို့၏လုပ်ငန်းဆောင်ရွက်မှုများ၏ ဆိုးကျိုးရိုက်ခတ်မှုများကို ဖော်ထုတ်၊ အကဲဖြတ်၊ လျော့ပါးစေပြီး ထိုရိုက်ခတ်မှုများကို ဖြေရှင်းပုံများကို တာဝန် ယူရန် အတွက် မည်သို့ လိုက်နာ ရမည်ကို ဖော်ပြသည့် အဆင့် ငါးဆင့် ပါရှိသည့် အန္တရာယ်အခြေပြု အလေးထားစိစစ်မှု အတွက် မူဘောင်
- စီးပွားလုပ်ငန်းများ ရင်ဆိုင်ရသည့် အဓိက အန္တရာယ်များအကြောင်းဖော်ပြချက်နှင့် ယင်းအန္တရာယ် များကို လျော့ပါးစေမည့် အစီအမံများ
- ဌာနေတိုင်းရင်းသားများနှင့်ထိတွေ့ဆောင်ရွက်ရန်လမ်းညွှန်

ဤလမ်းညွှန်ကို အိုအီးစီဒီ နှင့် အက်ဖ်အေအိုတို့က အကျိုးဆက်စပ်သူပေါင်းစုံ ပါဝင်သည့် ၂နှစ်တာ လုပ်ငန်းစဉ်ဖြင့် ဖော်ထုတ် ပြုစုခြင်းဖြစ်ပါသည်။ *OECD Investment Committee*၊ *OECD Committee for Agriculture* နှင့် *Cabinet of FAO Director-General* တို့၏ အတည်ပြု ခွင့်ပြုချက် ရရှိပြီး ဖြစ်ပါသည်။ လမ်းညွှန်အပေါ် အကြံပြုချက်တစ်ရပ်ကို အိုအီးစီဒီ ကောင်စီက ၂၀၁၆ ဇူလိုင် ၁၃ရက်တွင် အတည်ပြု ခဲ့ပါသည်။ ဥပဒေ စည်းနှောင်မှုမရှိသော်လည်း၊ အိုအီးစီဒီအဖွဲ့ဝင်များရော အဖွဲ့ဝင် မဟုတ်သည့် ထောက်ခံ သူများ၏ ဘုံရပ်တည်ချက်နှင့် နိုင်ငံရေးကတိကဝတ်ကို ထင်ဟပ် စေသည့် အကြံပြုချက် ဖြစ်သည်။

အိုအီးစီဒီသည် အခြားကဏ္ဍများတွင်လည်း စီးပွားလုပ်ငန်းများက တာဝန်ယူမှုရှိသော ထုတ်လုပ် ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များတည်ဆောက်ရန် အကူအညီပေးသည့် လမ်းညွှန်များကို ကဏ္ဍအလိုက် ကိုက်ညီမှုရှိစေရန် ပြုစုထားပါသည်။ သတ္တုတွင်း လုပ်ငန်း များ၊ အထူးသဖြင့် ပဋိပက္ခဖြစ်ပွားလျက် ရှိသည့် နယ်မြေများနှင့် အန္တရာယ်အဆင့် မြင့် နယ်မြေများမှ သယံဇာတတူးဖော်ရေးလုပ်ငန်းများ၊ အထည်ချုပ်နှင့် ဖိနပ်လုပ်ငန်းများ နှင့်ငွေချေးလုပ်ငန်းများတွင်လမ်းညွှန်များပြုစုခဲ့ပါသည်။

# မာတိကာ


အတိုကောက်စာလုံးများ ........................................................................................................ ၁၀

အမှာ........................................................................................................................... ၁၂

တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာကုန်ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းကွင်းဆက်များ နှင့်စပ်လျဉ်းသော OECD – FAO လမ်းညွှန်ချက်အပေါ် ကောင်စီ၏ အကြံပြုချက် ...................... ၁၄

၁၊ နိဒါန်း ........................................................................................................................ ၁၇

နောက်ခံအကြောင်းအရာ ........................................................................................ ၁၇

ရည်ရွယ်ချက် ........................................................................................................ ၁၈

အတိုင်းအတာ ........................................................................................................ ၁၉

ရည်ရွယ်သည့် သုံးစွဲစေလိုသူများ ........................................................................ ၂၄

လုပ်ငန်းစဉ် ........................................................................................................ ၂၄

အဓိက သဘောတရားများ ........................................................................................ ၂၅

ဖွဲ့စည်းမှု ........................................................................................................ ၃၂

၂ ၊ တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ငန်းကွင်းဆက်များအတွက်စံပြလုပ်ငန်းမူဝါဒ ............ . ၃၃

၁။ အလွှာစုံအကျုံးဝင်သည့် RBC စံနှုန်းများ ........................................................ ၃၃

၂။ လူ့အခွင့်အရေး ................................................................................................ ၃၅

၃။ အလုပ်သမား အခွင့်အရေး ........................................................................................ ၃၆

၄။ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး .................................................. ၃၇

၅။ စားနပ်ရိက္ခာ ဖူလုံရေးနှင့် အာဟာရ ပြည့်ဝရေး .................................................. ၃၇

၆။ သဘာဝသယံဇာတများကို အလှမ်းမီ အသုံးချပိုင်ခွင့်ရှိရေး .......................................... ၃၇

၇။ တိရစ္ဆာန်ကျန်းမာရေး ........................................................................................ ၃၈

၈။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝ သယံဇာတ ရေရှည် အသုံးပြုနိုင်ရေး ........................................................................................................ ၃၉

၉။ အုပ်ချုပ်မှု........................................................................................................ ၄၀

၁၀။ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ........................................................................ ၄၀

၃၊ စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များ တစ်လျှောက် အန္တရာယ်အခြေပြု သည့် အလေးထား စိစစ် ဆောင်ရွက်မှုအတွက် ၅ ဆင့်ပါ မူဘောင် ........................................... ၄၂

အဆင့် ၁၊တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေး လုပ်ငန်း ကွင်းဆက် များ အတွက် အားကောင်းသည့် လုပ်ငန်း စီမံခန့်ခွဲရေး စနစ် များ ထူထောင်ရေး ........ ၄၂

အဆင့် ၂။ လုပ်ငန်းကွင်းဆက် အတွင်းရှိ အန္တရာယ်များကို သိရှိအောင် ဖော်ထုတ် အကဲဖြတ်ပြီး ဦးစားပေးရပ် သတ်မှတ်ရေး ........ ၄၆

အဆင့် ၃၊ ဖော်ထုတ်သိရှိရသည့် အန္တရာယ်များကို တုံ့ပြန်ရန် ဗျူဟာ ရေးဆွဲ အကောင်အထည် ဖော်ရေး ........ ၅၁

အဆင့် ၄၊ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်ဆောင်ရွက်မှု မှန်မမှန် စိစစ်အတည်ပြုရေး ........ ၅၃

အဆင့် ၅။ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်ဆောင်ရွက်မှုအပေါ် အစီရင်ခံရေး ၅၄

မှတ်ချက်များ ........ ၅၆

ကိုးကားစာရင်းများ ........ ၆၆

ဖြည့်စွက်ချက် က၊ စိုက်ပျိုးရေး လုပ်ငန်းကွင်းဆက်များ တစ်လျှောက် အန္တရာယ် လျော့ကျစေရေး နှင့် အကာအကွယ်အစီအမံများ ........ ၆၇

၁၊ အလွှာစုံ အကျုံးဝင်သော RBC စံနှုန်းများ ........ ၆၇

၂၊ လူ့အခွင့်အရေး ........ ၇၅

၃၊ အလုပ်သမားအခွင့်အရေး........ ၇၇

၄၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ........ ၈၁

၅၊ စားနပ်ရိက္ခာဖူလုံရေး နှင့် အာဟာရ ပြည့်ဝရေး........ ၈၄

၆၊ သဘာဝ သယံဇာတများကို အလုမ်းမီ အသုံးချပိုင်ခွင့်ရှိရေး........ ၈၆

၇၊ တိရစ္ဆာန်ကျန်းမာရေး ........ ၉၁

၈၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝ သယံဇာတ ရေရှည် အသုံးပြုနိုင်ရေး ........ ၉၃

၉၊ အုပ်ချုပ်မှု ........ ၉၆

၁၀၊နည်းပညာနှင့် တီထွင်ဆန်းသစ်မှု ........ ၁၀၀

ဖြည့်စွက်ချက် (က) မှတ်ချက်များ ........ ၁၀၂

ဖြည့်စွက်ချက် (က) ကိုးကားစာရင်းများ ........ ၁၁၀

ဖြည့်စွက်ချက် (ခ) ဌာနေတိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်ခြင်း ........ ၁၁၂

ဌာနေတိုင်းရင်းသားများအား အဓိပ္ပါယ်ဖွင့်ဆိုချက် ........ ၁၁၂

FPIC အကောင်အထည်ဖော်ခြင်း ........ ၁၁၅

ခွင့်ပြုချက် မရသည့်အခါ သို့မဟုတ် ထိတွေ့ဆောင်ရွက်ရန် ငြင်းပယ်သည့်အခါတုံ့ပြန်ခြင်း. ၁၁၆
လက်ရှိ စာတမ်းများ စံနှုန်းများမှ ကောက်နှုတ်ချက်များ ........................................ ၁၁၇
FPIC အပေါ် နောက်ထပ် လမ်းညွှန်ချက်များ ........................................ ၁၂၁
ဖြည့်စွက်ချက် ခ မှတ်ချက်များ ........................................ ၁၂၂

## ဇယား

က .၁. ထိရောက်သည့် တိုင်တန်းရေး ယန္တရားများ၏ လက္ခဏာများ ........................................ ၇၅

## ပုံများ

၁.၁၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်အဆင့်များနှင့် ပါဝင်လုပ်ကိုင်သည့် စီးပွားလုပ်ငန်းများ ........................................ ၂၇
၁. ၂၊စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်အဆင့်ဆင့်၌ ရှိသော အန္တရာယ်များ ........................................ ၂၇

## အကွက်များ

၁.၁။ လမ်းညွှန်တွင် စဉ်းစားသုံးသပ်ထားသည့် အဓိက စံနှုန်းများဖော်ပြချက်........................................ ၂၁
၁.၂။ ဆိုးကျိုးရိုက်ခတ်မှုများ ဖြေရှင်းခြင်း........................................ ၂၉
၁.၃။ အလေးထားစိစစ် ဆောင်ရွက်မှုအတွက် အဆင့် ငါးဆ င့်ပါရှိသည့် မူဘောင် ........................................ ၃၁
၃.၁။ တိုးမြှင့်အလေးထား စိစစ်ဆောင်ရွက်မှု လိုအပ်သည့်အခြေအနေများ- အန္တရာယ် သတိပေးချက်များ. ........................................ ၄၉

## Follow OECD Publications on:

http://twitter.com/OECD_Pubs

http://www.facebook.com/OECDPublications

http://www.linkedin.com/groups/OECD-Publications-4645871

http://www.youtube.com/oecdilibrary

http://www.oecd.org/oecddirect/

## Follow FAO on:

Food and Agriculture Organization of the United Nations

twitter.com/FAOstatistics
twitter.com/FAOKnowledge
twitter.com/FAOnews

www.facebook.com/UNFAO

www.linkedin.com/company/fao

plus.google.com/+UNFAO

www.instagram.com/unfao

www.youtube.com/user/FAOoftheUN

# အတိုကောက်စာလုံးများ

| | |
|---|---|
| **CAO** | Compliance Advisor Ombudsman of IFC and MIGA<br>IFC နှင့် MIGA ၏ လိုက်နာဆောင်ရွက်မှုဆိုင်ရာ အကြံပေးအငြင်းပွားမှုဖြေရှင်းရေးရုံး |
| **CBD** | Convention on Biological Diversity<br>ဇီဝမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း |
| **CEDAW** | Convention on the Elimination of All Forms of Discrimination Against Women<br>အမျိုးသမီးများအပေါ် ခွဲခြားဆက်ဆံမှုပုံစံအားလုံး ပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း |
| **CFS** | Committee on World Food Security ကမ္ဘာ့စားနပ်ရိက္ခာ ကော်မတီ |
| **CFS-RAI** | Principles for Responsible Investment in Agriculture and Food Systems of the Committee on World Food Security<br>ကမ္ဘာ့ စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ ကော်မတီ၏ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာ စနစ်များတွင် တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံစည်းမျဉ်းများ |
| **CSR** | Corporate Social Responsibility  လူမှုတာဝန်ယူမှု |
| **EIA** | Environmental Impact Assessment သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရိုက်ခတ်မှု အကဲဖြတ်ချက် |
| **ESHRIA** | Environmental, Social and Human Rights Impact Assessment<br>သဘာဝပတ်ဝန်းကျင်၊ လူမှုနှင့် လူ့အခွင့်အရေးဆိုင်ရာ ရိုက်ခတ်မှု အကဲဖြတ်ချက် |
| **EU** | European Union ဥရောပ သမဂ္ဂ |
| **FAO** | Food and Agriculture Organization of the United Nations<br>ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးဆိုင်ရာ အဖွဲ့ |
| **FDI** | Foreign Direct Investment နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု |
| **FPIC** | Free, Prior and Informed Consent<br>လွတ်လပ်ပြီး၊ သိနားလည်မှု အပြည့်ဖြင့် ကြိုတင်ခွင့်ပြုချက် |
| **ICESCR** | International Covenant on Economic, Social and Cultural Rights<br>စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် |

| | |
|---|---|
| **IFAD** | International Fund for Agricultural Development<br>စိုက်ပျိုးရေး ဖွံ့ဖြိုးမှုအတွက် အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေ |
| **IFC** | International Finance Corporation အပြည်ပြည်ဆိုင်ရာ ငွေကြေး ကော်ပိုရေးရှင်း |
| **IFPRI** | International Food Policy Research Institute<br>အပြည်ပြည်ဆိုင်ရာ စားနပ်ရိက္ခာဆိုင်ရာ သုတေသန ဌာန |
| **ILO** | International Labour Organization အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ |
| **ITPGR** | International Treaty on Plant Genetic Resources for Food and Agriculture<br>စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင်မျိုးစိတ်ရင်းမြစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် |
| **MIGA** | Multilateral Investment Guarantee Agency နိုင်ငံပေါင်းစုံ ရင်းနှီးမြှုပ်နှံမှု အာမခံဆိုင်ရာ အေဂျင်စီ |
| **MNE** | Multinational Enterprise နိုင်ငံပေါင်းစုံ၌လုပ်ကိုင်သည့်လုပ်ငန်းကြီးများ |
| **NCP** | National Contact Point နိုင်ငံအဆင့် ဆက်သွယ်ရန်ဌာန |
| **NGO** | Non-governmental Organisation အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ |
| **OECD** | Organisation for Economic Co-operation and Development<br>စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ အဖွဲ့အစည်း |
| **OIE** | World Organization for Animal Health တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်း |
| **PRAI** | Principles for Responsible Agricultural Investment that respects rights, livelihoods and resources developed by FAO, International Fund for Agricultural Development (IFAD), United Nations Conference on Trade and Development (UNCTAD) and World Bank<br>FAO, IFAD, UNCTAD နှင့် WB တို့ပြုစုသည့် အခွင့်အရေးများ၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် ရင်းမြစ်များနှင့် စပ်လျဉ်း၍ တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု အခြေခံစည်းမျဉ်းများ |
| **RBC** | Responsible Business Conduct တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ် |
| **VGGT** | Voluntary Guidelines on the Responsible Governance of Tenure of Land, Fisheries and Forests in the Context of National Food Security<br>အမျိုးသားအဆင့် စားနပ်ရိက္ခာဖူလုံမှုနှင့်ဆက်စပ်သည့် မြေယာ၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍတွင် တာဝန်ယူမှု ရှိသော အုပ်ချုပ်ရေးဆိုင်ရာ အလွတ်သဘောလမ်းညွှန်ချက်များ |
| **UN** | United Nations ကုလသမဂ္ဂ |
| **UNCTAD** | United Nations Conference on Trade and Development<br>ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှုဆိုင်ရာ ကုလသမဂ္ဂညီလာခံ |
| **US** | United States အမေရိကန် ပြည်ထောင်စု |
| **USD** | United States dollar အမေရိကန်ဒေါ်လာ |
| **WB** | World Bank ကမ္ဘာ့ဘဏ် |
| **WHO** | World Health Organization ကမ္ဘာ့ကျန်းမာရေးအဖွဲ့ |

# အမှာ

တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက် (The OECD-FAO Guidance for Responsible Agricultural Supply Chains) သည် စိုက်ပျိုးရေးကဏ္ဍတွင် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများအတွက် တာဝန်ယူမှုရှိသည့် လုပ်ငန်း ကျင့်ဝတ် ဆိုင်ရာ လက်တွေ့ လမ်းညွှန် ပြုစုရန် အထူးလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်း ဖြစ်သည်။ မကြာသေးမီ ကာလ အတွင်း စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာခဲ့ပြီး မြင့်မားလာသော စားသုံးသူလိုအပ်ချက်ကို ဖြည့်ဆည်းနေသည့် အလျောက် ဆက်လက် တိုးမြင့်လာမည်ဟု မျှော်လင့်ရပါသည်။ ရင်းနှီးမြှုပ်နှံမှု ကဏ္ဍ တိုးမြင့်လာသကဲ့သို့ တာဝန်ယူမှု ရှိ ရမည်ကိုလည်း သိလာကြပါသည်။ စိုက်ပျိုးရေးကဏ္ဍ၏ အကျိုးအမြတ် တွင်ကျယ်ရေး သေချာစေရန်နှင့် စားနပ်ရိက္ခာ ဖူလုံရေး၊ ဆင်းရဲမွဲတေမှု လျော့ပါးစေရေး နှင့် စီးပွားရေးဖွံ့ဖြိုးမှုစသည့် တာဝန်များကို ဆက်လက် ဖြည့်ဆည်း ပေးနိုင်ရန် အတွက် ကုန်စည် ထုတ်လုပ်ဖြန့်ချိရေး ကွင်းဆက်များ တစ်လျှောက် တာဝန်ယူမှု ရှိသော လုပ်ငန်း ကျင့်ဝတ် စံနှုန်းများ ရှိရေးသည် မရှိမဖြစ်လိုအပ်ပါသည်။

OECD-FAO လမ်းညွှန်ကို အကျိုးဆက်စပ်သူပေါင်းစုံဆိုင်ရာ အကြံပေးအဖွဲ့၏ လမ်းညွှန်မှု အောက်တွင် ၂၀၁၃ အောက်တိုဘာမှ ၂၀၁၅ စက်တင်ဘာအထိ ကာလကြာ ပြုစုခဲ့ပါသည်။ ထိုအဖွဲ့တွင် အိုအီးစီဒီမှ ကိုယ်စားလှယ်များ၊ အိုအီးစီဒီ အဖွဲ့ဝင် မဟုတ်သည့် ကိုယ်စားလှယ်များ၊ ပုဂ္ဂလိက ကဏ္ဍ၊ နှင့် လူမှုအဖွဲ့အစည်းများ ပါဝင်ကြပြီး USAID မှ စားနပ်ရိက္ခာဖူလုံရေး ဗျူရို၊ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ် ဆောင်ရွက်မှုနှင့် မဟာဗျူဟာမှူး David Hegwood က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပါသည်။ ဒုဥက္ကဋ္ဌ သုံးဦးသည် အကျိုး ဆက်စပ်သူ အုပ်စု အသီးသီးအား ကိုယ်စားပြု ပါသည်- ဥရောပရှိ FoodDrink ၏ ညွှန်ကြားရေးမှူးချုပ် Mella Frewen, EBG Capital ထူထောင်သူနှင့် တွဲဘက်စီမံခန့်ခွဲရေးမှူး Bernd Schanzenbaecher, နှင့် Centre for Research on Multinational Corporations (SOMO)တွင် အကြီးတန်း သုတေသီ အဖြစ် နှင့် OECD Watch တွင် ပူးတွဲ ညှိနှိုင်းရေးမှူး အဖြစ်လုပ်ကိုင်သည့် Kris Genovese တို့ဖြစ်ပါသည်။

ထိုလုပ်ငန်းစဉ်တစ်လျှောက်၌ အကြံပေးအဖွဲ့က လူချင်းတွေ့ဆုံသည့်အစည်းအဝေး သုံးကြိမ်၊ ကွန်ဖရင့်ဆက်သွယ်နည်းဖြင့် တိုင်ပင်မှု သုံးကြိမ် ပြုလုပ်ခဲ့ပါသည်။ ၂၀၁၃ ခုနှစ် အောက်တိုဘာ ၁၆ ရက်တွင် အစည်းအဝေး ပထမအကြိမ် ကျင်းပပြီး ကျန် အစည်းအဝေးများကို ၂၀၁၄ ဇွန် ၂၆ နှင့် ၂၀၁၅ မတ်လ ၁၆ တို့တွင် ကျင်းပခဲ့သည်။ ထိုအပြင် ၂၀၁၅ ဇွန် ၁၈ တွင် လွတ်လပ်ပြီး၊ ကြိုတင် အသိပေး၍ နားလည်သဘာပေါက်စွာ ခွင့်ပြုရေး ဆွေးနွေးရန်၊ သတ္တု တွင်းလုပ်ငန်း ကဏ္ဍရှိ အကျိုးဆက်စပ် သူများ၏ အဓိပ္ပါယ်ပြည့်ဝသော ဆက်သွယ်ဆောင်ရွက်မှုဆိုင်ရာ အကြံပေးအဖွဲ့ (Advisory Group on Meaningful Stakeholder Engagement in the Extractive Sector) နှင့်လည်း ပူးတွဲအစည်းအဝေး ကျင်းပခဲ့သည်။ ၂၀၁၄ ဖေဖော်ဝါရီ ၁၀ ရက်၊ ၂၀၁၄ မေလ ၂၈ ရက်နှင့် ၂၀၁၅ ဇန်နဝါရီလ ၇ ရက် တို့တွင် ကွန်ဖရင့်ဆက်သွယ်နည်းဖြင့် စီစဉ် ဆောင်ရွက်ခဲ့သည်။ လမ်းညွှန် မူကြမ်းအပေါ်

အကျိုးဆက်စပ်သူများ၏ ထင်မြင်ချက်များ ပိုမို ကျယ်ပြန့်စွာ လက်ခံနိုင်ရန် ၂၀၁၅ ဇန်နဝါရီနှင့် ဖေဖော်ဝါရီတို့တွင် အများပြည်သူနှင့် တိုင်ပင်မှုကို အွန်လိုင်းမှ ဆောင်ရွက်ခဲ့ပါသည်။

OECD-FAO လမ်းညွှန်သည် ၂၀၁၄ နှင့် ၂၀၁၅ တွင် ကျင်းပသည့် Global Forum on Responsible Business Conduct ၏ နောက်ဆုံးကောက်ချက်များမှလည်း အကျိုးရရှိခဲ့ပါသည်။ ၂၀၁၄ ဇွန်လတွင် တာဝန်ယူမှု ရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ချိရေး လုပ်ငန်းကွင်းဆက်များဆိုင်ရာ အထူးကြားနာမှုမှ စီးပွားလုပ်ငန်းများသည် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိရေး ကွင်းဆက်များ အတွင်း ရင်းနှီးမြှုပ်နှံသည့်အခါ ရင်ဆိုင်ရသည့် အဓိက အန္တရာယ်များ ကို ဖော်ထုတ်ခဲ့ပြီး၊ ထိုသို့ အန္တရာယ်များကို အစိုးရများနှင့် စီးပွားလုပ်ငန်းများက လျော့ပါးစေနိုင်မည့် အစီအမံများကို လည်းကောင်း၊ဇာတိနိုင်ငံ၊ သွားရောက်လုပ်ကိုင်သည့် နိုင်ငံများရော ရင်းနှီးမြှုပ်နှံသူများပါ စိုက်ပျိုးရေး ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်များကို ခံစားနိုင်ရေး သေချာစေရန်လည်းကောင်း၊ ဆွေးနွေး ခဲ့ကြသည်။ ၂၀၁၅ ဇွန်လ ၁၉ ရက်တွင်၊ ဝိုင်းဖွဲ့ဆွေးနွေးပွဲတစ်ခုတွင် စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ် လုပ်ဖြန့်ချိရေး လုပ်ငန်းကွင်းဆက်များ တစ်လျှောက် လုပ်ကိုင်လျက်ရှိသည့် စီးပွားလုပ်ငန်း အမျိုးမျိုး၏ လုပ်ငန်းတာဝန်များနှင့်၊ အလေးထား စိစစ်မှု ဆောင်ရွက်နိုင်ရန် မည်သို့ ပူးပေါင်း ဆောင်ရွက် နိုင်မည်ကို လေ့လာဆွေးနွေးခဲ့ကြပါသည်။

ထိုအကြံပေးအဖွဲ့အတွင်း တင်ပြခဲ့သည့် ရှုဒေါင့်အသွယ်သွယ်မှတဆင့် လမ်းညွှန် စာတမ်း တစ်ခု ပြုစုရန် ပံ့ပိုးမှုတစ်ခုရရှိခဲ့ပါသည်။ ဤလမ်းညွှန်တွင် စိုက်ပျိုးရေးလုပ်ငန်းကွင်းဆက် များ တစ်လျှောက် လုပ်ငန်းလည်ပတ်မှုကြောင့် ဆိုးကျိုးရိုက်ခတ်ခံရသည့် အကျိုးဆက်စပ်သူများ ၏ အခွင့်အရေးကို လေးစားလိုက်နာရေးကို အထူးအလေးပေးထားပြီး၊ ဤလုပ်ငန်းကွင်းဆက်များ တစ်လျှောက် လုပ်ကိုင် နေသည့် လုပ်ငန်းများ၏ တာဝန်ဝတ္တရားများကို အဓိပ္ပါယ်ဖွင့်ဆိုကာ၊ လုပ်ငန်းများ ရင်ဆိုင်ရသည့် အန္တရာယ်များကို လျော့ပါးစေနိုင်မည့် လက်တွေ့ချဉ်းကပ်မှုများ အဆိုပြုချက်များပါရှိပါသည်။ ဤOECD-FAO လမ်းညွှန်သည် စီးပွားလုပ်ငန်းများ၏ အလေးထား စိစစ်မှု လုပ်ဆောင်ရာတွင် လမ်းညွှန်အဖြစ် အသုံးဝင်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပါသည်။ လုပ်ငန်း ဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် လက်ရှိသတ်မှတ်စံနှုန်းများကို လေးစားလိုက်နာမှု ပိုမို တိုးတက် ကောင်းမွန်မည်ဟုလည်း ယုံကြည်ပါသည်။



David Hegwood

ဥက္ကဋ္ဌ၊ အကျိုးဆက်စပ်သူပေါင်းစုံအကြံပေးအဖွဲ့

မဟာဗျူဟာမှူး ၊ စားနပ်ရိက္ခာဖူလုံရေး ဗြူရို၊ ကမ္ဘာလုံးဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့် မဟာဗျူဟာ USAID

# တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာကုန်ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များ နှင့်စပ်လျဉ်းသော OECD – FAO လမ်းညွှန်ချက်အပေါ် ကောင်စီ၏ အကြံပြုချက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

**ကောင်စီအနေဖြင့်**

၁၉၆၀ ခုနှစ်၊ ဒီဇင်ဘာလ ၁၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့သော စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု နှင့် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအဖွဲ့အစည်း (OECD) သဘောတူညီချက်၏ အပိုဒ် ၅ ကို (ခ)**ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊**

အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံတကာလုပ်ငန်းကြီးများနှင့်စပ်လျဉ်းသော ကြေညာချက် [C(76)99/ FINAL] ၊ နိုင်ငံတကာလုပ်ငန်းကြီးများအတွက် OECD လမ်းညွှန်ချက်များအပေါ် ကောင်စီ၏ ဆုံးဖြတ်ချက် [C(2009) 96/ FINAL ကို ပြင်ဆင်ထားသော C/MIN (2011) 11/FINAL] (ဤမှစ၍ "လမ်းညွှန်များအပေါ် ဆုံးဖြတ်ချက်"ဟု သုံးနှုန်းပါမည်)။ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဆောင်တာများတွင် ပြည်ပနိုင်ငံမှ အစိုးရအရာရှိများ၏ အကျင့်ပျက်ခြစားမှုများအား တိုက်ဖျက်ရေးနှင့် စပ်လျဉ်းသော သဘောတူညီချက်၊ ပဋိပက္ခဒဏ်သင့်ပြီး ဘေးအန္တရာယ် ကျရောက်နိုင်ခြေ မြင့်မားသော ဒေသများရှိ သယံဇာတများကို ထုတ်ယူရောင်းချရာတွင် တာဝန်ယူမှုရှိသော ကုန်ထုတ် လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်များ ဖြစ်စေရန် အတွက် ရေးဆွဲထားသောအလေးထားစိစစ်မှုဆောင်ရွက်ရေးလမ်းညွှန်ချက်များအပေါ် ကောင်စီ၏ အကြံပြုချက် [C/MIN (2011) 12/ FINAL ကို ပြင်ဆင်ထားသော C(2012) 93] နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မူဘောင်အပေါ် ကောင်စီ၏ အကြံပြုချက် [C(2015) 56/REV 1] တို့ကို **ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊**

နိုင်ငံတကာလုပ်ငန်းကြီးများအတွက် ချမှတ်ပေးထားသော လမ်းညွှန်များ (ယခုမှစ၍ "လမ်းညွှန်"ဟု သုံးနှုန်းပါမည်)ကို လိုက်နာရန် အစိုးရများက တိုက်တွန်းလှုံ့ဆော်ရခြင်း၏ ဘုံရည်မှန်းချက်မှာ စီးပွားရေး လုပ်ငန်းများကို တာဝန်ယူမှု ရှိသော လုပ်ငန်းကျင့်ဝတ် မြင့်တင် ဆောင်ရွက်ကြစေရန်ဖြစ်ကြောင်း**အမှတ်ရ၍ လည်းကောင်း၊**

ထို့ပြင် အချို့သောကုန်ပစ္စည်းများ၊ ဒေသများ၊ ကဏ္ဍများ သို့မဟုတ် လုပ်ငန်းများနှင့်စပ်လျဉ်းသော လမ်းညွှန်ချက်များတွင် ပါဝင်သည့် မူများနှင့် စံနှုန်းများကို လုပ်ငန်းကြီးများက ပိုမို ထိရောက်စွာ လိုက်နာကြစေရန် အတွက် ရင်းနှီးမြှုပ်နှံမှုကော်မတီအနေဖြင့် လက်ဦးမှုရယူဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ခုကို နိုင်ငံတော် အဆင့် ဆက်သွယ်ရန်ဌာနများနှင့် ပူးပေါင်း၍ အကျိုးဆက်စပ်သူများနှင့် တွဲဖက်ကာ ဆောင်ရွက်ရမည်ဟု လမ်းညွှန် ချက်များ အပေါ် ဆုံးဖြတ်ချက်တွင် ဖော်ပြထားကြောင်း **အမှတ်ရ၍ လည်းကောင်း၊**

စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များတွင် ပိုမို တာဝန်ယူမှုရှိစွာ ရင်းနှီးမြှုပ်နှံကြစေရန်နှင့် မြေယာ၊

ငါးဖမ်းလုပ်ငန်းနှင့် သစ်တောဆိုင်ရာ လုပ်ပိုင်ခွင့်များအား ပိုမို တာဝန်ယူမှုရှိစွာ စီမံအုပ်ချုပ်ကြစေရန် အတွက် နိုင်ငံတကာ အသိုက်အဝန်း၊ အထူးသဖြင့် ကမ္ဘာ့စားနပ်ရိက္ခာဖူလုံရေးကော်မတီ နှင့် ကုလသမဂ္ဂ စားနပ် ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) တို့၏ ကြိုးပမ်းမှုများကို **ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊**

ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်ကို တည်ဆောက်ရန် အရေးကြီးကြောင်း **သိရှိ၍လည်းကောင်း၊**

လူ့အဖွဲ့အစည်းတစ်ရပ်လုံးကို အကျိုးများစေမည့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက် တည်ဆောက်ရာတွင် အစိုးရ၊ လုပ်ငန်းကြီးများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသည် ၎င်းတို့၏ သက်ဆိုင်ရာ ကျွမ်းကျင်မှုများနှင့် အခန်းကဏ္ဍများကို အသုံးချနိုင်ကြောင်း **သိရှိ၍ လည်းကောင်း၊**

အလေးထားစိစစ်ဆောင်ရွက်မှု ဆိုသည်မှာ လုပ်ငန်းများအနေဖြင့် လူ့အခွင့်အရေး၊ အလုပ်သမားများ အခွင့်အရေး၊ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရ၊ မြေအသုံးချပိုင်ခွင့်၊ တိရစ္ဆာန် ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ကာကွယ်စောင့်ရှောက်ရေးနှင့် သဘာဝသယံဇာတများ အသုံးပြုမှု၊ အုပ်ချုပ်မှု၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုများနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိသော ကုန်ထုတ်လုပ်ဖြန့်ချိသည့် လုပ်ငန်း ကွင်းဆက်များ ဖြစ်စေရန်အတွက် အစိုးရက ချမှတ် ပေးထားသော စံနှုန်းများအား လိုက်နာမှု ရှိကြောင်းကို ၎င်းတို့ကိုယ်တိုင် စစ်ဆေးနိုင်စေသော လုပ်ငန်းစဉ်ဖြစ်ပြီး စဉ်ဆက်မပြတ် လက်ဦးမှု ရယူရန် ကြိုတင်ဆောင်ရွက် ရသော၊ တုံ့ပြန်ဆောင်ရွက်ရသော လုပ်ငန်းစဉ်တစ်ခု ဖြစ်ကြောင်း **အလေးဂရုပြု၍ လည်းကောင်း၊**

ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် စိုက်ပျိုးရေးကော်မတီတို့က FAO နှင့်ပူးပေါင်း၍ သင့်လျော်သလို ပြင်ဆင်မွမ်းမံထားသည့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက် နှင့်စပ်လျဉ်းသော OECD – FAO လမ်းညွှန်ချက် [C(2016) 83/ADD1] (ဤမှစ၍ "လမ်းညွှန်များ"ဟု သုံးနှုန်းပါမည်) ကို **ထည့်သွင်းစဉ်းစား၍ လည်းကောင်း၊**

ဤလမ်းညွှန်ချက်တွင် တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက် အတွက် စံနှုန်းများနှင့် လုပ်ငန်းများအနေဖြင့် ၎င်းတို့၏လုပ်ဆောင်ချက်များ သို့မဟုတ် စီးပွားဆက်ဆံမှုများကြောင့် ပေါ်ပေါက်လာသည့် အမှန်တကယ်ဖြစ်ပွားနေသောနှင့် ဖြစ်ပွားနိုင်ခြေရှိသော ဆိုးကျိုးများအား ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်း၊ လျှော့ချခြင်း၊ မည်သို့ ကိုင်တွယ်ဖြေရှင်းသည်ကို တင်ပြခြင်းတို့ကို ဆောင်ရွက်ရန်အတွက် လိုက်နာသင့်သည့် အဆင့်များကို ဖော်ပြထားသော အဆင့်ငါးဆင့်ပါ အလေးထား စိစစ်မှု မူဘောင်တို့ကို အနှစ်ချုပ် ဖော်ပြထားသည့် စံပြလုပ်ငန်းမူဝါဒတစ်ခုအား အဆိုပြုထားသည်ကို **ဂရုပြု၍လည်းကောင်း၊**

**ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် စိုက်ပျိုးရေးကော်မတီတို့၏ အဆိုပြုချက်တွင် -**

၁။ ဤအကြံပြုချက်ကို ထောက်ခံသည့် အဖွဲ့ဝင်များ၊ အဖွဲ့ဝင်မဟုတ်သူများ (ဤမှစ၍ "ထောက်ခံသူများ"ဟု သုံးနှုန်းပါမည်) အပြင် လမ်းညွှန်ချက်နှင့်စပ်လျဉ်းသော သက်ဆိုင်ရာနိုင်ငံတော်အဆင့် ဆက်သွယ်ရန် ဌာနများ(ဤမှစ၍ "NCP များ" ဟု သုံးနှုန်းပါမည်) အနေဖြင့် ၎င်းတို့၏နယ်မြေများအတွင်း လုပ်ကိုင်နေသော လုပ်ငန်းများ သို့မဟုတ် ၎င်းတို့၏နယ်မြေအခြေစိုက်လုပ်ငန်းများက ဤလမ်းညွှန်ချက်ကို လိုက်နာ ကျင့်သုံး

လာအောင် တက်ကြွစွာ လှုံ့ဆော်တိုက်တွန်းပေးရန် အကြံပြုထားပါသည်။ ထိုသို့အကြံပြုရခြင်းမှာ ထိုလုပ်ငန်းများ အနေဖြင့် ၎င်းတို့၏ လုပ်ဆောင်ချက်များကြောင့် ပေါ်ပေါက်လာသော ဆိုးကျိုးများကို ကာကွယ်ရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှု၊ အထူးသဖြင့် ဆင်းရဲမွဲတေမှုလျှော့ချရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ကျား၊မ တန်းတူညီမျှရေးတို့ကို ပံ့ပိုးပေးရန်အတွက် နိုင်ငံတကာက သဘောတူ လက်ခံထားသည့် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်တစ်လျှောက် တာဝန်ယူမှုရှိစွာ လုပ်ငန်းဆောင်ရွက်ရေး စံနှုန်းများကို လိုက်နာကြစေရန် **အကြံပြုထားပါသည်။**

၂။ ထောက်ခံသူများ၏ နယ်မြေများအတွင်း လုပ်ကိုင်နေသော လုပ်ငန်းများ သို့မဟုတ် ၎င်းတို့၏ နယ်မြေအခြေစိုက် လုပ်ငန်းများအနေဖြင့် စံပြလုပ်ငန်းမူဝါဒကို လိုက်နာကျင့်သုံးကြစေရန် နှင့် လမ်းညွှန်ချက် တွင်ဖော်ပြထားသည့် အဆင့်ငါးဆင့်ပါ ဘေးအန္တရာယ်ဖြစ်နိုင်ခြေအခြေပြု စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်း ကွင်းဆက်တစ်လျှောက် စေ့စပ်စွာစစ်ဆေးမှု မူဘောင်ကို ကော်ပိုရိတ်စီမံခန့်ခွဲမှုစနစ်များတွင် ပေါင်းစပ် အသုံးပြုစေရန်အတွက် တက်ကြွစွာဖြင့် ပံ့ပိုးဆောင်ရွက်ပေးရန် ထောက်ခံသူများအား **အထူးအကြံပြု ထားပါသည်။**

၃။ ထောက်ခံသူများနှင့် ၎င်းတို့၏ သက်ဆိုင်ရာ NCP များသည် OECD အထွေထွေအတွင်းရေးမှူးဌာန၏ ကုလသမဂ္ဂ နှင့် နိုင်ငံတကာ ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သော လုပ်ငန်းများမှတစ်ဆင့် ပံ့ပိုးမှုများ အပါအဝင် အခြားပံ့ပိုးမှုများဖြင့် ဤလမ်းညွှန်ချက်ကို စိုက်ပျိုးရေးလုပ်ငန်း၊ အစုန်လမ်းကြောင်းရှိ စားသောက်ကုန် ထုတ်လုပ်သည့်လုပ်ငန်းများ၊ အဆန်လမ်းကြောင်းရှိ သွင်းအားစုလုပ်ငန်းများ၊ သက်ဆိုင်ရာ အသိုက်အဝန်းများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများအပါအဝင် အမျိုးမျိုးသော အကျိုးဆက်စပ်သူများထံ တတ်နိုင်သမျှကျယ်ပြန့်စွာ ရောက်ရှိအောင် ဖြန့်ဝေပေးပြီး ယင်းကို လိုက်နာကျင့်သုံးကြစေရန်အတွက် အလေးထား ဂရုပြုဆောင်ရွက်ရန် နှင့် ဖြန့်ဝေရေးနှင့် အကောင်အထည်ဖော် ဆောင်ရွက်ရေးလုပ်ငန်းတိုင်းကို ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် စိုက်ပျိုးရေး ကော်မတီထံ ပုံမှန် တင်ပြရန် **အကြံပြုထားပါသည်။**

၄။ ဤအကြံပြုလွှာကို ဖြန့်ဝေရန်အတွက် ထောက်ခံသူများနှင့်အထွေထွေအတွင်းရေးမှူးတို့အား **ဖိတ်ခေါ်ထား ပါသည်။**

၅။ မထောက်ခံသူများကိုလည်း ဤအကြံပြုလွှာအား စေ့စေ့စပ်စပ် စဉ်းစားသုံးသပ်၍ ထောက်ခံနိုင်ရန် **ဖိတ်ခေါ်ထား ပါသည်။**

၆။ ဤအကြံပြုချက်အား အကောင်အထည်ဖော်ခြင်းကို စောင့်ကြည့်စစ်ဆေးရန် နှင့် လိုက်နာဆောင်ရွက်ပြီး ငါးနှစ်အတွင်းနှင့် နောက်ပိုင်းသင့်လျော်သလို ကောင်စီထံ တင်ပြရန် ရင်းနှီးမြှုပ်နှံမှုကော်မတီနှင့် စိုက်ပျိုးရေး ကော်မတီ တို့ အား **ညွှန်ကြားထားပါသည်။**

# ၁။ နိဒါန်း

## နောက်ခံအကြောင်းအရာ

ကမ္ဘာတစ်ဝှမ်း လယ်ယာမြေပေါင်း သန်း ၅၇၀ ကျော်ရှိသည့် စိုက်ပျိုးရေးကဏ္ဍ[1] တွင် ရင်းနှီးမြှုပ်နှံမှု ထပ်မံတိုးပွားစေရန် ဆက်လက်ဆွဲဆောင်သင့်ပါသည်။ အထူးသဖြင့် အလုပ်သမားတစ်ဦးချင်း၏ စိုက်ပျိုးရေးဆိုင်ရာ စုစုပေါင်း အရင်းအနှီးကိုကြည့်လျှင် အမေရိကန် ဒေါ်လာ ၁၆,၅၀၀ ရှိသော လက်တင်အမေရိကားနိုင်ငံနှင့် ကာရိဘီယံနိုင်ငံများ၊ ၁၉,၀၀၀ ရှိသော ဥရောပနှင့် အာရှတိုက် အလယ်ပိုင်းတို့နှင့် စာလျှင် အမေရိကန်ဒေါ်လာ ၁,၇၀၀နှင့် ၂,၂၀၀ အသီးသီးဖြင့် နိမ့်ကျသော တောင်အာရှနှင့် အာဖရိက ဆာဟာရ တိုက်ငယ်ဒေသတို့အတွက် အရင်းအနှီးပိုမို လိုအပ်ပါသည်။(FAO, 2012 and 2014)။ တိုးပွားနေသော လူဦးရေများ၊ပိုမိုမြင့်မားလာသည့် လစာနှုန်းများနှင့် စားသောက်ပုံအ ပြောင်းအလဲများ ကြောင့်၊ လာမည့် ဆယ်စုနှစ်များတွင် စိုက်ပျိုးရေးထုတ်ကုန် ဈေးနှုန်း များသည် ၂၀၀၇-၀၈ နှစ်က ထိုးတက်သွားသော ဈေးနှုန်းများထက်ပိုမို မြင့်မားမည်ဟု မျှော်မှန်းရသည်။စားသောက်ကုန် မဟုတ်သော စိုက်ပျိုးရေး ထွက်ကုန်များ ဝယ်လိုအားလည်း ပိုမို တိုးမြင့် လာသည်။(OECD/FAO, 2015)

စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက် များတစ်လျှောက် လုပ်ကိုင်လျက်ရှိသော စီးပွားလုပ်ငန်းများသည် အလုပ်အကိုင် ဖန်တီး ပေးခြင်း၊ ကျွမ်းကျင်မှု၊ နည်းပညာနှင့် စိုက်ပျိုးရေး ထုတ်လုပ်အားတိုးမြင့်စေရန် ငွေကြေးစိုက်ထုတ်နိုင်မှု စွမ်းရည်များ ရေရှည် ပေးဆောင်ခြင်း၊ လုပ်ငန်း ကွင်းဆက်များ၌ အဆင့်မြှင့်တင်ခြင်းတို့ဖြင့် ရေရှည်ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်သည်။ ထိုသို့ဖြင့် စားနပ်ရိက္ခာနှင့် အာဟာရ ဖူလုံမှုကို ပိုမိုတိုးတက် ကောင်းမွန်စေပြီး မိမိသွားရောက်လုပ်ကိုင်သည့် နိုင်ငံ၏ ဖွံ့ဖြိုးမှုပန်းတိုင်များ ပြည့်မီရန် အထောက်အကူဖြစ်စေမည်။ နိုင်ငံတကာက သဘောတူ ထားသည့် တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ် ဆိုင်ရာ အခြေခံစည်းမျဉ်းများ (RBC)[2] ဆိုသည်မှာ စီးပွားလုပ်ငန်းများက ရေရှည်ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးရေး သေချာစေရန် ဖြစ်သည်။ ထိုစည်းမျဉ်းများကို စီးပွားလုပ်ငန်း အတော်များများက အသုံးပြုနေကြပြီဖြစ်သည်။ ဤအခြေခံစည်းမျဉ်းများကို လိုက်နာခြင်းမရှိလျှင် အများထည့်ဝင်သည့် ရန်ပုံငွေဖြင့်လည်ပတ်သည့် လုပ်ငန်းကြီးများကဲ့သို့ လုပ်ငန်းသစ်များ တစ်နေ့တခြား ပါဝင်လာသည့်အခါ၊ အုပ်ချုပ်မှု မူဘောင် အားနည်းသော နိုင်ငံများ အတွင်း ရင်းနှီးမြှုပ်နှံသူအသစ်များ ဈေးကွက်သစ်များသို့ ထိုးဖောက်ဝင်ရောက်သည့်အခါ အန္တရာယ် ပိုမို ကြီးထွားလာနိုင်သည်။

စိုက်ပျိုးရေး လုပ်ငန်းကွင်းဆက်တွင် ပါဝင်လုပ်ကိုင်သည့် စီးပွားလုပ်ငန်းများအား လက်ရှိ RBC စံနှုန်းများ[3] ကို မည်သို့လိုက်နာကျင့်သုံးရမည်ကို လမ်းညွှန်ချမှတ်ခြင်းသည် ဆိုးကျိုးရိုက်ခတ်မှုများ တားဆီးရန် အခရာကျပြီး၊ ဆင်းရဲမွဲတေမှု လျော့ကျခြင်း၊ စားနပ်ရိက္ခာဖူလုံခြင်း၊ ကျား-မ ညီမျှမှုရှိခြင်းကို ပံ့ပိုးနိုင်မည့်အပြင် စိုက်ပျိုးရေးဆိုင်ရာ ရင်နှီးမြှုပ်နှံမှုဖြင့် စီးပွားလုပ်ငန်းများ၊[4] အစိုးရများနှင့် လူ့အသိုက်အဝန်းများ အကျိုး ဖြစ်ထွန်း ရန် သေချာစေပါသည်။ ဤ Guidance for Responsible

Agricultural Supply Chains (ယခုမှစ၍ "လမ်းညွှန်"ဟု ခေါ်ဆိုရန်) က ဦးတည်သည့် စီးပွားလုပ်ငန်း အမျိုးမျိုးတွင် စိုက်ပျိုးရေး ထုတ်လုပ်မှုလုပ်ငန်းများတွင် တိုက်ရိုက် ပါဝင်လုပ်ကိုင်သော အသေးစား ကုန်ထုတ်သူများရော၊ စီးပွားဆက်ဆံဆောင်ရွက်မှု[5] တစ်လျှောက် ပါဝင်ပတ်သက်သည့် ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေများ၊ နိုင်ငံပိုင် ကြီးပွားရေးရန်ပုံငွေများ(sovereign wealth funds) သို့မဟုတ် ဘဏ် [6] စသည့် အခြားလုပ်ငန်းများပါ၊ ပါဝင်ပါသည်။

## ရည်ရွယ်ချက်

ဤလမ်းညွှန်သည်စီးပွားလုပ်ငန်းများက OECD Guidelines for Multinational Enterprises (OECD လမ်းညွှန်များ) အပါအဝင်၊ လက်ရှိ RBC စံနှုန်းများကို စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်[7]တစ်လျှောက် လိုက်နာကျင့်သုံးရာတွင် အထောက်အကူပြုရန် ရည်ရွယ် ပါသည်။ OECD လမ်းညွှန်များထိရောက်မှု ရှိစေရန် တာဝန် ထမ်းဆောင်လျက်ရှိသည့် နိုင်ငံတော်အဆင့် ဆက်သွယ်ရေး ဌာနများ (NCP) ၏ လုပ်ငန်းကို ဖြည့်ဆည်းပေးခြင်းဖြင့်၊ သဘာဝပတ်ဝန်းကျင်၊ လူမှု နှင့် လူ့အခွင့်အရေး စသည်တို့အပေါ် ဆိုးကျိုးရိုက်ခတ်မှုများ ကို တားဆီးရန် ရည်ရွယ်ပါသည် (အကွက် ၁.၁ ကိုကြည့်ပါ)။ ဤလမ်းညွှန်ဖြင့် အစိုးရများ၊ အထူးသဖြင့် NCP များအနေနှင့် အိုအီးစီဒီ လမ်းညွှန်များကို အားပေး မြှင့်တင်ရန် ကြိုးပမ်းမှုများနှင့် စိုက်ပျိုးရေး ကဏ္ဍရှိ လက်ရှိစံနှုန်းများကို ရှင်းပြရာတွင် အကူအညီ ပေးနိုင်မည်ဖြစ်သည်။

ဤလမ်းညွှန်သည် စီးပွားလုပ်ငန်းများ လိုက်နာပြီး အန္တရာယ်အခြေပြု အလေးထားစိစစ်မှု ဆောင်ရွက်ရာတွင် အကူအညီ ဖြစ်စေ ရန်အတွက် လက်ရှိ စံနှုန်းများကို ရည်ညွှန်းပါသည်။ အိုအီးစီဒီ လမ်းညွှန်များနှင့် အခြားစံနှုန်းများ ကို ရည်ညွှန်းသည့်အခါ စိုက်ပျိုးရေး ကုန်ထုတ် လုပ် ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်များနှင့် အဆီလျော်ဆုံးအပိုင်းများကိုသာ ရည်ညွှန်းခြင်း ဖြစ်ပြီး၊ လက်ရှိ စံနှုန်းများကို အစားထိုးရန် မရည်ရွယ်ပါ။ ထို့အတွက် စီးပွားလုပ်ငန်း များသည် ဤ စံနှုန်း တစ်ခုချင်းကို တိုက်ရိုက် ကိုးကားပြီးမှ လေးစားလိုက်နာသင့်ပါသည်။ OECD Guidelines များ အဓိက ပါဝင်သည့် Declaration on International Investment and Multinational Enterprises ကို ထောက်ခံသည့်နိုင်ငံတိုင်းက သော်လည်းကောင်း၊ FAO အဖွဲ့ဝင် နိုင်ငံတိုင်းက သော်လည်းကောင်း၊ ဤလမ်းညွှန်တွင် ပါရှိသည့် စံနှုန်းများကို ထောက်ခံ အတည်ပြုထားခြင်း မဟုတ်ပေ။

**အတိုင်းအတာ**

ဤလမ်းညွှန်သည် အောက်ပါတို့အပါအဝင်၊ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်များတစ်လျှောက် တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ်နှင့် ဆီလျော်သည့် လက်ရှိ စံနှုန်းများကို ထည့်သွင်းစဉ်းစားပါသည်-

- The OECD Guidelines for Multinational Enterprises (OECD Guidelines)
- ကမ္ဘာ့ စားနပ်ရိက္ခာ ဖူလုံမှုဆိုင်ရာ ကော်မတီ၏ စိုက်ပျိုးရေးနှင့်စားနပ်ရိက္ခာ စနစ်များတွင် တာဝန်ယူမှု ရှိသော ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံစည်းမျဉ်းများ(CFS-RAI Principles)
- ကမ္ဘာ့စားနပ်ရိက္ခာဖူလုံမှုကော်မတီ၏ အမျိုးသားစားနပ်ရိက္ခာဖူလုံမှုအတွက် မြေယာ၊ ရေလုပ်ငန်း နှင့် သစ်တောကဏ္ဍတွင် တာဝန်ယူမှုရှိသော အလွတ်သဘောလမ်းညွှန်များ (VGGT)
- FAO, စိုက်ပျိုးရေး ဖွံ့ဖြိုးမှုအတွက် အပြည်ပြည်ဆိုင်ရာ ရန်ပုံငွေ (IFAD), ကုန်သွယ်မှုနှင့် ဖွံ့ဖြိုးမှု ဆိုင်ရာ ကုလသမဂ္ဂညီလာခံ (UNCTAD) နှင့် ကမ္ဘာ့ဘဏ် (PRAI) တို့ ပြုစုသော အခွင့်အရေးများ အသက်မွေး ဝမ်းကျောင်းမှုများနှင့် ရင်းမြစ်များအား လေးစားသည့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံစည်းမျဉ်းများ၊
- [စီးပွားရေးနှင့် ကုလသမဂ္ဂ၏ စောင့်ရှောက်၊ လေးစားလိုက်နာပြီးကုစားရေး မူဘောင်ကို အကောင် အထည် ဖော်သည့်] လူ့အခွင့်အရေး လမ်းညွှန်အခြေခံစည်းမျဉ်းများ (UN Guiding Principles)
- နိုင်ငံပေါင်းစုံလုပ်ငန်းကြီးများနှင့် လူမှုရေးမူဝါဒဆိုင်ရာ ILO သုံးပွင့်ဆိုင် ကြေညာချက် (The International Labour Organization Tripartite Declaration of Principles concerning Multinational Enterprises and Social Policy (ILO MNE Declaration)
- Akwé: Kon အလွတ်သဘောလမ်းညွှန်များ(Akwé: Kon Voluntary Guidelines) အပါအဝင်၊ ဇီဝမျိုးကွဲဆိုင်ရာ ကွန်ဗင်းရှင်း (CBD) The Convention on Biological Diversity (CBD)
- သတင်းအချက်အလက်အလှမ်းမီရေး၊ အဆုံးအဖြတ်ပေးရေးတွင် အများပြည်သူပါဝင်ရေးဆိုင်ရာ ကွန်ဗင်းရှင်းနှင့် ကုလသမဂ္ဂ ဥရောပအတွက် စီးပွားရေးကော်မရှင်၏ သဘာဝပတ်ဝန်းကျင် ကိစ္စများတွင် တရားစီရင်ရေးမျှတမှု ရရှိရေး (The Convention on Access to Information, Public Participation in Decision-Making and Access to Justice in Environmental Matters of the UN Economic Commission for Europe (Aarhus Convention)

အထက်ပါစံနှုန်းများသည် အကြံပေးအုပ်စု:[8] က ချမှတ်သည့် အောက်ပါ သတ်မှတ်စံ သုံးချက်နှင့် ပြည့်မီပါသည်။ ယင်းတို့ကို အစိုးရပေါင်းစုံလုပ်ငန်းစဉ်တစ်ရပ်ဖြင့် ညှိနှိုင်း အတည်ပြုခဲ့ပြီးဖြစ်သည်။ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များနှင့် သက်ဆိုင်ပြီး စီးပွားရေး/ ရင်းနှီးမြှုပ်နှံမှု အသိုင်းအဝိုင်းကို ဦးတည် ချမှတ်ပါသည်။ ‘ဤလမ်းညွှန်ချက်’တွင် အောက်ပါ စံနှုန်းများကိုလည်း ဤသတ်မှတ်စံများ နှင့် မကိုက်ညီစေကာမူ၊ အထက်ဖော်ပြပါ စံနှုန်းများနှင့် ကိုက်ညီသည့် အတိုင်းအတာအထိ တွင်ကျယ်စွာ အသုံးပြုလျက်ရှိသဖြင့် ထည့်သွင်း စဉ်းစား ထားသည်။

- IFC ၏ စွမ်းဆောင်မှု စံနှုန်းများ (The International Finance Corporation's Performance Standards)
- ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သက်ရောက်မှု အခြေခံစည်းမျဉ်းများ(The Principles of the UN Global Compact)

ကုလသမဂ္ဂ လူ့အခွင့်အရေး သဘောတူစာချုပ်များကဲ့သို့ စာတမ်းများကိုလည်း အထက်ပါ စံနှုန်းများ အကောင်အထည်ဖော်ရေးအတွက် သက်ဆိုင်သည့် အခါများတွင် ရည်ညွှန်းထားပါသည်။ ထို့အပြင်၊ စီးပွားလုပ်ငန်းများသည် ဤလမ်းညွှန်တွင် ထည့်သွင်းစဉ်းစားမထားသည့် အခြားစံနှုန်း များရော၊ သီးခြား နည်းလမ်းများနှင့် လမ်းညွှန်များ ကိုပါ အသုံးဝင်မည် ဆိုလျှင် ကိုးကားနိုင်သည်။ ထိုလမ်းညွှန်များ၏ စာရင်းကို အွန်လိုင်းတွင် ရယူကြည့်ရှုနိုင်ပါသည်။[9]

**အကွက် ၁.၁. လမ်းညွှန်တွင် စဉ်းစားသုံးသပ်ထားသည့် အဓိက စံနှုန်းများ ဖော်ပြချက်**

**နိုင်ငံပေါင်းစုံ၌ လုပ်ကိုင်သောလုပ်ငန်းကြီးများအတွက် အိုအီးစီဒီ လမ်းညွှန်များ (OECD Guidelines)**- အိုအီးစီဒီ လမ်းညွှန်များသည် အပြည် ပြည် ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံပေါင်းစုံတွင်လုပ်ကိုင်သည့် လုပ်ငန်းကြီးများ နှင့် စပ်လျဉ်းသည့် ၁၉၇၆ အိုအီးစီဒီ ကြေညာချက် ပါ လေးပိုင်းထဲမှ တစ်ပိုင်းဖြစ်သည်။ ထိုလမ်းညွှန်ကို ထောက်ခံသည့် နိုင်ငံများ (adherents) က ပွင့်လင်း မြင်သာသည့် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှု ဝန်းကျင် တစ်ခုဖော်ဆောင်ရန် ကတိကဝတ် ပြုထားသကဲ့သို့၊ နိုင်ငံပေါင်းစုံ၌ လုပ်ကိုင်သည့် လုပ်ငန်းကြီး များ (MNEs) မှ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အပြုသဘောဆောင်သော ထည့်ဝင်မှုပေးရေး အားပေးတိုက်တွန်းသည့် လမ်းညွှန် လည်းဖြစ်သည်။ ယခုအခါတွင် ကြေညာချက်ကို ထောက်ခံသည့်နိုင်ငံ ၄၆နိုင်ငံ - အိုအီးစီဒီ အဖွဲ့ဝင် ၃၄ နိုင်ငံ နှင့် အိုအီးစီဒီ အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံ ၁၂ နိုင်ငံ ရှိ [1] ပါဝင်သည်။ အိုအီးစီဒီ လမ်းညွှန်များကို အကြိမ်ပေါင်းများစွာ မွမ်းမံခဲ့ပြီး၊ ၂၀၁၁ တွင် နောက်ဆုံး မွမ်းမံခဲ့ပါသည်။ RBC ကို ဖြစ်မြောက်ရန်အတွက် အစိုးရဘက်မှ ပေးသည့် အပြည့်စုံ ဆုံး အကြံပြုချက်များဖြစ်ပါသည်။ RBC ၏ အဓိက နယ်ပယ် ၉ ခုကို ကာမိအောင် ဖော်ပြထားသည်- သတင်းအချက်အလက် ထုတ်ဖော် ပြောဆိုမှု၊ လူ့အခွင့်အရေး၊ အလုပ်အကိုင်ရှာဖွေရေး၊နှင့် စက်မှုလက်မှု ဆိုင်ရာ ဆက်ဆံရေး၊ သဘာဝပတ်ဝန်းကျင်၊ လာဘ်ပေးလာဘ်ယူမှု၊ စားသုံးသူ အကျိုးစီးပွား၊ သိပ္ပံနှင့် နည်းပညာ၊ ယှဉ်ပြိုင်မှုနှင့်အခွန်ဆောင်မှုတို့ ဖြစ်သည်။ ထိုအချက်များကို MNE များလည်ပတ်လျက်ရှိသည့် နိုင်ငံများမှ အစိုးရများ၊ ထောက်ခံသည့် နိုင်ငံများကပါ ဆွေးနွေးခဲ့ ပါသည်။ ထောက်ခံသည့်နိုင်ငံတိုင်းသည် လမ်းညွှန်များ ၏ ထိရောက်မှု ပေးနိုင်ရန် NCP တစ်ရပ် ထူထောင်ရမည် ဖြစ်သည်။ ထို NCP များသည် အသိပညာ မြှင့်တင် သည့် လှုပ်ရှားမှုများပြုလုပ်ခြင်း၊ စုံစမ်းမှုများကို စီမံ ခန့်ခွဲခြင်း ၊ နှင့် သီးခြားအဖြစ်အပျက် များတွင် လမ်းညွှန်များ အကောင်အထည်ဖော်ရာ၌ ပေါ်ပေါက်သည့် အရေးကိစ္စများ ဖြေရှင်းရာတွင် ပံ့ပိုးခြင်း စသည်တို့ ဆောင်ရွက်ခြင်းဖြင့် ထိရောက်မှုပေးရန်ဖြစ်သည်။ ဤလမ်းညွှန်များမှာ ကုလသမဂ္ဂလမ်းညွှန် အခြေခံ စည်းမျဉ်းများတွင် ချမှတ်ထားသည့်အတိုင်း လူ့အခွင့် အရေး လေးစားလိုက်နာရန်အတွက် လူမှုတာဝန် ကို ပေါင်းစည်းဆောင်ရွက်ရန်၊နှင့် လုပ်ငန်းကျင့်ဝတ်များ၏ ဆိုးကျိုး ရိုက်ခတ်မှုနှင့် ဆက်စပ်သော အဓိက နယ်ပယ်များတွင် အန္တရာယ်အခြေပြု အလေးထား စိစစ် ဆောင်ရွက်မှုကိုထည့်သွင်းချမှတ်ရန် ဆော်ဩသည့် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ စာတမ်း ဖြစ်သည်။[2]

**စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များ အတွင်း တာဝန်ယူမှုရှိသောအခြေခံစည်းမျဉ်းများ (CFS-RAI Principles):** ဤအခြေခံစည်းမျဉ်းများကို ကမ္ဘာ့ စားနပ်ရိက္ခာဖူလုံမှုဆိုင်ရာကော်မတီ (CFS) မှ ဦးဆောင်၍ ၂၀၁၂မှ ၂၀၁၄ အထိ အစိုးရပေါင်းစုံ ဆွေးနွေး ညှိနှိုင်းမှုများ ပြုလုပ်ကာ ချမှတ်ခဲ့သည်။ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ တက္ကသိုလ် ပညာရှင်များ၊ သုတေသီများနှင့် နိုင်ငံတကာအဖွဲ့အစည်းများလည်း ပါဝင် ဆွေးနွေးခဲ့ပါသည်။ ထိုစည်းမျဉ်းများ ကို ၂၀၁၄ အောက်တိုဘာ ၁၅ ရက်တွင် CFS မှ ၎င်း၏ ၄၁ ကြိမ်မြောက် အစည်းအဝေး၌ အတည်ပြုခဲ့သည်။ ဆန္ဒအလျောက်အလွတ်သဘော ဆောင်ရွက်ရန် စည်းနှောင်မှု မရှိသည့် စည်းမျဉ်းများ ဖြစ်ပြီး စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာ စနစ်များ အတွင်း ရှိ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားအားလုံး အကျုံးဝင်သည်။ ထိုစည်းမျဉ်းများတွင် ပင်မအခြေခံ စည်းမျဉ်း ၁၀ ခု ပါဝင်သည်- စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရ၊ ရေရှည်တည်တံ့ပြီး အားလုံးပါဝင်သည့် စီးပွားရေးဖွံ့ဖြိုးမှုနှင့် ဆင်းရဲ မွဲတေမှု ပပျောက်ရေး၊ ကျား-မ တန်းတူညီမျှရေး နှင့် အမျိုးသမီးများ၏လုပ်ပိုင်ခွင့် အာဏာ၊ လူငယ်ရေးရာ၊ မြေယာ အသုံးချပိုင်ခွင့်၊ ငါးဖမ်း လုပ်ငန်း၊ သစ်တောနှင့် ရေရရှိရေး၊သဘာဝ သယံဇာတများ ရေရှည် စီမံခန့်ခွဲရေး၊ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့ ဗဟုသုတ၊ မတူကွဲပြားမှုနှင့် တီထွင်ဆန်းသစ်မှု၊ ဘေးအန္တရာယ် ကင်းရှင်း ပြီးကျန်းမာရေးနှင့် ညီညွတ်သည့် စိုက်ပျိုးရေး၊

အားလုံးပါဝင်မှု ရှိပြီး ပွင့်လင်းမြင်သာသည့် အုပ်ချုပ်မှု ဖွဲ့စည်းပုံ များ၊ လုပ်ငန်းစဉ် များ နှင့် တိုင်ကြားရေး ယန္တရားများ၊ ရိုက်ခတ်မှုများနှင့် တာဝန်ယူမှုများ ဖြစ်သည်။ အကျိုးဆက်စပ်သူများ၏ တာဝန် ဝတ္တရားများကို အခန်းတစ်ခန်းအဖြစ် သီးခြားဖော်ပြသည်။

**အမျိုးသားအဆင့် စားနပ်ရိက္ခာဖူလုံမှုနှင့်ဆက်စပ်သည့် မြေယာ၊ ရေလုပ်ငန်းနှင့် သစ်တောကဏ္ဍတွင် တာဝန်ယူမှုရှိသော အုပ်ချုပ်ရေးဆိုင်ရာ အလွတ်သဘောလမ်းညွှန်ချက်များ(VGGT):** VGGT သည် မြေယာ ပိုင်ဆိုင်လုပ်ကိုင်ခွင့်နှင့် စပ်လျဉ်းသည့် အုပ်ချုပ်မှုအပေါ် ချမှတ် သည့် ပထမဦးဆုံး ကမ္ဘာလုံးဆိုင်ရာ လမ်းညွှန်များ ဖြစ်သည်။ ထိုလမ်းညွှန်များကို CFS မှ ဦးဆောင်၍ အစိုးရပေါင်းစုံ ဆွေးနွေးညှိနှိုင်းမှုများဖြင့် ချမှတ် ခဲ့ခြင်း ဖြစ်သည်။ လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိက ကဏ္ဍ၊ တက္ကသိုလ်ပညာရှင်များနှင့် သုတေသီများ၊ နိုင်ငံတကာ အဖွဲ့အစည်းများလည်း ပါဝင်ဆွေးနွေး ခဲ့သည်။ ၂၀၁၂ ခုနှစ် မေလ ၁၁ ရက်နေ့၌ CFS က ၃၈ ကြိမ် မြောက် အစည်းအဝေးတွင် အတည်ပြုသည်။ VGGT သည် တစ်ကမ္ဘာလုံး၏ အသိအမှတ်ပြုခြင်းခံရပြီး၊ ၎င်း၏ အကောင်အထည်ဖော်မှုကို G20 နှင့် Rio +20 ကြေညာချက်တို့က အားပေးတိုက်တွန်းခဲ့ကြသည်။ ၂၀၁၂ ခုနှစ် ဒီဇင်ဘာ ၂၁ ရက်တွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံက VGGT အတည်ပြုခဲ့သည့် CFS ၏ ၃၈ ကြိမ်မြောက် (အထူး) အစည်း အဝေးမှ ရလဒ်ကို ကြိုဆိုခဲ့ပြီး၊ နိုင်ငံများအား ၎င်းတို့ အကောင်အထည်ဖော်မှု စဉ်းစားရန် လိုအပ်ကြောင်း တိုက်တွန်း ထားပြီး ဆိုင်ရာ ကုလသမဂ္ဂအဖွဲ့အစည်းများအား ထိုလမ်းညွှန်များ အမြန်ဖြန့်ဝေ ရန်နှင့် တိုးမြှင့်ဆောင်ရွက်ရန် မေတ္တာရပ်ခံ ခဲ့သည် [3] ။ ဤလမ်းညွှန်များသည် စားနပ် ရိက္ခာဖူလုံမှုကို ပံ့ပိုးသည့် မြေယာလုပ်ပိုင်ခွင့်၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောများ အုပ်ချုပ်မှု တိုးတက်စေရန် မူဘောင် ကိုးကားချက် တစ်ခုအဖြစ် ပြဆိုပြီး၊ အစာရေစာ ငတ်မွတ်မှုနှင့် ဆင်းရဲမွဲတေမှု ပပျောက်ရေး ရေးရှုသည့် ကမ္ဘာလုံးအတိုင်းအတာ နိုင်ငံအတိုင်းအတာတို့ဖြင့် ကြိုးပမ်းမှုများကို ပံ့ပိုး ပေးသည်။ မြေယာ ဖွံ့ဖြိုးရေး၏ အဓိကကျသည့် အခန်းကဏ္ဍကို အသိအမှတ် ပြုသော အားဖြင့်၊ ထိုလမ်းညွှန်များသည် လုံခြုံသော မြေယာ အသုံးချပိုင်ခွင့်များကို ခိုင်မြဲစေပြီး၊ မြေယာ၊ ငါးဖမ်းလုပ်ငန်းနှင့် သစ်တောများအား သာတူညီမျှ အလှမ်းမီရေးကို တိုးမြှင့်စေသည်။ ထိုလမ်းညွှန်များဖြင့် မြေယာ အုပ်ချုပ်မှု နှင့် သက်ဆိုင်သည့် မူဝါဒများနှင့် ဥပဒေများ ရေးဆွဲ အကောင်အထည် ဖော်ရာတွင် လမ်းညွှန်မှု ပေး နိုင်မည့် အခြေခံစည်းမျဉ်းများနှင့် နိုင်ငံတကာက လက်ခံသည့် ကျင့်စဉ်များကို ချမှတ်ထားသည်။ ဤ လမ်းညွှန်များသည် ၂၀၀၄ ခုနှစ် နိုဝင်ဘာလတွင် FAO ကောင်စီမှ အတည်ပြုခဲ့သည့် အမျိုးသားအဆင့် စားနပ်ရိက္ခာဖူလုံမှုနှင့်ဆက်စပ်သည့် စားနပ်ရိက္ခာ ဖူလုံမှု ရရှိပိုင်ခွင့်ကို တိုးတက် အကာင်အထည် ဖော်မှုကို ပံ့ပိုးသည့် ဆန္ဒအလျောက်လမ်းညွှန်များ အခြေတည် ထောက်ခံအားပေးကာ ချမှတ်ထားခြင်းဖြစ်သည်။

**အကွက် ၁၁. လမ်းညွှန်တွင် စဉ်းစားသုံးသပ်ထားသည့် အဓိက စံနှုန်းများ ဖော်ပြချက် -အဆက်.**

**အခွင့်အရေးများ၊ အသက်မွေးဝမ်းကျောင်းမှုများနှင့် ရင်းမြစ်များနှင့်စပ်လျဉ်း၍ တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု အခြေခံစည်းမျဉ်းများ** *(PRAI)*: IFAD, FAO, UNCTAD နှင့် World Bank တို့ပါဝင်သည့် ဌာနပေါင်းစုံ လုပ်ငန်းကော်မတီ (IAWG) သည် ၂၀၀၉ ခုနှစ် စက်တင်ဘာတွင် ကုလသမဂ္ဂ အထွေထွေ ညီလာခံ ကျင်းပစဉ် အတွင်းအခြေခံစည်းမျဉ်း ၇ ချက် တင်ပြရန် စားပွဲဝိုင်း ဆွေးနွေးပွဲကျင်းပခဲ့သည်။ ထိုနောက် ၂၀၁၀ ဖေဖော်ဝါရီလတွင် အကျဉ်းချုပ်ပုံစံဖြင့် ထုတ်ဝေခဲ့သည်။ အခြေခံစည်းမျဉ်း ၇ ချက်သည် မြေယာနှင့် ရင်းမြစ် သုံးစွဲပိုင်ခွင့်များ။ စားနပ်ရိက္ခာဖူလုံမှု၊ ပွင့်လင်း မြင်သာမှု၊ကောင်းမွန်သော အုပ်ချုပ်မှုနှင့် ဖော်ဆောင် နိုင်သည့်ဝန်းကျင်၊ တိုင်ပင်ညှိနှိုင်းမှုနှင့် ပါဝင်မှု၊ တာဝန်ယူမှုရှိသော စိုက်ပျိုးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံခြင်း၊ လူမှုဆိုင်ရာ ရေရှည်တည်တံ့မှု၊ နှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည် တည်တံ့မှု[4]။ တို့ဖြစ်သည်။ ၂၀၁၀ ခုနှစ် နိုဝင်ဘာတွင် ဆိုးလ် ထိပ်သီးညီလာခံ၌ G20 နိုင်ငံများက ဖွံ့ဖြိုး တိုးတက်မှုနှင့်စပ်လျဉ်းသည့် နှစ်ရှည် လုပ်ငန်း အစီအစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တာဝန်ယူမှု ရှိသော စိုက်ပျိုးရေးလုပ်ငန်း ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံ စည်းမျဉ်း များကို လေးစားလိုက်နာရန်" အားပေးတိုက်တွန်းထားသည်။ AWG သည် PRAI အပေါ် အစီရင်ခံစာနှင့် Plan of Action on Options for Promoting Responsible Investment in Agriculture နှစ်စောင်ကို ၂၀၁၁ တွင် G20 သို့လည်းကောင်း၊ ၂၀၁၂ တွင် G8 သို့လည်းကောင်း၊ တင်သွင်းခဲ့သည် [5]။ G20 မှ PRAI ကို ရှေ့ပြေးစမ်းသပ်ရန် နှင့် ရရှိသည့် သင်ခန်းစာများကို တိုင်ပင်ညှိနှိုင်းရေးလုပ်ငန်း အသီးသီးအား အကြောင်းကြား တင်ပြရန်အတွက် လမ်းနှစ်သွယ် ဖြင့် ချဉ်းကပ်ပုံကို သဘောတူညီခဲ့ပါသည်။ ၂၀၁၂ အောက်တိုဘာလတွင် IAWG က PRAI အပေါ် လုပ်ငန်းလက်ခံသည့်နိုင်ငံများ host countries နှင့် စီးပွားလုပ်ငန်းများနှင့် အတူ ကွင်းဆင်း စမ်းသပ်မှုကို အထူးကိုးကားပြုထားသည့် ၎င်း၏လုပ်ငန်း အစီအစဉ်နှင့်စပ်လျဉ်းသော တိုးတက်မှု အစီရင်ခံစာတစ်စောင် တင်သွင်းခဲ့သည်။[6] မကြာသေးမီက G20 ဖွံ့ဖြိုးတိုးတက်မှု ကတိကဝတ်များနှင့် စပ်လျဉ်းသည့် တာဝန်ယူမှု ဆိုင်ရာ ၂၀၁၃ စိန့် ပီတာစ်ဘတ်အစီရင်ခံစာက အချို့ အာဖရိကနှင့်‘ အရှေ့တောင် အာရှနိုင်ငံများ၌ ရှေးဦး စမ်းသပ်ခဲ့ သောPRAI ရှေ့ပြေးစီမံကိန်းများ၏ တိုးတက်မှုကို ကြိုဆို ကြောင်း ’ဖော်ပြ ခဲ့သည်။

1. ၂၀၁၆ ဖေဖော်ဝါရီအထိ ဆိုလျှင် အာဂျင်တီးနား၊ ကိုလံဘီယာ၊ ကော့စ်တာရီကာ၊ အီဂျစ်၊ ဂျော်ဒန်၊ လတ်တ်ဗီးယား၊ လစ်သူဝေးနီးယား၊ မော်ရိုကို၊ ပီးရူး၊ ရိုမေးနီးယားနှင့် တူနီးစီးယားတို့ဖြစ်သည်။
2. အလေးထားစိစစ်ဆောင်ရွက်မှုဆိုသည်မှာ သိပ္ပံနှင့် နည်းပညာ၊ ယှဉ်ပြိုင်မှုနှင့် အခွန်အကောက် ဆိုင်ရာ အခန်းများမှလွဲ၍ လမ်းညွှန်များ၌ပါရှိသည့် ကျန်အခန်းအားလုံးနှင့်အကျုံးဝင်သည်။
3. *www.un.org/News/Press/docs//2012/ga11332.doc.htm.*
4. PRAI အကြောင်း *www.responsibleagroinvestment.org.* တွင် ဆွဲယူဖတ်ရှုနိုင်သည်။
5. ဖွံ့ဖြိုးမှု၊ တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ရေး နည်းလမ်းအသွယ် သွယ်’၊ တို့ အပေါ် ‘ G20 နှစ်ရှည်လုပ်ငန်းအစီအစဉ်၏ စားနပ်ရိက္ခာ ဖူလုံရေး မဏ္ဍိုင် ဆိုင်ရာ ဌာနပေါင်း စုံ လုပ်ငန်းအဖွဲ့
6. ၂၀၁၂ အောက်တိုဘာ၊ တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံစည်းမျဉ်းများ ဆိုင်ရာ ဌာနပေါင်းစုံလုပ်ငန်းအဖွဲ့၊ တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံ စည်းမျဉ်းများကို ကွင်းဆင်းစမ်းသပ်မှုဆိုင်ရာ အနှစ်ချုပ် အစီအရင်ခံစာ

## ရည်ရွယ်သည့် သုံးစွဲစေလိုသူများ

လယ်ယာသမားများသည် စိုက်ပျိုးထွန်ယက်သည့်လုပ်ငန်းများတွင် အကြီးဆုံးရင်းနှီးမြှုပ်နှံသူများ ဖြစ်သည်ကို အသိအမှတ်ပြုပါသည်။ တစ်ချိန်တည်းမှာပင် ဇယား ၁.၁ တွင် အသေးစိတ် ဖော်ပြသည့် အတိုင်း ပြည်တွင်း ပြည်ပ၊ ပုဂ္ဂလိက အစိုးရ၊ အသေးစား အလတ်စား အကြီးစား စီးပွားရေး လုပ်ငန်းများ အပါအဝင်၊ စိုက်ပျိုးရေး လုပ်ငန်းကွင်းဆက် အတွင်း လုပ်ကိုင်လျက်ရှိသည့် ဤလမ်းညွှန်[10] တစ်လျှောက် 'စီးပွားရေးလုပ်ငန်း'ဟူ၍ ခေါ်တွင်သည့် လုပ်ငန်းအားလုံးကိုပါ ဦးတည် ထားပါသည်။ ဤလမ်းညွှန်ကို စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက် အတွင်း လက်ရှိ စံနှုန်းများကို နားလည် သဘောပေါက်ပြီး၊ မြှင့်တင်ဆောင်ရွက်ရန်အတွက် အစိုးရများ၊ အထူးသဖြင့် NCP များလည်း အသုံးပြုနိုင် ပါသည်။ ထို့အပြင် ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုများ ကလည်း အထက်ဖော်ပြပါ အဓိကပါဝင် လုပ်ကိုင်သူ များ ထံမှ ဘာကိုမျှော်လင့်သင့်သည်ကို နားလည်ရန်၊ ရိုက်ခတ်ခံရသူများ၏ အခွင့်အရေးကို လေးစားမှု သေချာစေရန် အထောက်အကူ ပြုနိုင်မည်ဖြစ်သည်။

## လုပ်ငန်းစဉ်

ဤလမ်းညွှန်ကို FAO နှင့် OECD တို့မှ ၂၀၁၃ အောက်တိုဘာတွင် ဖွဲ့စည်းသည့် အကျိုးဆက်စပ်သူ ပေါင်းစုံ အကြံပေးအုပ်စု မှ ဦးဆောင်ကာ အားလုံးပါဝင်သည့် တိုင်ပင်နှီးနှောမှုလုပ်ငန်းစဉ်တစ်ခုဖြင့် ပြုစုချမှတ်ခဲ့ပါသည်။[11]

ထို အကြံပေးအုပ်စု တွင် OECD အဖွဲ့ဝင်နိုင်ငံများ၊ OECD အဖွဲ့ဝင်မဟုတ်သည့်နိုင်ငံများ၊ အများ ကိုယ်စား ရင်းနှီးမြှုပ်နှံသူများ၊ စိုက်ပျိုး-အစားအစာ ကုမ္ပဏီများ၊ လယ်ယာသမား အဖွဲ့အစည်း များ၊ အရပ်ဖက် အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ ပါဝင်ကြပါသည်။ အဖွဲ့၏ တာဝန်မှာ အောက်ပါအတိုင်းဖြစ်သည်။

- လမ်းညွှန် ပြုစုရေးအတွက် အဓိပ္ပါယ်ပြည့်ဝသော ထည့်ဝင်မှုများ ပေးရန်
- အကျိုးဆက်စပ်သူပေါင်းစုံ လုပ်ငန်းစဉ်များတွင် ထည့်ဝင်မှုပေးခြင်းနှင့် ပါဝင်ခြင်းတို့ အပြင်၊ အခြား သက်ဆိုင်သည့် အကျိုးဆက်စပ်သူများနှင့် ကျယ်ပြန့်စွာ တိုင်ပင်သည့် လုပ်ငန်းစဉ်များ၊ အထူးသဖြင့် CFS-RAI လုပ်ငန်းအဖွဲ့၏ အစည်းအဝေးများတွင် အကူအညီပေးရန်၊
- လမ်းညွှန်ကို ထိရောက်စွာ မြှင့်တင်ဆောင်ရွက်ရန်နှင့် အကောင်အထည်ဖော်ရန်အတွက် နောက်ဆက်တွဲ အစီအမံများအပေါ် ကျယ်ပြန့်သည့် ထည့်ဝင်မှုများ ပေးရန်၊

FAO နှင့် OECD အတွင်းရေးမှူးရုံးများသည် အကြံပေးအုပ်စု နှင့် ပူးပေါင်း၍ ၎င်း၏ ဥက္ကဋ္ဌနှင့် ဒုတိယ ဥက္ကဋ္ဌများ၏ ဦးဆောင်မှုအောက်တွင် တိုင်ပင်ညှိနှိုင်းမှုလုပ်ငန်းစဉ်များကို ညှိနှိုင်း ဆောင်ရွက် ပေးသည်။ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ လက်အောက်ခံအဖွဲ့ဖြစ်သည့် တာဝန်ယူမှုရှိသော လုပ်ငန်း ကျင့်ဝတ်ဆိုင်ရာ

OECD လုပ်ငန်းပါတီ၊ နှင့် စိုက်ပျိုးရေး အတွက် OECD ကော်မတီ ၏ လက်အောက်ခံ ဖြစ်သော စိုက်ပျိုးရေး မူဝါဒများနှင့် ဈေးကွက်များဆိုင်ရာ လုပ်ငန်းပါတီ၊ တို့အား ပုံမှန် တိုင်ပင် ညှိနှိုင်းလျက်ရှိသည်။

## အဓိက သဘောတရားများ

### *စိုက်ပျိုးရေးဆိုင်ရာ ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်များ*


စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက် ဆိုသည်မှာ စားသုံးသူ ဈေးကွက်များ အတွက် စိုက်ပျိုး-အစာ ထုတ်လုပ်သည့်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သည့် လုပ်ငန်း၊ အဖွဲ့အစည်း၊ ဆောင်ရွက်သူ၊ နည်းပညာ၊ သတင်းအချက်အလက်၊ ရင်းမြစ်များနှင့် ဝန်ဆောင်မှုများ အားလုံး၊ အကျုံးဝင်သည့် စနစ်ကိုခေါ်သည်။ စိုက်ပျိုးရေးဆိုင်ရာ အစုန်ရော အဆန်လမ်းကြောင်းရှိ ကဏ္ဍများ (မျိုးစေ့၊ မြေသြဇာ၊ တိရစ္ဆာန်စာများ ၊ ဆေးဝါး သို့မဟုတ် ပစ္စည်းကိရိယာစသည့်) စိုက်ပျိုးရေး သွင်းအားစုများ လည်း အကျုံးဝင်သကဲ့သို့ ထုတ်လုပ်ခြင်း၊ ရိတ်သိမ်းလွန် လုပ်ငန်းအဆင့်ဆင့်၊ သယ်ယူပို့ဆောင်ခြင်း၊ ဈေးကွက်ရှာခြင်း၊ လက်လီလက်ကား ဖြန့်ဝေခြင်းလုပ်ငန်းများအထိ ပါဝင်သည်။ နည်းပညာဆိုင်ရာဝန်ဆောင်မှုများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှု၊ ဈေးကွက်သတင်း အချက်အလက် စသည့် ပံ့ပိုးရေးဝန်ဆောင်မှုလုပ်ငန်းများလည်း ပါဝင်သည်။ ထို့အတွက်၊ တနိုင်တပိုင် လုပ်ကိုင်သူများ၊ လယ်ယာအဖွဲ့အစည်းများ၊ သမဝါယမများနှင့် ထူထောင်ခါစ ကုမ္ပဏီများမှ မိခင်ကုမ္ပဏီများ သို့မဟုတ် ၎င်းတို့၏ နယ်ခံအဖွဲ့များမှတဆင့် MNE များအထိ ၊ နိုင်ငံပိုင်လုပ်ငန်းများ၊ ရန်ပုံငွေများ၊ ပုဂ္ဂလိက ငွေချေးလုပ်ငန်းနှင့် ပုဂ္ဂလိက ဖောင်ဒေးရှင်းများစသည့် စီးပွားလုပ်ငန်းအသွယ်သွယ် ကျယ်ပြန့်စွာ အကျုံးဝင်သည်။ အချို့လုပ်ငန်းလုပ်ကိုင်သူများမှာ မကြာမီကာလများကမှ ကဏ္ဍအတွင်း ဝင်ရောက်လာသူများဖြစ်သည်။

လုပ်ငန်းကွင်းဆက် များ ဖွဲ့စည်းမှု နှင့် အဆင့်တိုင်းတွင် ပါဝင်လုပ်ကိုင်သည့် စီးပွားလုပ်ငန်း များသည် ထုတ်လုပ်ကုန်နှင့် ပထဝီအနေအထားကိုလိုက်၍ ကြီးမားစွာ ကွဲပြားခြားနားကြသည်[12] ။ ထို့အတွက် စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက် များတစ်လျှောက် လုပ်ကိုင်သည့် စီးပွားလုပ်ငန်းများပုံစံ ကားချပ်ဖြင့်ဖော်ပြခြင်းကို လုပ်ငန်းတစ်ခုချင်းအလိုက်သာ လုပ်ဆောင်နိုင်မည် ဖြစ်သည်။ထိုမှသာ ဤစီးပွားလုပ်ငန်းများတစ်ခုနှင့်တစ်ခုအကြား စီးပွားဆက်ဆံပုံများ အချက်အလက် များနှင့် ငွေစီးဆင်းပုံများကို ပိုမို နားလည်စေပြီး စာရင်းစစ်ဆေးမှုလုပ်ငန်းကို ဒီဇိုင်းပုံစံဆွဲနိုင်ရန် ဖြစ်သည်။ ဤလမ်းညွှန်အတွက် အသုံးပြုရန်၊ ရိုးရှင်းသော လုပ်ငန်းကွင်းဆက် ဖွဲ့စည်းမှုကို ဇယား ၁.၁ တွင် အဆိုပြုထားပါသည်။

စီးပွားလုပ်ငန်းများသည် မတူကွဲပြားသော လုပ်ငန်းဆက်ဆံမှုများ၊ အစီအစဉ်များဖြင့် ဆက်စပ် လုပ်ကိုင်နေကြသည်။ အစုန်လမ်းကြောင်းရှိ စီးပွားလုပ်ငန်းများသည် စိုက်ပျိုးရေး ထွက်ကုန်များကို ရယူနိုင်ရန်အတွက် လယ်ယာတွင် တိုက်ရိုက်လုပ်ကိုင်သည့် လုပ်ငန်းများနှင့် လုပ်ငန်းအမျိုးအစား ပုံစံအသီးသီး အလိုက် မတူကွဲပြားစွာ ဆက်သွယ်ဆောင်ရွက်နိုင်ကြသည်။ ထိုသူတို့သည် အဝယ်တော် စာချုပ်တစ်ခု ချုပ်ဆိုရုံမျှလွဲ၍ အခြား ပတ်သက်မှု မရှိဘဲလျက်၊ ထုတ်လုပ်သူများအပေါ်


စံနှုန်းများ၊ ဈေးနှုန်းအမျိုးအစားသတ်မှတ်ချက်အသီးသီး သတ်မှတ်တတ် ကြသည်။ သို့တည်းမဟုတ် ထိုသူတို့သည်ပင် ထုတ်လုပ်မှုကို ညှိနှိုင်းပြီး အရည်အသွေး နှင့် ဘေးကင်းရှင်းရေး သေချာစေရန် အတွက်၊ အထူးသဖြင့် စာချုပ်သဘောတူမှုဖြင့် လယ်ယာ စိုက်ပျိုးနည်းဖြင့် တက်ကြွစွာ ပါဝင် ပတ်သက် နိုင်ကြသည်[13] ။ ငွေကြေးဆိုင်ရာ လုပ်ငန်းများသည် သွယ်ဝိုက်သောနည်းဖြင့် လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းများ ကို အစအဆုံး ရင်းနှီးမြှုပ်နှံသည့် ကွင်းစိမ်း နည်း(greenfield ) သို့မဟုတ် တစ်ခုခုအပေါ် ဆက်လက် ရင်းနှီးမြှုပ်နှံသည့် ကွင်းညိုနည်းများ(brownfield) ဖြင့်သော် လည်းကောင်း၊ အစုစပ်လုပ်ငန်းများ၊ ကုမ္ပဏီများ အချင်းချင်း ပေါင်းစည်းခြင်း သို့မဟုတ် ဝယ်ယူခြင်း ဖြင့်သော်လည်းကောင်း၊ မတည်ငွေ ချေးပြီး ပါဝင်ပတ်သက်တတ်ကြသည်။ ဤအမျိုးအစားများမှာ လက်တွေ့တွင် ခွဲခြားသတ်မှတ်ရန် ခက်ခဲလေ့ရှိသည်။ ဥပမာ- သမဝါယမလုပ်ငန်းများသည် စိုက်ပျိုးရေး ပစ္စည်းကိရိယာများ ကိုယ်တိုင်ပိုင်ဆိုင်ခြင်း သို့မဟုတ် စီမံခန့်ခွဲခြင်း ပြုလုပ်လေ့ရှိသကဲ့သို့ ၊ အစုန်လမ်းကြောင်းတွင် ပိုင်ဆိုင်မှုများလည်း ရှိတတ်သဖြင့်၊ ထိုလုပ်ငန်းများကို လယ်ယာပေါ် တိုက်ရိုက် စိုက်ပျိုး ထုတ်လုပ် သည့် လုပ်ငန်းများအဖြစ်သာမက အစုန်လမ်းကြောင်းရှိ လုပ်ငန်းများ အဖြစ်လည်းသတ်မှတ်နိုင်သေးသည်။

ပုံ ၁.၁၊ **စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်အဆင့်များနှင့် ပါဝင်လုပ်ကိုင်သည့် စီးပွားလုပ်ငန်းများ**




*မှတ်ချက်၊ ဤ ပုံသည် ကိုးကားရုံမျှသာဖြစ်ပြီး၊ ပြီးပြည့်စုံမှုရှိရန် ရည်ရွယ်ခြင်းမရှိပါ။*

**ပုံ ၁. ၂။ စိုက်ပျိုးရေး ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်း ကွင်းဆက်အဆင့်ဆင့်၌ ရှိသော အန္တရာယ်များ**



လုပ်ငန်းကွင်းဆက် တစ်လျှောက်ရှိသည့် အခြေအနေများပေါ် မူတည်၍၊ စီးပွား လုပ်ငန်း များသည် သီးခြား အန္တရာယ်များကို အာရုံစိုက်လုပ်ဆောင်နိုင်သည် (ဇယား ၁.၂)။ ဥပမာ- လယ်ယာတွင် တိုက်ရိုက်လုပ်ကိုင်သည့် စိုက်ပျိုးရေးလုပ်ငန်းများအတွက် မြေယာ အသုံးချခွင့်နှင့် စပ်လျဉ်းသည့် အန္တရာယ်များ ပို၍ကြီးမားနိုင်သည်။ ထို့အတွက် ထိုသူတို့အနေနှင့် မြေယာနှင့် ပတ်သက်သည့် အသုံးချလုပ်ပိုင်ခွင့်ရှိသူများနှင့် ရိုးသားစွာ၊ ထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် ဆွေးနွေးမှုများ ပြုလုပ်သင့်သည်။

### *အလေးထားစိစစ် ဆောင်ရွက်မှု*

အလေးထားစိစစ် ဆောင်ရွက်မှု ဆိုသည်မှာ စီးပွားလုပ်ငန်းများက ၄င်းတို့၏ လုပ်ငန်းများကြောင့် လက်ရှိ ဖြစ်ပွားနေသော ဆိုးကျိုးရိုက်ခတ်မှုများနှင့် ဖြစ်ပွားနိုင်ခြေရှိသော ရိုက်ခတ်မှုများကို ဖော်ထုတ်၊ အကဲဖြတ်၊ လျော့ကျစေ၊ တားဆီးနိုင်သည့် လုပ်ငန်းစဉ်ဟူ၍လည်းကောင်း၊ မိမိတို့ လုပ်ငန်း၏ အဆုံး အဖြတ်ပေးခြင်းနှင့် အန္တရာယ်စီမံခန့်ခွဲခြင်းဆိုင်ရာ စနစ်များအတွင်း တစ်သားတည်းရှိရမည့် အစိတ် အပိုင်းတစ်ခုဖြစ်သည့် ရိုက်ခတ်မှုများကိုင်တွယ်ဖြေရှင်းပုံကို တာဝန်ခံခြင်း ဟူ၍ လည်းကောင်း နားလည်ရမည်ဖြစ်သည်[14] ။ မိမိလုပ်ငန်းကြောင့် ပေါ်ပေါက်သည့် သို့မဟုတ် မိမိလုပ်ငန်းမှပံ့ပိုးသည့် ဆိုးကျိုးရိုက်ခတ်မှုများနှင့်လည်းကောင်း၊ စီးပွားလုပ်ငန်း ဆက်ဆံမှုတစ်ခုခုမှ တဆင့် ၄င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုနှင့် တိုက်ရိုက် ဆက်နွယ်နေသည့် ဆိုးကျိုး ရိုက်ခတ်မှုများနှင့်လည်းကောင်း စပ်ဆိုင် သည်။ (ထပ်မံအသေးစိတ်ကို အကွက် ၁.၂ တွင် ကြည့်ပါ)။

**အကွက် ၁.၂၊ ဆိုးကျိုးရိုက်ခတ်မှုများ ဖြေရှင်းခြင်း**

အိုအီးစီဒီလမ်းညွှန်များအရ၊ 'လမ်းညွှန်အတွင်းအကျုံးဝင်သည့် ကိစ္စရပ်များအပေါ် စီးပွားလုပ်ငန်းများက မိမိကြောင့် ဖြစ်စေ၊ မိမိက ပံ့ပိုးသဖြင့်ဖြစ်စေ၊ ဆိုးကျိုးရိုက်ခတ်မှုများမဖြစ်ပွားစေရန် ရှောင်ကြဉ်သင့်ပြီး၊ ဖြစ်ပွားလျှင်လည်း ယင်းရိုက်ခတ်မှု များကို ကိုင်တွယ် ဖြေရှင်းသင့်သည်'။/ထိုသို့ကြိုးပမ်းမှုသည် မိမိလုပ်ငန်းနှင့် စီးပွား ဆက်ဆံမှုရှိသည့် ဆိုးကျိုးရိုက်ခတ်မှု ဖြစ်ပွားစေသည့် လုပ်ငန်း အဖွဲ့အစည်း ၏ တာဝန်ကို လွှဲယူစေခြင်းမဟုတ်ပါ -ဥပမာ ငွေရေးကြေးရေး အဖွဲ့အစည်း တစ်ခုသည် ၎င်း၏ ရင်းနှီးမြှုပ်နှံမှုဖြင့် တည်ထောင် သည့်၊ ၎င်း၏အကျိုးစီးပွားအများစုရှိသော သို့မဟုတ် ချုပ်ကိုင်နိုင် စွမ်း ရှိသော အကျိုး စီးပွားရှိသည့် ကုမ္ပဏီ ကြောင့်ဆိုးကျိုးရိုက်ခတ်မှု ဖြစ်ပွားလျှင်၊ ထို ငွေရေး ကြေးရေး အဖွဲ့အစည်း မှ ဆိုးကျိုးရိုက်ခတ်မှုကို ပံ့ပိုးရာရောက် နိုင်သည်။

စီးပွားလုပ်ငန်းတစ်ခု၏ လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများနှင့် ဆိုးကျိုးရိုက်ခတ်မှုအကြား ကြောင်းကျိုးဆက်နွှယ်မှုရှိသည်ဆိုလျှင်၊ ထိုလုပ်ငန်း**ကြောင့်** ဆိုးကျိုးရိုက်ခတ်မှုဖြစ်သည်ဟု ယူဆသည်။ တစ်ခုခုလုပ်ဆောင် သဖြင့် သော်လည်းကောင်း၊ လုပ်ဆောင်ရန် ပျက်ကွက်သဖြင့် သော်လည်းကောင်း၊ ကြောင်းကျိုးဆက်နွှယ်မှု ပေါ်ပေါက် နိုင်သည်။ ဆိုးကျိုးရိုက်ခတ်မှု တစ်ခုကို **ပံ့ပိုးသည်** ဆိုသည်မှာ ကြီးမားသော ပံ့ပိုးမှုတစ်ခုခုဟု အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်။ ဆိုလိုသည်မှာ နောက်လုပ်ငန်းတစ်ခုကြောင့် ဆိုးကျိုးရိုက်ခတ်မှု ဖြစ်ပွားခြင်း ကို ပေါ်ပေါက်စေရန်၊ လွယ်ကူစေရန်၊ အားပေး ရာ ရောက်သည့် မိမိ၏လုပ်ဆောင်မှု တစ်ခုခုကို ဆိုလိုသည်။ စီးပွား လုပ်ငန်း တစ်ခု၏ လုပ်ဆောင်မှုများနှင့် အခြားလုပ်ငန်း တစ်ခု၏ လုပ်ဆောင်မှုများ ပေါင်းစပ်မှုကြောင့် ဆိုးကျိုးရိုက်ခတ်မှု ဖြစ်လျှင်လည်း၊ ထိုစီးပွားလုပ်ငန်း ဆိုးကျိုးရိုက်ခတ်မှုကို ပံ့ပိုးသည်ဟု ဆိုနိုင်သည်။ **တိုက်ရိုက်ဆက်နွှယ်မှု ရှိသည်** ဆိုသည့် သဘောတရားမှာ ကျယ်ပြန့်ပြီး၊ စီးပွားလုပ်ငန်းဆက်ဆံမှု များ နှင့် ဆက်နွှယ်သည့် ဆိုးကျိုးရိုက်ခတ်မှုများအကျုံးဝင်သည်။ စီးပွားလုပ်ငန်းဆက်ဆံမှု ဆိုသည့် စကားရပ်တွင် စီးပွား လုပ်ငန်းတစ်ခုနှင့်လည်းကောင်း၊ မိမိလုပ်ငန်း၏ လည်ပတ်မှုများ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ နှင့်လည်းကောင်း၊ တိုက်ရိုက်ဆက်စပ်သည့် မိမိ၏ စီးပွားဖက်များ၊ ကုန်စည် ထုတ်လုပ် ဖြန့်ချိရေးကွင်းဆက်အတွင်းရှိ လုပ်ငန်းများ၊ အစိုးရ သို့မဟုတ် အစိုးရမဟုတ်သော မည်သည့် လုပ်ငန်းများ နှင့် မဆို ဆက်ဆံမှုများပါဝင်သည်။ စီးပွားလုပ်ငန်းတစ်ခုနှင့် လုပ်ငန်းအရ ဆက်ဆံမှုရှိသည့် လုပ်ငန်းများကို 'စီးပွားဖက်များ'(business partner) ဟူ၍ ဤလမ်းညွှန်တွင် ခေါ်ဆိုသည်။

အိုအီးစီဒီ လမ်းညွှန်များအရ၊ ဖြစ်နိုင်သည့် အခြေအနေများတွင် စီးပွားလုပ်ငန်း များသည် စီးပွားဖက်များ၊ ကုန်ကြမ်း' ပေးသွင်းသူများနှင့် ဆပ်ကန်ထရိုက်တာများအား အိုအီးစီဒီ လမ်းညွှန်များနှင့် ကိုက်ညီစွာRBC စည်းမျဉ်းများ ကျင့်သုံးရန် အားပေးတိုက်တွန်းသင့်သည်'ဟုထောက်ပြထားသည်။ ထို့အပြင်၊ စီးပွားလုပ်ငန်းသည် လူ့အခွင့်အရေး ဆိုးကျိုး ရိုက်ခတ်မှု များ ဖြစ်ပွားစေသည့် လုပ်ငန်းတစ်ခုအား ထိုရိုက်ခတ်မှု တားဆီးရန် သို့မဟုတ် လျော့ကျစေရန်အတွက် တစ်ဦးတည်းဖြစ်စေ၊ အခြားလုပ်ငန်းများနှင့် ပူးပေါင်း၍ဖြစ်စေ၊ လိုအပ်သလို မိမိ၏ ဩဇာ အရှိန်အဝါ [1] အသုံးပြုသင့်သည်ဟု ဖော်ပြထားသည်။

ထို့အတွက် စီးပွားလုပ်ငန်းများအနေနှင့် မိမိတို့၏ လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ချိတ်ဆက်နေသည့် လုပ်ငန်းများက ဤလမ်းညွှန် အကောင်အထည်ဖော်မှုကို အားပေးဆောင်ရွက်ရန် မိမိတို့၏ ဩဇာအရှိန်အဝါကို အသုံးပြုကာ တိုက်တွန်းမည်ဟု မျှော်လင့်ရသည်။ ဥပမာ ၎င်းတို့၏ စီးပွားဖက်များသည် တရားဝင် မြေယာအသုံးပြုပိုင်ခွင့်ကို ချိုးဖောက် နေသည့် မည်သည့် စီးပွားဖက်နှင့်မဆို ချိတ်ဆက်နေသည့် သို့မဟုတ် ထိုစီးပွားဖက်၏ ရင်းမြစ်များကို ယူရသည့် စီးပွားဖက်များ ဖြစ်နိုင်သည်။ ထိုအခါမျိုးတွင် မိမိတို့၏ စီးပွားဖက်များက ချိုးဖောက်သူများအား နစ်နာမှု ကို အတူတကွ ကုစားစေရန်၊ ကုစားပေးမှု မရှိလျှင် ထိုစီးပွားဆက်ဆံမှုကို အဆုံးသတ်သင့်သည်။

1. ဘေးအန္တရာယ်ပေါ်ပေါက်စေသည့် လုပ်ငန်း၏ မှားယွင်းသောလုပ်ရပ်များကို ပြောင်းလဲနိုင်သည့် စွမ်းရည်ရှိပါက၊ ထိုစီးပွားလုပ်ငန်းသည် ဩဇာအရှိန်အဝါ ရှိသည်ဟု ယူဆသည်။

*Source:* အိုအီးစီဒီ လမ်းညွှန်များ, II.A.11-13; II.A, para 14; and IV.43; OECD (2014).

စီးပွားလုပ်ငန်းများသည်အန္တရာယ်ဖြစ်နိုင်ခြေကို အကဲဖြတ်သည့်အခါ၊ ၎င်းတို့၏ လုပ်ငန်းဆောင်တာ များ၊ စီးပွားလုပ်ငန်းဆက်ဆံမှုများ၏ ဖြစ်ရပ်မှန်အခြေအနေကို သိရှိအောင်ဖော်ထုတ်ကာ၊ ထိုဖြစ်ရပ်မှန်များကို ပြည်တွင်းဥပဒေ၊ အပြည် ပြည် ဆိုင်ရာ ဥပဒေနှင့် စံနှုန်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၏ RBC အကြံပြုချက် များ၊ အစိုးရအကူအညီဖြင့်ဆောင်ရွက်သည့် နည်းလမ်းများ၊

ပုဂ္ဂလိက၏ဆန္ဒအလျောက် ဆောင်ရွက်ချက် များနှင့် မိမိတို့လုပ်ငန်းအတွင်းရှိ မူဝါဒများ စနစ်များအရ ဆန်းစစ် သုံးသပ် ခြင်းဖြင့် အကဲဖြတ်ကြသည်။ အလေးထားစိစစ်ဆောင်ရွက်မှုသည် စီးပွားလုပ်ငန်းများနှင့် ၎င်းတို့၏ စီးပွားဖက်များ အပြည်ပြည်ဆိုင်ရာ ဥပဒေ၊ ပြည်တွင်းဥပဒေနှင့် RBC စံနှုန်းများ လိုက်နာမှု သေချာစေရန် အထောက်အကူပြုနိုင်သည်။

အလေးထားစိစစ်ဆောင်ရွက်မှု၏ သဘောသဘာဝနှင့်အတိုင်းအတာတို့အပေါ် စီးပွားလုပ်ငန်း၏ အရွယ်အစား၊ ထိုလုပ်ငန်းလည်ပတ်မှုနှင့် ဆက်စပ်သည့်အကြောင်းတရားများနှင့် လုပ်ငန်း တည်နေရာ၊ ၎င်း၏ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ၏ သဘောသဘာဝများ၊ အမှန်တကယ် ဖြစ်ပွားသည့် ဆိုးကျိုးရိုက်ခတ်မှုများနှင့် ဖြစ်နိုင်ခြေရှိသည့် ရိုက်ခတ်မှုများ စသည့် အကြောင်း အချက်များက သက်ရောက်မှုရှိမည်ဖြစ်သည်[15] ။ အသေးစားနှင့်အလတ်စား လုပ်ငန်းများ၊ အထူးသဖြင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများအနေနှင့် ဤလမ်းညွှန်၌ အကြံပြုထားသည့် အတိုင်း အလေးထား စိစစ်ဆောင်ရွက်နိုင်အား ရှိချင်မှ ရှိပေမည်။ သို့သော်လည်း ၎င်းတို့၏ စွမ်းအား တိုးတက် စေရန်လည်းကောင်း၊ နောင်အခါတွင် အလေးထားစိစစ် ဆောင်ရွက်မှုကို စနစ်တကျ ခိုင်မာစေရန် လည်းကောင်း၊ ၎င်းတို့နှင့်ဆက်သွယ်ဆောင်ရွက်သူများ (customers) ၏ အလေးထားစိစစ်ရေး ကြိုးပမ်းမှုများတွင် ဆက်လက် ပါဝင်ပတ်သက်နေရန် တိုက်တွန်းထားပါသည်။

အိုအီးစီဒီလမ်းညွှန်များက အန္တရာယ်အခြေပြုသည့် အလေးထားစိစစ်နည်းဖြင့် လုပ်ဆောင်ရန် အကြံပြုထားသည်။ ဆိုလိုသည်မှာ အလေးထားစိစစ်ဆောင်ရွက်မှု၏ သဘောသဘာဝနှင့် အတိုင်း အတာ တို့သည် ဆိုးကျိုးရိုက်ခတ်မှုများ၏ အမျိုးအစားနှင့် အန္တရာယ်ဖြစ်နိုင်ခြေအဆင့်တို့နှင့် အချိုးညီ သင့်သည်[16] ။ အမှန်တကယ်ဖြစ်ပွားသည့် ဆိုးကျိုးရိုက်ခတ်မှုများနှင့် ဖြစ်နိုင်ခြေရှိသည့် ရိုက်ခတ်မှုများ ၏ ဆိုးရွားမှုအတိုင်းအတာက မည်သည့် အတိုင်းအတာနှင့် မည်မျှနက်နဲစွာ အလေးထား စိစစ် ဆောင်ရွက် ရန် လိုအပ်သည်ကို သတ်မှတ်သင့်သည်။ အန္တရာယ်အဆင့်မြင့်သည့် နယ်ပယ် များကို ပိုမိုတင်းကျပ်စွာ အလေးထားစိစစ်ဆောင်ရွက် သင့်သည်။ စီးပွားလုပ်ငန်းများတွင် ကုန်စည် ပေးသွင်းသူ အများအပြား ရှိပါက၊ အကြီးမားဆုံး ဆိုးကျိုးရိုက်ခတ်မှု အန္တရာယ်ဖြစ်နိုင်ခြေရှိ သည့် နယ်ပယ်များကို အကြမ်းအားဖြင့် သိရှိအောင် ဖော်ထုတ်ရန် တိုက်တွန်းထားသည်။ ဤအန္တရာယ် အကဲဖြတ်မှုကို အခြေပြု၍ မည်သည့် ပေးသွင်းသူများကို ဦးစားပေး အလေးထားစိစစ် ဆောင်ရွက်ရန် သတ်မှတ်နိုင်မည်ဖြစ်သည်[17] ။ အန္တရာယ်အခြေပြု ချဉ်းကပ်မှု ကျင့်သုံးခြင်းကြောင့် စီးပွားလုပ်ငန်း များအနေနှင့် အချို့ဆက်စပ် အခြေအနေများတွင်လည်းကောင်း၊ အချို့စီးပွားဖက်များ နှင့် လည်းကောင်း လုပ်ငန်းမဆောင်ရွက်ရန် တားမြစ်ခြင်း မဟုတ်ပါ၊ ထိုအန္တရာယ် အဆင့်မြင့် အခြေအနေများတွင် ဆိုးကျိုးရိုက်ခတ်မှုများ၏ အန္တရာယ်များကို ထိရောက်စွာ စီမံခန့်ခွဲ နိုင်စေရန် ၎င်းတို့လုပ်ငန်းများအား အကူအညီပေးသင့်သည်။

အခန်း ၃ တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း၊ အလေးထားစိစစ်ဆောင်ရွက်မှု၏ အစိတ်အပိုင်း အသီးသီးကို အောက်တွင်ဖော်ပြသည့် ငါးဆင့်ပါ မူဘောင်အတွင်း ထည့်သွင်းနိုင်ပါသည် (အကွက် ၁.၃)။

**အကွက် ၁.၃ ။ အလေးထားစိစစ် ဆောင်ရွက်မှုအတွက် အဆင့် ငါးဆင့် ပါရှိသည့် မူဘောင်**

- အဆင့် ၁။ တာဝန်ယူမှုရှိသည့် လုပ်ငန်းကွင်းဆက်များအတွက် အားကောင်းသည့် လုပ်ငန်း စီမံခန့်ခွဲမှု စနစ်များ ထူထောင်ရန်၊
- အဆင့် ၂။ လုပ်ငန်းကွင်းဆက်များအတွင်း အန္တရာယ်များကို ဖော်ထုတ်၊ အကဲဖြတ် ဦးစားပေးရပ် သတ်မှတ်ရန်၊
- အဆင့် ၃။ လုပ်ငန်းကွင်းဆက်များအတွင်းရှိ ဖော်ထုတ်တွေ့ရှိရသည့် အန္တရာယ်များကို တုံ့ပြန်ရန် အတွက် မဟာဗျူဟာတစ်ရပ် ရေးဆွဲအကောင်အထည်ဖော်ရန်၊
- အဆင့် ၄။ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ် ဆောင်ရွက်မှု မှန်မမှန် စိစစ်အတည်ပြုရန်၊
- အဆင့် ၅၊ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ် ဆောင်ရွက်မှု အစီရင်ခံရန်။

*Source:* OECD (2013), *OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas: Second Edition*, OECD Publishing, Paris, http://dx.doi.org/10.1787/9789264185050-en.

စီးပွားလုပ်ငန်းတစ်ခုတည်းကပင် လုပ်ငန်းကွင်းဆက် အဆင့်အသီးသီးနှင့် စီးပွားဆက်ဆံတတ် ရရာ၊ ထိုလုပ်ငန်း၏ ဌာနအသီးသီးအကြား ညှိနှိုင်းမှု ကောင်းမွန်အောင် အသေအချာ ဆောင်ရွက်ခြင်းဖြင့် အလေးထား စိစစ် ဆောင်ရွက်မှု အကောင်အထည်ဖော်ရာ၌ အထောက်အကူ ရနိုင်သည်။ ယှဉ်ပြိုင်မှုနှင့် ဒေတာ ဆိုင်ရာ လျှို့ဝှက်လုံခြုံမှု ပြဿနာများကိုလည်း အလေးထား လျက်၊ စီးပွား လုပ်ငန်း များ အနေနှင့် လုပ်ငန်းစု အတွင်း အောက်ပါအတိုင်း ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ဤအလေးထား စိစစ် ဆောင်ရွက်မှု လုပ်ငန်းစဉ်သည် နှစ်ဦးနှစ်ဖက်လုံး အတွက် အားကောင်းခိုင်မာပြီး စရိတ်စကလည်း သက်သာရေး သေချာစေနိုင်သည်။

- လုပ်ငန်းစုလိုက် ပူးပေါင်းဆောင်ရွက်ခြင်း၊ ဥပမာ- အပြည်ပြည်ဆိုင်ရာစံနှုန်း များကို လေးစား လိုက်နာပြီး တိုးမြှင့်ဆောင်ရွက်နိုင်ရန် လုပ်ငန်းစုဆိုင်ရာ အဖွဲ့အစည်းတစ်ခုမှ ရှေးဦးခြေလှမ်းများ ချမှတ် စီမံခန့်ခွဲခြင်းဖြင့် ပူးပေါင်းလုပ်ဆောင်ခြင်း [18]။
- အချို့ အလေးထားစိစစ်ဆောင်ရွက်ရေး တာဝန်ကို လုပ်ငန်းစုအတွင်း စရိတ်မျှဝေခံစားခြင်း၊
- ကုန်ကြမ်းပေးသွင်းသူတစ်ဦးတည်းကို မျှသုံးသည့် လုပ်ငန်းစုအဖွဲ့ဝင်များအကြား ညှိနှိုင်းဆောင်ရွက်ခြင်း၊
- အဆန်လမ်းကြောင်းနှင့် အစုန်လမ်းကြောင်းရှိ လုပ်ငန်းများကဲ့သို့ မတူညီသည့် လုပ်ငန်းကွင်းဆက် ၏ အပိုင်းအမျိုးမျိုးအကြား ပူးပေါင်းဆောင်ရွက်ခြင်း၊

နိုင်ငံတကာအဖွဲ့များ၊ အရပ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲဆောင်ရွက်ခြင်းဖြင့်လည်း အလေးထား စိစစ်ဆောင်ရွက်မှုကို အားပေးမြှင့်တင်နိုင်သည်။ စီးပွားလုပ်ငန်းများကသာမက အရပ်ဖက် အဖွဲ့အစည်းများ၊ အလုပ်သမား သမဂ္ဂများနှင့် သက်ဆိုင်ရာ ကျွမ်းကျင်သူများကပါ ပါဝင်ဆောင်ရွက်သည့်အခါ ထို လုပ်ငန်းစုလိုက် မောင်းနှင်သည့် အစီအစဉ်များကို အစီအစဉ်များ အပေါ် ပိုမို ယုံကြည်မှုရရှိလာပြီး အချင်းချင်း သဘောတူညီမှု တည်ဆောက်လာနိုင်သည်။ သို့သော် စီးပွားလုပ်ငန်းများသည် မိမိနှင့် သက်ဆိုင်သည့် အလေးထားစိစစ်ဆောင်ရွက်ရန်တာဝန်ကို မိမိလုပ်ငန်းများ ကပင် ထိန်းသိမ်း ဆောင်ရွက်ရန်ဖြစ်သည်။

## ဖွဲ့စည်းမှု

ဤလမ်းညွှန်၏ ဖွဲ့စည်းပုံကို ပဋိပက္ခဖြစ်ပွားပြီးအန္တရာယ်အဆင့်မြင့် ဒေသများရှိ သယံဇာတများ ၏ တာဝန်ယူမှုရှိသော ကုန်ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်များအတွက် အိုအီးစီဒီ၏ အလေးထားစိစစ်ဆောင်ရွက်မှုလမ်းညွှန်[19]ကို မှီငြမ်းဖွဲ့စည်းထားရာ၊ အိုအီးစီဒီ လမ်းညွှန်များက သီးခြား ကဏ္ဍတစ်ခုစီ နှင့် မည်မျှ အကျုံးဝင်မှု ရှိကြောင်းကို အလေးထားစိစစ်မှုဆောင် ရွက်ရန် အဆင့်များနှင့် အန္တရာယ် လျော့ကျစေရေး အစီအမံများ အဆိုပြုသည်ကို ကြည့်ခြင်းဖြင့် အလွယ်တကူ နားလည်စေသည်။ ယခုလမ်းညွှန်တွင် အောက်ပါတို့ ပါဝင်သည်-

- အခန်း၁။ တာဝန်ယူမှုရှိသည့် လုပ်ငန်း ကွင်းဆက်များအတွက် လက်ရှိ ကျင့်သုံးလျက်ရှိသည့် စံနှုန်းများ ပါ အကြောင်းအရာများကို အကျဉ်းဖော်ပြသည့် စံပြလုပ်ငန်း မူဝါဒ၊
- အခန်း၂။ လုပ်ငန်းကွင်းဆက်များတစ်လျှောက် အန္တရာယ်အခြေပြု အလေးထား စိစစ် ဆောင်ရွက်ရန် မူဘောင်တစ်ရပ်
- ဖြည့်စွက်ချက် (က)၊ လုပ်ငန်း ကွင်းဆက်တစ်လျှောက်ရှိ အန္တရာယ် များနှင့် အန္တရာယ်လျော့ကျစေရေးအစီအမံများ ဖော်ပြချက်၊(လက်ရှိစံနှုန်းများကို မှီငြမ်းထားသည်)
- ဖြည့်စွက်ချက် (ခ)၊ ဌာနေ တိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်ခြင်းလမ်းညွှန်။

## ၂။ တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ငန်းကွင်းဆက်များအတွက် စံပြလုပ်ငန်း မူဝါဒ

> ဤ စံပြလုပ်ငန်း မူဝါဒသည် စီးပွားလုပ်ငန်းများအနေနှင့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များ တည်ဆောက်ရန်အတွက် လိုက်နာသင့်သည့် အဓိကစံနှုန်းများကို ဖော်ပြသည်။ တာဝန်ယူမှုရှိသော စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များအတွက် သက်ဆိုင်သည့် နိုင်ငံတကာ စံနှုန်းများပါ အကြောင်းအရာ အပိုင်းများကို အကျဉ်းချုပ် ဖော်ပြခြင်းဖြစ်သည် [20]။
>
> ဤအထဲမှ အချို့သော စံနှုန်းများ - ဥပမာ လူ့အခွင့်အရေး၊ အလုပ်သမား အခွင့်အရေးနှင့် အစားအသောက် အန္တရာယ်ကင်းရှင်းရေးတို့ကို နိုင်ငံအများက ပြည်တွင်းဥပဒေများတွင် ထည့်သွင်း ပြဋ္ဌာန်းထားပြီး ဖြစ်သည်။ စံပြမူဝါဒကို စီးပွား လုပ်ငန်း များက ဤအတိုင်း အတည်ပြုနိုင်သကဲ့သို့ သက်ဆိုင်သည့်အပိုင်းများကို ၎င်းတို့၌ ရှိပြီးဖြစ်မည့် စီးပွားလုပ်ငန်းများ၏ လူမှုတာဝန်ယူမှု၊ ရေရှည်တည်တံ့မှု၊ အန္တရာယ် စီမံခန့်ခွဲမှု သို့မဟုတ် အလားတူ မူဝါဒများအတွင်း လျော်ကန်စွာ ပေါင်းစည်း ထည့်သွင်းနိုင်သည်။ 'ကျွန်ုပ်တို့' ဟူသည့်အသုံးအနှုန်းသည် စီးပွားလုပ်ငန်းများက ကတိကဝတ်ပြုကြောင်းကို ရည်ညွှန်းသည်။ ၎င်းတို့၏ မူဝါဒကို ရေးဆွဲသည့်အခါ၊ အကျုံးဝင်သည့် နိုင်ငံ့ဥပဒေများနှင့် အညီ ဖြစ်စေသင့်သကဲ့သို့၊ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ စံနှုန်းများကိုပါ ထည့်သွင်းစဉ်းစားရန် လုပ်ငန်းများ အနေနှင့် သေချာစေသင့်သည်။ တာဝန်ယူမှုရှိသော စိုက်ပျိုးရေး ဆိုင်ရာ လုပ်ငန်း ကွင်းဆက်များအတွက် မူဝါဒ ရေးဆွဲ ချမှတ် ခြင်းသည် ဤကဲ့သို့ မူဝါဒမျိုးကို မည်သို့ အကောင်အထည် ဖော်နိုင်ကြောင်း အခန်း ၃ တွင် အကျဉ်းဖော်ပြထားသည့် အန္တရာယ် အခြေပြု အလေးထားစိစစ် ဆောင်ရွက်မှု မူဘောင်တစ်ခု၏ ပထမခြေလှမ်းဖြစ်သည်။

လုပ်ငန်းကွင်းဆက်များတစ်လျှောက်ပေါ်ပေါက်လျက်ရှိသည့် ကြီးမားသော ဆိုးကျိုးရိုက်ခတ်မှုများ၏ အန္တရာယ်ကို အသိအမှတ်ပြုလျက်၊ လူ့အခွင့်အရေးကို လေးစားရန် ကျွန်ုပ်တို့၏ တာဝန် နှင့် ရေရှည်ဖွံ့ဖြိုးမှု- ကို ပံ့ပိုးနိုင်သည့် ကျွန်ုပ်တို့၏ စွမ်းရည် - အထူးသဖြင့် ဆင်းရဲမွဲတေမှုလျှော့ကျစေရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရ၊ ကျား-မ တန်းတူညီမျှရေးတို့ကို အသိအမှတ်ပြုလျက်၊ ကျွန်ုပ်တို့သည် အောက်ပါ တာဝန်ယူမှုရှိသည် လုပ်ငန်းကွင်းဆက်အတွက် မူဝါဒကို ချမှတ် အကောင်အထည်ဖော်ပြီး ကျယ်ပြန့်စွာ ဖြန့်ဝေကာ၊ စီးပွားဖက်များနှင့် ချုပ်ဆိုသည့် စာချုပ်များ၊ သဘောတူညီမှုများအတွင်း ထည့်သွင်းရန် ကတိကဝတ်ပြုသည်။ ကျွန်ုပ်တို့သည် ဖြစ်နိုင်သည့် အခြေအနေများတွင်၊ ကျွန်ုပ်တို့၏ စီးပွားဖက်များကို ဤမူဝါဒ ကျင့်သုံးရန် တိုက်တွန်းမည်ဖြစ်ပြီး၊ ထိုလုပ်ငန်းများကြောင့် သော်လည်းကောင်း၊ ထိုလုပ်ငန်းများက ပံ့ပိုးသောကြောင့်သော်လည်းကောင်း ဆိုးကျိုးရိုက်ခတ်မှုများ ပေါ်ပေါက်ပါက၊ ကျွန်ုပ်တို့၏ ဩဇာကိုအသုံးပြုကာ ဆိုးကျိုးရိုက်ခတ်မှုများကို တားဆီး သို့မဟုတ် လျှော့ကျစေမည်။

### ၁။ အလွှာစုံအကျုံးဝင်သည့် RBC စံနှုန်းများ

#### *ရိုက်ခတ်မှု အကဲဖြတ်ခြင်း*

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများ၊ လုပ်ငန်းစဉ်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ၏ လုပ်ငန်းသက်တမ်း တစ်လျှောက်လုံး အတွင်း အမှန်တကယ်ဖြစ်ပွားလျက်ရှိသော၊

ဖြစ်ပွားနိုင်ခြေရှိသော ဆိုးကျိုး ရိုက်ခတ်မှုများကို အဆုံးအဖြတ်ပေးသည့် ကိစ္စရပ်များကို စဉ်ဆက်မပြတ် အကဲဖြတ်ပြီး ဖြေရှင်းမည်ဖြစ်သည်။ ထိုသို့ဆောင်ရွက်ရခြင်းမှာ ဆိုးကျိုး ရိုက်ခတ်မှုများ ရှောင်ရှား နိုင်ရန်၊ မရှောင်နိုင်ပါကလည်း လျော့ကျစေနိုင်ရန်၊ ဖြစ်သည်။ ရိုက်ခတ်မှု အကဲဖြတ်ခြင်း လုပ်ငန်းစဉ်တွင် သက်ဆိုင်သည့် အကျိုးဆက်စပ်သူ အုပ်စုအားလုံးမှ ကိုယ်စားလှယ်များပါဝင်သင့်သည် [21]။

## ထုတ်ဖော်ပြောကြားခြင်း

ကျွန်ုပ်တို့သည် ရင်းနှီးမြှုပ်နှံမှု သက်တမ်း (investment cycle) ၏ အဆင့်တိုင်းတွင်၊ ကြုံတွေ့နိုင်သည့် အန္တရာယ် အကြောင်းခံများနှင့် ပတ်သက်သည့် သတင်းအချက်အလက်များအားလည်းကောင်း၊ သဘာဝ ပတ်ဝန်းကျင်၊ လူမှုနှင့် လူ့အခွင့်အရေး ရိုက်ခတ်မှုများ၊ ထိခိုက်ခံရနိုင်ခြေရှိသည့် ရပ်ရွာလူထုများအတွက် ကျွန်ုပ်တို့၏ တုံ့ပြန်မှုများကိုလည်းကောင်း၊ ဆောလျင် တိကျစွာ ထုတ်ဖော် ပြောကြားပါမည် [22] ။ စားသုံးသူများအနေနှင့် သိနားလည်မှု အပြည့်ဖြင့် ဆုံးဖြတ်ချက်များ ပေးနိုင်လောက်အောင် လုံလောက်ပြီး တိကျမှန်ကန် ရှင်းလင်းပြတ်သားသည့် သတင်းအချက် အလက်များ လည်း ပေးမည် ဖြစ်သည် [23]။

## *တိုင်ပင်ဆွေးနွေးခြင်း*

ကျွန်ုပ်တို့သည် ရပ်ရွာ လူထုအား ရိုက်ခတ်နိုင်မည့် မည်သည့်လုပ်ငန်းများကိုမဆို မစတင်မီ၊ ၎င်းတို့ကို ကိုယ်စားပြုသည့် အဖွဲ့အစည်းများမှတဆင့် ရိုးသား၊ ထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်သည်။ ထို တိုင်ပင်မှုများကို လုပ်ငန်းလည်ပတ်သည့် ကာလအတွင်း နှင့် လုပ်ငန်း ပြီးဆုံး ချိန်အထိ ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်သည်။ အမျိုးသမီးနှင့် အမျိုးသားများ ရင်ဆိုင်ရနိုင်သည့် အန္တရာယ်အမျိုးမျိုးသည် မတူနိုင်ကြောင်းကို ကျွန်ုပ်တို့ မှတ်သားပါမည် [24]။

ကျွန်ုပ်တို့သည် ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်ပြီး နားလည်သဘောပေါက်စွာ ပေးသည့် ခွင့်ပြုချက် [25] ကို ဦးစွာရရှိရန်အတွက်၊ ၎င်းတို့ကို ကိုယ်စားပြုသည့်အဖွဲ့အုပ်စုများမှတဆင့်၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက် ( United Nations Declaration of Rights of Indigenous Peoples) ၏ ဆုံးခန်းတိုင်လိုအပ်ချက်များ ပြည့်မီရေး နှင့် အညီ လည်းကောင်း၊ပြည်နယ်တိုင်း၏ သီးခြား အခြေအနေနှင့် ၎င်းတို့အပေါ် နားလည်မှုကို အလေးထား ၍လည်းကောင်း၊ ထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ် ပါမည်[26]။

## *အကျိုးအမြတ် မျှဝေခံစားခြင်း*

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုမှ ရေရှည်ပြီး အားလုံးပါဝင်ခံစားနိုင်သည့် ကျေးလက် ဖွံ့ဖြိုးရေး [27] ကို ထည့်ဝင်ပံ့ပိုးမှု သေချာစွာ ပေးနိုင်အောင် လိုအပ်သလို ရိုက်ခတ်ခံရသည့် ရပ်ရွာလူထု များနှင့် နှစ်ဦးနှစ်ဖက် သဘောတူသည့် စည်းမျဉ်းများဖြင့်လည်းကောင်း၊ အကျုံးဝင်သည့်အခြေအနေများတွင် - ဥပမာ အစားအသောက်နှင့် စိုက်ပျိုးရေးအတွက် မျိုးဗီဇ ရင်းမြစ်များအသုံးပြုသည့်အခါ- နိုင်ငံတကာ သဘောတူ စာချုပ်များနှင့်အညီ၊ ထိုအဖွဲ့ဝင်များအတွက်လည်းကောင်း၊ ငွေကြေးရော ငွေကြေး မဟုတ်

သည့် အကျိုးအမြတ်များကိုပါ၊ တရားမျှတပြီး ညီတူညီမျှ ခွဲဝေခံစားခြင်းဖြင့် ထည့်ဝင်မှု ပေးမည်[28]။

### *တိုင်တန်းသည့် စနစ် ယန္တရားများ*

ကျွန်ုပ်တို့သည် ရိုက်ခတ်မှုနှင့် ဆက်နွယ်သူများ အတွက် တိုင်တန်းရေး စနစ်ယန္တရားများကို အသုံးပြုရန် အလားအလာရှိသူများနှင့် တိုင်ပင်ဆွေးနွေးပြီး ထားရှိပါမည်။ ထိုယန္တရားများသည် တရားဝင် လက်ခံမှုရှိမည်၊ အားလုံးသိရှိအလုမ်းမီမည်၊ လုပ်ထုံးလုပ်နည်းများ တဆင့်ပြီးလျှင် နောက်လာမည့် အဆင့်ကို ခန့်မှန်းနိုင်မည်၊ သာတူညီမျှ ရှိပြီး ပွင့်လင်းမြင်သာခြင်း ရှိပါမည်။ တရားစီရင်မှု မပါသည့် အခြား တိုင်တန်းရေး ယန္တရားများတွင်လည်း ဆီလျော်စွာ ပူးပေါင်းမည်။ RBC စံနှုန်းများကို လိုက်နာခြင်း မရှိသဖြင့်၊ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများကြောင့် သို့မဟုတ် လုပ်ငန်းလည်ပတ်မှုများက ပံ့ပိုးသောကြောင့် ဆိုးကျိုးရိုက်ခတ်မှုများ ဖြစ်ပွားသည့်အခါ၊ ထိုသို့ တိုင်တန်းသည့် ယန္တရားများသည် နစ်နာမှုများကို ကုစားပေးနိုင်မည်ဖြစ်သည် [29]။

### *ကျား-မ ကိစ္စရပ်များ*

ကျွန်ုပ်တို့သည် အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု ပပျောက်ရေး ကူညီရန်၊ ၎င်းတို့၏ အဆုံးအဖြတ်ပေးရေးနှင့် ခေါင်းဆောင်မှု အခန်းကဏ္ဍများတွင် အဓိပ္ပါယ်ပြည့်ဝသော ပါဝင်မှုရှိရန်၊ အတတ်ပညာများ ဖွံ့ဖြိုး တိုးတက်မှု ရှိစေရန်နှင့် သဘာဝ သယံဇာတများ၊ သွင်းအားစုများ၊ ဖွံ့ဖြိုးမှု နည်းလမ်းများ၊ အကြံပေးရေး နှင့် ချေးငွေရရှိရေး ဝန်ဆောင်မှုများ၊ သင်တန်း၊ ဈေးကွက်များနှင့် သတင်းအချက်အလက်များကို ၎င်းတို့၏ တန်းတူညီမျှ အလုမ်းမီရေးနှင့် ထိန်းချုပ်ရေး လွယ်ကူ ချောမွေ့စေရန် အားပေးဆောင်ရွက်မည် [30]။

## ၂။ လူ့အခွင့်အရေး

နိုင်ငံတကာမှ အသိအမှတ်ပြုထားသည့် လူ့အခွင့်အရေးဆိုင်ရာ မူဘောင် [31] အတွင်းမှလည်း ကောင်း၊ ကျွန်ုပ်တို့ လုပ်ငန်းလည်ပတ်သည့် နိုင်ငံများရှိ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး တာဝန်များအပြင်၊ သက်ဆိုင်သည့် ပြည်တွင်း ဥပဒေများနှင့် စည်းမျဉ်းစည်းကမ်းများ အတွင်းမှ လည်းကောင်း၊ ကျွန်ုပ်တို့သည် -

- လူ့အခွင့်အရေးများကို လေးစားလိုက်နာမည်။[32] ဆိုလိုသည်မှာ အခြားသူတစ်ပါး၏ အခွင့်အရေး များ အပေါ် ထိပါးခြင်းကို ရှောင်ကြဉ်ပြီး၊ ကျွန်ုပ်တို့နှင့် ပတ်သက်သည့် လူ့အခွင့်အရေး ဆိုးကျိုး ရိုက်ခတ်မှုများကို ဖြေရှင်းမည်။
- ကျွန်ုပ်တို့ကြောင့် လုပ်ငန်းဆောင်တာများအတွင်း လူ့အခွင့်အရေးရိုက်ခတ်မှုများဖြစ်ပေါ်ခြင်း သို့မဟုတ်ပံ့ပိုးခြင်းကို ရှောင်ရှားပြီး၊ ဖြစ်ပေါ်လာလျှင်လည်း ယင်းရိုက်ခတ်မှုများကို ဖြေရှင်းမည်။.[33]
- ကျွန်ုပ်တို့မှ ဤရိုက်ခတ်မှုများကို ပံ့ပိုးခြင်း မပြုစေကာမူ၊ စီးပွားလုပ်ငန်း ဆက်ဆံမှု တစ်ခုမှတဆင့် ကျွန်ုပ်တို့၏ လုပ်ငန်း လည်ပတ်မှုများ၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်

ဆက်နွှယ်သည့် လူ့အခွင့်အရေးဆိုးကျိုးရိုက်ခတ်မှုများရှိပါက ၎င်းတို့ကို တားဆီးရန် သို့မဟုတ် လျော့ကျစေရန် နည်းလမ်းများရှာဖွေမည် [34]။

- လူ့အခွင့်အရေးဆိုင်ရာ အလေးထားစိစစ် ဆောင်ရွက်မှု ကို ကျွန်ုပ်တို့လည်ပတ်နေသော လုပ်ငန်းများ၏ အရွယ်အစား၊ သဘောသဘာဝနှင့် ဆက်စပ်အကြောင်းတရားများအလိုက်နှင့်၊ လူ့အခွင့်အရေး ဆိုးကျိုး ရိုက်ခတ်မှုများ၏ အန္တရာယ် ဆိုးရွားမှု အလိုက် ကျင့်သုံးမည်။ [35]
- ကျွန်ုပ်တို့ကြောင့် သို့မဟုတ် ကျွန်ုပ်တို့၏ ပံ့ပိုးမှုကြောင့် ဖြစ်ပွားသည့် ဤရိုက်ခတ်မှုများ ဖြစ်ပွားသည်ဟု ဖော်ထုတ်သိရှိရလျှင်၊ လူ့အခွင့်အရေး ဆိုးကျိုးရိုက်ခတ်မှုများကို ကုစား ပေးမည်၊ သို့မဟုတ် တရားဝင်လုပ်ငန်းစဉ်များဖြင့် ပူးပေါင်းဆောင်ရွက်မည်။ [36]
- ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများအတွင်း၊ လူမျိုး၊ အသွေးအရောင်၊ ကျား-မ၊ ဘာသာစကား၊ ဘာသာတရား၊ နိုင်ငံရေး သို့မဟုတ် အခြားအယူအဆ၊ လူမျိုးရေး သို့မဟုတ် လူမှုရေး ဇစ်မြစ်၊ ပိုင်ဆိုင်မှုပစ္စည်း၊ မွေးဖွားမှု သို့မဟုတ် အခြားအနေအထား စသည့် မည်သည့်အမျိုးအစားကိုမျှ ခွဲခြားခြင်းမရှိဘဲ လူတိုင်း၏ လူ့အခွင့်အရေး လေးစားလိုက်နာမှု သေချာစေရမည်။ [37]

## ၃။ အလုပ်သမားအခွင့်အရေး

ကျွန်ုပ်တို့သည် လုပ်ငန်းလည်ပတ်မှုများတွင် ၊ရွှေ့ပြောင်းလုပ်သားများအတွက်ပါ လွတ်လပ်စွာ စုဝေးပိုင်ခွင့်နှင့် စုပေါင်း တောင်းဆိုပိုင်ခွင့်ဟူသည့် နိုင်ငံတကာလက်ခံကျင့်သုံးသည့် ပင်မ အလုပ် သမား စံနှုန်းများကို အလေးထားလျက်၊ အဓမ္မစေခိုင်းမှု သို့မဟုတ် မလုပ်မနေရ စေခိုင်းမှု ပုံစံအားလုံး ပပျောက်ရေး၊ ကလေးလုပ်သား စေခိုင်းမှု ထိရောက်စွာ ဖျက်သိမ်းရေးနှင့် အလုပ်သမား ငှားရမ်း ခန့်ထားမှုနှင့် အလုပ်အကိုင် တို့၌ ခွဲခြားဆက်ဆံမှု ပပျောက်ရေးတို့ ကို လေးစား လိုက်နာမည်။ [38]

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများတွင်-

- လုပ်ငန်းခွင် ကျန်းမာရေးနှင့်ကျန်းမာရေးသေချာစေရန် ဆောင်ရွက်မည်၊
- အလုပ်သမားများနှင့် ၎င်းတို့၏ မိသားစုများ၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းရန် အနည်းဆုံးအားဖြင့် လုံလောက်မည့် ထိုက်လျောက် ကောင်းမွန်သည့် လုပ်အားခများ၊ အကျိုး ခံစားခွင့်များနှင့် လုပ်ငန်းခွင်အခြေအနေများရှိရေးနှင့် လုပ်ငန်းခွင် အခြေအနေများ တိုးတက်ရေး ဆောင်ရွက်မည်၊ [39]
- အလုပ်အကိုင် လုံခြုံမှု ရှိစေရေး တိုးမြှင့်ရန်နှင့် အလုပ်ရပ်နားခြင်းခံရသည့် အလုပ်သမားများ၏ လုပ်ခဝင်ငွေ မပြတ်လတ်စေရန်အကာအကွယ်ဖြစ်မည့် ပုံစံတစ်ခုခု ဆောင်ကြဉ်းပေးရန်အတွက် အစိုးရအစီအစဉ် များတွင် ပူးပေါင်းဆောင်ရွက်မည်။[40]
- ရွှေ့ပြောင်းလုပ်သားများအား မတရားဖိနှိပ်ခိုင်းစေခြင်း မရှိအောင် ကြိုးပမ်းတားဆီးမည်။[41]
- အဆုံးအဖြတ်ပေးခြင်းနှင့် ခေါင်းဆောင်မှုပေးခြင်း အခန်းကဏ္ဍများ၌ အမျိုးသမီးများ၏ အခိပ္ပါယ် ပြည့်ဝသော ပါဝင်မှု ပိုမိုတိုးမြှင့်ရန်တို့ အတွက် ချဉ်းကပ်ပုံများ၊ အစီအမံများနှင့် လုပ်ငန်းစဉ်များ ချမှတ်

ဆောင်ရွက်မည်။[42]

အလုပ်လုပ်ပိုင်ခွင့် အကောင်အထည်ဖော်ရေးတွင် အောက်ပါလုပ်ဆောင်မှုများဖြင့် ပံ့ပိုးမည်- [43]

- အလုပ်အကိုင် ရှာဖွေခန့်ထားနိုင်မည့်အခွင့်အရေးများကို တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်စွာဖြင့် တိုးမြှင့်ဆောင်ရွက်ခြင်း [44]
- မိမိ လုပ်ငန်း၏လိုအပ်ချက်များနှင့်တကွ မိမိသွားရောက်လုပ်ကိုင်သည့်နိုင်ငံ၏ ဖွံ့ဖြိုးမှု မူဝါဒများ ကို ဖြည့်ဆည်းရန်အတွက်၊ အလုပ်သမား ဝန်ထမ်း အဆင့်အားလုံးအတွက် ဆိုင်ရာ သင်တန်းများ ပို့ချခြင်း၊ လူငယ် စွမ်းရည် တိုးမြှင့်ခြင်း နှင့်/သို့ ထိုက်သင့်ကောင်းမွန်သည့် အလုပ်အကိုင်နှင့် စွန့်စားတီထွင်မှု အခွင့်အလမ်းများ အလှမ်းမီစေခြင်းစသည်တို့ပါဝင်သည်။ [45]
- လုပ်ငန်းခွင်တွင် ကိုယ်ဝန်ဆောင်များ အကာအကွယ်ရရှိရေး သေချာစေခြင်း[46]။

## ၄။. ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

ပြည်သူ့ကျန်းမာရေးကို အောက်ပါအတိုင်းအားပေးဆောင်ရွက်မည်[47] -

- ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုအတွင်း၊ လူ့အသက်အန္တရာယ်၊ ကျန်းမာရေးနှင့် လူမှုဖူလုံရေး ကို ခြိမ်းခြောက်စေသည့်အရာများကို ကာကွယ်ရန် အပြင်၊ အစားအသောက်များမှလည်းကောင်း၊ ကျွန်ုပ်တို့၏ ကုန်စည်နှင့် ဝန်ဆောင်မှုများ အသုံးပြုမှု သို့မဟုတ် စွန့်ပစ်မှုမှလည်းကောင်း၊ ကျရောက်သည့် ခြိမ်းခြောက်မှုများ ကာကွယ်ရန်အတွက်၊ အစားအစာ အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ ကျင့်စဉ်ကောင်းများ လိုက်နာကျင့်သုံးခြင်း အပါအဝင်၊ သင့်လျော်သည့် ကျင့်စဉ်များ ချမှတ်ခြင်း၊ [48]
- ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု သက်တမ်းအတွင်း၊ ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုများ၏ ကျန်းမာရေး နှင့် ဘေးအန္တရာယ်ကင်းရှင်းရေး ကာကွယ်စောင့်ရှောက်မှုကို ပံ့ပိုးခြင်း၊[49]

## ၅။. စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရ ပြည့်ဝရေး

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများဖြင့် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရ ပြည့်ဝမှုရှိရေး ပံ့ပိုးမှု သေချာစေရန် ဆောင်ရွက်မည်။ ဘေးအန္တရာယ်ကင်းရှင်းပြီး၊ အာဟာရ ပြည့်ဝ သော အစားအစာ အမျိုးအစားပေါင်းစုံ ရရှိရေး၊ အလှမ်းမီနိုင်ရေး၊ တည်ငြိမ်မှုရှိရေးနှင့် စားသုံးနိုင်ရေး ပိုမို တိုးတက်ကောင်းမွန်စေရန် ကြိုးပမ်းမည်။ [50]

## ၆။ သဘာဝသယံဇာတများကို အလှမ်းမီ အသုံးချပိုင်ခွင့် ရှိရေး

ကျွန်ုပ်တို့သည် တရားဝင် မြေအသုံးချပိုင်ခွင့်ရှိသူများ [51] နှင့် ၄င်းတို့၏သဘာဝ သယံဇာတများ အသုံးချပိုင်ခွင့်များကို အသိအမှတ်ပြု လေးစားပါမည်။ ထို့အပြင် ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာ များကြောင့် ရိုက်ခတ်နိုင်ခြေရှိသော အများပြည်သူဆိုင်ရာ၊ ပုဂ္ဂလိကဆိုင်ရာ၊ ဘုံအခွင့်အရေး စုပေါင်း အခွင့်အရေး၊

ဥာနေနှင့် ဓလေ့ထုံးတမ်းအရ အခွင့်အရေးများကို လေးစားပါမည်။ သဘာဝ သယံဇာတ ဆိုသည်တွင် မြေယာ၊ ငါးဖမ်းလုပ်ငန်း၊ သစ်တောနှင့် ရေတို့ ပါဝင်သည်။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ မြေအခြေခံသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအပေါ် တတ်အားသရွေ့ ပွင့်လင်းမြင်သာမှု ရှိရန် နှင့် သတင်းအချက်အလက်တို့ကို အများသိအောင် ပြောဆိုရန် ကတိကဝတ် ပြုပါမည်။ ပွင့်လင်းမြင်သာမှုဆိုရာတွင် စာချုပ်ပါ ကိုယ်ရေးအချက်အလက်နှင့်ဆိုင်သော ကန့်သတ်ချက်များကို အလေးထားသတိပြုလျက်၊ ငှားရမ်းခွင့်/လုပ်ပိုင်ခွင့် ပြုသည့် စာချုပ်ပါ စကားရပ်များ၏ ပွင့်လင်းမြင်သာမှု ရှိရန်လည်း ပါဝင်သည်။ [52]

ကျွန်ုပ်တို့သည် တရားဝင်မြေအသုံးချပိုင်ခွင့်ရှိသူများ ရုပ်ပိုင်းဆိုင်ရာ နှင့်/သို့ စီးပွားရေးဆိုင်ရာ ကသောင်းကနင်းဖြစ်ခြင်းကို ရှောင်ရှားနိုင်ရန်၊မရှောင်နိုင်ပါကလည်း လျှော့ကျစေရန်အလို့ငှာ အခြားဖြစ်နိုင်သည့် စီမံကိန်း ဒီဇိုင်းများကို ပို၍ ဦးစားပေးပါမည်။ တစ်ချိန်တည်းတွင် ဆင်းရဲသူလူထုနှင့် ခုခံအားနည်းသူများအပေါ် ဆိုးကျိုးရိုက်ခတ်မှုများကို အထူးသတိပြုလျက် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ၊ လူမှုဆိုင်ရာ၊ နှင့် ငွေကြေးဆိုင်ရာ ကုန်ကျစရိတ်နှင့်အကျိုးအမြတ် ချိန်ညှိဆောင်ရွက်ပါမည်။

နိုင်ငံများသည် ထိုလုပ်ပိုင်ခွင့်များကို ၄င်းတို့၏ ပြည်တွင်းဥပဒေစည်းမျဉ်းများ၊ ဆက်စပ်အခြေအနေများနှင့်အညီ အများပြည်သူ အကျိုး အတွက် ရည်ရွယ်သည့်အခါမျိုးတွင်သာ သိမ်းယူ သင့်ကြောင်း၊ ချက်ချင်း လုံလောက် ထိရောက်သည့် လျော်ကြေး ရရှိမှု သေချာအောင် ဆောင်ရွက် သင့်ကြောင်း ကျွန်ုပ်တို့ နားလည်ပါသည်။ [53]

ကျွန်ုပ်တို့၏ လုပ်ငန်းဆောင်တာများကြောင့် တရားဝင်မြေအသုံးချပိုင်ခွင့်ရှိသူများ ထိခိုက် ရိုက်ခတ်ခံရသည့်အခါ၊ ကျွန်ုပ်တို့သည် ၄င်းတို့၏ မြေအသုံးချပိုင်ခွင့်နှင့် ပတ်သက်၍ ချက်ချင်း လုံလောက် ထိရောက်သည့် လျော်ကြေးရရှိစေရန် သေချာအောင် ဆောင်ရွက်ပါမည်။ [54]

## ၇။. တိရစ္ဆာန် ကျန်းမာရေး

ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှုများအတွင်း တိရစ္ဆာန် ဘေးအန္တရာယ် ကင်းဝေးရေးကို အထောက်အကူ ပြုရာတွင် အောက်ပါတို့ကိုလည်း ဆောင်ရွက်မည် [55] ။

- တိရစ္ဆာန် ဘေးအန္တရာယ် ကင်းဝေးရေး အတွက်၊ တိရစ္ဆာန်များ အစာရေစာ ငတ်ပြတ်ခြင်းနှင့် အာဟာရ ချို့တဲ့ခြင်းမှ ကင်းဝေးရေး၊ ရုပ်ပိုင်းဆိုင်ရာ နှင့်ကိုယ်ခန္ဓာ အပူဓာတ်လွန်ကဲခြင်း သို့မဟုတ် ဆုံးရှုံးခြင်းဘေးမှ ကင်းဝေးရေး၊ နာကျင်ကိုက်ခဲရောဂါရခြင်းမှ ကင်းဝေးရေး၊ ကြောက်လန့်တုန်လှုပ်ခြင်းမှ ကင်းဝေးရေးနှင့် ၄င်းတို့၏ ပုံမှန်အပြုအမူကိုလွတ်လပ်စွာ ပြသခွင့် ရှိရေး စသည့် 'ဘေးအန္တရာယ်ကင်းဝေးရေး ငါးချက်' ကို အကောင်အထည် ဖော်မှု သေချာစေရန် ကြိုးပမ်းခြင်း၊ [56]
- OIE စည်းမျဉ်းများနှင့် အညီဖြစ်စေ၊ ထိုစည်းမျဉ်းများထက် ပိုမို ကောင်းမွန်စွာ ဖြစ်စေ၊ ကျွန်ုပ်တို့၏ လုပ်ငန်းအတိုင်းအတာအတွက် သင့်လျော်သည့် စီမံခန့်ခွဲမှု နှင့် တိရစ္ဆာန်မွေးမြူရေးအတွက် လိုအပ်သည့် ကိုင်တွယ်ထိန်းကျောင်းမှု စံနှုန်းများ မြင့်မားစေခြင်း။ [57]

## ၈။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝ သယံဇာတ ရေရှည် အသုံးပြုနိုင်ရေး

ကျွန်ုပ်တို့သည် လိုအပ်လျှင် လိုအပ်သလို တာဝန်ရှိ အစိုးရဌာနများ၊ တတိယအဖွဲ့များနှင့်အတူ၊ ကျွန်ုပ်တို့၏ လုပ်ငန်းလည်ပတ်မှု၏ သဘောသဘာဝနှင့် အတိုင်းအတာတို့နှင့် ကိုက်ညီသည့်၊ သဘာဝပတ်ဝန်းကျင် နှင့် လူမှုဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲရေး စနစ်တစ်ရပ် ထူထောင် ထိန်းသိမ်း ပါမည်။ ထိုစနစ်သည် ကျရောက်နိုင်ခြေရှိသည့် သဘာဝ ပတ်ဝန်းကျင် နှင့် လူမှုအန္တရာယ်၊ ရိုက်ခတ်မှု အဆင့်များနှင့် အချိုးညီရပါမည်။ [58]

ကျွန်ုပ်တို့၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်မှု ကို စဉ်ဆက်မပြတ် တိုးတက်အောင် အောက်ပါအတိုင်း လုပ်ဆောင်ပါမည်။

- လေထု၊ မြေထု၊ မြေဆီလွှာ၊ ရေထု ညစ်ညမ်းမှုနှင့် သစ်တောများနှင့် မျိုးကွဲဇီဝများအပေါ် ဆိုးကျိုးရိုက်ခတ်မှုများ မဖြစ်ပွားစေရန် ကာကွယ်ခြင်း၊ လျှော့ကျစေခြင်းနှင့် ကုစားခြင်း နှင့် ဖန်လုံအိမ် ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ကျစေခြင်း၊ စွန့်ပစ်ပစ္စည်းများကို အန္တရာယ်များသည် ဖြစ်စေ မများသည်ဖြစ်စေ ထုတ်လုပ် မှု ရှောင်ရှားခြင်း သို့မဟုတ် လျှော့ချခြင်း၊ အဆိပ်ဖြစ်စေသည့် အရာများအသုံးပြုမှုကို လျှော့ချခြင်း သို့မဟုတ် အခြားပစ္စည်းနှင့် အစားထိုးအသုံးပြုခြင်း၊နှင့် ထွက်ရှိသည့် စွန့်ပစ်ပစ္စည်းများကို အကျိုးရှိစွာ အသုံးပြုခြင်း သို့မဟုတ် အန္တရာယ်ကင်းရှင်းစွာ စွန့်ပစ်ခြင်း [59]၊
- သဘာဝ သယံဇာတများကို ရေရှည်အသုံးပြုနိုင်မှု သေချာစေရန် ကြိုးပမ်းခြင်းနှင့် ရင်းမြစ် နှင့် စွမ်းအင် အသုံးပြုမှုနည်းနည်းနှင့် အကျိုးများစေရေး တိုးမြှင့်လုပ်ဆောင်ခြင်း [60]
- အစားအစာ အလဟဿ ဖြစ်မှု နှင့် စွန့်ပစ်ပစ္စည်း လျှော့ချခြင်းနှင့် ပြန်လည်အသုံးပြုနိုင်ရေး တိုးမြှင့် လုပ်ဆောင်ခြင်း၊
- မြေဆီလွှာ ကောင်းမွန်ရေး ထိန်းသိမ်း တိုးတက်လုပ်ဆောင်ဂုန် နှင့် မြေဆီလွှာ ပြုန်းတီးမှုမှ ရှောင်ကြဉ်ရန် အပါအဝင်၊ စိုက်ပျိုးရေးဆိုင်ရာ ကျင့်စဉ်ကောင်းများ အားပေးဆောင်ရွက်ခြင်း၊
- ဇီဝမျိုးကွဲများ၊ မျိုးရိုးဗီဇဆိုင်ရာ ရင်းမြစ်များနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ထိန်းသိမ်း စောင့်ရှောက် ပံ့ပိုးခြင်း၊ ထိန်းသိမ်းစောင့်ရှောက်ထားသည့် နယ်မြေများ[61] ၊ အဖိုးတန် ထိန်းသိမ်း စောင့်ရှောက်ရန် နယ်မြေများနှင့် ရှားပါးပျောက်ကွယ်လုနီးသောမျိုးစိတ်များကို အလေးထား ဂရုပြုခြင်း၊ နှင့် ဇာတိမျိုးစိတ်မဟုတ်သည့် ထိုးဖောက်ပြန့်ပွားသော မျိုးစိတ်များကို ထိန်းချုပ် လျှော့ချခြင်း၊
- စိုက်ပျိုးရေးနှင့် စားနပ်ရိက္ခာစနစ်များ၏ ခံနိုင်ရည် ရှိမှု တိုးမြှင့်ခြင်း၊ ရာသီဥတု အပြောင်းအလဲဒဏ် သင့်သော နယ်မြေစားကျက်များနှင့် ဆက်စပ် အသက်မွေးဝမ်းကျောင်းမှုများကို အလိုက်သင့် ပြောင်း လဲနိုင်သော အစီအမံများဖြင့် ပံ့ပိုးခြင်း၊ [62]

## ၉။ အုပ်ချုပ်မှု

ကျွန်ုပ်တို့သည် အဂတိလိုက်စားမှုနှင့် လိမ်လည်မှုမြောက်သည့်မည်သည့် အကျင့်ပုံစံများကို ဖြစ်စေ တားဆီး ရှောင်ကြဉ်မည်။ [63]

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ လုပ်ငန်းလုပ်ကိုင်သည့်နိုင်ငံများ၏ အခွန်အကောက်ဥပဒေများနှင့် စည်းမျဉ်းများကို အတိအကျ လိုက်နာပါမည်။ [64]

ကျွန်ုပ်တို့သည် စီးပွားပြိုင်များအကြား ယှဉ်ပြိုင်မှုကို ဆန့်ကျင်သည့် သဘောတူစာချုပ်များ ချုပ်ဆိုခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ပြီး၊ ယှဉ်ပြိုင်မှုဆိုင်ရာ စုံစမ်းစစ်ဆေးသည့် အာဏာပိုင်များ နှင့် ပူးပေါင်းဆောင်ရွက်ပါမည်။ [65]

ကျွန်ုပ်တို့သည် ' ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အခြေခံစည်းမျဉ်းများနှင့်စပ်လျဉ်း၍ ကောင်စီအား အခြေခံ စည်းမျဉ်းဆိုင်ရာ အိုအီးစီဒီ အကြံပြုချက်'တွင် ပါသည့် အခြေခံစည်းမျဉ်းများနှင့် အညီ၊ စီးပွား လုပ်ငန်းများနှင့် အကျုံးဝင်သရွေ့ ထိုစည်းမျဉ်းများအတိုင်း တသွေမတိမ်း ဆောင်ရွက်ပါမည်။ [66]

## ၁၀။ နည်းပညာနှင့် တီထွင် ဆန်းသစ်မှု

ကျွန်ုပ်တို့သည် လိုအပ်သက်ဆိုင်သည့် နည်းပညာများ၊ အထူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျော ညီထွေ ရှိသည့် နည်းပညာများ၊ တိုက်ရိုက်ရော သွယ်ဝိုက်၍ပါ အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်သည့် နည်းပညာများ ပြုစု ပြန့်ပွားရေးကို အားပေးထည့်ဝင်ပါမည်။ [67]

# ၃။စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များ တစ်လျှောက် အန္တရာယ်အခြေပြု သည့် အလေးထားစိစစ်ဆောင်ရွက်မှုအတွက် ၅ ဆင့်ပါ မူဘောင်

| |
|---|
| စီးပွားလုပ်ငန်းများသည် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များတစ်လျှောက် အန္တရာယ်အခြေပြု အလေးထားစိစစ် လုပ်ဆောင်ရန် အောက်ပါ အဆင့် ၅ ဆင့်ပါ မူဘောင်ကို အကောင်အထည်ဖော်သင့်သည်။<br>(၁) တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးဆိုင်ရာ လုပ်ငန်းကွင်းဆက်များအတွက် အားကောင်းသည့် လုပ်ငန်း စီမံခန့်ခွဲရေး စနစ် များ ထူထောင်ရေး၊ (၂)လုပ်ငန်းကွင်းဆက်များအတွင်းရှိ အန္တရာယ်များကိုသိရှိအောင်ဖော်ထုတ်၊ အကဲဖြတ်ပြီး ဦးစားပေးရပ် သတ်မှတ်ရေး၊ (၃) ဖော်ထုတ်သိရှိရသည့် အန္တရာယ်များကို တုံ့ပြန်ရန် ဗျူဟာတစ်တစ်ရပ် ရေးဆွဲ အကောင် အထည် ဖော်ရေး၊ (၄) လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်လုပ်ဆောင်မှု မှန်မမှန် စိစစ်အတည်ပြုရေး၊ (၅) လုပ်ငန်းကွင်းဆက် အတွက် အလေးထားစိစစ်လုပ်ဆောင်မှုအပေါ် အစီရင်ခံတင်ပြရေး။ အဆင့် ၁ တွင် ဤလမ်းညွှန်၏ အပိုင်း ၂ ရှိ စံပြလုပ်ငန်း မူဝါဒမှ မှီငြမ်းနိုင်သည့် RBC အတွက် လုပ်ငန်းမူဝါဒ အတည်ပြုချမှတ်သည့် အပိုင်း ပါဝင်သည်။ စီးပွားလုပ်ငန်းအားလုံး အလေးထား စိစစ်ဆောင်ရွက်သင့်သည်မှန်သော်လည်း၊ ၎င်းတို့၏ အနေအထားကိုလိုက်၍လည်းကောင်း၊ လုပ်ငန်းကွင်းဆက်များအတွင်း ပါဝင်လုပ်ဆောင်ရသည့်အမျိုးအစားကိုလိုက်၍လည်းကောင်း၊ ၎င်းတို့ လုပ်ငန်း၏ အရွယ်အစား၊ စွမ်းအား၊ ဆက်စပ်အကြောင်း တရားများနှင့် တည်နေရာကိုလိုက်၍လည်းကောင်း၊ ဤ ၅ ဆင့်ပါ မူဘောင်ကို အလိုက်သင့်ညှိ၍ အကောင်အထည်ဖော် သင့်သည်။ ဤအပိုင်းတွင် စီးပွားလုပ်ငန်းအမျိုးအစားအသီးသီး၏ တာဝန်များကို အဆင့်တိုင်းတွင်၊ တတ်နိုင်သမျှ ခွဲခြား ဖော်ပြသည်။ စိုက်ပျိုးရေးလုပ်ငန်း၊ အစုန်လမ်းကြောင်းနှင့် ငွေကြေးဆိုင်ရာ)<br>(လုပ်ငန်းများ |

## အဆင့် ၁ ။တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးလုပ်ငန်းကွင်းဆက်များအတွက် အားကောင်းသည့် လုပ်ငန်း စီမံခန့်ခွဲရေး စနစ် များ ထူထောင်ရေး

### *၁.၁။ လုပ်ငန်းကွင်းဆက်တစ်လျှောက် RBC အတွက် စီးပွားလုပ်ငန်း မူဝါဒတစ်ရပ် ချမှတ်ပါ၊ သို့မဟုတ် လက်ရှိလုပ်ငန်းစဉ်များ အတွင်းသို့ ပေါင်းစပ်ထည့်သွင်းပါ။(ယခုမှစ၍RBC အတွက် စီးပွားလုပ်ငန်း မူဝါဒ ဟူ၍ ခေါ်မည်)*

အလေးထားစိစစ်ဆောင်ရွက်ရန် တိုက်ဆိုင်စစ်ဆေးရမည့် စံနှုန်းများကို ဤမူဝါဒတွင်းထည့်သွင်း သင့်သည်။ ထိုစံနှုန်းများကို နိုင်ငံတကာ စံနှုန်းများနှင့် အထက်ပါ စီးပွား စံပြလုပ်ငန်း မူဝါဒများကို မှီငြမ်းမည် ဖြစ်သည်။ မူဝါဒတစ်လုံးတည်းအဖြစ်ဖြင့်သော်လည်းကောင်း၊ တစ်ခုချင်းခွဲ၍ သော် လည်း ကောင်း (ဥပမာ- လူ့အခွင့် အရေး ဆိုင်ရာ လုပ်ငန်းမူဝါဒ) ပြုစုနိုင်ပြီး ၊ လက်ရှိအသုံးပြု လျက် ရှိသည့် အသိအမှတ် ပြု လက်မှတ် ဆိုင်ရာ အစီအစဉ်များကဲ့သို့ သီးခြားလုပ်ငန်းစု စံနှုန်းများကို လည်း လိုက်နာမည့်အကြောင်း ကတိကဝတ် ထည့်သွင်းဖော်ပြနိုင်သည်[68] ။ အကယ်၍ လက်ရှိအချိန် တွင် ယခင်ကတည်းက မူဝါဒများ ချမှတ်တည်ရှိပြီး ဖြစ်ပါက၊ အခန်း ၂ ရှိ စံပြလုပ်ငန်း မူဝါဒနှင့် ကွာဟ ချက်များကို သိရှိနိုင်ရန်၊ ကွာဟချက် ပိုင်းခြားစိတ်ဖြာနည်း ဖြင့် စိစစ်ဆုံးဖြတ်နိုင်ပြီး၊ ထိုတွေ့ရှိ ချက် များ အရ လက်ရှိမူဝါဒ များကို မွမ်းမံပြင်ဆင်နိုင်သည်။

RBC အတွက် လုပ်ငန်းမူဝါဒကို-

- လုပ်ငန်း၏ အကြီးဆုံးအဆင့်လူကြီးမှ အတည်ပြုသင့်သည်။ ၎င်းကို အကောင်အထည်ဖော်ရန် တာဝန်ကို အကြီးတန်းအဆင့်မှ တစ်ဦးဦးအား တာဝန်ချမှတ်သင့်သည်။

- သက်ဆိုင်ရာ လုပ်ငန်းအတွင်း၊ လုပ်ငန်းပြင်ပ ကျွမ်းကျင်သူများဖြင့် လည်းကောင်း၊ သင့်လျော်ပါက အကျိုးဆက်စပ်သူ များနှင့် တိုင်ပင်ဆွေးနွေးမှုမျ ားဖြင့် လည်းကောင်း အတည်ပြုသင့်သည်။
- စီးပွားလုပ်ငန်းက အလုပ်သမား ဝန်ထမ်းများ၊ စီးပွားဖက်များအပြင်၊ မိမိ၏ လုပ်ငန်းလည်ပတ်မှု၊ ကုန်စည်နှင့် ဝန်ဆောင်မှု များ နှင့် တိုက်ရိုက်ဆက်နွှယ်နေသည့် အခြားအဖွဲ့များ အပေါ် မည်သည့် RBC မျှော်လင့်ချက်များထားရှိမည်ကို ပြဌာန်းသင့်သည်။
- အများပြည်သူ ရယူနိုင်ပြီး အလုပ်သမား ဝန်ထမ်းအားလုံး၊ စီးပွားဖက်များနှင့် အခြားသက်ဆိုင်ရာ အဖွဲ့အားလုံးအား ဆက်သွယ်အကြောင်းကြားသင့်သည်။စီးပွားလုပ်ငန်းတစ်လျှောက် လုပ်ငန်းလည်ပတ်မှုဆိုင်ရာ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ အတွင်း လိုအပ်သလို ထည့်သွင်းထင်ဟပ် စေသင့်သည်။[69]
- နိုင်ငံတကာ စံနှုန်းများနှင့် လုပ်ငန်းကွင်းဆက်အတွင်းရှိ အန္တရာယ်များကို ပိုမို သိလာနှင့်အမျှ ပြန်လုန် သုံးသပ် ပြင်ဆင်သင့်သည်။

ဆိုးကျိုးရိုက်ခတ်မှု အန္တရာယ်များသည် လုပ်ငန်းကွင်းဆက်၏ အချို့ အဆင့်များ၌သာ ပေါ်ပေါက်သည် မှန်သော်လည်း၊ ဥပမာ- မြေအသုံးချမှု နှင့် တိရစ္ဆာန်ကျန်းမာရေးနှင့် ပတ်သက်သည့် အန္တရာယ်တို့သည် စိုက်ပျိုးမှုနှင့် ထုတ်လုပ်မှု လုပ်ငန်းစဉ် အဆင့် များတွင်သာပေါ်ပေါက် တတ်သော်လည်း၊ RBC အတွက် လုပ်ငန်း မူဝါဒမှာ လုပ်ငန်းကွင်းဆက်တစ်လျှောက်လုံးတွင် ပေါ်ပေါက် သည့် အန္တရာယ်များကို ကာမိ စေသင့်သည်။

### *၁.၂။ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်လုပ်ဆောင်မှုကို ပံ့ပိုးမည့် လုပ်ငန်းတွင်း စီမံခန့်ခွဲမှု ဖွဲ့စည်းပါ။*

အကြီးတန်းစီမံခန့်ခွဲမှုက RBC အတွက်လုပ်ငန်းမူဝါဒ အတိုင်း အကောင်အထည် ဖော်ခြင်းနှင့် လိုက်နာဆောင်ရွက်မှု သေချာစေရန် ထင်သာမြင်သာရှိစွာနှင့် တက်ကြွစွာ ပါဝင်သင့်သည်။ ဝန်ထမ်းများနှင့် စီးပွားဖက်များကိုလည်း လိုက်နာဆောင်ရွက်လိုစိတ် ရှိရန် သင်တန်းပို့ချခြင်း၊ အားပေးဆွဲဆောင်မှုများ ပေးခြင်းများ လုပ်သင့်သည်။ သက်ဆိုင်သည့် နည်းပညာနှင့် ထုံးတမ်းဓလေ့ ရေးရာ ကျွမ်းကျင်မှု ရှိသူများကို လိုအပ်သည့် အထောက်အကူပြုမည့် အဖွဲ့ဖြင့်ပံ့ပိုး၍ အလေးထားစိစစ် ဆောင်ရွက်ရန် တာဝန် သီးသန့်ပေးသင့်သည်။ ငွေကြေးရင်းမြစ်များလည်း လုံလောက်စွာ ချထားသင့်သည်။ လုပ်ငန်းတွင်း အစီရင်ခံရေး ဖွဲ့စည်းပုံများ ချမှတ်၊ ထိန်းသိမ်းပြီး အဓိကအရေးကြီးသည့် အဆင့်များ၌ လုပ်ငန်းအတွင်း အချင်းချင်း ဆက်သွယ်ဆောင်ရွက်သင့်သည်။ ဤအစီအမံများကို ငွေအင်အားကိုပါ ထည့်သွင်းစဉ်းစားလျက်၊ လုပ်ငန်းရည်ရွယ်ချက်၊ ဆောင်ရွက်ချက်၊ ကုန်စည်နှင့် လုပ်ငန်းအရွယ်အစားနှင့် ကိုက်ညီစေရန် ချိန်ညှိသင့်သည်။

### ၁.၃။ လုပ်ငန်းကွင်းဆက်တစ်လျှောက် ထိန်းချုပ်ရန်နှင့် ပွင့်လင်းမြင်သာမှုရှိရန် စနစ်တစ်ရပ် ထူထောင်ပါ။

RBC အတွက် လုပ်ငန်းမူဝါဒ အကောင်အထည်ဖော်မှုကို ကြပ်မတ်ခြင်းသည် မူဝါဒအပေါ် ယုံကြည်မှုနှင့် ထိရောက်မှုရှိရန် လည်းကောင်း၊ အစိုးရများအပါအဝင် အကျိုးဆက်စပ်သူများနှင့် ဆက်ဆံရေး ကောင်းမွန်ရန်လည်းကောင်း အခရာကျလှသည်။ ထိုသို့လုပ်ဆောင်ရန်အတွက် အောက်ပါတို့ လိုအပ်သည်။

- လုပ်ငန်းတွင်း စိစစ်ရေးလုပ်ထုံးလုပ်နည်းများ ပြုစုခြင်း- မူဝါဒကို လိုက်နာဆောင်ရွက်မှု ရှိမရှိ သီးခြားလွတ်လပ်ပြီး ပွင့်လင်းမြင်သာသည့် သုံးသပ်ချက်များ ပုံမှန် ပြုလုပ်ရန် ဖြစ်သည်။ ယင်းသို့ လုပ်ထုံးလုပ်နည်းထဲတွင် ခြေရာကောက်သည့် နည်းစနစ် traceability system[70] ပါရှိနိုင်သည်။ ယင်းစနစ်ဖြင့် အောက်ပါတို့ကို လုပ်ဆောင်နိုင်သည်- အလေးထားစိစစ် ဆောင်ရွက်မှု လုပ်ငန်းစဉ်များ ထိုလုပ်ငန်းစဉ်မှ ၊တွေ့ရှိချက်များနှင့် ထိုမှတဆင့် ချမှတ်သည့် ဆုံးဖြတ်ချက်များ ကို ရုံးတွင်း မှတ်တမ်းတစ်ခုအဖြစ် ပြုစုခြင်း၊ လုပ်ငန်းကွင်းဆက်များတွင် ပါဝင်သူများကို နောက်ကြောင်းပြန် ခြေရာကောက် သိရှိနိုင်ရန် ရုံးတွင်း အသေးစိတ်စာရင်းနှင့် ဆက်သွယ် ဆောင်ရွက်မှုပြသည့် စာရွက် စာတမ်းများ ထိန်းသိမ်း ထားရှိခြင်း၊ တရားဝင်ဘဏ်လုပ်ငန်းမှ တဆင့် ငွေပေးချေမှုများ လက်ခံမှုများ ပြုလုပ်ပြီး၊ မရှောင်လွှဲနိုင်သည့် အခါ ငွေသားဖြင့်ပေးချေမှု ပြုလုပ်ရပါက၊ စာရွက်စာတမ်းများဖြင့် မှန်မမှန် ပြန်လှန်စိစစ်နိုင်ရန် သေချာစွာ ထားရှိခြင်း၊ ပြီးနောက်၊ အချက်အလက်များကို နှစ်အတန်ကြာ ထိန်းသိမ်းထားရှိခြင်း တို့ဖြစ်သည်။

  အဆန်လမ်းကြောင်းရှိ လုပ်ငန်းများ (upstream) သည် အလေးချိန်အရတွက်ချက်သည့် အစားအသောက် ခြေရာကောက်နည်း (mass balance)ဖြင့် ဖြစ်စေ၊ ကုန်စည်တစ်ခုကို တောက်လျှောက် သီးသန့် ခွဲခြား ခြေရာကောက်နည်း ( physical segregation traceability)[71] ဖြင့်ဖြစ်စေ -ဥပမာအားဖြင့် ဥပမာ- လုပ်ငန်းကွင်းဆက်များတစ်လျှောက်ရှိ အချက်အလက်များ ထိန်းသိမ်းပုံ (chain of custody) ဖြင့် - ထူထောင်သင့်သည်။ အစုန်လမ်းကြောင်းရှိ လုပ်ငန်း များ(downstream) ကမူ ၄င်းတို့၏ အဆန်လမ်းကြောင်းအတွင်း ကုန်ကြမ်း ပေးသွင်းသူများ (suppliers) မည်သူမည်ဝါဖြစ်သည်၊ ၄င်းမှ တစ်ဆင့် ပေးသွင်းသူများ (sub-suppliers) ၏ ကုန်စည် ပေးသွင်းသည့် နိုင်ငံ မည်သည့်နိုင်ငံဖြစ်သည် ဆိုသည်များကို သိရှိအောင် ဖော်ထုတ်သင့်သည်။ အလေးထားစိစစ် ဆောင်ရွက်မှု ဆိုင်ရာ အချက်အလက်များကို အဆန်လမ်းကြောင်းရှိ လုပ်ငန်းများ မှသည် အစုန်လမ်းကြောင်း ရှိလုပ်ငန်းများအထိ ဆင့်ကမ်းသွားခြင်း ဖြင့် ပွင့်လင်းမြင်သာမှု ပိုမိုတိုးတက်ပြီး ခြေရာကောက်ခြင်း ပိုမို လွယ်ကူနိုင်ပါသည်။

- စီးပွားဆက်ဆံမှု ခိုင်မြဲအောင် ထူထောင်ခြင်း- ဤနည်းသည် အချက်အလက်များ စဉ်ဆက်မပြတ် စီးဆင်းနိုင်ရန်အကောင်းဆုံးနည်းလမ်းဖြစ်သည်။ အကျိုးဆက်စပ်သူအသီးသီးနှင့် ဆက်သွယ်ရန် လမ်းကြောင်းများ ရှိခြင်းဖြင့် မူဝါဒမှ၊ သက်ဆိုင်ရာ စံနှုန်းများမှ သွေဖီနိုင်ခြေ များ ပေါ်ပေါက်လာပါက ဆက်သွယ် သတိပေးနိုင်သည်။ လိုက်နာ ဆောင်ရွက်မှုကို အကဲဖြတ်စိစစ်ရာတွင် အထောက်အကူ ဖြစ်စေရန် အခါအားလျော်စွာ စာရင်း စစ်လုပ်ငန်းစဉ်များ ၊နောက်ဆက်တွဲလုပ်ငန်းစဉ် ဆောင်ရွက်မှုများ၊ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာ နှင့် လူ့အခွင့်အရေး ဆိုင်ရာ

ရိုက်ခတ်ချက်ကို အကဲဖြတ်မှုများ (ESHRIAs) [72] ပြုလုပ်နိုင်သည်။ သို့သော် ထိုသို့ ပြုလုပ်ခြင်းသည် အထက်ပါအချက်အလက် စီးဆင်းမှုများကို အစားထိုးသည့် သဘော မဖြစ်သင့်ပါ။

### ၁.၄။ စီးပွားဖက်များနှင့် ထိတွေ့ဆောင်ရွက်မှု ခိုင်မာအောင်လုပ်ဆောင်ပါ။

RBC အတွက် လုပ်ငန်းမူဝါဒကို မှီငြမ်းထားသည့် RBC အတွက် မူဝါဒတစ်ရပ်ကို စီးပွားဖက်များနှင့် သဘောတူ ချုပ်ဆိုသည့် စာချုပ်များအတွင်း ထည့်သွင်း သင့်သည်။ ၄င်းတို့၏ လုပ်ငန်း စွမ်းဆောင် နိုင်အားအလိုက် ချိန်ညှိချမှတ်သင့်သည်။ စီးပွားဖက်များနှင့် ရေရှည် စီးပွား ဆက်ဆံမှု ခိုင်မြဲခြင်းဖြင့် ယင်းကဲ့သို့ မူဝါဒ ချမှတ်ရန် ၄င်းတို့အား တိုက်တွန်းရာတွင် လည်းကောင်း၊ ပွင့်လင်း မြင်သာမှု ပိုမိုရှိရန်လည်းကောင်း ဩဇာသက်ရောက်မှုရှိမည်။ စီးပွားဖက်များနှင့် ညှိနှိုင်းပြီး၊ နယ်ခံအာဏာပိုင်များ၊ ဗဟိုအစိုးရများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် အရပ်ဖက် အဖွဲ့အစည်းများလည်း ပါဝင်ကာ၊ အကောင်အထည်ဖော်ရန် အစီအစဉ်များ ရေးဆွဲခြင်း- အထူးသဖြင့် စွမ်းဆောင်မှု မြှင့်တင်သည့် သင်တန်းများ ပို့ချပေးခြင်းဖြင့်၊ လိုက်နာဆောင်ရွက်မှု ပိုမို အားကောင်း နိုင်သည်။ ဥပမာ- စီးပွား လုပ်ငန်းများက တင်းကျပ်သည့် စည်းကမ်းလိုအပ်ချက်များကို လိုက်နာ ဖြည့်ဆည်းရန် အခက်အခဲ ဖြစ်နိုင်သည့် လုပ်ကွက်ငယ် လယ်ယာသမားများ အတွက် စွမ်းဆောင်မှု မြှင့်တင်ပေးနိုင်သည်။

### ၁.၅။ သက်ဆိုင်ရာ အကျိုးဆက်စပ်သူများနှင့် တိုင်ပင်ညှိနှိုင်း၍ အများအတွက် တိုင်တန်းရေး စနစ်ယန္တရားတစ်ရပ် ထူထောင်ပါ။

တိုင်တန်းရေး စနစ်ယန္တရားတစ်ခုထား ရှိခြင်းဖြင့် [73] သက်ဆိုင်ရာ စံနှုန်းများမှ သွေဖီမှုများ ပေါ်ပေါက်ပါက စီးပွားလုပ်ငန်းများအား နှိုးဆော် သတိပေးပြီး အန္တရာယ်ဖြစ်နိုင်ခြေ များ ဖော်ထုတ်ရန် အထောက်အကူရနိုင်သကဲ့သို့၊ သက်ဆိုင်သည့် အကျိုးဆက်စပ်သူများနှင့် ဆက်သွယ်ပြောဆိုမှု ပိုမို တိုးတက်စေမည့် အခြေအနေပေး နိုင်မည်ဖြစ်သည်။ ယင်း တိုင်တန်းရေး ယန္တရားကို စီမံကိန်း အလိုက်ဖြစ်စေ၊ စီးပွားလုပ်ငန်းတစ်ခုအတွက်ဖြစ်စေ၊ လုပ်ငန်းစုတစ်ခုလုံးအတွက်ဖြစ်စေ ထူထောင် နိုင်သည်။ ယင်းစနစ်ဖြင့် အန္တရာယ်ကို ကြိုတင်သတိပေးသည့် စနစ်အဖြစ် လည်းကောင်း၊ ပဋိပက္ခများ ကာကွယ်တားဆီးရန်၊ ကုစား တည့်မတ်ပေးရန် ယန္တရားအဖြစ်လည်းကောင်း အသုံးပြုသင့်သည်။ ဥပမာအားဖြင့် ဆိုရလျှင်၊ လက်ရှိ ကျင့်သုံးလျက်ရှိသည့် လုပ်ငန်းစုဆိုင်ရာ ဆက်ဆံရေးစနစ်များနှင့် စုပေါင်းတောင်းဆိုသည့် သဘောတူညီမှုများသည် အလုပ်သမားအခွင့်အရေး လေးစားရန်အတွက် ထိရောက်ပြီး ခိုင်မာယုံကြည်ရသည့် ယန္တရားများဖြစ်နိုင်သည်။

ဤ တိုင်တန်းရေး ယန္တရားများကို RBC စံနှုန်းများ လိုက်နာရန် ပျက်ကွက်သည့် စီးပွားလုပ်ငန်းမှ စတင် ပေါ်ပေါက်သည့် ဆိုးကျိုးရိုက်ခတ်မှုများကို ခံရလျက်ရှိသော သို့မဟုတ် ရိုက်ခတ်ခံရ နိုင်ခြေ ရှိသောသူအားလုံးနှင့် အလုပ်သမားများ မှ အလွယ်တကူ အလှမ်းမီစေသင့်သည်။ ထိုသို့ ယန္တရား ထားရှိကြောင်း၊ မည်သို့တိုင်တန်းနိုင်ကြောင်းကိုလည်း စီးပွားလုပ်ငန်းများက အားလုံး သိရှိနိုင်ရန် အကြောင်း ကြားသင့်ပြီး၊ အသုံးပြုရန် အားပေးတိုက်တွန်းသင့်သည်။ အသုံးပြုသူများ မည်သူမည်ဝါမှန်း မသိရအောင်ထားရှိမည်ဖြစ်ကြောင်း၊ ထို့အတွက် ရန်တုံ့ပြန်ခံရခြင်း မရှိနိုင်ကြောင်း အာမခံသင့်သည်။

ယင်းစနစ် ထိရောက်မှု ရှိမရှိကိုလည်း ပုံမှန် စစ်ဆေးသင့်သည်။ လက်ခံရရှိသည့် တိုင်တန်းမှုများကို မည်သူမဆို ကြည့်ရှုနိုင်သည့် စာရင်း ပြုစုထားရှိကာ၊ ယင်းစနစ်များမှ ရရှိသည့် သင်ခန်းစာများကို RBCအတွက် လုပ်ငန်းမူဝါဒ ၊ စီးပွားဖက်များနှင့် ဆက်ဆံရေး၊ စောင့်ကြည့်ကြပ်မတ်သည့် စနစ်တို့အတွင်း ထည့်သွင်းသင့်သည်။

တိုင်တန်းရေး စနစ်ယန္တရားများသည် တရားရုံးနှင့်သက်ဆိုင်သည့် ယန္တရားများနှင့်ရော၊ NCP များကဲ့သို့ တရားရုံးနှင့် မသက်ဆိုင်သည့် စနစ်ယန္တရားများနှင့်ပါ သဟဇာတ ဖြစ်စေသင့်သည်။ ထို NCP များနှင့်လည်း စီးပွားလုပ်ငန်းများက ထိတွေ့ဆောင်ရွက်သင့်သည်။

## အဆင့် ၂။ လုပ်ငန်းကွင်းဆက် အတွင်းရှိ အန္တရာယ်များကို သိရှိအောင် ဖော်ထုတ်၊ အကဲဖြတ်ပြီး ဦးစားပေးရပ် သတ်မှတ်ရေး

### *၂.၁။ လုပ်ငန်းကွင်းဆက် ပုံဖော်ပါ*

ထိုသို့ဆောင်ရွက်ရန် ပါဝင်ပတ်သက်သည့်လုပ်ငန်းများကို သိရှိအောင်ဖော်ထုတ်ရန်လိုသည်။ ထို့အပြင် သက်ဆိုင်ပါက၊ တိုက်ရိုက်ကုန်ကြမ်းပေးသွင်းသူများ၊ စီးပွားဖက်များနှင့် လုပ်ငန်းခွင် တည်ရှိရာများ၏ အမည်များ သိရှိရန်လိုအပ်သည်။ ဥပမာ- အောက်ပါအသေးစိတ်အချက် အလက် များကို စိုက်ပျိုးလုပ်ကိုင်သည့် လုပ်ငန်းများ ထံမှ တောင်းခံနိုင်သည်- စိုက်ပျိုးထုတ်လုပ်သူအုပ်စု အမည်၊ လုပ်ငန်းခွင်လိပ်စာနှင့် တည်နေရာ၊ လုပ်ငန်းခွင်မန်နေဂျာ၏ အသေးစိတ်အချက်အလက်များ၊ ထုတ်လုပ်သည့် ကုန်စည်အမျိုးအစား၊ အရေအတွက်၊ ရက်စွဲများနှင့် ကုန်စည်ထုတ်လုပ်ပုံထုတ်လုပ် နည်းများ၊ အလုပ်သမားဦးရေကို ကျား-မအလိုက်၊ အန္တရာယ် စီမံခန့်ခွဲရေး ကျင့်စဉ်များ စာရင်း၊ ကုန်သယ်ယူပို့ဆောင်ရာလမ်းကြောင်းများ၊ နှင့် ဆောင်ရွက်ပြီးခဲ့သော အန္တရာယ်အကဲဖြတ်ချက်များ။

စိုက်ပျိုးရေးလုပ်ငန်းများနှင့် အဆင့်များစွာ ထိတွေ့မှု ကင်းကွာသည့် စီးပွားလုပ်ငန်းများ၊ အထူးသဖြင့် ငွေကြေးဆိုင်ရာလုပ်ငန်းများနှင့် စားသုံးသူများနှင့် ဆက်ဆံရသည့် လုပ်ငန်း များသည် ၄င်းတို့၏ ကုန်ကြမ်းပေးသွင်းသူများနှင့် စီးပွားဖက်များကို ကနဦး၌ စာရင်းပြုနိုင်ချင်မှ ပြုနိုင်မည်။ မည်သို့ပင်ဖြစ်စေ ၄င်းတို့၏ စီးပွားလုပ်ငန်း ဆက်ဆံမှုများကို အလုံးစုံ ပုံဖော်နိုင်ရန် စနစ်တကျ စုစည်းသင့်သည်။ စီးပွားဖက်များအပေါ် စုဆောင်းသည့် သတင်းအချက်အလက်အနည်းအများမှာ အန္တရာယ်အဆင့် ဆိုးရွားမှုနှင့် ဖော်ထုတ်သိရှိရသည့် အန္တရာယ်များနှင့် မည်မျှ နီးစပ်စွာ ဆက်နွယ်မှုရှိသည့်အပေါ် မူတည်သည်။

### *၂.၂။ စီးပွားလုပ်ငန်းနှင့် ၎င်း၏ စီးပွားဖက်များ၏ လုပ်ငန်းလည်ပတ်မှုများ၊ လုပ်ငန်းစဉ်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများမှ ဆိုးရွားသော သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးရာနှင့် လူ့အခွင့်အရေး ရိုက်ခတ်မှုအန္တရာယ်များ[74]ကို ၎င်းတို့၏ လုပ်ငန်း သက်တမ်း တစ်လျှောက် အကဲဖြတ်ပါ။*

ယင်းသို့အကဲဖြတ်မှုများဖြင့် စီးပွားလုပ်ငန်းကြောင့်ဖြစ်စေ၊ စီးပွားလုပ်ငန်းက ပံ့ပိုး သောကြောင့် ဖြစ်စေ၊ စီးပွားဆက်ဆံ လုပ်ငန်း တစ်ခုမှ တဆင့် မိမိ၏လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများအပေါ် တိုက်ရိုက်ဆက်နွယ်သောကြောင့်ဖြစ်စေ၊ လုပ်ငန်းကွင်းဆက် အတွင်း၌ အမှန်တကယ်ဖြစ်ပွားနေသော၊ ဖြစ်ပွားနိုင်ခြေရှိသောဆိုးကျိုးရိုက်ခတ်မှုများကိုသိရှိအောင် ဖော်ထုတ် နိုင် သင့်သည်။ ယင်းတို့သည် သဘာဝပတ်ဝန်းကျင်ရေးရာ၊ လူမှုရေးရာနှင့် လူ့အခွင့်အရေး ရိုက်ခတ်မှုများကိုပါ ခြုံငုံကာမိသင့်သည်။ ပြည်တွင်းဥပဒေများအရ ပြဋ္ဌာန်းရန် လိုအပ်သည့် အချက် များ လည်း ဖြစ်နိုင်သည်၊ ထိုအကဲဖြတ်သည့်လုပ်ငန်းစဉ် အတိုင်းအတာနှင့် ကြိမ်ရေနှုန်းသည် အန္တရာယ် အနည်းအများနှင့်လည်းကောင်း၊ စီးပွားဖက်များက ယင်းအကဲဖြတ်ချက်များကို စီမံခန့်ခွဲရာ၌ စွမ်းဆောင်နိုင်မှု အပေါ်၌လည်းကောင်း မူတည်သည်။ ယင်းအကဲဖြတ်ချက်များကို ထုတ်ဖော် အကြောင်းကြား ရန်အတွက် အသုံးပြုနိုင်ရုံသာမက၊ ပိုမို လက်တွေ့ကျပြီး အမြော်အမြင် ရှိစွာဖြင့် သီးခြား အန္တရာယ်များကို ဖြေရှင်းရန်၊ ကုန်ကြမ်းပေးသွင်းသူနှင့် ဆက်သွယ်ဆက်ဆံအား ပိုမိုကောင်းမွန်ရန်၊ နှင့်အတူ ကုန်ကြမ်းပေးသွင်းသူ၏ စွမ်းဆောင်မှု ပိုမို တိုးတက်စေရန်များအတွက်ပါ အသုံးပြုနိုင်သည်။

လက်ရှိအသုံးပြုနေသည့် စံနှုန်းများကို မှီငြမ်းကာ၊ ဖြည့်စွက်ချက် က (ပုဒ်မ ၁.၃) ၌ ဤအကဲဖြတ်ချက်များတွင်မည်သည့်အဆင့်များ၊မည်သည့်ရိုက်ခတ်မှုများပါဝင်သင့်သည်ကို အသေးစိတ် ဖော်ပြထားသည်၊ ထို့အပြင်၊ ဤအကဲဖြတ်ချက်များဖြင့် အောက်ပါတို့ကို ဖော်ထုတ် သင့်သည်။ [75]/

- စဉ်ဆက်မပြတ် လုပ်ငန်းများ လည်ပတ်မှုကြောင့် ရိုက်ခတ်နိုင်ခြေရှိသော သက်ဆိုင်သည့် အခွင့်အရေးရှိသူများနှင့် အကျိုးဆက်စပ်သူများ၊ အထူးသဖြင့် အမျိုးသမီးများ၊ [76]
- လိုအပ်သည့် အလေးထားစိစစ်ဆောင်ရွက်မှု မရှိသည့် မည်သည့် စီးပွားဖက်များမဆို၊
- အကွက် ၃.၁ တွင် ဖော်ပြထားသည့် မည်သည့်'အန္တရာယ် သတိပေးချက်များ' (red flags)မဆို။ ဤသို့အခြေအနေများတွင် အလေးထားစိစစ် ဆောင်ရွက်မှု တိုးမြှင့်ရန်လိုပေမည်၊ ထိုအခါတွင် အန္တရာယ်သတိပေးချက်တွင် ပါဝင်သည့် နေရာဒေသများ၏ အခြေအနေများ မှန်မမှန် ကို မြေပြင်၌ ကွင်းဆင်း စိစစ်မှုများ ပါလာနိုင်သည်။
- လုပ်ငန်းလည်ပတ်မှုများ၏ ဖြစ်ရပ်မှန်အခြေအနေများနှင့်ကျိုးကြောင်းဆီလျော်စွာ ထောက်ပြ နိုင်သည့် RBC အတွက် လုပ်ငန်း မူဝါဒအကြား အခြား မကိုက်ညီမှုများ၊

အကဲဖြတ်နည်းအမျိုးမျိုးဖြင့် အန္တရာယ်သတိပေးချက်များ(red flags )ကို ဖော်ထုတ်နိုင်သည်။ ဆက်စပ်အကြောင်းတရားအရ အန္တရာယ် အကဲဖြတ်နည်းများ( Context risk assessments) ဖြင် ကုန်ပစ္စည်း ရှာဖွေဝယ်ယူသည့် ဒေသများ၊ နိုင်ငံများ ၏ စည်းမျဉ်းစည်းကမ်း မူဘောင်၊ နိုင်ငံရေးအခြေအနေ၊

ဥပဒေဘောင်အတွင်းက လွတ်လပ်စွာ လုပ်ပိုင်ခွင့် နှင့် လူမှု စီးပွား ပတ်ဝန်းကျင် စသည့် သီးခြား နယ်ပယ်များ၌ ရှိသော အန္တရာယ်များကို အကဲဖြတ်ခြင်းဖြင့် အန္တရာယ်အဆင့်နိမ့်၊ လတ်၊ မြင့်စသဖြင့် အဆင့် အလိုက် ခွဲခြားသတ်မှတ်သည်။ လုပ်ငန်းခွင်အနေအထားအရ အန္တရာယ် ဖြစ်နိုင်ခြေ၊ အတိုင်းအတာ၊ ဆိုးရွားမှုစသည်တို့ကို အကဲဖြတ်ရန်အတွက် စီးပွားဖက်များ၏ လုပ်ငန်းလည်ပတ်မှုများ၏ ဖြစ်ရပ်မှန်အခြေအနေကို နားလည်အောင် လုပ်ငန်းခွင်အဆင့် အန္တရာယ်အကဲဖြတ်နည်း( Site-level risk assessments) ဖြင့် အကဲဖြတ်သည်။ ထိုအကဲဖြတ်ချက်များကို အခြေတည်၍ လုပ်ငန်းဆက်ဆံမှု မစတင်မီ၊ စီးပွားဖက်အသစ်များ၏ အရည်အချင်းကို စိစစ်သည့် လုပ်ငန်းစဉ် ပြုလုပ်သင့်သည်။ အန္တရာယ်အဆင့် နိမ့်သည့် အခြအနေတွင် လုပ်ငန်းလုပ်ကိုင်နေသည့် စီးပွားဖက်များအပေါ် ပုံမှန် အန္တရာယ် အကဲဖြတ်နည်းဖြင့် ကျင့်သုံးသင့်သည်။ အန္တရာယ်အဆင့် အလယ်အလတ်နှင့် အဆင့်မြင့်တွင်ရှိသည့် အခြေအနေများတွင် လုပ်ငန်းလုပ်ကိုင်နေသည့် စီးပွားဖက်အားလုံးအပေါ် တိုးမြှင့် အန္တရာယ် အကဲဖြတ်နည်း ကျင့်သုံးသင့်သည်။ ထိုအကဲဖြတ် လုပ်ငန်းများတွင်အကျိုးဆက်သူများနှင့် တိုင်ပင်ခြင်း၊ အရပ်ဖက်အဖွဲ့အစည်းများကဲ့သို့ တတိယအဖွဲ့ မှ စောင့်ကြည့်ကြပ်မတ်ခြင်းနှင့် လယ်ယာများ နှင့်/သို့မဟုတ် စားသောက်ကုန် ထုတ်လုပ်သည့် စက်ရုံများအား သွားရောက်ကြည့်ရှုခြင်းများ ပါဝင် နိုင်သည်။

ကာလတစ်ခု အတန်ကြာသော် အခြေအနေများ အပြောင်းအလဲ ရှိတတ်သည်ကို ထည့်သွင်း စဉ်းစားရသည်ဖြစ်ရာ၊ အန္တရာယ်များ ၏ အခြေအနေကို အမှန်အကန် မပြတ်သိရှိ နေရန်အတွက်၊ အန္တရာယ်အကဲဖြတ်မှုကို **စဉ်ဆက်မပြတ်** လုပ်ငန်းစဉ် တစ်ခုအဖြစ်လုပ်ဆောင်သင့်သည်။ အောက်ပါတို့သည် အန္တရာယ်အကဲဖြတ်မှု အသစ်ထပ်မံ လုပ်ဆောင်ရန် အစပျိုးပေးသည့် အခြေအနေများ ဖြစ်သည်။- ဈေးကွက်အသစ် မှ ကုန်စည် ရှာဖွေဝယ်ယူခြင်း၊ စီးပွားဖက်တစ်ဦး၏ လုပ်ငန်းလည်ပတ်မှု ဝန်းကျင် အပြောင်းအလဲဖြစ်ခြင်း (ဥပမာ- အစိုးရအပြောင်းအလဲကြောင့်)၊ ကုန်ကြမ်းပေးသွင်းသူက အန္တရာယ် အဆင့် အလယ်အလတ် သို့မဟုတ် အဆင့်မြင့် ဒေသများမှ ကုန်ကြမ်း ရှာဖွေလာခြင်း၊ စီးပွားဆက်ဆံလုပ်ငန်းအသစ်ဖြင့် လုပ်ကိုင်ခြင်း၊ စီးပွားဖက်လုပ်ငန်း ပိုင်ရှင် အပြောင်းအလဲဖြစ်ခြင်း၊ ကုန်စည်အသစ် ထုတ်လုပ်ခြင်း၊ သို့မဟုတ် လုပ်ငန်း လုပ်ကိုင်ပုံ လုပ်ကိုင်နည်း အပြောင်းအလဲ ဖြစ်ခြင်း။

**အကွက် ၃ -၁၊ တိုးမြှင့်အလေးထားစိစစ်ဆောင်ရွက်မှုလိုအပ်သည့် အခြေအနေများ.အန္တရာယ် သတိပေးချက်များ**

- **အန္တရာယ် ဒေသများ အောက်ပါ ဒေသများတွင် လုပ်ငန်းလည်ပတ်ရန် စီစဉ်ခြင်း သို့မဟုတ် ထို ဒေသများမှ - ထွက်သည့်စိုက်ပျိုးရေးထွက်ကုန်များ**

- ပဋိပက္ခဖြစ်ပွားသည့် ဒေသများသို့မဟုတ် အန္တရာယ်အဆင့်မြင့်ဟု သတ်မှတ်သည့် ဒေသများ [1]
- စီမံအုပ်ချုပ်မှု လျော့ရဲသည်ဟု သတ်မှတ်ခံရသည့် ဒေသများ[2]
- နိုင်ငံတကာမှ သဘောတူညီထားသည့် RBC စံနှုန်းများကို လိုက်နာမှု မရှိသော၊ သို့မဟုတ် ဤစံနှုန်းများကို စီးပွားလုပ်ငန်း လိုက်နာရန် အားပေးခြင်းမရှိသော နိုင်ငံအဆင့်အစိုးရများ သို့မဟုတ် နယ်ခံအစိုးရများ အုပ်ချုပ်သည့် ဒေသများ ဥပမာဒေသခံများ တရားဝင်အသုံးပြုပိုင်ခွင့်ရှိသော စိုက်ပျိုးမြေကို ဒေသခံများအား မ -တိုင်ပင်ဘဲ၊ သို့မဟုတ် ကာကွယ်စောင့်ရှောက်ထားသည့်နယ်မြေရှိ မြေပေါ်တွင် လုပ်ငန်းလုပ်ကိုင်ရန်၊ အဆိုပြုခြင်း၊
- လူ့အခွင့်အရေး သို့မဟုတ် အလုပ်သမားအခွင့်အရေးများ ချိုးဖောက်မှုဖြင့် တိုင်တန်းခံရဖူးသည့် ဒေသများ၊
- မြေယာအသုံးချပိုင်ခွင့်ကို တိကျစွာ အဓိပ္ပါယ်ဖွင့်ဆိုထားခြင်းမရှိသော ဒေသများ
- ဒေသခံများ စားနပ်ရိက္ခာ မဖူလုံမှု ပြဿနာ သို့မဟုတ် ရေရှားပါးမှုပြဿနာများရှိသည့် ဒေသများ
- သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းမှု ရင်ဆိုင်နေရသော သို့မဟုတ် ကာကွယ် စောင့်ရှောက် ထားသော ဒေသများ

- **အန္တရာယ် ကုန်စည်များ**

- အချို့အခြေအနေများတွင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုဆိုင်ရာ သို့မဟုတ် လူ့အခွင့်အရေး ဆိုးကျိုး ရိုက်ခတ်မှုများ ဖြစ်ပေါ်စေ သည်ဟု သိထားသည့် စိုက်ပျိုးရေး ကုန်များ ထုတ်လုပ်ခြင်း၊
- စိုက်ပျိုးရေးထွက်စားသောက်ကုန်သည် ကျန်းမာရေးနှင့် အစားအသောက် အန္တရာယ် ကင်းရှင်းရေး စံနှုန်းများနှင့် မကိုက်ညီခြင်း၊

- **အန္တရာယ် စီးပွားဖက်များ**

- ဤလမ်းညွှန်တွင်ပါရှိသော စံနှုန်းများကို လိုက်နာခြင်းမရှိဟု လူသိများသည့် စီးပွားဖက်များ
- ၄င်းတို့သည် လွန်ခဲ့သည့် ၁၂ လအတွင်း အန္တရာယ်ဒေသတစ်ခုခုမှ စိုက်ပျိုးရေးကုန်များ ရှာဖွေဝယ်ယူသည်ဟု လူသိများခြင်း၊
- ဤလမ်းညွှန်တွင်ပါရှိသည့် စံနှုန်းများမလိုက်နာသော သို့မဟုတ် အန္တရာယ်ဒေသတစ်ခုမှ စိုက်ပျိုးကုန်များ ပေးသွင်းသော သို့မဟုတ် ထိုအန္တရာယ်ဒေသတွင် အလုပ်လုပ်သော စီးပွားလုပ်ငန်းများ တွင် အစုရှယ်ယာများပါဝင်ခြင်း သို့မဟုတ် အခြားအကျိုးစီးပွားများ ထားရှိခြင်း၊

၁။ ပဋိပက္ခ ဖြစ်ပွားသောဒေသများနှင့် အန္တရာယ်အဆင့်မြင့် ဒေသများဆိုသည်မှာ လက်နက်ကိုင် ပဋိပက္ခ၊ ကျယ်ပြန့်စွာ အကြမ်းဖက်မှု သို့မဟုတ် လူအများအား ဘေးအန္တရာယ်ဖြစ်စေမှု ရှိသော ဒေသများကို ခေါ်သည်။ လက်နက်ကိုင် ပဋိပက္ခ ဆိုသည်မှာ ပုံစံလက္ခဏာအမျိုးမျိုးရှိသည်။ နိုင်ငံတကာ ပါဝင်ပတ်သက်သော သို့မဟုတ် မပတ်သက်သော၊ နိုင်ငံ နှစ်ခု သို့မဟုတ် အများ ပါဝင်သော၊ လွတ်လပ်ရေးအတွက် တိုက်ပွဲဝင်သော၊ သူပုန်ထသော၊ ပြည်တွင်းစစ် စသဖြင့်လက္ခဏာ အမျိုးမျိုး ဖြစ်နိုင်သည်။ အန္တရာယ်အဆင့်မြင့် ဒေသများ ဆိုသည်မှာ နိုင်ငံရေး မတည်ငြိမ်မှု သို့မဟုတ် ဖိနှိပ်မှု ခံရသော ဒေသများ၊ အုပ်ချုပ်မှု လျော့ရဲ အားနည်းသော၊ လုံခြုံမှု မရှိသော၊ ပြည်တွင်း အခြေခံအဆောက်အအုံ ပြိုလဲနေသော၊ ကျယ်ပြန့်စွာ အကြမ်းဖက်မှုရှိသော ဒေသများ ပါဝင်နိုင်သည်။ ထိုကဲ့သို့ ဒေသများသည် ကျယ်ပြန့်စွာ လူ့အခွင့်အရေး ချိုးဖောက်မှုများ ရှိသည်၊ နိုင်ငံ့ဥပ ဒေ သို့မဟုတ် အပြည်ပြည်ဆိုင်ရာ ဥပ ဒေ ချိုးဖောက်သည့် ဒေသများ ဖြစ်တတ်သည်(OECD, 2013)။

၂။ ထိုအထဲတွင် World Bank Worldwide Governance Indicators သို့မဟုတ် Transparency International Corruption Perception Index တို့က စွမ်းဆောင်မှု အားနည်းသော ဒေသများအဖြစ်ဖော်ပြတတ်သည်။ ကုလသမဂ္ဂ၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များ ကို ကတိကဝတ် မပြုသော သို့မဟုတ် စတင် အကောင်အထည် မဖော်သော နိုင်ငံများလည်း ပါဝင်နိုင်သည်။

အန္တရာယ်အကဲဖြတ်မှုကို **စီးပွားလုပ်ငန်းအမျိုးအစား ပေါ်** မူတည်၍ ဆောင်ရွက်သည်။

- လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများသည်စိုက်ပျိုးထွက်ကုန်များ၏ အရည်အသွေးပြအခြေအ နေ များနှင့် ပတ်သက်သည့် တိကျမှန်ကန်မှု စစ်ဆေးနိုင်သော၊ အားထားယုံကြည်ရသော၊ အချိန်နှင့် တစ်ပြေးညီ ဖြစ်သော အချက်အလက်များ ပြုစု ဖြန့်ဝေရန်အတွက်၊ မြေပြင်၌ အကဲဖြတ်အဖွဲ့များ ထူထောင် နိုင်သည်။ ဤစီးပွားလုပ်ငန်းများသည် ဒေသခံများနှင့် ရိုးသားပွင့်လင်း၊ ထိရောက်ပြီး အဓိပ္ပါယ် ပြည့်ဝသော တိုင်ပင်ဆွေးနွေးမှုများစသည်တို့ ပြုလုပ်ခြင်းဖြင့် မြေယာအသုံးချ ပိုင်ခွင့် ရှိသူများ၏ တရားဝင်မှုကို လေးစားကြောင်း အာမခံချက်ပေးရန် လိုသည်။ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သည် ဆိုလျှင် ၄င်းတို့၏ လုပ်ငန်းများအတွင်း တိရစ္ဆာန်များကျန်းမာရေးအတွက် ပံပိုး သင့်သည်။ ၄င်းတို့ အန္တရာယ်အကဲဖြတ်ချက်ပြုလုပ်ပြီးရရှိသည့် ရလဒ်များကို အစုန်လမ်းကြောင်းရှိ စီးပွားလုပ်ငန်း များအား ပေးသင့်သည်။

- အစုန်လမ်းကြောင်းရှိ စီးပွားလုပ်ငန်းများသည် မိမိတို့ လုပ်ငန်း လည်ပတ်မှု အတွင်းရှိသည့် အန္တရာယ် များကို သိရှိအောင် ဖော်ထုတ်ရုံမက၊ ကုန်ကြမ် းပေးသွင်းသူများ ရင်ဆိုင်ရသည့် အန္တရာယ်များကိုပါ တတ်နိုင်သမျှ အကဲဖြတ်သင့်သည်။ ကုန်ကြမ်းပေးသွင်းသူများ ရင်ဆိုင်ရသည့် အန္တရာယ်များကို အကဲဖြတ်ရန်အတွက်၊ထိုပေးသွင်းသူများကျင့်သုံး ဆောင်ရွက်သည့် အလေးထား စိစစ် ဆောင်ရွက်မှု ကို အကဲဖြတ်ခြင်းဖြစ်စေ၊ ၄င်းပေးသွင်းသူတို့၏ လုပ်ငန်း လည်ပတ်မှု ကို တိုက်ရိုက် အကဲဖြတ်ခြင်းဖြစ်စေ၊ ဥပမာ- ၄င်းတို့လုပ်ကိုင်သည် လယ်ယာများသို့ သွားရောက် အကဲဖြတ်ခြင်းများ ပြုလုပ်နိုင်သည်။ မိမိစီးပွားဖက်များ RBC စံနှုန်းများလိုက်နာမှု ရှိမရှိ အကဲဖြတ်ခြင်း၊ သက်ဆိုင်လိုအပ်သည့် အချက်အလက်များ ပေးခြင်းတို့ ပြုလုပ်သည့် လုပ်ငန်းစု အလိုက် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ခြင်းဖြင့် ယင်းအကဲဖြတ်မှုများကို အထောက် အကူဖြစ်စေမည်။

- ငွေကြေးဆိုင်ရာ လုပ်ငန်းများသည် ၄င်းနှင့် ဆက်သွယ် ဆောင်ရွက်သူ ရာပေါင်း ထောင်ပေါင်း များစွာ ရှိနိုင်သည်။ ထိုဆက်သွယ်ဆောင်ရွက်သူ တစ်ဦးချင်းအပေါ် အန္တရာယ်အကဲဖြတ်ရန် ဖြစ်နိုင်ချင်မှ ဖြစ်နိုင်မည်။ အိုအီးစီဒီ လမ်းညွှန်များ အရ၊ လုပ်ငန်းအားလုံးသည် အကြီးမားဆုံး ဆိုးကျိုး ပေါ်ပေါက်နိုင်သည့် အန္တရာယ်နယ်ပယ်များကို ယေဘူယျအားဖြင့် ဖော်ထုတ်ရန်နှင့် ထိုသို့ ဖော်ထုတ် သိရှိချက်အရ အလေးထားစိစစ်ဆောင်ရွက်ရန်များကို ဦးစားပေးရပ် သတ်မှတ် ရန် မျှော်လင့်သည်။ ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ အလေးထားစိစစ် ဆောင်ရွက်ရေး တာဝန် မည်သည့် အတိုင်းအတာအထိ ရှိသင့်သည်ဆိုသည်မှာ ၄င်း၏ လုပ်ငန်းများ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများအပေါ် မူတည်သည်။ [77]

## အဆင့် ၃၊ ဖော်ထုတ်သိရှိရသည့် အန္တရာယ်များကို တုံ့ပြန်ရန် ဗျူဟာ ရေးဆွဲ အကောင်အထည်ဖော်ရေး

### ၃.၁။ *အန္တရာယ်အကဲဖြတ်မှုမှ တွေ့ရှိချက်များကို ခန့်အပ်ထားသည့် အကြီးတန်း စီမံခန့်ခွဲရေး အဖွဲ့သို့ တင်ပြပါ။*

### ၃.၂။ *အန္တရာယ် စီမံခန့်ခွဲရေး အစီအစဉ် ချမှတ်ပါ။*

ဤအစီအစဉ်တွင် ဖြည့်စွက်ချက် (က) တွင် အကြံပြုခဲ့သည့် အန္တရာယ်လျှော့ချရေးနှင့် တားဆီး ကာကွယ်ရေး အစီအမံများ ထည့်သွင်းနိုင်သည်။ စီးပွားလုပ်ငန်းက ဆိုးကျိုးရိုက်ခတ်မှုများနှင့် မည်မျှ နီးစပ်စွာ ဆက်နွယ်နေသည့်အပေါ် မူတည်၍ ဖြစ်နိုင်သည့် ပုံစံများ အဆိုပြုနိုင်သည် (အသေးစိတ် အချက်အလက်များကို အကွက် ၁.၂ တွင် ကြည့်ပါ)။

- စီးပွားလုပ်ငန်းကြောင့် ဆိုးကျိုးရိုက်ခတ်မှုများ ဖြစ်ပွား သည်ဆိုလျှင်၊ ဖြစ်ပွားလျက်ရှိသည့် ဆိုးကျိုး ရိုက်ခတ်မှုများကို ပြန်လည်ကုစားသင့်ပြီး[78] နောင်ဖြစ်ပွားနိုင်ခြေရှိသည့် ဆိုးကျိုး ရိုက်ခတ်မှု များ ကိုတားဆီးသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင်၊ နောင် ဆိုးကျိုးရိုက်ခတ်မှုများ မဖြစ်ပွားအောင် ကြိုးပမ်းတားဆီးမည့် အစီအမံများ အကောင်အထည်ဖော်စဉ်၊ လုပ်ငန်းများ ယာယီ ရပ်ဆိုင်း ထားသင့်သည်။ ယင်းရိုက်ခတ်မှုများကို လျှော့ချနိုင်ခြင်းမရှိလျှင် လုပ်ငန်းများကို အပြီး ရပ်ဆိုင်း သင့်သည်။
- စီးပွားလုပ်ငန်းက ပံ့ပိုးသောကြောင့် ဆိုးကျိုးရိုက်ခတ်မှုများ ဖြစ်ပွားသည်ဆိုလျှင်၊ ထိုပံ့ပိုးမှုများကို ရပ်ဆိုင်းပြီး၊ မိမိသြဇာကို အသုံးပြု၍ ကျန်ရှိသည့် ဆိုးကျိုးရိုက်ခတ်မှုများကို လျော့ကျစေသင့်သည်။ ထိုသို့လုပ်ဆောင်ရာတွင် လုပ်ငန်းများ ယာယီ ရပ်ဆိုင်းကောင်း ရပ်ဆိုင်းသင့်သည်။ ယင်း ဆိုးကျိုးရိုက်ခတ်မှုများ ထပ်မံ မဖြစ်ပွားစေရန် သေချာစွာ ကာကွယ်တားဆီးရေး အစီအမံများ ချမှတ် ဆောင်ရွက်သင့်သည်။
- ဆိုးကျိုးရိုက်ခတ်မှုက မိမိလုပ်ငန်းက ပံ့ပိုးမှု ကြောင့် မဟုတ်သော်လည်း၊ မိမိနှင့် စီးပွားဆက်ဆံ သည့်လုပ်ငန်းမှ တဆင့် မိမိ၏လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည်သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဆက်နွယ်မှု ရှိသည်ဆိုလျှင်၊ ထို ဆိုးကျိုးရိုက်ခတ်မှု လျော့ကျစေရန် သို့မဟုတ် တားဆီးရန် မိမိသြဇာအသုံးပြုသင့်သည်။ ထိုသို့လုပ်ဆောင်ရာ၌ အန္တရာယ်လျော့ကျစေရန် ကြိုးပမ်းမှု မအောင်မြင်လျှင်၊ သို့မဟုတ် လျော့ကျစေရန် မဖြစ်နိုင်လျှင် သို့မဟုတ် လက်သင့်မခံနိုင်လျှင်၊ စီးပွားဖက်နှင့် လုပ်ငန်းအဆက်ဖြတ်သည့်အခြေအနေအထိ ရောက်သွားနိုင်သည်။ သင့်လျော် သည့် တုံ့ပြန်မှုကို စဉ်းစားဆုံးဖြတ်ရန် အကြောင်းများတွင်၊ ဆိုးကျိုးရိုက်ခတ်မှု၏ ဆိုးရွားမှုနှင့် ဖြစ်နိုင်ခြေ၊ စီးပွားလုပ်ငန်းက မိမိ၏ စီးပွားဖက် သို့မဟုတ် အခြား သက်ဆိုင်သည့် ပါဝင်သူများ (ဥပမာ- အစိုးရ) အပေါ် သြဇာသက်ရောက်မှု နှင့်/သို့မဟုတ် တွန်းအား ပေးနိုင်အား မည်မျှရှိသည်၊ ထိုစီးပွားဖက်သည် မိမိလုပ်ငန်းအတွက် မည်မျှ အရေးပါသည် စသည်တို့ပါဝင်နိုင်သည်။

    စီးပွားလုပ်ငန်းအမျိုးအစားအားလုံးကြောင့် ဆိုးကျိုးရိုက်ခတ်မှုများ တိုက်ရိုက်ဖြစ်ပွားခြင်း၊ ပံ့ပိုးမှုဖြင့် ဖြစ်ပွားခြင်း၊ သို့မဟုတ် တိုက်ရိုက် ဆက်နွယ်သဖြင့် ဖြစ်ပွားခြင်းများ ဖြစ်နိုင်သည်။

အောက်ပါ ဥပမာများဖြင့် လက်တွေ့တွင် ဖြစ်ပွားပုံများကို ဖော်ပြထားသည်။

- တိုက်ရိုက်ဖြစ်ပွားခြင်း (causing) - စီးပွားလုပ်ငန်း ၃ မျိုး- စိုက်ပျိုးရေးလုပ်ငန်း၊ အစုန်လမ်းကြောင်း နှင့် ငွေကြေးဆိုင်ရာ လုပ်ငန်းများကြောင့် ဆိုးကျိုးရိုက်ခတ်မှုများ တိုက်ရိုက် ဖြစ်ပွားနိုင်သည်။ သို့သော် မြေယာအသုံးချပိုင်ခွင့်နှင့် တိရစ္ဆာန် ကျန်းမာရေးနှင့် ဆက်စပ်သည့် ရိုက်ခတ်မှု ကဲ့သို့ သော ဆိုးကျိုးရိုက်ခတ်မှုအချို့မှာ စိုက်ပျိုးရေးလုပ်ငန်းကြောင့်သာ တိုက်ရိုက် ဖြစ်နိုင်ပြီး၊ အစုန် လမ်းကြောင်း ကြောင့် အဖြစ်နည်းသည်။အန္တရာယ်အကဲဖြတ်မှုတစ်ခုအရ မြေယာ တရားဝင် အသုံးချ ပိုင်ခွင့်ရှိသူများ၏ အခွင့်အရေးကို စိုက်ပျိုးရေးလုပ်ငန်းတစ်ခုက ချိုးဖောက်ကြောင်း တွေ့ရှိလျှင်၊ ယင်းသို့ ရိုက်ခတ်မှုများကို ပြန်လည်ကုစားပေးသင့်သည်- ဥပမာ မြေပိုင်ဆိုင်ခွင့် ရှိသူများထံ မြေကို ပြန်လည် အပ်နှံခြင်း သို့မဟုတ် တရားမျှတသည့် နစ်နာကြေး အမြန်ဆုံး ပြန်လည် ပေးအပ်ခြင်းများ သေချာအောင် ဆောင်ရွက် သင့်သည်။
- ပံ့ပိုးခြင်း(contributing)- အကယ်၍ စားသောက်ကုန် လက်လီလုပ်ငန်းတစ်ခုက စတော်ဘယ်ရီ သီးကဲ့သို့ ရာသီစာ၊ လတ်ဆတ်သော စိုက်ပျိုးရေးထွက်အစားအစာများ အချိန်တိုအတွင်း ပို့ဆောင် ရန် လိုအပ် လာပါက၊ ထိုဝယ်လိုအားကို ဖြည့်ဆည်းရန် ပေးသွင်းသူများက လုပ်အား တိုးမြှင့် လုပ်ကိုင်ရန် ဖြိုးစားကြီး လိုအပ်လာသည်။ ထိုအခါ ဝယ်လိုအားကို ဖြည့်ဆည်းရန် ယာယီ ငှားရမ်း ထားသည့် ရွှေ့ပြောင်းလုပ်သားများအပေါ် အတင်းအကျပ် ခိုင်းစေမှုများ ပေါ်ပေါက် လာသည်။ ထိုအခါ စားသောက်ကုန် လက်လီလုပ်ငန်း အနေနှင့် ပေးသွင်းသူအပေါ် ဖိအားပေးမှု ရပ်တန့်သင့်သည်။ သို့တည်းမဟုတ် ပေးသွင်းသူများ၏ ငွေစီးဆင်းမှု အကျပ်အတည်းကို ဖြေရှင်း သည့် အနေနှင့် ဝယ်ဈေးတိုး မြှင့်ပြီး ပေးခြင်းဖြင့် ထိုရိုက်ခတ်မှုကို ပံ့ပိုးရာရောက်သည့်လုပ်ရပ်ကို ရပ်ဆိုင်းသင့်သည်။
- တိုက်ရိုက်ဆက်နွှယ်မှု ရှိခြင်း (directly linked) - ပင်စင်ရန်ပုံငွေတစ်ခုသည် ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေ အတွင်း အရင်းအနှီး ထည့်နိုင်သည်။ ထိုရင်းနှီးမြှုပ်နှံမှုရန်ပုံငွေက တစ်ဖန် လယ်ယာတစ်ခု၌ ဗာနီလာ ရိတ်သိမ်းခြင်း ကဲ့သို့ လုပ်အားအပြင်းအထန်လိုသည့်လုပ်ငန်းအချို့အတွက် ကလေး လုပ်သား များကို အားထားစေခိုင်းတတ်သည်။ ထိုနည်းဖြင့် ပင်စင်ရန်ပုံငွေသည် လူ့အခွင့်အရေး ဆိုးကျိုး ရိုက်ခတ်မှုများနှင့် တိုက်ရိုက် ဆက်နွှယ်မှု ရှိလာသည်။ ထိုဆိုးကျိုးရိုက်ခတ်မှုကို တားဆီးရန် သို့မဟုတ် လျှော့ချရန် ဥပမာ- စိုက်ပျိုးရေးလုပ်ငန်းတွင် ကလေးလုပ်သား ပြဿနာကို မဖြေရှင်းနိုင်ပါကရင်းနှီးမြှုပ်နှံမှုရန်ပုံငွေမှ အခြားသို့ ပြောင်း၍ ရင်းနှီးမြှုပ်နှံရန် ရည်ရွယ်ကြောင်း ထုတ်ဖော်ပြောခြင်း ကဲ့သို့သော မိမိ၏ အားသာချက်ကို အသုံးပြုကာ တားဆီးသင့်သည်။

### *၃.၃။ အန္တရာယ်စီမံခန့်ခွဲရေး အစီအစဉ် အကောင်အထည်ဖော်ပြီး၊ အန္တရာယ်လျှော့ချရေး လုပ်ငန်း များကို မပြတ် စောင့်ကြည့်ကြပ်မတ်ကာ၊ ခန့်အပ်ထားသည့် အကြီးတန်း စီမံခန့်ခွဲရေး အဖွဲ့ထံ အစီရင်ခံပါ။*

ထိုသို့ ဆောင်ရွက်ရာတွင် အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များ၊ စီးပွားဖက်များ အပါအဝင်၊ ရိုက်ခတ်ခံရသည့် အကျိုးဆက်စပ်သူများနှင့်ပါ၊ အန္တရာယ်လျှော့ချရေး ဗျူဟာ နှင့် ပတ်သက်၍၊ အရေးကိစ္စများ ရှင်းလင်း ပြီး သဘောတူညီမှု ရရှိရန်အတွက်၊ တိုင်ပင် ဆွေးနွေးရနိုင်သည်။

## အဆင့် ၄၊ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်ဆောင်ရွက်မှု မှန်မမှန် စိစစ်အတည်ပြုရေး

စီးပွားလုပ်ငန်းများသည် ၎င်းတို့၏ အလေးထားစိစစ်ဆောင်ရွက်မှု ကျင့်စဉ်များ ထိရောက်မှု ရှိမရှိ စိစစ်ရန် -ဆိုလိုသည်မှာ အန္တရာယ်များကို ဖော်ထုတ်ခြင်း၊ လျှော့ချခြင်း သို့မဟုတ် တားဆီးခြင်းတို့ကို လုံလောက်စွာ လုပ်ဆောင်ပြီးခြင်း ရှိမရှိ -လုပ်ဆောင်သင့်သည်။ ဖြစ်နိုင်သည့်အခြေအနေနှစ်မျိုး ပေါ်ပေါက်သည်-

၁။ အန္တရာယ်ကို လျှော့ချပြီး သို့မဟုတ် တားဆီးပြီးလျှင်၊ ထိုလုပ်ငန်းသည် အန္တရာယ်နှင့် အချိုးညီ သည့် အလေးထား စိစစ်ဆောင်ရွက်ခြင်းကို စဉ်ဆက်မပြတ် လုပ်ဆောင်သင့်သည်။

၂။ အန္တရာယ်ကို လျှော့ချပြီး သို့မဟုတ် တားဆီးပြီးခြင်း မရှိလျှင်၊ ဘာကြောင့် မလုပ်ဆောင်သည်- ထိရောက်သည့် အန္တရာယ် လျှော့ချရေး ဗျူဟာ မရှိသဖြင့်၊ လျှော့ချရန် အချိန်၊ ရင်းမြစ် မလုံလောက်သဖြင့်၊ သို့မဟုတ် လျှော့ချရန် ဆန္ဒ မရှိသဖြင့် စသဖြင့်၊ ကို စိစစ်သည့်လုပ်ငန်းဖြင့် စတင်ထုတ်ဖော်သင့်သည်။ စိစစ်ရေးလုပ်ငန်းစဉ်တွင် အောက်ပါတို့ကို လုပ်ဆောင်သင့်သည်။

- အမျိုးသမီးများ၏ သဘောထားကို လုံလောက်စွာ တင်ပြနိုင်မှု သေချာအောင် ဆောင်ရွက်ခြင်း
- အန္တရာယ်နှင့်အ ချိုးညီစေခြင်း
- အလေးထားစိစစ်ဆောင်ရွက်သည့် အလေ့အကျင့်များ တိုးတက်စေရန် အကြံပြုချက်များ တောင်းခံခြင်း
- ထိုကဲ့သို့ လုပ်ငန်းစဉ်များသည် စရိတ်စက ကြီးသဖြင့် လုပ်ငန်းအသီးသီး၏ စွမ်းဆောင် နိုင်အား ကိုလည်း ထည့်သွင်းစဉ်းစားခြင်း၊ အသေးစားလုပ်ငန်းများအတွက် ဒေသခံများ စုပေါင်း၍ လိုက်နာဆောင်ရွက်မှု ခြေလှမ်းများကဲ့သို့သော စရိတ်စက ချွေချောင်သည့် စနစ်ယန္တရားများဖြင့် အလေးထား စိစစ်ဆောင်ရွက်မှုကို အကဲဖြတ်နိုင်မည်ဖြစ်သည်၊ [79]

စိစစ်ရေးလုပ်ငန်းစဉ်တွင် စာရင်းစစ်ခြင်း၊ ကွင်းဆင်း စစ်ဆေးခြင်းများ ပါဝင်နိုင်ပြီး၊ အစိုးရ အာဏာပိုင်များ၊ အရပ်ဖက်အဖွဲ့အစည်း၊ ရိုက်ခတ်ခံရသည့် ဒေသခံများနှင့် ဒေသအဆင့်၊ နိုင်ငံတော် အဆင့် နှင့် နိုင်ငံတကာ အဆင့် အလုပ်သမားအဖွဲ့အစည်းများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပါဝင် နိုင်သည်။ စာရင်းစစ်ခြင်း၏ သီးခြားလွတ်လပ်ပြီး အရည်အသွေးရှိမှုသည် စိစစ်ရေးလုပ်ငန်းစဉ် ထိရောက်မှုအတွက် အလွန်အဓိကကျသည်[80] ။ စာရင်းစစ်များသည် သီးခြားလွတ်လပ်ရမည်၊ အရည်အချင်းရှိရမည်၊ တာဝန်ခံမှု ရှိရမည်ဖြစ်သည်။ စီးပွားလုပ်ငန်းများအနေနှင့် စာရင်းစစ် လုပ်ငန်းစဉ်ကို သီးခြားလွတ်လပ်ပြီး အတည်တကျ ဖွဲ့စည်းထားသည့် စနစ်ယန္တရားတစ်ခုအတွင်းသို့ ထည့်သွင်းကာ၊ စာရင်းစစ်များ ခန့်ထားခြင်း၊ စာရင်းစစ် မှန်မမှန် စိစစ်ခြင်း၊ အစီရင်ခံစာများ ထုတ်ဝေခြင်း၊ ကုန်ကြမ်း ပေးသွင်းသူများအတွက် အလေးထားစိစစ်ဆောင်ရွက်မှု စွမ်းဆောင်မှု မြှင့်တင်ရန် သင်တန်းများ အကောင်အထည်ဖော်ခြင်း၊ နှင့် တိုင်တန်းသည့်အဖွဲ့များ၏ တိုင်ကြားချက်များကို နောက်ဆက်တွဲ အကူအညီပေးခြင်းစသည်တို့ လုပ်ဆောင်စေရန် စဉ်းစားသင့်သည်။

လုပ်ငန်းကွင်းဆက်များအတွင်း သင့်လျော်သည့် ပွိုင့်များ၌ ဘုံစံနှုန်းများအခြေခံကာ နှစ်ဦး နှစ်ဖက်သဘောတူ အားဖြည့်သည့် စိစစ်ရေးလုပ်ငန်းစဉ်များသည် အကဲဖြတ်နိုင်လျှင် ဖြစ်ပေါ်သည့် အကဲဖြတ်ခြင်း ခရီးမရောက်မှု ကို လျော့ပါးစေပြီး၊ သွက်လက်မြန်ဆန် မှန်ကန်မှု တိုးတက်နိုင်သည်။ .[81] ဥပမာ- စာရင်းစစ်များသည် အခြား သီးခြားလွတ်လပ်သော တတိယအဖွဲ့များမှ စစ်ဆေးသည့် စာရင်းအဖြေများကို သုံးသပ် အသိအမှတ်ပြု နိုင်သည်။ အကဲဖြတ်ခံရလျက်ရှိသည့် လုပ်ငန်း ကွင်းဆက်အတွင်းရှိ စီးပွားလုပ်ငန်းအားလုံးကို အကဲမဖြတ်ဘဲ၊ လုပ်ငန်းကွင်းဆက်များ အတွင်းလုပ်ကိုင်နေသည့် အကျိုးဆက်စပ်သူ အမျိုးအစား အချို့သာ လုပ်ကိုင်သည့် 'choke point' ဟုခေါ်သည့် ပွိုင့်များကို သာ အကဲဖြတ်ရန် စဉ်းစားနိုင်သည်။

i) လုပ်ငန်းကွင်းဆက်အတွင်း ကုန်ပစ္စည်း ပုံစံပြောင်းလဲသည့် အဓိက ပွိုင့်များ၊ ဥပမာ- စားသောက်ကုန် အဖြစ်ထုတ်လုပ်ခြင်း သို့မဟုတ် ထုပ်ပိုးခြင်း၊

ii) လုပ်ငန်းကွင်းဆက်အတွင်း သတ်မှတ်ထားသည့် ပွိုင့်တစ်ခုတွင် လုပ်ကိုင်သူများ၊ စာရင်းစစ်များသည် လုပ်ကိုင်ဆောင်ရွက်မှု အနည်းငယ်သာရှိသည့်၊ သို့မဟုတ် စိုက်ပျိုးရေး ထွက်အစားအသောက်များ စုစည်းသည့်ပွိုင့်များကို အာရုံစိုက်နိုင်သည်။

iii) အစုန်လမ်းကြောင်းရှိလုပ်ငန်းများအတွင်း ဩဇာသက်ရောက်မှု အရှိဆုံးပွိုင့်များ

iv) ယင်းစနစ်များ၏ လုပ်နိုင်အားကို မြှင့်တင်ရန်နှင့် လုပ်ပြီးသား ထပ်လုပ်မိခြင်းကို ရှောင်နိုင်ရန် အစီအစဉ်များနှင့် စာရင်းစစ်အစီအစဉ်များ ရှိနှင့်ပြီးသော ပွိုင့်များ

ဥပမာ- အီသီယိုးပီးယားတွင် ကော်ဖီ လုပ်ငန်းကွင်းဆက်အတွက် ဖြစ်နိုင်သည့် choke point မှာ အသေးစား စိုက်ပျိုးသူ အများအပြားထံမှ ဝယ်ယူပြီး၊ ကော်ဖီကို ကုန်သည်အနည်းငယ်မျှသာ စုဝေးရောင်းချသည့် Ethiopian Commodity Exchange ကဲ့သို့နေရာမျိုးဖြစ်နိုင်သည် (အထက်၌ case ii.)။ အခြားပြန့်ကျဲနေသည့် ကော်ဖီ လုပ်ငန်းကွင်းဆက်များအတွက်မူ၊ ကော်ဖီ ထုတ်ပိုးစက်ရုံများ၊ လက်ကား လုပ်ငန်းများ သို့မဟုတ် နိုင်ငံခြားသို့ တင်ပို့ရောင်းချသူများက choke points များဖြစ်နိုင်သည်။ ဤသို့ choke points များကို အာရုံစိုက်သဖြင့် လုပ်ငန်းကွင်းဆက်တစ်လျှောက် ပိုမိုတိကျစွာ လုပ်ဆောင်ရသည့် အလေးစိစစ် ဆောင်ရွက်မှုကို အစားမထိုးသင့်ပေ။

## အဆင့် ၅။ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်ဆောင်ရွက်မှုအပေါ် အစီရင်ခံရေး

စီးပွားလုပ်ငန်းများသည် လုပ်ငန်းဆိုင်ရာ လုံခြုံလျှို့ဝှက်ချက်များနှင့် အခြား ယှဉ်ပြိုင်မှု အရေးကိစ္စများကို အလေးထားလျက်၊ ၎င်းတို့၏ လုပ်ငန်းကွင်းဆက်အတွက် အလေးထားစိစစ်ဆောင်ရွက်ရေး မူဝါဒများနှင့် ကျင့်စဉ်များကို၊ အများပြည်သူ သိရှိနိုင်ရန် အစီရင်ခံသင့်သည်။ သူတို့သည် ရိုက်ခတ်ခံရသည့် အကျိုးဆက်စပ်သူများနှင့် စီးပွားဖက်များအား အမှန်တကယ်ဖြစ်ပွားနေသည့် ဖြစ်နိုင်ခြေ ရှိသည့် ဆိုးကျိုးရိုက်ခတ်မှုများကို စဉ်ဆက်မပြတ် ရိုက်ခတ်မှုဆိုင်ရာ အကဲဖြတ်ချက်များ ပြုလုပ် ရရှိသည့် ရှင်းလင်း တိကျသည့် သတင်းအချက်အလက်များကို အချိန်နှင့် တပြေးညီပေး သင့်သည်။ လျှော့ချရန် သို့မဟုတ် တားဆီးရန် မည်သည့်ခြေလှမ်းလှမ်း၍ မည်သည့်အ စီအမံများ ချမှတ် ဆောင်ရွက်သည်ကိုပါ

ပြောကြားသင့်သည်။ စီးပွားလုပ်ငန်း၏ စီမံခန့်ခွဲရေးစနစ်များနှင့် အလေးထား စိစစ်ဆောင်ရွက်မှု ကျင့်စဉ်များအပေါ် စိစစ်အတည်ပြုချက်များကို အစီရင်ခံစာအတွင်း ထည့်သွင်း တင်ပြသင့်သည်။ ထုတ်ပြန်ချိန်တွင် သက်ဆိုင်ရာ အကျိုးဆက်စပ်သူအားလုံးမှ အလွမ်းမီ ရယူ နိုင်သင့်သည်။ အများပြည်သူရယူနိုင်သည့် တရားဝင် အစီရင်ခံစာအပြင်၊ ဆက်ဆံဆက်သွယ်မှုကို နည်းအမျိုးမျိုးဖြင့်လုပ်ဆောင်နိုင်သည်။ လူချင်းတွေ့ဆုံဆွေးနွေးခြင်း၊ အွန်လိုင်း ဆွေးနွေးခြင်းနှင့် ရိုက်ခတ်ခံရသည့် အကျိုးဆက်စပ်သူများနှင့် တိုင်ပင်ဆွေးနွေးခြင်းများ ပါ ပြုလုပ်နိုင်သည်။ ဆက်သွယ် ပြောကြားရာတွင်လည်း ပုံစံအရလည်းကောင်း၊ ကြိမ်ရေ၊ အလုမ်းမီနိုင်မှုနှင့် ပေးသည့်အချက်အလက် လုံလောက်မှုစသည့် ရိုက်ခတ်မှုနှင့် သင့်လျော်မှု၊ ပရိသတ်နှင့် သင့်လျော်မှု **ရှိရန်လိုသည်။**

# မှတ်ချက်များ

1. ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ပြဌာန်းချက်တွင် စိုက်ပျိုးရေးကို အဓိပ္ပါယ်ဖွင့်ဆိုချက်တွင် ငါးဖမ်းလုပ်ငန်းနှင့် သစ်တောလုပ်ငန်း ပါဝင်သော်လည်း၊ ယခုလမ်းညွှန်တွင်မူ အများအားဖြင့် စိုက်ပျိုးသီးနှံများနှင့် မွေးမြူရေးကို အလေးထား ဖော်ပြပါသည်။

2. တာဝန်ယူမှုရှိသည့်လုပ်ငန်းကျင့်ဝတ်(RBC) ဆိုသည်မှာ စီးပွားလုပ်ငန်းများသည်- က) ရေရှည်ဖွံ့ဖြိုးရေးကို ရှေးရှု၍ စီးပွားရေး၊ သဘာဝပတ်ဝန်းကျင် နှင့် လူမှုရေး တိုးတက်မှု တို့တွင် အပြုသဘောဆောင်သည့် ပံ့ပိုးမှု ပေးရန် နှင့် ခ) မိမိတို့၏ လုပ်ငန်းဆောင်တာ များကြောင့် ဆိုးကျိုးရိုက်ခတ်မှုများ မဖြစ်ပွားအောင် ရှောင်ရှား ဖြေရှင်းပြီး၊ စီးပွားဆက်ဆံ သည့် လုပ်ငန်းတစ်ခု၏ လုပ်ငန်း လည်ပတ်မှု များ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများနှင့် တိုက်ရိုက်ဆက်နွယ်သည့် ဆိုးကျိုးရိုက်ခတ်မှုများကို တားဆီးရန် သို့မဟုတ် လျှော့ချရန်၊

3 ဤလမ်းညွှန်တစ်လျှောက်၊ စံနှုန်းများဆိုသည်မှာ သဘောတူစာချုပ်များ၊ ကြေညာချက်များ၊ စည်းမျဉ်းများနှင့် လမ်းညွှန်များအပါအဝင်၊စာတမ်းအမျိုးမျိုးတွင် ပါရှိသည့် အကြံပြုချက်များကို ရည်ညွှန်းပါသည်။။

4. ‘ လုပ်ငန်းကွင်းဆက်များအလွန်- တာဝန်ယူမှုရှိသောတန်ဖိုးကွင်းဆက်များကိုလုပ်ပိုင်ခွင့်များအပ်နှင်းခြင်း’ ဆိုသည့် ကမ္ဘာ့စီးပွားရေးဖိုရမ် ၏ ၂၀၁၅ အစီရင်ခံစာတွင် ဖော်ပြထားသည့် အတိုင်း၊ ပြောင်းလဲဖြစ်ပေါ်နေသည့် ဈေးကွက်အရွေ့များကြောင့် ရေရှည်အတွက် ကြိုးပမ်းမှုများ၏ အရေးပါမှု တိုးမြင့်လာသည့်အတွက် RBC စံနှုန်းများကိုလိုက်နာခြင်းသည် စီးပွားလုပ်ငန်းများအား အကျိုးများစေသည်။ ဆက်သွယ်ဆောင်ရွက်သူ ဖောက်သည်များသည်လည်း ရေရှည်တည်တံ့မှုကို ပိုမို သိနားလည်လာကြသည်။ အထူးသဖြင့် မျိုးဆက်ငယ်စားသုံးသူများသည် ရေရှည်ခံသည့် ကုန်စည်များနှင့် အလေ့အကျင့်များကို ဈေးကောင်းပေး၍ ပိုမိုတောင်းဆိုလာကြသည်။ ပိုမိုရှားပါးလာသည့် သဘာဝ သယံဇာတများ နှင့် မြင့်တက်လျက်ရှိသော ကုန်ဈေးနှုန်းများကြောင့် ရင်းမြစ်များ တိကျမှန်ကန်မြန်ဆန်စွာ အသုံးပြုရေးနှင့် စွန့်ပစ်ပစ္စည်း လျှော့ချရေးတို့သည် စီးပွားလုပ်ငန်းများ အမြတ်အစွန်းဆက်လက် ခံစားနိုင်ရန် အတွက် အဓိကကျသော ကိန်းရှင်များ ဖြစ်လာသည်။ စည်းမျဉ်းစည်းကမ်းချမှတ်သူများနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများကလည်း ပွင့်လင်းမြင်သာမှုရှိရေး တွန်းအားပေးလျက်ရှိကြသဖြင့်၊ လိုက်နာဆောင်ရွက်မှု မရှိခြင်း၏ပေးဆပ်ရမှု များလာသကဲ့သို့၊ ဈေးကွက်အတွင်းမှ အရှုံးပေါ်စေသည့် တုံ့ပြန်မှုများ ပေါ်ပေါက်နိုင်သည်။

5. ‘စီးပွားလုပ်ငန်းဆက်ဆံမှု’ ဟူသည့် အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အောက်တွင် ဖော်ပြထားသည့် အလေးထားစိစစ်ဆောင်ရွက်မှု ဖွင့်ဆိုချက်ကို ကြည့်ပါ။

6. အသေးစိတ်ဖော်ပြချက်ကို 'ရည်ရွယ်သော အသုံးပြုသူများ' အခန်းတွင်ကြည့်ပါ။

7. http://mneguidelines.oecd.org/rbc-agriculture- supply-chains.htm နှင့် www.fao.org/economic/est/issues/investment/en. တို့တွင် ရင်းမြစ်များ ထပ်မံရရှိနိုင်သည်။

8. ဤလမ်းညွှန် ပြုစုရာတွင် Advisory Group ၏ တည်ဆောက်မှုနှင့် အခန်းကဏ္ဍတို့ကို အခန်းခွဲ 'လုပ်ငန်းစဉ်'တွင် အသေးစိတ်ကြည့်ပါ။

9. http://mneguidelines.oecd.org/rbc-agriculture- supply-chains.htm.// တို့တွင် အချက်အလက် များ ထပ်မံရရှိနိုင်သည်။

10. အိုအီးစီဒီ လမ်းညွှန်များတွင် နိုင်ငံပေါင်းစုံလုပ်ငန်းကြီးများ (MNE) ကို တိကျသော အဓိပ္ပါယ် ဖွင့်ဆိုထားခြင်းမရှိသော်လည်း၊ MNE ဆိုသည်မှာ နိုင်ငံတစ်ခုထက်ပိုသော နိုင်ငံများတွင် ထူထောင်ထားသည့် ကုမ္ပဏီများ သို့မဟုတ် အခြားအဖွဲ့အစည်းများဖြစ်သည့် သဘော ညွှန်းဆိုထားသည် (OECD guidelines, I.4)။ CFS-RAI Principles က မူ 'လယ်ယာသမားများ အပါအဝင် စီးပွားလုပ်ငန်းများ' ကို ဦးတည်သတ်မှတ်သည်။

11. အကျိုးဆက်စပ်သူပေါင်းစုံဆိုင်ရာ အကြံပေးအဖွဲ့ ( Multi-Stakeholder Advisory Group) ၏ ဦးတည်ချက်များ၊ တာဝန်များ နှင့် ဖွဲ့စည်းပုံများ ၏ သတ်မှတ်တာဝန်များကို တာဝန်ယူမှု ရှိသောလုပ်ငန်းကျင့်ဝတ်နှင့်ဆိုင်သည့် အိုအီးစီဒီ လုပ်ငန်းပါတီ (OECD Working Party) က ၂၀၁၃ ဇွန်လတွင်လည်းကောင်း၊ စိုက်ပျိုးရေး မူဝါဒများနှင့် ဈေးကွက်များနှင့် ဆိုင်သည့် အိုအီးစီဒီလုပ်ငန်းပါတီက ၂၀၁၃ ဇူလိုင်တွင် လည်းကောင်း ထောက်ခံအတည် ပြုခဲ့ပါသည်။

12. သီးခြားသာဓကများအတွက်. ဘော့စဝမ်းနား စိုက်ပျိုးစားသောက်ကုန် တန်ဖိုးကွင်းဆက် စီမံကိန်း၊ ၂၀၁၃ FAO ၏အမဲသား တန်ဖိုးကွင်းဆက် လေ့လာမှု၊ ၂၀၁၁ တွင် မစ်ချီဂန် ပြည်နယ်တက္ကသိုလ်မှ ကင်ညာ၏ ပြောင်းဈေးကွက်မြှင့်တင်ရေးစနစ်၏ လယ်ယာမှ-စားသုံးသူ တန်ဖိုးဈေးကွက်၊ ၂၀၁၀ တွင် GIZ ၏ ဂါနာရှိ သီဟိုဠ်စေ့ ကဏ္ဍ၏ တန်ဖိုးကွင်းဆက် ပိုင်းခြားစိတ်ဖြာမှု၊ သို့မဟုတ် ၂၀၁၂ တွင် ရဝမ်ဒါ၏ ရန့်အဆီ တန်ဖိုးကွင်းဆက်များ- UNIDO ၏ ရောဂါရှာဖွေရေးသုတေသန တို့ကိုကြည့်ပါ။

13. ကန်ထရိုက်စနစ်ဖြင့် လယ်ယာစိုက်ပျိုးခြင်းတွင် ဝယ်သူနှင့် ထုတ်လုပ်သူအကြား သဘာတူညီမှုကို အခြေခံ၍ စိုက်ပျိုးထုတ်လုပ်ခြင်းဖြစ်သည်။ ကန်ထရိုက်စနစ် အမျိုးမျိုး ရှိပြီး၊ ကန်ထရိုက်တာ၊ ထွက်ကုန်အမျိုးအစား၊ လယ်သမားနှင့် ရင်းနှီးမြှုပ်နှံသူများအကြား ညှိနှိုင်းမှု အတိမ်အနက်၊ နှင့် ပါဝင်သည့် အကျိုးဆက်စပ်သူ အရေအတွက်ပေါ်တွင် မူတည်၍ ကွဲပြားသွားသည်။ အချက်အလက်ထပ်မံ သိလိုပါက ဤလင့်ခ်ကို ကြည့်ပါ။ www.fao.org/ag/ags/contract-farming/faq/en/#c100440.

14. အသေးစိတ် ထပ်မံ သိလိုပါက၊ OECD Due Diligence for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas, 2011 ကိုကြည့်ပါ။

15. OECD guidelines II.15 မှ မှီငြမ်းခြင်း၊

16. OECD guidelines II.A.10.

17. OECD guidelines II.16.

18. ဤသို့ အစီအစဉ်များတွင် အောက်ပါတို့လည်းပါဝင်သည်- စားအုန်းဆီထုတ်လုပ်သူများ၊ စားအုန်းဆီချက်သူများ သို့မဟုတ် ကုန်သည်များ အပြင် ထုတ်လုပ်သူများ၊ လက်လီ လုပ်ငန်းများ၊ ဘဏ်များနှင့် ရင်းနှီးမြှုပ်နှံသူများ ကို အသိအမှတ်ပြုသည့် ရေရှည် စားအုန်းဆီ ထုတ်လုပ်မှုအတွက် အခြေခံစည်းမျဉ်းများနှင့် စံသတ်မှတ်ချက်များ ၊ ဇီဝလောင်စာ လုပ်ငန်းရှင်များအား အသိအမှတ်ပြုသည့် ရေရှည် ခံသည့် ဇီဝလောင်စာများအပေါ် စားပွဲဝိုင်း ဆိုင်ရာ စံနှုန်းများ၊ ပဲပိစပ်စိုက်ပျိုးသူများနှင့် ပဲပိစပ်စိုက်ပျိုးသူ အုပ်စုများအား အသိအမှတ် ပြုသည့် အခြေခံစည်းမျဉ်းများနှင့် တာဝန်ယူမှု ရှိသော ပဲပိစပ်ထုတ်လုပ်ရေး စံသတ်မှတ်ချက် များ၊ သကြားကြံစိုက်ပျိုးသူများ အတွက် သကြားကြံ ပိုမိုအရည်အသွေး ကောင်းမွန်ရေး ခြေလှမ်းများ ဆိုင်ရာ စံနှုန်းများ (Bonsucro) ၊ ရင်းနှီးမြှုပ်နှံမှု ဆိုင်ရာ လုပ်ငန်းများနှင့် မန်နေဂျာများအတွက် တာဝန်ယူမှု ရှိသော လယ်ယာ ရင်းနှီးမြှုပ်နှံမှုအတွက် အခြေခံ စည်းမျဉ်းများ၊ စောင့်ကြည့် ကြပ်မတ်သည့် Sedex ကဲ့သို့ အဖွဲ့အစည်းများသည်လည်း ပေးသွင်းသူများ၏ စွမ်းဆောင်မှုကို စောင့်ကြည့်ကြပ်မတ်နိုင်သည်။

19. Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas အပေါ် အိုအီးစီဒီ အကြံပြုချက်ကို ၂၀၁၁ မေလ ၂၅ ရက်တွင် ဝန်ကြီးများ အဆင့် ကောင်စီ၌ တည်ပြုခဲ့ပြီး၊ ၂၀၁၂ ဇူလိုင် ၁၂ ရက်နေ့တွင် ရွှေနှင့်စပ်လျဉ်းသည့် ဖြည့်စွက် ပြင်ဆင်ခဲ့ပါသည်။

20. စံပြလုပ်ငန်း မူဝါဒသည် ရှိပြီး စံနှုန်းများကို အစားထိုးရန် မရည်ရွယ်ပါ။ လုပ်ငန်းများ လိုက်နာဆောင်ရွက်ခြင်း မပြုမီ၊ ဤစံနှုန်းတစ်ခုချင်းကို တိုက်ရိုက်ကိုးကား ၍သာ ဆောင်ရွက်သင့်သည်။ဤစာတမ်းတစ်လျှောက်တွင်ရည်ညွှန်းသောစံနှုန်းများမှာ ဖော်ပြသည့် အပိုင်းများ၏နောက်ဆုံးတွင်သာ ဖော်ပြထားသည်။ အပိုင်းတစ်ပိုင်းချင်း ၏ နောက်ဆုံးတွင် ဖော်ပြခြင်းမဟုတ်ပါ။ လုပ်ငန်းများအတွက် ဤကဲ့သို့ စံနှုန်းများကို အသေးစိတ် လေ့လာ လိုလျှင်၊ ဤလမ်းညွှန်တွင် သုံးသပ်ထားသည့် စံနှုန်းများ၏ ကနဦးစာသားကို ကိုးကားခြင်း ဖြင့် အထောက်အကူဖြစ်မည်ဟု မျှော်လင့်သည်။

21. OECD guidelines, II.10 and VI.3; CFS-RAI Principle 10; VGGT 12.10; UN Guiding Principles, para. 17; CBD, Article14; Akwé: Kon Guidelines; IFC Performance Standard1, paras 5 and 8-10.// OECD guidelines II.10 နှင့် VI.3၊ CFS-RAI Principle10; VGGT 12.10; UN Guiding Principles Article 17; CBD, စာပိုဒ် 14; Akwé: Kon Guidelines; IFC Performance Standard 1, Article 5 နှင့် 8-10.

22. OECD Article ၊OECD guidelines, III.1-3, VI.2.a နှင့် VIII.2; CFS-RAI အခြေခံစည်းမျဉ်းများ 9.ii နှင့် 10; UN Guiding Principles Article 21; IFC Performance Standard 1, Article. 29; အာဟတ်စ် ကွန်ဗင်းရှင်၊ Article ၅၊ အောက်ပါ ဖြည့်စွက်ချက် (Aarhus Convention, Article 5. See Annex ) A ရှိ 1.1 နှင့် 1.3 ရိုက်ခတ်ခံရသည့် အကျိုးဆက်စပ်သူများ နှင့် မျှဝေရန် ပစ္စည်းဆိုင်ရာ အချက်အလက်များအတွက် သီးခြားလမ်းညွှန်ကို OECD Due Diligence Guidance for Meaningful Stakeholder Engagement in the Extractive Sector တွင် တွေ့ရှိနိုင်သည်။

23. OECD guidelines VIII.2.

24. OECD guidelines II.14 နှင့် VI.2.b; CFS-RAI Principle 9.iii-iv; VGGT, 9.9 နှင့် 12.11; UN Guiding

Principles Article 18; PRAI Principleများ 1 နှင့် 4; Akwé: Kon Guidelines၊ 11, 13-17 နှင့် 57; IFC Performance Standard 1, Article 26-27 နှင့် 30-33။ ၁၉၈၉ ခုနှစ် ဌာနေတိုင်းရင်းသားနှင့် လူမျိုးစုများ၏ ILO ကွန်ဗင်းရှင်း အမှတ်. 169 ကိုလည်းကြည့်ပါ။ အောက်ပါ ဖြည့်စွက်ချက် A, 1.2 ကိုကြည့်ပါ။ OECD Due Diligence Guidance for Meaningful Stakeholder Engagement in the Extractive Sector တွင် အကျိုးဆက်စပ်သူများအတွက် လမ်းညွှန်ကို ထပ်မံဖော်ပြထားသည်။

25. ဌာနေတိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်ရေးနှင့် လွတ်လပ်ပြီး၊ ကြိုတင်ခွင့်ပြုချက် ရရှိရေးအတွက် လမ်းညွှန်ကို ဖြည့်စွက်ချက် B ကိုကြည့်ပါ (FPIC) ။

26. နိဒါန်းတွင်ဖော်ပြခဲ့သည့်အတိုင်း၊ ဤလမ်းညွှန်သည် OECD နှင့် FAO ၏ ပူးတွဲကြိုးပမ်းမှု ဖြစ်ရာ၊ OECD လမ်းညွှန်သာမက အခြားစံနှုန်းများကိုလည်း ထည့်သွင်းစဉ်းစားထားပါသည်။ အထူးသဖြင့် OECD Guideline တွင် မတွေ့ရသည့် FPIC ကို ကိုးကားချက်များ ပါရှိသည့် CFS-RAI အခြေခံစည်းမျဉ်းများကို ထည့်သွင်းဖော်ပြထားသည်။ ဤparaသည် CFS-RAI Principle9.iv.ကို ကိုးကားထားသည်။ IFC Performance Standard7, Articleများ 12-17 ကိုလည်းကြည့်ပါ။ Akwé: Kon Guidelines 29 နှင့် 60; VGGT, 3B.6, 9.9 နှင့် 12.7; UN Declaration on the Rights of Indigenous Peoples, Article 10, 11 နှင့် 32၊ နှင့် ILO Convention Article 16 on Indigenous and Tribal Peoples.

27. OECD Guidelines II.A.1; CFS-RAI Principle2.iv, v နှင့် vii; VGGT, 12.4; Akwé: Kon Guidelines, 40.

28. CFS-RAI Principle 2.iv-vii နှင့် 7.i နှင့် iii; VGGT, 12.6; PRAI Principle 5-6; Akwé: Kon Guidelines, 46; IFC Performance Standard7, Article 14 နှင့် 17-20 နှင့် စံနှုန်း 8, Article 16။ CBD Article 8(j), နာဂိုယာ နောက်ဆက်တွဲစာချုပ် Article 5-7, ITPGR, Article 9.2 တို့ကိုလည်းကြည့်ပါ။ အကျိုးစီးပွားများသည် ငွေကြေးပုံစံဖြစ်စေ၊ ငွေကြေးမဟုတ်သည့် ပုံစံဖြစ်စေ ဖြစ်နိုင်သည်။ နာဂိုယာ နောက်ဆက်တွဲစာချုပ်၏ ဖြည့်စွက်ချက်ကို ကြည့်ပါ။အသေးစိတ်ထပ်မံ ဖြည့်စွက်ချက် A, 1.4 တွင် ကြည့်ပါ။

29. OECD Guidelines IV, Article 46 နှင့် VIII.3; CFS-RAI Principle9.v; VGGT, 3.2, 12.14, 25.1 & 25.3; ကုလသမဂ္ဂ လမ်းညွှန် အခြေခံစည်းမျဉ်း 31; PRAI Principle1; Akwé: Kon Guidelines 63; ILO MNE ကြေညာချက် 58-59; IFC Performance Standard1, Article 35, နှင့် IFC Performance Standard5, Article 11။ Annex A, 1.5 ကိုလည်းကြည့်ပါ။ OECD Due Diligence Guidance for Meaningful Stakeholder Engagement in the Extractive Sector အတွက် OECD အလေးထားစိစစ်ဆောင်ရွက်ရေးလမ်းညွှန်တွင် တိုင်တန်းရေး စနစ်ယန္တရားများ လမ်းညွှန်ကို ထပ်မံဖော်ပြထားသည်။

30. CFS-RAI Principle3; Convention on the Elimination of All Forms of Discrimination Against Women (CEDAW).

31. နိုင်ငံတကာ အသိအမှတ်ပြု လူ့အခွင့်အရေးဆိုင်ရာ အသေးစိတ်အချက်အလက်များ OECD Guidelines, VI. 39 တွင် ကြည့်ရှုနိုင်သည်။

32. OECD Guidelines၊ II.A.2 နှင့် IV; CFS-RAI Principle 1, 9.iv and 10 and paras 3, 19.i, 47.v, 50 and 51; UN Guiding Principles, para. 11. See Annex A, 2.

33. OECD guidelines, IV.1 and 2.

34. OECD guidelines, IV.3; VGGT, 3.2; PRAI Principle 1; Akwe: Kon Guidelines, 57; UN Global Compact, အခြေခံစည်းမျဉ်းများ 1-2.

35. OECD guidelines, IV.5; ကုလသမဂ္ဂ လမ်းညွှန် အခြေခံစည်းမျဉ်း 17.

36. OECD guidelines, IV.6; ကုလသမဂ္ဂ လမ်းညွှန် အခြေခံစည်းမျဉ်း 22.

37. Universal Declaration of Human Rights, Article 2; CFS-RAI Principle 3.ii. Annex A တွင် ထောက်ပြခဲ့သည့်အတိုင်း၊ OECD guidelines (V.1.e) စီးပွားလုပ်ငန်းများသည် အလုပ်အကိုင် အခွင့်အလမ်းများနှင့် ဆက်ဆံမှုများ၌ သာတူညီမျှ ရှိရေး၊ လူမျိုး၊ အသားရောင်၊ လိင်၊ ဘာသာတရား၊ နိုင်ငံရေး အယူအဆ၊ ဇာတိ သို့မဟုတ် လူမှုဆိုင်ရာ ဇစ်မြစ် သို့မဟုတ် အခြားအနေအထားများပေါ် မူတည်၍ အလုပ်ရှာဖွေခန့်ထားမှု နှင့် စပ်လျဉ်း၍ ခွဲခြားဆက်ဆံမှု မရှိရေး အခြေခံစည်းမျဉ်းသည် ၄င်းတို့၏ လုပ်ငန်းလည်ပတ်မှု များတစ်လျှောက် လမ်းညွှန် ပြချက်များ ဖြစ်သင့်သည်ဟု ဖော်ပြထားသည်။ မှတ်ချက် ၅၄ တွင် 'အခြားအနေအထား' ဆိုသည့်စကားရပ်သည် လမ်းညွှန်များအတွက် အလုပ်သမဂ္ဂ လှုပ်ရှားမှုများ နှင့် အသက်အရွယ်၊ မသန်စွမ်းမှု၊ ကိုယ်ဝန်ဆောင်မှု၊ အိမ်ထောင်ရှိမရှိ၊လိင် တိမ်းညွတ်ရာ အနေအထား သို့မဟုတ် HIV ရှိမှု စသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လက္ခဏာများကို သီးခြားဖော်ပြသည်။

38. OECD guidelines, V.1-3; CFS-RAI Principle 2.i-ii; ILO MNE ကြေညာချက်၊ Article 8; UN Guiding Principles, 12; IFC Performance Standard2; ကလေးများအခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံစည်းမျဉ်း 2။ ILO အဖွဲ့ဝင်တိုင်းသည် မည်သည့် ILO ကွန်ဗင်းရှင်းကို အတည်ပြုထားသည်ဖြစ်စေ၊ ILO Declaration on Fundamental အခြေခံစည်းမျဉ်းများ and Rights at Work အခြေခံစည်းမျဉ်း (၄) ရပ် ဖြစ်သည့် ဤ ပင်မ အလုပ်သမားစံနှုန်းများကို လေးစား လိုက်နာရမည်။

39. OECD guidelines, V.4.b နှင့် V.4.c; CFS-RAI Principle 2.iii; ILO MNE Declaration 37-40; IFC Performance Standard 2, Article 10, 23, 25, 28-29; ကလေးများအခွင့်အရေးနှင့် စီးပွားရေးဆိုင်ရာ အခြေခံစည်းမျဉ်း 3 နှင့် 4.

40. ILO MNE Declaration, 16 နှင့် 25-28. // ရှိအပ်သည့် လုပ်ငန်းခွင်အခြေအနေနှင့် စပ်လျဉ်းသည့် အသေးစိတ်အချက်အလက်များကို Annex A, 3 တွင်ကြည့်ပါ။

41. ILO အကြံပြုချက် 198, Article 7.a; IFC Performance Standard2, para 11.

42. CFS-RAI Principle 3.iv.

43. Universal Declaration of Human Rights, Article23.

44. OECD guidelines, II. A.4; ILO MNE Declaration, paraများ. 16 နှင့် 19; CFS-RAI Principle 2.iii.

45. CFS-RAI Principle 2,iii and 4.ii; ILO MNE Declaration 30-32.

46. ILO ကိုယ်ဝန်ဆောင်များ ကာကွယ်ရေး ကွန်ဗင်းရှင်း၊ ၂၀၀၀ (No.183); Convention on the Elimination of All Forms of Discrimination Against Women, Article11 (2).

47. CFS-RAI Principle 8.iv.

48. OECD guidelines, VIII.1, 6-7; CFS-RAI Principle 2.viii and 8.i, iii and iv; PRAI, 5.2.1.

49. Akwé Kon Guidelinesး, 50; IFC Performance Standard4.

50. CFS-RAI Principle 1 and 8.i; VGGT 12.1, 12.4 and 12.12; PRAI Principle 2.2. Annex A, 5 ကို ကြည့်ပါ။ စားနပ်ရိက္ခာဖူလုံရေး ၏ အစိတ်အပိုင်း ၄ ခုဖြစ်သည့် အစားအစာ ရရှိနိုင်မှု၊ -

တို့ကို - အလုမ်းမိမှု၊ တည်ငြိမ်မှုနှင့် အသုံးပြုမှု၁၉၉၆ ခုနှစ် တွင် နိုင်ငံ့ခေါင်းဆောင် သို့မဟုတ် ဒုတိယခေါင်းဆောင် ၁၁၂ ဦးမှ အတည်ပြုခဲ့သည့် World Food Summit Plan of Action တွင် ထောက်ပြထင်ဟပ်စေခဲ့သည်။ ထိုခေါင်းဆောင်များသည် 'ဆင်းရဲမွဲတေမှု၊တန်းတူညီမျှမရှိမှု ၊ တို့ပပျောက်ရေး နှင့် အာဟာရအားဖြင့် လုံလောက်ပြီး ဘေးအန္တရာယ်ကင်းသည့် အစားအစာ ရရှိပြီး ထိရောက်စွာ အသုံးပြုနိုင်ရေးကို ရှေးရှုကာ၊ ရပ်ပိုင်းဆိုင်ရာနှင့် စီးပွားရေး အလုမ်းမိမှုကို အားလုံးက ၊ အခါမလင့် တိုးမြှင့်ဆောင်ရွက်ရေး၊ အားလုံးပါဝင်ပြီး ရေရှည်ခံ သည့် စားနပ်ရိက္ခာ၊ စိုက်ပျိုးရေး၊ ငါးဖမ်းလုပ်ငန်း၊ သစ်တောလုပ်ငန်းနှင့် ကျေးလက် စသည့်ကဏ္ဍများဖွံ့ဖြိုးရေး မူဝါဒများနှင့် ကျင့်စဉ်များကို ၊ အိမ်ထောင်စုအဆင့်မှ နိုင်ငံ၊ ဒေသ၊ နှင့် ကမ္ဘာ့အဆင့်အထိ အလားအလာနည်းသည့်ဒေသများရော များသည့် ဒေသများတွင်ပါ ကျင့်သုံးရေး၊ စသည့် မူဝါဒများကို အကောင်အထည်ဖော်ရန် ကတိကဝတ်ပြုသည်။

51. VGGT 4.4 သည် တရားဝင် မြေအသုံးချခွင့်ကို ယခုအတိုင်း အဓိပ္ပါယ်ဖွင့်ဆိုသည် -' ဤလမ်းညွှန်များနှင့်စပ်လျဉ်းပြီး တိုင်ပင်ဆွေးနွေးပါဝင်ဆောင်ရွက်ပြီး ပေါ်ထွက်လာသည့် အခြေခံစည်းမျဉ်းများနှင့် အညီ၊ နိုင်ငံများသည် တရားဝင်ဟု သတ်မှတ်သည့် လုပ်ပိုင်ခွင့် အမျိုးအစားကို စည်းမျဉ်းများနှင့်အတူ ကျယ်ပြန့်စွာ သိရှိနိုင်ရန် အဓိပ္ပါယ်ဖွင့်ဆိုသင့်သည်' ။

52. VGGT, 2.4, 3.2, 9.1, 11.4 နှင့် 12.3; CFS-RAI Principle 5 နှင့် 9.ii နှင့် para 51၊ တာဝန်ယူမှုရှိသည့် သဘောတူစာချုပ်များအတွက် UN အခြေခံစည်းမျဉ်းများကို UN Guiding Principles၏ နောက်ဆက်တွဲအဖြစ်ဖြည့်စွက်ပြီး UN Human Rights Council က အခြေခံ စည်းမျဉ်း ၁၀ တွင် အတည်ပြုသည်။

53. VGGT, 9.1, 12.4, 16.1 နှင့် 16.3; IFC Performance Standard5, paras. 2 နှင့် 8 နှင့် စံနှုန်း 7, para. 15; ကလေးငယ်များအခွင့်အရေးများနှင့် စီးပွားရေး အခြေခံစည်းမျဉ်း ၇၊ ' ချက်ချင်း၊ လုံလောက်ပြီး ထိရောက်သည့် လျော်ကြေး' ဆိုသည့် စာသားကို ဥပဒေနှင့် အညီ နစ်နာကြေးပေးနိုင်ရန် နိုင်ငံတကာ ဥပဒေတွင် အစဉ်အလာတစ်ခုအဖြစ် ထည့်သွင်းသည်။ ဖြည့်စွက်ချက် A, 6 ကိုကြည့်ပါ။ ဤလမ်းညွှန်တွင် ဖော်ပြသည့် စံနှုန်းများသည် မကြာမီ ကာလအတွင်း တရားဝင်ပြုထားသည့် မြေအသုံးချခွင့်ကို အကြီးစား စားသောက်ကုန် လုပ်ငန်းကြီးများက သိမ်းယူဖယ်ရှားခြင်းကို လုံးဝ သည်းခံခြင်းမရှိ ဆိုသည့် ကတိကဝတ်များ နှင့် ကိုက်ညီသည်။

54. VGGT, 16.1 နှင့် 16.3; PRAI Principle 6.2.1; IFC Performance Standard 5, paraများ. 9- 10, 12, 19, 27-28, နှင့် စွမ်းဆောင်မှု စံနှုန်း 7, paraများ 9 နှင့် 14. IFC Performance Standard7၊ para. 14 အရ၊ ငွေဖြင့် လျော်ကြေးပေးခြင်းအစား၊ မြေအစားပြန်ပေးသည့် လျော်ကြေးကို ဖြစ်နိုင်သည့်အခါများတွင် လုပ်ဆောင်သင့်ပြီး၊ သဘာဝသယံဇာတများကို အလုမ်းမီစေရေး သေချာအောင်လုပ်ဆောင် သင့်သည်၊ သို့မဟုတ် ညီမျှသည့် သယံဇာတ အစားပေးခြင်းကို သိရှိအောင် ဖော်ထုတ်သင့်သည်။ ငွေဖြင့် လျော်ကြေးပေးခြင်းကို နောက်ဆုံး အဆင့်အဖြစ် စဉ်းစားရွေးချယ်သင့်ပြီး အသက်မွေးဝမ်းကျောင်းမှုတစ်ခုခုဖြင့် အစားထိုးရန် သိရှိအောင် ဖော်ထုတ်သင့်သည်။

55. CFS-RAI Principle8.ii. Annex A, 7.

56. ကမ္ဘာ့အဖွဲ့အစည်းမှ ပြုစုသည့် တိရစ္ဆာန် ကျန်းမာရေးတွက် အခြေခံစည်းမျဉ်းများ (OIE) ။

အချက်အလက် ထပ်မံသိရှိလိုပါက၊ လယ်ယာ တိရစ္ဆာန်များ ဘေးအန္တရာယ်ကင်းရှင်းရေး ကောင်စီ၏ လွတ်လပ်မှု ၅ ချက်ကို *www.fawc.org.uk/freedoms.htm*. တွင်ကြည့်ပါ။

57. England's regulations 2000 (S.I. 2000 No. 1870) and Regulation 3(1) on the welfare of farmed animals.

58. OECD guidelines, VI.1; CFS-RAI Principle 10; VGGT 4.3, 11.2, 12.6 and 12.10; PRAI Principle 7; IFC Performance Standard1.1.

59. အဆိပ်အတောက်ဖြစ်စေသည့် ပစ္စည်းများ စာရင်းကို ဤနေရာတွင် ကြည့်ရှုနိုင်သည် -WHO ၏ ဘေးအန္တရာယ်ဖြစ်စေသည့်စိုက်ပျိုးရေးဓာတုပစ္စည်းများစာရင်း၊ ဘေးအန္တရာယ်အဆင့် အလိုက် WHO အကြံပြုထားသည့် ပိုးသတ်ဆေးအမျိုးအစားသတ်မှတ်ချက်များ 1a. (အလွန်အမင်း အန္တရာယ်ရှိ) 1b. (အန္တရာယ်မြင့်မား) ၂၀၀၄ ခုနှစ် ဆွေးမြေ့ပျက်စီးရန် မလွယ်သည့် သြဂဲနစ်ပစ္စည်းများဆိုင်ရာစတော့ဟုမ်း ကွန်ဗင်းရှင်း၊ ၂၀၀၄ နိုင်ငံတကာ ကုန်သွယ်မှုတွင် အန္တရာယ်ရှိသော ဓာတုပစ္စည်းများနှင့် ပိုးသတ်ဆေးများအတွက် နားလည် သဘောပေါက်မှု အပြည့်အဝဖြင့် ကြိုတင်ခွင့်ပြုချက်ဆိုင်ရာ ရော့တာဒန် ကွန်ဗင်းရှင်း၊ ၁၉၉၂ အန္တရာယ် ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ထိုပစ္စည်းများ နယ်စပ်ဖြတ်ကျော် စွန့်ပစ်မှုကို ထိန်းချုပ်သည့် ဘေဇယ်လ် ကွန်ဗင်းရှင်း၊ ၁၉၉၉ အိုဇုန်းအလွှာ ပျက်သုဉ်းစေသည့် ဒြပ်ပစ္စည်းများဆိုင်ရာ မွန်တြီရယ်လ် နောက်ဆက်တွဲစာချုပ်၊ နှင့် ပိုးသတ်ဆေးများအတွက် 'အခုချက်ချင် အစားထိုးသုံးပါ' စာရင်း။

60. အစိုးရအချင်းချင်းလုပ်ငန်းစဉ်ဖြင့် ထောက်ခံအတည်ပြုကြသည့် စာတမ်းအများစုတွင် 'ရင်းမြစ် အသုံးပြုမှု တိကျမှန်ကန်ထိရောက်ရေး'ဟူ၍ ရည်ညွှန်းကြသော်လည်း၊ para Graph 9 of IFC Performance Standard3 တွင် ရေ အသုံးပြုမှုကို 'ရေအသုံးပြုမှုကို ရှောင်ရှားရန် သို့မဟုတ် လျှော့ချရန် အစီအမံများ ပြုစုရန်' စီးပွားလုပ်ငန်းများတွင် တာဝန်ရှိကြောင်း တိုးမြှင့် ဖော်ပြထားသည်။

61. IFC Performance Standard6, para 20 တွင် တရားဝင် ကာကွယ်စောင့်ရှောက် ထားသည့် နယ်မြေဆိုသည့် စကားရပ်ကို *International Union for Conservation of Nature (IUCN)* ၏ အဓိပ္ပါယ်ဖွင့်ဆိုမှုနှင့် ပြည့်မီကိုက်ညီသည့် နယ်မြေဟူ၍ ဖွင့်ဆိုထားသည် -'ဥပဒေအရ ဖြစ်စေ အခြားထိရောက်သည့် နည်းများဖြင့် ဖြစ်စေ၊ တစ်နည်းနည်းဖြင့် အသိအမှတ်ပြုပြီး ရည်ရွယ်ချက်တစ်ခုအတွက် သတ်မှတ်ကာ စီမံခန့်ခွဲထားသော၊ သဘာဝနှင့်ဆက်စပ်ဇီဝစနစ် ဝန်ဆောင်မှုများနှင့် ဓလေ့ထုံးတမ်းယဉ်ကျေးမှု တန်ဖိုးများကို ရေရှည်ထိန်းသိမ်းနိုင်ရန် ရှင်းလင်းစွာ ခြားနားထားသော ပထဝီနယ်မြေဖြစ်သည်'။

62. OECD guidelines၊ VI.6; CFS-RAI Principle 1.i နှင့် 6၊ PRAI Principle 7; IFC Performance StandardS 3 နှင့် 6; CBD၊ Convention on international trade in endangered species or wild flora and fauna CITES of 1975. Annex A,8 ကိုလည်း ကြည့်ပါ။

63. OECD guidelines II.A.5 နှင့် 7, II.A.15, နှင့် VII; CFS-RAI Principle9.i၊ VGGT, 6.9, 9.12 နှင့် 16.6၊ UN Global Compact Principle 10. Annex A, 9.1။ ထို့အပြင်ငွေကြေးဆိုင်ရာ အရေးယူဆောင်ရွက်ရေးအဖွဲ့မှ ပြုစုပြီး ၂၀၀၃ တွင် နိုင်ငံပေါင်း ၁၈၀မှ အတည်ပြုခဲ့သည့် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုနှင့် ဖျက်အားပြင်း လက်နက် ပြန့်ပွားမှုဆိုင်ရာ စံနှုန်းများသည် ငွေရေးကြေးရေးအဖွဲ့အစည်းများ အတွက် သက်ဆိုင်သည်။

အလေးထား စိစစ်မှု၊ စာရွက်စာတမ်းများ ထိန်းသိမ်းထားရှိမှု အပါအဝင် အကာအကွယ် အစီအမံများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အထူး အသုံးဝင်သည်။

64. OECD guidelines, XI.1-2. Annex A, 9.2. ကို ကြည့်ပါ။

65. OECD guidelines, X.2-3. Annex A, 9.3. ကို ကြည့်ပါ။

66. လုပ်ငန်းကြီးများ စီမံအုပ်ချုပ်မှုဆိုင်ရာ G20/OECD အခြေခံစည်းမျဉ်းများသည် မူဝါဒ ချမှတ်သူများ၊ ရင်းနှီးမြှုပ်နှံသူများ၊ ကော်ပိုရေးရှင်းများနှင့် ကမ္ဘာအနှံ့ရှိ အခြား အကျိုး ဆက်စပ်သူများ အတွက် နိုင်ငံတကာ လုပ်ငန်းကြီး စီမံအုပ်ချုပ်မှုဆိုင်ရာ စံမှတ်တိုင် တစ်ခုဖြစ်သည်။ ၎င်းတို့ကို ငွေကြေးဆိုင်ရာ စနစ်များ ခိုင်မာစေရန်အတွက် Financial Stability Board's (FSB) ၏ အဓိက စံနှုန်းများအနက် တစ်ခုအဖြစ် အတည်ပြုထားပြီး၊ ကမ္ဘာ့ဘဏ် အဖွဲ့ကြီးက ကမ္ဘာအနှံ့ နိုင်ငံပေါင်း ၆၀ ကျော်တွင် ပြန်လုန်သုံးသပ်မှုများ ပြုလုပ်ရာတွင် အသုံးပြုသည်။ ဘဏ်များ စီမံအုပ်ချုပ်မှုအတွက် Basel Committee on Banking Supervision မှ ထုတ်ပြန်သည့် လမ်းညွှန်များအတွက် အခြေခံအဖြစ် အသုံးပြုလျက်ရှိကြသည်။ [www.oecd.org/corporate/guidelines-corporate- governance.htm](www.oecd.org/corporate/guidelines-corporate-governance.htm).

67. OECD guidelines IX/ CFS-RAI Principle7, iv/ ILO MNE Declaration, 19၊ CBD၊ Article16; UN Global Compact Principle 9.

68. IFC Performance Standard6, para. 26.

69. OECD guidelines, IV, Commentary 44; UN Guiding Principles, para. 16.

70. Codex Alimentarius ကော်မရှင်က ခြေရာကောက်ခြင်း (traceability) ကို ထုတ်လုပ်မှု၊ ထုတ်ပိုးမှုနှင့် ဖြန့်ချိမှု အဆင့်ဆင့်ဖြင့် အစားအစာ၏ လမ်းကြောင်းနောက်သို့ လိုက်နိုင်သည့် စွမ်းအား ဟု အဓိပ္ပါယ် ဖွင့်ဆိုသည်။

71. အလေးချိန်အရတွက်ချက်သည့် အစားအသောက် ခြေရာကောက်နည်း. (*Mass balance traceability)* ဖြင့် လုပ်ငန်းကွင်းဆက်အတွင်း ဝင်ရောက်လာသော အကဲဖြတ်ပြီး အသိအမှတ် ပြုထားသည့် ပစ္စည်း၏ ထုထည်ပမာဏကို အတိအကျ ထိန်းချုပ်နိုင်သည်။ လုပ်ငန်းကွင်းဆက် အပြင်သို့ ထွက်သည့်အခါ၊ ထိုထုထည်နှင့် တူညီသော ထုတ်ကုန်ကို ရောင်းနိုင်သည် သို့မဟုတ် အသိအမှတ်ပြုနိုင်သည်။ အသိအမှတ်ပြုထားသည့် ပါဝင်ပစ္စည်းများနှင့် အသိအမှတ် မပြုထားသည့် ပစ္စည်းများလည်း ရောနှောနေနိုင်သည်။ ကုန်စည်တစ်ခုတည်းကို တောက် လျှောက် ခွဲခြား ခြေရာကောက်နည်း(Physical Segregation traceability) ဖြင့် လုပ်ငန်းကွင်း ဆက်တစ်လျှောက်ဖြတ်သွားသည့် အသိအမှတ်ပြု ပစ္စည်းများ နှင့် ထုတ်ကုန်များကို ခွဲခြား ဖော်ထုတ် ခြေရာကောက်နိုင်သည်။ လုပ်ငန်းကွင်းဆက် များ တစ်လျှောက်ရှိ အချက် အလက် များထိန်းသိမ်းနည်း (chain of custody) ဆိုသည်မှာ နေ့ရက် လုပ်ငန်းအစဉ်လိုက် စာရွက်စာတမ်း မှတ်တမ်းတင်ခြင်း သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ ပစ္စည်းသိမ်းဆည်းမှု၊ ထိန်းသိမ်းမှု၊ ထိန်းချုပ်မှု၊ လွှဲပြောင်းမှု၊ ပိုင်းခြား စိတ်ဖြာမှု နှင့် နေရာတကျ ချထားမှုကို ဆိုလိုသည်။

72. ဤအချက်နှင့်စပ်လျဉ်းသည့် အချက်အလက်များကို Annex A, 1.3 တွင် ပိုမို သိရှိနိုင်သည်။

73. အချက်အလက် ပိုမို ပြည့်စုံစွာ သိရှိလိုလျှင် Annex A ၊ Section 1.5၊ IFC, 2009၊ နှင့် OECD Due Diligence Guidance for Meaningful Stakeholder Engagement in the Extractive Sector တို့ကို

ကြည့်ပါ။

74. ရင်းနှီးမြှုပ်နှံမှု စာချုပ်များ ညှိနှိုင်းခြင်းဆိုင်ရာ IISD လမ်းညွှန်တွင် အသေးစိတ်ဖော်ပြထားသည့်အတိုင်း၊ Environmental Impact Assessments (EIAs) ကို စီးပွားရေး ကဏ္ဍ အသွယ်သွယ်တွင် စီမံကိန်းများ၌ အခိုင်အမာ ကျင့်သုံးနေကြပြီဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံပေါင်း ၁၁၀ ခန့်ရှိသည့်အနက် နှစ်ပုံ သုံးပုံခန့်က ၁၉၉၀ ဆယ်စုနှစ် လယ်ခန့်တွင် EIA ပုံစံ တစ်မျိုးမျိုးဖြင့် ဥပဒေပြဋ္ဌာန်းပြီးဖြစ်သည်။ လူမှုရိုက်ခတ်မှု အကဲဖြတ်ချက်များမှာ လူသိနည်းသော်လည်း၊ EIA လုပ်ငန်းစဉ်၏ အစိတ်အပိုင်းတစ်ခုအဖြစ် တိုးတက် ကျင့်သုံး လာပြီဖြစ်သည်။ လူမှုရိုက်ခတ်မှု အကဲဖြတ်ချက်များအတွက် အများသဘောတူထားသည့် အခြေခံစည်းမျဉ်းများ ဟူ၍ မရှိသော်လည်း၊ International Association for Impact Assessment က ပိုပြင်သည့် လမ်းညွှန်အစုံများကို ထုတ်ဝေထားပါသည်။ အခြားအလားတူ လမ်းညွှန် များတွင် လူမှုရေးရာ၊ စီးပွားရေးရာ နှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ရှုဒေါင့်များ ပေါင်းစပ် ထားသည့် ရေရှည်ဖွံ့ဖြိုးမှု အကဲဖြတ်ချက်များ ပါရှိသကဲ့သို့ စုပေါင်းရိုက်ခတ်မှု အကဲဖြတ် ချက်များလည်း ပါရှိတတ်သည်။ သဘာဝပတ်ဝန်းကျင်နှင့် လူမှုရိုက်ခတ်မှု အကဲဖြတ်ချက်များ ပူးတွဲဆောင်ရွက်လာကြသည့် အလေ့အကျင့်များလည်းရှိသည်။ ရိုက်ခတ်မှု အကဲဖြတ်ချက် များ တွင် တိရစ္ဆာန် ဘေးအန္တရာယ် ကင်းရှင်းမှု အပေါ် ရိုက်ခတ်မှုများလည်း ထည့်သွင်း နိုင်သည်။

75. World Wildlife Fund (WWF) မှ ရေးဆွဲပြုစုသည့် အန္တရာယ် ပိုင်းခြားစိတ်ဖြာနည်း များ ကဲ့သို့သော နည်းများဖြင့် အန္တရာယ်များကို သိရှိအောင် ဖော်ထုတ်ရာတွင် အကူအညီ ရနိုင်သည်။ ထိုအထဲတွင် ကုန်ကြမ်းပေးသွင်းမှုဆိုင်ရာ အန္တရာယ် အကဲဖြတ်နည်း (*www.supplyrisk.org*) .နှင့် ရေအန္တရာယ်အကဲဖြတ်မှု များ (*htttp://waterriskfilter.panda.org*) ပါဝင်သည်။

76. အချက်အလက် ပိုမို ပြည့်စုံစွာ သိရှိလိုလျှင် Anne A, 2 နှင့် 6 ကို ကြည့်ပါ။

77. ဥပမာ -ငွေကြေးဝန်ဆောင်မှု သည် အဓိကအားဖြင့် ငွေကြေးအပေါ် ပိုင်ဆိုင်မှု ထူထောင် သတ်မှတ်ခြင်းဖြစ်စေ၊ ဆက်သွယ်ဆောင်ရွက်သူ၏ အထွေထွေစွမ်းဆောင်မှုကို ပံ့ပိုးခြင်းဖြစ်စေ (ဥပမာ- ကော်ပိုရိတ် ချေးငွေများ သို့မဟုတ် ငွေချေးခြင်း)၊ သို့တည်းမဟုတ် သီးခြား စွမ်းဆောင်မှုတစ်ခုအတွက်သာ အသုံးပြုခြင်းဖြစ်စေ၊ OECD guidelinesက အကြံပြုသည့် အလေးထားစိစစ်ဆောင်ရွက်မှုလုပ်ငန်းစဉ်၏ အတိုင်းအတာကို လွှမ်းမိုးသွား နိုင်သည်။ ပထမ ကိစ္စတွင် ငွေရေးကြေးရေးအဖွဲ့အစည်းသည် မိမိနှင့် ဆက်သွယ်ဆောင်ရွက် သူ၏ လုပ်ငန်းဆောင်တာများနှင့် ဆက်နွယ်သည့် ဆိုးကျိုးရိုက်ခတ်မှုအားလုံးကို တုံ့ပြန်မည် ဟု မျှော်လင့်ရသည်။ နောက်ဆုံး ကိစ္စတွင် မိမိမှ ငွေကြေးစိုက်ထုတ်သည့် သို့မဟုတ် ပံ့ပိုးသည့် လုပ်ငန်းများကြောင့် ဖြစ်ပေါ်သည့် ရိုက်ခတ်မှုများကို သာ တုံ့ပြန်မည်ဟု မျှော်လင့်ရသည်။

78. လူ့အခွင့်အရေးလေးစားလိုက်နာရန် လုပ်ငန်းဆိုင်ရာ တာဝန်ယူမှုရှိရေး၊ အမိပွါယ်ဖွင့်ဆိုမှု လမ်းညွှန် တွင် ပါရှိသည့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ မဟာမင်းကြီးရုံး အဆိုအရ၊ ကုစားမှုဆိုသည်မှာ ဆိုးကျိုးရိုက်ခတ်မှုတစ်ခုအတွက် လျော်ကြေးပေးခြင်း လုပ်ငန်းစဉ် တစ်ခုသာမက၊ ထိုဆိုးကျိုးရိုက်ခတ်မှုကို တန်ပြန်ဆောင်ရွက် နိုင်သည့်၊ သို့မဟုတ် ပိုမို ကောင်းမွန်သည့် ရလဒ် ခိုင်ခိုင်မြဲမြဲ ပေါ်ထွက်စေရန် ဆောင်ရွက်ခြင်း ဖြစ်သည်။

79. Sustainability Initiative of South Africa (SIZA) ကလုပ်ဆောင်သည့်အစီအစဉ်သည်

လူမှုဆိုင်ရာလိုက်နာ ဆောင်ရွက်မှု အစီအစဉ်၏ သာဓကကောင်းတစ်ခု အဖြစ် ပြဆိုနိုင်သည်။ ဤကျင့်ဝတ်ပြည့်ဝသည့် ကုန်သွယ်မှု အစီအစဉ်ကို ဒေသခံ စိုက်ပျိုးသူများ အသင်း က စတင်ထူထောင်ခြင်းဖြစ်သည်။ ဤအစီအစဉ်သည် ပြည်တွင်းဥပဒေများ၊ ရည်ညွှန်း သင်္ကေတ၊ စာရင်းစစ်လုပ်ငန်းစဉ်နှင့် Global Social Compliance Programme ဆိုင်ရာ နည်းပညာနှင့် ကွန်ဗင်းရှင်းများအပေါ် အခြေခံ၍ တောင်အာဖရိကရှိ သစ်သီးစိုက်ပျိုးထုတ်လုပ်သူများ အတွက် စံနှုန်းအစုများကို ပေါင်းစည်းပေးသည်။ အကြီးစား လက်လီလုပ်ငန်းသည် ဒေသခံ အဖွဲ့အစည်းများနှင့်အတူစွမ်းဆောင်မှု မြှင့်တင်ရေး ဆောင်ရွက်ကြသည်။ ဒေသခံလုပ်ဖော် ကိုင်ဖက်များကို စွမ်းရည် မြှင့်တင်ပေးခြင်းဖြင့် လက်လီလုပ်ငန်းသည် တောင်အာဖရိကရှိ စိုက်ပျိုးရေး လုပ်ငန်းကွင်းဆက်၏ လူမှုစွမ်းရည်အတွက် ၄င်း၏ရင်းနှီးမြှုပ်နှံမှုများမှာ ရေရှည် အကျိုးရှိကြောင်း သေချာစေသည်။

80. ရာနာ ပလာဇာ ဘေးဒုက္ခဖြစ်ပွားပြီးနောက်၊ ပြင်သစ် NCP က သီးခြားလွတ်လပ်ပြီး အရည်အသွေး ပြည့်ဝသည့် စာရင်းစစ်များ၏ အရေးပါမှုကို အောက်ပါအစီရင်ခံစာတွင် ထောက်ပြထားသည်။ နိုင်ငံခြားကုန်သွယ်ရေး ဝန်ကြီး နိကိုးလ် ဘရစ်ခ် ၏ ရည်ညွှန်းစာ -ပို့ပြီးနောက် ပိုင်း၊ အဝတ်အထည် ကဏ္ဍအတွင်း အိုအီးစီဒီလမ်းညွှန်များ အကောင်အထည်ဖော်မှုအပေါ် NCP အစီရင်ခံစာ၊ စာမျက်နှာ ၅၇ ၅၈ရှိ အကြံပြုချက်-# ၆၊ ၂၀၁၃ ဒီဇင်ဘာ ၂ ရက်နေ့။ *www.tresor.economie.gouv.fr/File/398811*.

81. ဥပမာ- ပင်ပန်းစွာ စာရင်းစစ် ပြီး ရလဒ်မှန် မရှိမှု လျှော့ချရန် SGS က Global Social Compliance Programme ကို ရေးသားပြုစုခြင်း၊

# ကိုးကား စာရင်း


FAO (2014), *Innovation in Family Farming*, The State of Food and Agriculture, Food and Agriculture Organization, Rome.

FAO (2012), *Investing in Agriculture for a Better Future*, The State of Food and Agriculture, Food and Agriculture Organization, Rome.

IISD (2014), *Guide to Negotiating Investment Contracts for Farmland and Water*, International Institute for Sustainable Development, Manitoba.

OECD/FAO (2015), *OECD-FAO Agricultural Outlook 2015*, OECD Publishing, Paris, http://dx.doi.org/10.1787/agr_outlook-2015-en

OECD (2014), *Due Diligence in the Financial Sector: Adverse Impacts Directly Linked to Operations, Products or Services by a Business Relationship* http://mneguidelines.oecd.org/global-forum/GFRBC-2014-financial-sector-document-1.pdf.

OECD (2013), *OECD Due Diligence Guidance for Responsible Supply Chains of Minerals from Conflict-Affected and High-Risk Areas: Second Edition*, OECD Publishing, Paris, http://dx.doi.org/10.1787/9789264185050-en.

## ဖြည့်စွက်ချက် (က)

### စိုက်ပျိုးရေး လုပ်ငန်းကွင်းဆက်များ တစ်လျှောက် အန္တရာယ် လျော့ကျစေရေး နှင့် အကာအကွယ်အစီအမံများ

ဤဖြည့်စွက်ချက်တွင် စိုက်ပျိုးရေး လုပ်ငန်းကွင်းဆက်များ တစ်လျှောက် ပေါ်ပေါက်သည့် ဆိုးကျိုးရိုက်ခတ်မှုများကိုသိရှိအောင် ဖော်ထုတ်ပြီး၊ ထိုအန္တရာယ်များ လျော့ချရန်နှင့် တားဆီးရန် အစီအမံများကို စံပြလုပ်ငန်း မူဝါဒရှိ စံနှုန်းများအတိုင်း အဆိုပြုထားသည်။ ဤအဆိုပြုထားသည့်အစီအမံများသည် တစ်ခုနှင့်တစ်ခု ကျားကန်ပေးနိုင်သည်။ ဥပမာ- ထိုက်သင့်သည့် လုပ်ခလစာများနှင့် လုပ်ငန်းခွင်အခြေအနေများ ဆောင်ကြဉ်း ပေးခြင်းအပါအဝင် အလုပ်သမား အခွင့်အရေးကို လေးစားခြင်းသည် လုံလောက်သည့် အစားအစာ အလုမ်းမီရန် အထောက်အကူပြုနိုင်သကဲ့သို့၊ ရုပ်ပိုင်းဆိုင်ရာ ရော စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စံနှုန်း အမြင့်မားဆုံး ရရှိနိုင်သည်။ အဆိုပြုအစီအမံများကို အကောင်အထည်ဖော်မှုသည် လုပ်ငန်းကွင်းဆက် အတွင်းရှိ စီးပွားလုပ်ငန်း တစ်ခုချင်း၏ အနေအထားနှင့် ပါဝင်ပုံအမျိုးအစားကိုလိုက်၍ ချိန်ညှိ ဆောင်ရွက်သင့်သည်။

## ၁။ အလွှာစုံ အကျိုးဝင်သော RBC စံနှုန်းများ

### *၁.၁။ ထုတ်ဖော်ပြောကြားခြင်း*

*အန္တရာယ်များ*

ပွင့်လင်းမြင်သာမှု မရှိခြင်းကြောင့် မယုံကြည်မှုများ ပေါ်ပေါက်နိုင်ပြီး စီးပွားလုပ်ငန်းများ ပြဿနာ အသေးအဖွဲ့များမှ ပဋိပက္ခကြီးများအထိ ကြီးကျယ် မသွားမီ ဖြေရှင်းနိုင်မည့် အခြေ အ နေ လက်လွတ် ဆုံးရှုံးနိုင်ပါသည် (FAO, 2010)။ အချက်အလက်များပေးသည့်အခါ၊ ပုံမှန် တိုင်ပင်ဆွေးနွေးရန် အစည်းအဝေးခေါ်ခြင်း၊ မီဒီယာမှ ပြန်ကြားခြင်းအပါအဝင်၊ ဘာသာစကား နှင့် ယဉ်ကျေးမှု ထုံးတမ်းအရ လုံလောက် သိသာ ပြီး၊ ပြန်လည်အတည်ပြုနိုင်သည့် နည်းဖြင့် ဆောလျင်စွာ မပေးနိုင်လျှင်၊ ရိုက်ခတ်ခံရနိုင်ခြေရှိသည့် အကျိုးဆက်စပ်သူများက အပြည့်အဝ နားလည်မည် မဟုတ်ကဲ့သို့၊ သက်ဆိုင်ရာအုပ်စု အဖွဲ့များအားလုံးထံ သတင်းစကား ပေါက်မည် မဟုတ် ပေ (IFC, 2012)၊ ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ပြောကြားမှုဆိုင်ရာ ဥပဒေများ ပြတ်သားခြင်းမရှိလျှင်၊ သက်ရောက်မှု မရှိလျှင်၊ တိုးမြှင့် အလေးထားစိစစ်ဆောင်ရွက်ရေး လိုအပ်လာမည် (OECD, 2006)။

*အန္တရာယ် လျော့ကျစေရေး အစီအမံများ*

- အများပြည်သူအား စီးပွားလုပ်ငန်း၏ ယှဉ်ပြိုင်မှု အနေအထား သို့မဟုတ် အကျိုးခံစားခွင့်ရှိသူ ပိုင်ရှင်များအပေါ် တာဝန်ခံမှုများကို မထိပါးစေဘဲ၊ **တိကျဆောလျင်သည့် အချက်အလက်များ** ပေးရန်-

- လုပ်ငန်းများ၏ ရည်ရွယ်ချက်၊ သဘောသဘာဝ
- စီးပွားလုပ်ငန်း၏ လုပ်ငန်းဆောင်တာများ၊ ဖွဲ့စည်းပုံ၊ ပိုင်ဆိုင်မှုနှင့် အုပ်ချုပ်မှု
- စီးပွားလုပ်ငန်း၏ ငွေကြေးအခြေအနေနှင့် စွမ်းဆောင်မှု
- RBC မူဝါဒများနှင့်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ်၊ အကျိုးဆက်စပ်သူ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်နှင့် တိုင်တန်းရေး နှင့် ပြန်လည်တည့်မတ်ကုစားရေး စနစ် ယန္တရားများ အပါအဝင်၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးရာနှင့် လူ့အခွင့်အရေး ရိုက်ခတ်မှု အကဲဖြတ်မှုများ (ESHRIAs) ၊ စီးပွားလုပ်ငန်း၏ လည်ပတ်မှုမှ အကျိုးဆက်စပ်သူ အမျိုးမျိုး အပေါ် ကျရောက်နိုင်သည့် ဘေးအန္တရာယ် ရိုက်ခတ်မှုများ အပြင်၊ အလေးအမြတ် ထားသည့် နေရာများ သို့မဟုတ် ဌာနေတိုင်းရင်းသားများနှင့် ရပ်ရွာလူထုမှ ရိုးရာအတိုင်း အသုံးပြု နေထိုင်ကြသည့် မြေ၊ ရေများ အပေါ် ရိုက်ခတ်နိုင်သည့် ဘေး အန္တရာယ် များနှင့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ၊ လူမှုရေးရာ၊ လူ့အခွင့်အရေး၊ ကျန်းမာရေးနှင့် ဘေးကင်း လုံခြုံရေး ရိုက်ခတ်မှုကဲ့သို့သော ကြိုတင်ခန့်မှန်းနိုင်သည့် အန္တရာယ်အကြောင်းတရားများ၊
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ လူမှုရေးရာနှင့် လူ့အခွင့်အရေးဆိုင်ရာ စီမံခန့်ခွဲမှု အစီအစဉ်များနှင့် ကုန်စည်များ၏ ပင်ကိုယ်လက္ခဏာများ၊ [1]
    - သတင်းအချက်အလက်ကို **အကြောင်းကြားဖြန့်ဝေရန်** သင့်တော်သည့် နည်းလမ်းအာလုံး မှတဆင့် (သတင်းစာ၊ ရေဒီယို၊ ရုပ်မြင်သံကြား၊ စာတိုက်မှ ပေးပို့စာများ၊ ရုပ်ကွက် အစည်းအဝေးများ အပါအဝင် ပုံနှိပ် မီဒီယာ၊ အီလက်ထရွန်နစ်နှင့် ဆိုရှယ်မီဒီယာ စသဖြင့်) ဖြန့်ဝေခြင်း၊ မိမိဖြန့်ဝေလိုသည့်နေရာ ၏ ဝေးလံခေါင်သီမှု၊ စာမဖတ်တတ်သည့် ဒေသခံများကို ပါ ထည့်သွင်း စဉ်းစားပြီး၊ ထိုသို့ အကြောင်းကြားစာများ တိုင်ပင် ဆွေးနွေးမှုများကို ရိုက်ခတ်ခံရသည့် ဒေသခံများ နားလည်သည့် ဘာသာစကားဖြင့် ဖြန့်ဝေခြင်း၊ [2]
    - လူသား ကျန်းမာရေး သို့မဟုတ် သဘာဝ ပတ်ဝန်းကျင် အပေါ်ဖြစ်အံ့ဆဲဆဲ ခြိမ်းခြောက်မှု ပေါ်ပေါက်လာပါက၊ အာဏာပိုင်များနှင့် အများပြည်သူမှ ခြိမ်းခြောက်မှုမှ ပေါ်ပေါက် လာမည့် အန္တရာယ်ကို တားဆီးရန် သို့မဟုတ် လျှော့ချရန် အစီအမံများ ဆောင်ရွက်နိုင်ရန် အတွက်၊ လိုအပ်သည့် အချက်အလက်များကို **အချိန်မဆိုင်းဘဲ ချက်ချင်း မျှဝေပါ၊** [3]
    - စရိတ်စက၊ စီးပွားရေး ယုံကြည်စိတ်ချမှုနှင့် အခြား ယှဉ်ပြိုင်မှု ဆိုင်ရာ ကိစ္စများကို အလေးထား လျက်၊ လုပ်ငန်း၏ သဘောသဘာဝ၊ အရွယ်အစားနှင့် တည်နေရာကို လိုက်၍၊ ဖွင့်ဟ ပြောဆိုသည့် **မူဝါဒများကို ချိန်ညှိလုပ်ဆောင်ပါ၊** [4]


© အိုအီးစီဒီ၊ အက်ဖ်အေအို ၂၀၁၆

## ၁.၂။ တိုင်ပင်ဆွေးနွေးမှုများ

*အန္တရာယ်များ*

လုပ်ငန်းလည်ပတ်မှုများကြောင့် ရိုက်ခတ်ခံရနိုင်ခြေရှိသသည့် အကျိုးဆက်စပ်သူများနှင့် တိုင်ပင်မှု မရှိလျှင်၊ စီးပွားလုပ်ငန်းများအနေနှင့် စီမံကိန်း ဖြစ်နိုင်ခြေကို လက်တွေ့ကျကျ အကဲဖြတ် နိုင်ခြင်း၊ ထိရောက်ပြီး ဆက်စပ်အခြေအနေနှင့် ကိုက်ညီသည့် တုံ့ပြန်မှု အစီအမံများ ဖော်ထုတ်နိုင်ခြင်း မရှိနိုင်ပေ။ အားလုံးပါဝင်ပြီး ပွင့်လင်းမြင်သာမှုရှိသည့် တိုင်ပင် ဆွေးနွေးခြင်းဖြင့် လုပ်ငန်း ဆောင်ရွက်သည့် စရိတ်စကများနှင့် အတိုက်အခံများလျှော့ချ နိုင်သည်၊ အကျိုးဆက်စပ်သူများနှင့် ယုံကြည်မှု တည်ဆောက်နိုင်သည်။

*အန္တရာယ် လျှော့ကျစေရေးအစီအမံများ*

- လုပ်ငန်းလည်ပတ်မှုများ၏အန္တရာယ်များ၊ ရိုက်ခတ်မှုများနှင့် တိုးတက်မှုအဆင့် အပြင်၊ ရိုက်ခတ်ခံရသည့် ဒေသခံလူထု၏ ပင်ကိုယ်စရိုက်လက္ခဏာနှင့် အကျိုးစီးပွား တို့နှင့် ကိုက်ညီသည့် **အကျိုးဆက်စပ်သူ ထိတွေ့ဆောင်ရွက်ရေး** အစီအစဉ်ကို ရေးဆွဲအကောင် အထည် ဖော်ရန်။ အကျုံးဝင်သည့် အခြေအနေတွင်၊ အစီအစဉ်ထဲ၌ ချို့ငဲ့သူ သို့မဟုတ် ခုခံနိုင်ရည် နည်းပါးသူဟု သတ်မှတ်ခံရသူများပါ ထိရောက်စွာ ပါဝင်နိုင်ရန် သီးခြား အစီအမံများ ထည့်သွင်းသင့်သည်၊ [5]
- ဖြည့်စွက်ချက် (ခ) တွင်ဖော်ပြသည့် နိုင်ငံတကာ စံနှုန်းများအကို အလေးထားလျက်၊ **ရိုက်ခတ်ခံရ နိုင်ခြေ ရှိသော ဒေသခံအသိုက်အဝန်းများနှင့် စောစီးစွာ ရိုးသား၊ ထိရောက်ပြီး အဓိပ္ပါယ် ပြည့်ဝသည့် တိုင်ပင်ဆွေးနွေးမှုများ** စဉ်ဆက်မပြတ် ပြုလုပ်ရန်။ လုပ်ငန်း လည်ပတ်မှု အပြောင်း အလဲများ ရှိလျှင်လည်း ထိုသို့ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်သင့်သည်၊ [6]
- **ခြိမ်းခြောက်မှု ကင်းသည့် တိုင်ပင်ဆွေးနွေးမှု**နှင့် အဆုံးအဖြတ်ပေးသည့် လုပ်ငန်းစဉ်များကို ယုံကြည်မှု အပြည့်အဝရှိသည့် ဝန်းကျင်တစ်ခုတွင် အဆုံးအဖြတ်မချမီ စီစဉ်ရန်၊ ပြီးလျှင် ထည့်ဝင်မှု များကို အုပ်စုတစ်ခုနှင့်တစ်ခုအကြား လက်ရှိ အာဏာ အရှိန်အဝါ မတူညီမှုများကို အလေးထားလျက်၊ တုံ့ပြန်ပါ။ [7]
- လိုအပ်ပါက၊ ရိုက်ခတ်ခံရသော ဒေသခံလူထုများက ရိုက်ခတ်ခံရသည့် အသိုက်အဝန်းများ ၏ ကိုယ်စားလှယ်အဖွဲ့များ၏ ပူးပေါင်းမှုနှင့်အတူ စီမံကိန်း ဆောင်ရွက်မှုတွင် အတူတကွ ခွဲခြားဆက်ဆံမှု မရှိဘဲ ပါဝင်နိုင်ရန်အတွက်၊ ထိုဒေသံလူထုအား **နည်းပညာဆိုင်ရာ ဥပဒေအကူအညီ**ပေးရန် ကြိုးပမ်းပါ။ အဆိုပြုသည့် လုပ်ငန်းလည်ပတ်မှုများ နှင့် ပတ်သက်၍ တိုင်ပင်ဆွေးနွေးမှုများ ပြုလုပ်မည် ဆိုလျှင်၊ ရိုက်ခတ်ခံရသည့် ဒေသခံ လူထုများက တုံ့ပြန်မှုကို ပြင်ဆင်နိုင်ရန်အတွက် အကြောင်း ကြား သည့် ရက်နှင့် အများနှင့် တိုင်ပင်သည့်ရက်အကြား လုံလောက်သောအချိန်ပေးပြီး ပြင်ဆင်ပါစေ။
- ဆွေးနွေးမှုအတွင်း ပေးသည့် ထင်မြင်ချက်များကို **အပြည့်အဝ နှင့် မျှတစွာ** စဉ်းစားပေးပါ။ ပြီးနောက် ထို ရိုက်ခတ်ခံရသူများ၏ စိုးရိမ်မှုများကို မည်သို့ စဉ်းစား သုံးသပ်ကြောင်း အကြောင်းကြားပါ။ [8]

- ဒေသခံများ၏ အမြင်များနှင့် စိုးရိမ်မှုများကို စနစ်တကျ မှတ်တမ်းတင်နိုင်ရန် လုပ်ငန်းစဉ် တစ်ခု ထူထောင်ခြင်း အပါအဝင်၊ **မှတ်တမ်း ပြုစုပြီး** တိုင်ပင်ဆွေးနွေးမှုများမှ ရရှိသည့် သဘောတူညီမှုများကို **အကောင်အထည်ဖော်ပါ။** စာဖြင့်ရေးသား မှတ်တမ်း တင်ခြင်းကို ပိုမိုအားသန်နိုင်သည် ဖြစ်သော်လည်း၊ ဒေသခံများ၏ ထင်မြင်ချက်များကို ဗီဒီယို ဖြင့်ဖြစ်စေ၊ အသံဖမ်းတိတ်ခွေဖြင့်ဖြစ်စေ၊ အခြားသင့်လျော်သည့် တစ်နည်းနည်းဖြင့် ဖြစ်စေ၊ ဒေသခံများ၏ ခွင့်ပြုချက်ယူ၍ မှတ်တမ်းတင်နိုင်သည်၊ [9]
- **ဒေသခံများ၏ ကိုယ်စားလှယ်များ**သည် အကျိုးဆက်စပ်သူများ၏ အမြင်ကို အမှန်တကယ် ကိုယ်စားပြုခြင်း ရှိမရှိ တတ်နိုင်သရွေ့ စိစစ်ပါ။ ထိုသူတို့ ၏ နယ်မြေသို့ ပြန်ရောက်သည့်အခါ ဆွေးနွေးမှု ရလဒ်များကို အတိအကျ ပြန်လည် ပြန်ကြားရန် အားကိုးယုံကြည်ရခြင်း ရှိမရှိ စိစစ်ပါ။
- **ရိုက်ခတ်မှု အကဲဖြတ်ချက်များ** လုပ်ဆောင်သည့်အခါ၊ ခုခံနိုင်အားနည်းသူများ အပါအဝင်၊ ဒေသခံများ ပါဝင်ပြီး အကဲဖြတ်မှုများ ရေးဆွဲခြင်း ပါဝင်ဆောင်ရွက်ခြင်းတို့ အတွက် စနစ်ယန္တရားများ ထူထောင်ပါ။ ပြီးလျှင် အရေးယူခြင်း ပြန်လည်တည့်မတ်ခြင်း၊ အာမခံခြင်းနှင့် လျော်ကြေးပေးခြင်းကိစ္စများအတွက် တာဝန်ယူရန် ပုဂ္ဂိုလ်များ သတ်မှတ်ရန်၊ နှင့် ပြန်လုန်သုံးသပ်ရေး နှင့် အယူခံဝင်ရေး လုပ်ငန်းစဉ် ထူထောင်ရန် လုပ်ဆောင်ပါ[10]

## *၁.၃။ ရိုက်ခတ်မှု အကဲဖြတ်ချက်*

*အန္တရာယ်များ*

စီးပွားလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများ၊ လုပ်ငန်းစဉ်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများမှ အမှန်တကယ်ဖြစ်ပွားလျက်ရှိသော ဆိုးကျိုးရိုက်ခတ်မှုများနှင့် ရိုက်ခတ်နိုင် ခြေများကို လုပ်ငန်း သက်တမ်းတစ်လျှောက် စဉ်ဆက်မပြတ် အကဲဖြတ်ခြင်းဖြင့် ရှောင်ရှား နိုင်သည်၊ မရှောင်ရှားနိုင်ပါကလည်း လျော့ကျစေနိုင်သည် ။ ထိုသို့ အကဲဖြတ်ချက် များဖြင့် ထိုရိုက်ခတ်မှုများ၏ အန္တရာယ်များကိုလည်းကောင်း၊ မိမိတို့၏ စီးပွားဆက်ဆံသည့် လုပ်ငန်းများ၏ လည်ပတ်မှုများ မှ ပေါ်ပေါက်သည့် အန္တရာယ်များကို လည်းကောင်း၊ အန္တရာယ် စီမံခန့်ခွဲ ရန်အတွက် ကျယ်ပြန့်ပြီး မြော်မြင်သော ချဉ်းကပ်ပုံ ရေးဆွဲပြုစုနိုင်မည် ဖြစ်သည်။ [11]

*အန္တရာယ် လျော့ကျစေရေး အစီအမံများ*

- **အောက်ပါအဆင့်များ**ကို ရိုက်ခတ်မှု အကဲဖြတ်ခြင်းလုပ်ငန်းတွင် ထည့်သွင်းပါ။
    1. စိစစ်ခြင်း- ဆိုလိုသည်မှာ၊ မည်သည့်အဆိုပြုချက်များကို ရိုက်ခတ်မှု အကဲဖြတ်ရန်၊ မည်သည်တို့က ဆိုးကျိုးရိုက်ခတ်မှု ပေါ်ပေါက်ရန် အလားအလာနည်းသဖြင့် ဖယ်ထုတ် ရန် နှင့် အကဲဖြတ်ရန်လိုသည့် အဆိုပြုချက်ကို မည်သည့်အဆင့်အထိ အကဲဖြတ်မည် ကို သတ်မှတ်ပါ။
    2. အလုံးစုံလေ့လာခြင်း- ဆိုလိုသည်မှာ ရိုက်ခတ်မှု အကဲဖြတ်ချက်၏ ဦးတည်ချက်နှင့်

လေ့လာရမည့် အဓိက အရေးကိစ္စများကို သတ်မှတ်ပါ။

3. ရိုက်ခတ်မှု ဆိုင်ရာ ပိုင်းခြား သုံးသပ်မှုလုပ်ဆောင်ပါ။

4. လျော့ကျစေရေးအစီအမံများ ဖော်ထုတ်ခြင်း၊ အခြေအနေအရ လိုအပ်သလို ဤသို့ ဆောင်ရွက်ချက်များလည်းပါသည်- လုပ်ငန်းလည်ပတ်မှုများကို ဆက်မလုပ်ခြင်း၊ ဆိုးကျိုး ရိုက်ခတ်မှုများ ရှောင်ရှားနိုင်ရန် အခြားနည်းလမ်းများ ရှာဖွေခြင်း၊ အန္တရာယ် ကင်းရှင်းရေး အစီအမံများကို လုပ်ငန်းလည်ပတ်မှုများအတွင်း ထည့်သွင်း လုပ်ဆောင် ခြင်း၊ သို့မဟုတ် ဆိုးကျိုး ရိုက်ခတ်မှုများအတွက် ငွေကြေးဖြင့်ဖြစ်စေ ငွေကြေးမပါသော နည်းဖြင့် ဖြစ်စေ လျော်ကြေး ပေးခြင်း အစီအမံများ ဖော်ထုတ်ပါ။

- သဘာဝ ပတ်ဝန်းကျင်၊ လူမှုရေးရာ နှင့် လူ့အခွင့်အရေး ရိုက်ခတ်မှု အကဲဖြတ်ချက် (ESHRIA) ပြုလုပ်သည့်အခါ၊ အောက်ပါ **ရိုက်ခတ်နိုင်ခြေများကို** လိုအပ်သင့်လျော်သလို ခြုံငုံ အကဲဖြတ်ခြင်း ဆိုးကျိုးရိုက်ခတ်မှုများသာမက ကောင်းကျိုးများကိုပါ၊ ပိုမို ကောင်းမွန် အောင် လုပ်နိုင်ရန် ခြုံငုံ အကဲဖြတ်ပါ။။

– - မြေ၊ ရေ၊ လေ၊ သစ်တော နှင့် ဇီဝမျိုးကွဲများ ကဲ့သို့ သဘာဝပတ် ဝန်းကျင်ဆိုင်ရာ ရိုက်ခတ် မှုများ[12]

 - ဒေသခံများ၏ သုခ ချမ်းသာ၊ တက်ကြွမှုနှင့် အလားအလာကောင်းမှုတို့အပေါ် ဆိုးကျိုး သက်ရောက် နိုင်သည့် လူမှုဆိုင်ရာ ရိုက်ခတ်မှုများ၊ ၎င်းရိုက်ခတ်မှုများကို ဝင်ငွေ ဖြန့်ဝေအား၊ လူတစ်ဦးချင်းနှင့် လူ့အဖွဲ့အစည်းများ ၏ ရုပ်ပိုင်းဆိုင်ရာ နှင့် လူမှုဆိုင်ရာ သိက္ခာရှိမှုနှင့် ကာကွယ်စောင့်ရှောက်မှု ၊ အလုပ်အကိုင် အဆင့်များနှင့် အခွင့်အရေးများ၊ ကျန်းမာရေးနှင့် ဘဝ ဖူလုံမှု၊ ပညာရေး၊ အိုးအိမ်နှင့် နေရာထိုင်ခင်း ရရှိနိုင်မှုနှင့် အဆင့်အတန်း၊ အခြေခံ အဆောက်အအုံ၊ ဝန်ဆောင်မှုများ တို့ဖြင့် တိုင်းတာသည်။

 - ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုမှ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ ပြည်သူနှင့် နိုင်ငံရေး အခွင့်အရေး များအပေါ် သက်ရောက်နိုင်သည့် လူ့အခွင့်အရေး ရိုက်ခတ်မှုများ

– - ရိုက်ခတ်ခံရသည့် ရပ်ရွာလူထု၏ ယဉ်ကျေးမှု အမွေအနှစ်၊ ဘဝနေထိုင်မှုပုံစံ၊ တန်ဖိုးများ၊ ယုံကြည်ကိုးကွယ်မှုများ၊ ဘာသာစကား(များ)၊ ဓလေ့ထုံးတမ်းများ၊ စီးပွားရေး၊ ဒေသတွင်း ရှိ သဘာဝပတ်ဝန်းကျင်နှင့် မျိုးစိတ်များ၊ လူမှု အဖွဲ့အသင်းများနှင့် ဓလေ့ထုံးစံများအပေါ် ရိုက်ခတ်မှုများ၊

 - အမျိုးသမီးများ၏ အခန်းကဏ္ဍဖြစ်သော အစားအသောက် ဖြည့်ဆည်းပေးသူ၊ဇီဝမျိုးကွဲ များ ထိန်းသိမ်းစောင့်ရှောက်သူများနှင့် ဓလေ့ထုံးစံ အသိတို့ကို ထိန်းသိမ်းပေးသူများ အဖြစ် အလေးထားလျက် ၎င်းတို့အပေါ် ကျရောက်သည့် ရိုက်ခတ်မှုများ၊ [13]

 - တိရစ္ဆာန် ကျန်းမာရေးအပေါ် ရိုက်ခတ်မှုများ

- **ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုများ**ကို ရိုက်ခတ်မှုအပေါ် အကဲဖြတ်ရေး ပါဝင်ဆွေးနွေးရန်

ဖိတ်ခေါ်ပါ။ ၎င်းတို့ထံမှ အချက်အလက်များတောင်းခံရန်၊ ၎င်းတို့အား မိမိတို့က ရိုက်ခတ်မှု အကဲဖြတ်ချက်၏ အဆင့်တိုင်းတွင် ပုံမှန် တုံ့ပြန်ချက်များ ပေးပါ။[14]

- စီမံကိန်း၏ ရုပ်ပိုင်းဆိုင်ရာ အပိုင်းများ၊ ရှုဒေါင့်များနှင့် လွယ်ကူစေမှုများကြောင့် ရိုက်ခတ်မှုများ ပေါ်ပေါက်နိုင်ခြေရှိပါက၊ **စီမံကိန်း အရှိန်အဝါရှိသည့် နယ်ပယ်**တွင် အန္တရာယ်များ နှင့် ရိုက်ခတ်မှု များ အကဲဖြတ်ပါ။[15]

## *၁.၄။ အကျိုးအမြတ် မျှဝေခံစားခြင်း*

*အန္တရာယ်များ*

ဒေသခံများမှ ကန့်ကွက်သည့် အန္တရာယ်ကို ရှောင်ရှားရန်နှင့် လုပ်ငန်းဆောင်ရွက်သည့် စရိတ်စကများ လျှော့ချရန် အတွက်၊ စီးပွားလုပ်ငန်းများသည် ၎င်းတို့၏လုပ်ငန်း လည်ပတ်မှု များကြောင့် ရပ်ရွာလူထုအပေါ် ဖြစ်ပေါ်သည့် ကောင်းကျိုးများကို များနိုင်သမျှများအောင် လုပ်နိုင်သည့် နည်းလမ်းများ စူးစမ်းသင့်သည်။ ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုများက အကျိုးဆက်စပ်သူ အသီးသီး အကြား ရရှိမည့် အကျိုးများကို တိုင်ပင်ဆွေးနွေးပွဲ များတွင် ထည့်သွင်း ဆွေးနွေးခြင်းဖြင့် ဒေသခံများနှင့်ယုံကြည်မှု တည်ဆောက်ပြီး ရေရှည် လက်တွဲနိုင်ရန် အထောက်အကူ ဖြစ်စေပြီး၊ တစ်ဖက်မှ ပဋိပက္ခများလည်း တားဆီးနိုင်မည် ဖြစ်သည်။ လုပ်ငန်း လည်ပတ်မှုများအတွက် အကျိုးဖြစ်စေသည့်အတွက် ဤအကျိုးဆက်စပ်သူများက လုပ်ငန်း လည်ပတ်ရန် လက်ခံနိုင်သည့် နေရာများ အဆင်ပြေချောမွေ့စွာ ဖော်ထုတ်ပေးနိုင်သည်။ ထို့အပြင် ဒေသခံများ၏ နယ်မြေဗဟုသုတ ကို အမှီပြု၍ စိုက်ပျိုးရေး ဂေဟ စနစ် များကို အကောင်းဆုံး အသုံးပြုနိုင်သည့် ခြေမြင့်မား သည် (FAO, 2010; UN, 2009)။

အကျိုးအမြတ်မျှဝေခံစားခြင်းသည် မရှောင်ရှားနိုင်သော ဆိုးကျိုးရိုက်ခတ်မှုများအတွက် ပေးသည့် လျော်ကြေးနှင့် သီးသန့်ကိစ္စ ဖြစ်သည်။ လျော်ကြေးအပြင် အကျိုးအမြတ်ကို ထပ်ပေါင်း ပေးခြင်း လည်း ဖြစ်နိုင်သည်။ ထိုသို့မျှဝေခံစားခြင်းဖြင့် စီးပွားလုပ်ငန်းနှင့် ဌာနေ တိုင်းရင်းသားများ သို့မဟုတ် ဒေသခံ ရပ်ရွာလူထုများအကြား မိမိလုပ်ငန်းများအတွင်း ၎င်းတို့၏ ထည့်ဝင်မှုကို အသိအမှတ်ပြုသည့်အနေနှင့် အတူ လက်တွဲဆောင်ရွက်နိုင်ရန် ရည်ရွယ်သည်။

အချို့အခြေအနေများတွင်၊ ဌာနေတိုင်းရင်းသားများ သို့မဟုတ် ဒေသခံ ရပ်ရွာလူထုများ၏ မြေ၊ သယံဇာတများ သို့မဟုတ် အသိပညာများကို စီးပွားလုပ်ငန်းများအသုံးပြုပါက၊ ထိုအသုံးပြုမှုမှရရှိသည့် အကျိုးအမြတ်များကို ခံစားပိုင်ခွင့် ရှိပြီးဖြစ်သည်၊ [16] ဤအကျိုး အမြတ် များသည် စီးပွားလုပ်ငန်းနှင့် သက်ဆိုင်ရာ ရပ်ရွာလူထုအကြား တိုင်ပင်ဆွေးနွေးသည့် လုပ်ငန်းစဉ်က သဘောတူထားပြီးသည့်အတိုင်း ငွေကြေးဖြစ်စေ ငွေကြေးမဟုတ်သည့် အကျိုး အမြတ် ဖြစ်စေ [17] ဖြစ်နိုင်သည်။ အကျိုးအမြတ် အမျိုးအစား သတ်မှတ်ချက်ကို ESHRIA များတွင် ဖော်ပြထားသည် [18]

သို့ရာတွင် အကျိုးအမြတ်ခံစားခွင့်နှင့် ဆက်စပ်သည့် အန္တရာယ်များလည်း ရှိတတ်သည်။ စီးပွားလုပ်ငန်းများက ဌာနေတိုင်းရင်းသားများနှင့် အကျိုးအမြတ် မျှဝေခံစားရေး သဘော တူညီမှုများ

ညှိနှိုင်းပြီးနောက်၊ ယင်းအကျိုးအမြတ်များကို ရပ်ရွာလူထု တစ်ရပ်လုံးနှင့် မျှဝေခြင်း မဟုတ်ဘဲ၊ အကျိုးဆက်စပ်သူ အုပ်စု တစ်စုက သိမ်းယူသွားတတ်ကြရာ၊ ဌာနေ တိုင်းရင်းသား များနှင့် ပဋိပက္ခဖြစ်မည့် အန္တရာယ် ပေါ်ပေါက်တတ်သည်။ အကျိုးအမြတ် မျှဝေခံစားခြင်းကို သက်ဆိုင်ရာ ရပ်ရွာလူထုတစ်ရပ်လုံးမှ သဘောတူခြင်းမဟုတ်ဘဲ အချို့ကသာ သဘောတူတတ်ရာ၊ အကျိုးအမြတ် မျှဝေသည့်အခါ ခြွင်းချန်ခံရသည့်အဖြစ် ဆိုက်ရောက် တတ်သည်။ အလေးထားစိစစ် ဆောင်ရွက်သည့် လုပ်ငန်းစဉ်အတွင်း၊ အဓိပ္ပါယ် ပြည့်ဝသော အကျိုးဆက်စပ်သူ များနှင့် တွေ့ဆုံဆွေးနွေးခြင်းဖြင့် ထိုသို့ အန္တရာယ်များကို လျှော့ချနိုင်သည်။

*အန္တရာယ် လျော့ကျစေရေး အစီအမံများ*

- အောက်ပါတို့ကို လုပ်ဆောင်ခြင်းဖြင့် ဖွံ့ဖြိုးရေးအတွက် **အခွင့်အလမ်းများ ဖော်ထုတ်ပါ**- ဘေးအန္တရာယ် ကင်းသည့် လုပ်ငန်းခွင် ပတ်ဝန်းကျင်များကို ဒေသခံများအတွက် ထူထောင်ပြီး ရှေ့ကြောင်းနှင့် နောက်ကြောင်း ချိတ်ဆက်မှုများ (local forward and backward linkages) ဖန်တီးခြင်း ဝင်ငွေ ရလမ်း အသွယ်သွယ် ဖော်ဆောင်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ ဒေသထွက်ပစ္စည်းများ ဝယ်ယူခြင်း၊ နည်းပညာ လက်လွှဲခြင်း၊ ဒေသတွင်း အခြေခံ အဆောက်အအုံ တိုးတက်ခြင်း၊ အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်း များမှ ငွေချေး စျေးကွက်များအား ပိုမို အလုမ်းမီစေခြင်း၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုများအတွက် ပေးချေခြင်း အခွန်အကောက် ခွဲဝေချမှတ်ခြင်း၊ သို့မဟုတ် ယုံကြည်အပ်နှံမှု ရန်ပုံငွေများ ထူထောင်ခြင်းတို့ လုပ်ဆောင်ပါ။ [19]
- စီးပွားလုပ်ငန်းများသည် မိမိသွားရောက်လုပ်ကိုင်သည့် နိုင်ငံအစိုးရ၏ **ဖွံ့ဖြိုးရေး ဦးစားပေး သတ်မှတ်ချက်များ၊ လူမှုဆိုင်ရာ ဦးတည်ချက်များနှင့် ကိုက်ညီမှုရှိ**ရေး သေချာအောင် ဆောင်ရွက်ပါ။ [20]
- တိုင်ပင်ဆွေးနွေးမှုလုပ်ငန်းစဉ်နှင့် ESHRIA အကဲဖြတ်များအရ၊ ဌာနေတိုင်းရင်းသားများ ၏ မြေ၊ သယံဇာတများနှင့် ၎င်းတို့၏ အသိပညာဖြင့် လည်ပတ်သောလုပ်ငန်းများမှ **ငွေကြေး နှင့် ငွေကြေးမဟုတ်သော အကျိုးအမြတ်များ**ကို မျှဝေခံစားခြင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အုပ်စုအချို့မှ မတရား အကျိုးအမြတ်ခံစားခြင်း မဖြစ်စေရအောင် တန်းတူညီမျှ နှင့် ရေရှည် လူမှု ဖွံ့ဖြိုးမှု ဖော်ဆောင်ပါ။[21]

## *၁.၅။ တိုင်တန်းရေး စနစ်ယန္တရားများ*

*အန္တရာယ်များ*

အများတိုင်တန်းနိုင်သည့် စနစ်ယန္တရားများကို အန္တရာယ် ကြိုတင်သတိပေးသည့်စနစ်အဖြစ် ရေးဆွဲခြင်းသည် လုပ်ငန်းများနှင့် ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုများ၊ မြေအသုံးချပိုင်ခွင့် ရှိသူများ အကြား အသေးအဖွဲ့အငြင်းပွားမှုများကို တရားရုံးများ၊ အငြင်းပွားမှုဖြေရှင်းရေး ယန္တရားများ အဆင့်အထိ မတက်မီ၊ အမြန်၊ စရိတ်စကမကြီးဘဲ တရားမျှတစွာ ဖြေရှင်းနိုင်သည့် ဒေသအတွက်၊ ရိုးရှင်းပြီး နှစ်ဦးနှစ်ဖက် အကျိုးရှိသည့် နည်းဖြစ်သည် (IFC, 2009)။ ထိုနည်းများဖြင့် စီးပွား

လုပ်ငန်းများအား အောက်ပါကဲ့သို့ အဖိုးတန်သော တုံ့ပြန်ချက်များ ရရှိနိုင်သည်- ပိုမိုကြီးမားသည့် ပြဿနာများမဖြစ်မီ ကြိုတင်သတိပေးစနစ်များအဖြစ် အသုံးဝင် သည်၊ အခြားသူများထံမှ ကုမ္ပဏီလုပ်ငန်းလည်ပတ်မှုများ သို့မဟုတ် စီမံခန့်ခွဲရေး စနစ်များတွင် ပြုပြင်နိုင်မည့် အကြံဉာဏ်များ ရရှိနိုင်သည်၊ ထို့အပြင် ထိုသို့တိုင်တန်းချက်များ နောက်နောင် မပေါ်ပေါက်စေရန် အောက်ခြေမှ စ၍ ပြုပြင်ပြောင်းလဲရန်များကို ပြသနိုင်သည် (CAO, 2008)။

*အန္တရာယ်လျော့ကျစေရေး အစီအမံများ*

- တိုင်တန်းရေး စနစ်ယန္တရားကို လုပ်ငန်းလည်ပတ်မှုများ၏ အန္တရာယ်များ၊ ဆိုးကျိုး ရိုက်ခတ်မှုများနှင့်အညီ **တိုင်းဆလုပ်ဆောင်ခြင်း၊** ထိုသို့လုပ်ဆောင်ရခြင်းမှာ နားလည် လွယ်ပြီး၊ ပွင့်လင်းမြင်သာ၍ ယဉ်ကျေးမှုအရ လျော်ကန်မှုရှိပြီး၊ အလွယ်တကူ အလုမ်းမီနိုင် သည့် တိုင်ပင်ဆွေးနွေးရေး လုပ်ငန်းစဉ်ကို အသုံးပြုကာ၊ ပြဿနာ သို့မဟုတ် စိုးရိမ်မှုကို စတင်သည့် အဖွဲ့ကို ရန်တုံ့ပြန်ခြင်း မရှိဘဲ၊ စိုးရိမ်မှုများကို ဆောလျင်စွာ ဖြေရှင်းရန် ဖြစ်သည် [22]
- စနစ် ယန္တရား ဒီဇိုင်းနှင့် လုပ်ဆောင်ပုံသည် ရိုက်ခတ်ခံရသည့် အကျိုးဆက်စပ်သူများ၏ လိုအပ်ချက်များနှင့် ပြည့်မီစေရန် ၊သူတို့ လက်တွေ့အသုံးပြုနိုင်ရန်၊ နှင့် ထိုတိုင်တန်းရေး ယန္တရားကို အသုံးပြုခြင်းသည် အောင်မြင်မှုရရန်အတွက် နှစ်ဦးနှစ်ဖက်၏ အကျိုးစီးပွားပေါ် မှီတည်ကြောင်း သိရှိရန် **အကျိုးဆက်စပ်သူများနှင့် ဆက်သွယ်ဆောင်ရွက်ပါ**။ [23]
- ဤတိုင်တန်းရေး ယန္တရားကို အိုအီးစီဒီ လမ်းညွှန်များအောက်ရှိ NCP များဖြစ်စေ တရားရုံး သို့မဟုတ် တရားရုံးနှင့်မဆိုင်သည့် တိုင်တန်းရေး ယန္တရားများဖြစ်စေ အသုံးမပြုစေ လိုသဖြင့် သော်လည်းကောင်း၊ အလုပ်သမားပြဿနာ အငြင်းပွားမှုများ ဖြေရှင်းရာတွင် အလုပ်သမား သမဂ္ဂများ၏ အခန်းကဏ္ဍကို သေးသိမ်စေရန်ရည်ရွယ်ချက်ဖြင့်၊ အသုံးပြုခြင်း မျိုး ကို ရှောင်ပါ [24]

ထို့အပြင်၊ UN Guiding Principles (Principle 31) တွင်ပါရှိသည့် တရားရုံးနှင့်မဆိုင်သည့် တိုင်တန်းရေး ယန္တရားများအတွက် ထိရောက်မှု စံသတ်မှတ်ချက် များတွင် အရေးကြီးသည့် ကိုးကားချက် တစ်ခု ပါရှိသည်- အစိုးရ ပါသည့် တရားရုံးနှင့်မဆိုင်သည့် တိုင်တန်းရေး ယန္တရားများရော၊ အစိုးရမပါသည့် ယန္တရားများပါ ထိရောက်မှုရှိစေရန်အတွက် ဇယား A.1 တွင် အသေးစိတ် ဖော်ပြထားသည့် စံသတ်မှတ်ချက်ကို လိုက်နာသင့်သည်။

ဇယား က.၁. **ထိရောက်သည့် တိုင်တန်းရေး ယန္တရားများ၏ လက္ခဏာများ**

| | |
|---|---|
| တရားဝင်မှု | ဤယန္တရား အသုံးပြုစေလိုသည့် အကျိုးဆက်စပ်သူအုပ်စုများ၏ ယုံကြည်မှု ရယူနိုင်ပြီး၊ တိုင်တန်းရေး လုပ်ငန်းစဉ်များ၏ တရားမျှတသော လုပ်ဆောင်မှု အပေါ်လည်း တာဝန်ခံမှု ရှိသည်။ |
| အလှမ်းမီမှု | ရည်ရွယ်သည့် အကျိုးဆက်စပ်သူအုပ်စုများအားလုံး သိရှိ အလှမ်းမီပြီး၊ အလှမ်းမီရန် အခက်အခဲရှိနိုင်သူများအတွက် လိုအပ်သည့် အကူအညီပေးသည်။ |
| ကြိုတင်မှန်းဆနိုင်မှု | ရှင်းရှင်းလင်းလင်းရှိပြီး ထိုသူတို့ သိပြီး လုပ်ထုံးလုပ်နည်း ချပြကာ၊ အဆင့်တိုင်းအတွက် သတ်မှတ်ချိန်များ ထားရှိသည်၊ လုပ်ငန်းစဉ်အမျိုးအစားများအပေါ် ရှင်းလင်းမှု ရှိပြီး ရလဒ်များ၊ ထွက်ပေါ်နိုင်သည့် ရလဒ်များ၊ အကောင်အထည်ဖော်မှုကို စောင့်ကြည့်နည်းများကို ချပြသည်။ |
| သာတူညီမျှမှု | နစ်နာသည့်အုပ်စုများမှ တိုင်တန်းရေးယန္တရားလုပ်ငန်းစဉ်အတွင်း တရားမျှတမှု ရှိစွာ၊ နားလည်သဘောပေါက်စွာနှင့် လေးစားမှုအပြည့်အဝဖြင့် ပါဝင်နိုင်ရန်အတွက်၊ အချက်အလက်ဇစ်မြစ်များ၊ အကြံပြုချက်များနှင့် လိုအပ်သည့် ကျွမ်းကျင်မှုကို ကျိုးကြောင်းသင့်လျော်စွာ အလှမ်းမီမှု ရှိစေရန် |
| ပွင့်လင်း မြင်သာမှု | နစ်နာသည့် အုပ်စုများကို လုပ်ငန်းစဉ်၏ တိုးတက်မှုအခြေအနေကို မပြတ်တင်ပြပြီး၊ စနစ် ယန္တရား၏ ထိရောက်မှု အပေါ် ထိုသူများယုံကြည် ရှိစေရန်နှင့် အများပြည်သူ၏ စိတ်ဝင်စားမှုကို ဖြည့်ဆည်းနိုင်ရန်အတွက်၊ လုပ်ဆောင်မှုနှင့် ပတ်သက်သည့် အချက်အလက်များကို လုံလောက်စွာ ပေးသည်။ |
| အခွင့်အရေးများနှင့် ကိုက်ညီမှု | ရလဒ်များနှင့် ကုစားမှုများသည် နိုင်ငံတကာမှ အသိအမှတ်ပြုသည့် လူ့အခွင့်အရေးများနှင့် အညီဖြစ်သည်။ |
| စဉ်ဆက်မပြတ် သင်ကြားနာယူနိုင်သည့် ဇစ်မြစ်ဖြစ်ခြင်း | ယန္တရားလုပ်ဆောင်မှု တိုးတက်ရန်နှင့် နောင်အခါ နစ်နာမှုများနှင့် အန္တရာယ်များကာကွယ်နိုင်ရန်အတွက် ရရှိသည့် သင်ခန်းစာများဖော်ထုတ်ရန် သက်ဆိုင်သည့် အစီအမံများကိုမှီငြမ်းသည်။ |
| ထိတွေ့ဆောင်ရွက်မှုနှင့် အပြန်အလှန်ဆွေးနွေးမှု | ဤယန္တရား အသုံးပြုရန် ရည်ရွယ်လိုသည့် အကျိုးဆက်စပ်သူအုပ်စုများနှင့် ယန္တရား ရေးဆွဲတည်ဆောက်ပုံနှင့် လုပ်ဆောင်ပုံတို့ကို တိုင်ပင်ပြီး၊ နစ်နာမှုများကို ဖြေရှင်းရန်နည်းလမ်းအဖြစ် အပြန်အလှန်ဆွေးနွေးမှုများ ပြုလုပ်သည်။ |

*Source:* UN Guiding Principles, Principle 31.

## ၂။ လူ့အခွင့်အရေး

### *အန္တရာယ်များ*

စီးပွားလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာများကြောင့်သော်လည်းကောင်း၊ ၎င်းတို့ လုပ်ငန်းက ပံ့ပိုးသောကြောင့်သော်လည်းကောင်းဆိုးကျိုးရိုက်ခတ်မှုများဖြစ်ပွားသည့် အခါ၊ လူ့အခွင့် အရေးကို လေးစားလိုက်နာမှုမရှိသည့် အလားအလာတွေ့ရပြီး ဖြစ်ပွားသည့် ထိုသို့ရိုက်ခတ်မှုများ ကိုလည်း ဖြေရှင်းရန် ပျက်ကွက်တတ်ကြသည်။ လုပ်ငန်းများသည် ၎င်းတို့၏ စီးပွားဆက်ဆံသည့် လုပ်ငန်းများမှတဆင့် မိမိ လုပ်ငန်းလည်ပတ်မှုများ၊ ကုန်စည်များ သို့မဟုတ် ဝန်ဆောင်မှုများကို တိုက်ရိုက်ဆက်နွယ်သည့် လူ့အခွင့်အရေး ဆိုးကျိုးရိုက်ခတ်မှုများကိုပါ တားဆီးသင့်သည်၊ သို့မဟုတ် လျှော့ချသင့်သည်။[25] စီးပွားလုပ်ငန်း၏ လူ့အခွင့်ရေးလေးစားရန် လူမှုတာဝန်သည်နိုင်ငံများ၏

လုပ်နိုင်စွမ်း၊ လူ့အခွင့်အရေး တာဝန်များကို ဖြည့်ဆည်း လိုသည့် ဆန္ဒ ရှိခြင်းမရှိခြင်းနှင့် တစ်သီးတခြား တည်ရှိပြီး၊ မိမိတာဝန်များကိုလျှော့ပါးစေခြင်း မရှိပါ[26]။ နိုင်ငံ့ဥပဒေများသည် လုံလောက်စွာ ဖွံ့ဖြိုးခြင်း မရှိလျှင်ဖြစ်စေ၊ အာဏာသက်ရောက်မှု မရှိလျှင် ဖြစ်စေ၊ စီးပွားလုပ်ငန်းများက တိုးမြှင့် အလေးထား စိစစ်ဆောင်ရွက်မှုဖြင့် လူ့အခွင့်အရေး ဆိုးကျိုးရိုက်ခတ်မှုများကို ဖော်ထုတ် ဖြေရှင်း သင့်သည်။

စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှု၊ နိုင်ငံသားနှင့် နိုင်ငံရေးအခွင့်အရေး စသည့် လူ့အခွင့်အရေးများသည် တစ်ခုနှင့်တစ်ခု အမှီပြုနေသည်ကို သတိပြုသင့်သည်။ စီးပွား လုပ်ငန်းများ သည် ၄င်းတို့၏ လူ့အခွင့်အရေးဆိုင်ရာ တာဝန်များနှင့် ဤလမ်းညွှန်တွင် သီးခြား ထည့်သွင်းထားခြင်း မရှိသည့် တာဝန်များကိုပါ ကိုလေးစားလိုက်နာခြင်းရှိမရှိ၊ အရည်အသွေး ရှုဒေါင့်မှ နားလည်နိုင်ရန် မိမိတို့၏ တာဝန်များကို ပုံမှန် ပြန်လှန်သုံးသပ်သင့်သည်။

*အန္တရာယ်လျော့ကျစေရေးအစီအမံများ*

- စီးပွားလုပ်ငန်းနှင့် ၄င်း၏ စီးပွားဖက်များ၏ လည်ပတ်မှုများကြောင့် ရိုက်ခတ်ခံရနိုင်ခြေ ရှိသည့် **လုပ်ပိုင်ခွင့် ရထားသူများ**ကို သိရှိအောင် ဖော်ထုတ်ပါ။ ထိုသို့ဆောင်ရွက်ရာတွင် စီးပွားလုပ်ငန်း၏ အမှန်တကယ်လည်ပတ်လျက်ရှိသည့် သို့မဟုတ် လည်ပတ်နိုင်ခြေရှိသည့် လုပ်ငန်းများနှင့် စီးပွားဆက်ဆံသည့်လုပ်ငန်းများအပေါ် အတွင်းကျကျ ဖြစ်ရပ်မှန် အခြေအနေသိရှိရန် ပြန်လှန် ဆန်းစစ်မှု လုပ်ဆောင်ရန် လိုပါသည်။ ပြီးလျှင် အခွင့်အရေး ထိပါးခံရနိုင်သည့် ပါဝင်ပတ်သက်သူ များကို သိရှိအောင် ဖော်ထုတ်ရန်၊ ထိုလုပ်ငန်း လည်ပတ်မှုများကို လူ့အခွင့်အရေး စံနှုန်းများနှင့် တိုက်ဆိုင်စိစစ်ပြီး အရည်အသွေးပြအကဲဖြတ်ခြင်း လုပ်ဆောင်ရန် လိုမည်။စီးပွားလုပ်ငန်းများ နှင့် ၄င်း၏ စီးပွားဆက်ဆံသည့် လုပ်ငန်းများ၏ ဆိုးကျိုးရိုက်ခတ်မှုဖြစ်နိုင်ခြေ အားလုံးကို ကောင်းစွာ နားလည်ရန်အတွက်၊ သက်ဆိုင်ရာ အကျိုးဆက်စပ်သူများနှင့် ပြဿနာမဖြစ်မီ လက်ဦးမှု ရယူရန် တိုင်ပင်ဆွေးနွေးမှုများလုပ်ရန် လိုသည်။ [27]
- အမှန်ဖြစ်ပွားနေသော လူ့အခွင့်အရေး ရိုက်ခတ်မှုများနှင့် ရိုက်ခတ်နိုင်ခြေများ[28] ကို အကဲဖြတ်ခြင်း၊ တွေ့ရှိချက်များကို စုစည်း အရေးယူဆောင်ရွက်ခြင်း၊. တုံ့ပြန်မှုများ ကို စောင့်ကြည့်လေ့လာခြင်းနှင့် ရိုက်ခတ်မှုများကို မည်သို့ ဖြေရှင်းကြောင်းကို ဆက်သွယ် အကြောင်းကြားတို့ ဖြင့် **လူ့အခွင့်အရေး ဆိုင်ရာ အလေးထားစိစစ် ဆောင်ရွက်မှု** လုပ်ဆောင်ပါ။ လုပ်ငန်းများနှင့် လုပ်ငန်းလည်ပတ်သည့် ဆက်စပ်အကြောင်းခံများ ပြောင်းလဲဖြစ်ပေါ်သည့်အလျောက် လူ့အခွင့်အရေးအပေါ် ကျရောက် နိုင်သည့် အန္တရာယ် များသည် အချိန်ကာလတစ်ခုတွင် ပြောင်းလဲသွားတတ်ရာ၊ လူ့အခွင့်အရေး ဆိုင်ရာ အလေးထားစိစစ်ဆောင်ရွက်သည့်အလေ့အကျင့်ကို စဉ်ဆက်မပြတ် လုပ်ဆောင်ပါ။ [29]
- **အကျိုးဆက်စပ်သူအားလုံးအပေါ်** အထူးသဖြင့် အမျိုးသမီး၊ လူငယ်များ၊ နှင့် လူနည်းစုများ ကဲ့သို့ ခုခံအားနည်းသည့် အနေအထားဌ်ရှိသူများ၏ အခြေအနေအသီးသီး၊ အကန့်အသတ် များနှင့် လိုအပ်ချက်များကို အသိအမှတ်ပြုလျက်၊ **တစ်ပြေးညီ မျှတစွာ ဆက်ဆံနိုင်ရေး** သေချာအောင် ဆောင်ရွက်ပါ။ [30]
- စိုက်ပျိုးရေးလုပ်ငန်း၌ အမျိုးသမီးများ၏ အခရာကျသည့် အခန်းကဏ္ဍကို အသိအမှတ်ပြု၍

**အမျိုးသမီးများအား ခွဲခြားဆက်ဆံမှု** ပပျောက်ရေးအစီအမံများ နှင့်တကွ၊ သဘာဝ သယံဇာတများ၊ သွင်းအားစုများ၊ ကုန်ထုတ်လုပ်နည်းများ၊ အကြံပေးဝန်ဆောင်မှုနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ၊ သင်တန်းများ၊ ဈေးကွက်များနှင့် သတင်းအချက် အလက် များကို တန်းတူ အလှမ်းမီပြီး ထိန်းချုပ်နိုင်ရန်အပြင်၊ ၎င်းတို့၏ အသက်မွေးဝမ်း ကျောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အပြည့်အဝ ရရှိစေရန်၊ [31] ထိုက်သင့်သည့် အစီအမံများ ချမှတ်ဆောင်ရွက်ပါ။[32]

## ၃။ အလုပ်သမား အခွင့်အရေး

### အန္တရာယ်များ

စီးပွားလုပ်ငန်းများသည် ၎င်းတို့ သွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် လူနေမှု အဆင့်အတန်း မြင့်တင်ပေးခြင်းနှင့် အများစိတ်ဝင်စားမှုရှိသော အလုပ်အကိုင်အခွင့်အလမ်းများ တိုးမြှင့်ပေးခြင်း၊ လူ့အခွင့်အရေး နှင့် အလုပ်သမား အခွင့်အရေးများ လွယ်ကူချောမွေ့စွာ ခံစားစေခြင်းဖြင့်၊ စီးပွားရေးနှင့် လူမှု ဖူလုံရေးတို့၌ ထည့်ဝင်မှု ပေးကာ ကြီးမားသော အကျိုးအမြတ်များ ဖော်ဆောင်ပေးနိုင်ပါသည်။ ၎င်းတို့၏ ကိုယ်ပိုင် အလုပ်သမားများအတွက် ပင်မ အလုပ်သမား စံနှုန်းများ ပြည့်မီရေး သေချာစေရန် လုပ်ဆောင်ပေးခြင်း အပြင်၊ ကျပန်း လုပ်သားများ နှင့် တစ်နိုင်တစ်ပိုင် လယ်ယာလုပ်ငန်းများအတွင်း လုပ်ငန်းခွင် အခြေအ နေများ တိုးတက်စေရန် ကူညီနိုင်သည်။

စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု အခွင့်အရေးများ ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူ စာချုပ် (ICESCR) အဖွဲ့ဝင်နိုင်ငံများသည် တရားမျှတပြီး သင့်လျော်သော လုပ်ငန်းခွင် စည်းကမ်းများ ခံစားပိုင်ခွင့်များ (Article 7) နှင့် အလုပ်သမားသမဂ္ဂ ဖွဲ့စည်းခွင့်(Article 8) တို့ကို အသိအမှတ်ပြုသည်။ အပြည်ပြည်ဆိုင်ရာ နိုင်ငံသားနှင့် နိုင်ငံရေး ဆိုင်ရာ စာချုပ် (ICCPR)သည်လည်း အလုပ်သမား သမဂ္ဂ ဖွဲ့စည်းခွင့်နှင့် ပါဝင်ပိုင်ခွင့်ကို အကာအကွယ် ပေးထားသည်။ အပြည်ပြည်ဆိုင်ရာ အလုပ်သမား ကွန်ဗင်းရှင်းများ[33] တွင်လည်း အလုပ်အကိုင်နှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို ထည့်သွင်း ဖော်ပြထားသည်[34] ။ ICESCR နှင့် ICCPR ကဲ့သို့ လူ့အခွင့်အရေး သဘာတူ စာချုပ်များက နိုင်ငံများ လုပ်ဆောင်ရန် ဦးတည်ချမှတ် သော်လည်း၊ ယင်းစာချုပ်ပါအခွင့်အရေးများ ခံစားနိုင်ခွင့်အပေါ် စီးပွားလုပ်ငန်း ကြောင့် ဆိုးကျိုး သက်ရောက်တတ်သည်။ ထို့အတွက် လုပ်ငန်းများသည် ဤအခွင့်အရေးများကို ဖြစ်မြောက်အောင် အကောင်အထည် ဖော်မှုတွင် ပံ့ပိုးသည့် အခန်းကဏ္ဍတွင် အရေးပါလှသည်။ အိုင်အယ်လ်အို၏ အခြေခံ ကွန်ဗင်းရှင်း ရှစ်ခု အပါအဝင်၊ ဤကွန်ဗင်းရှင်းများပါ အလုပ်သမား အခွင့်အရေးများကို လေးစားလိုက်နာခြင်းဖြင့် စီးပွားလုပ်ငန်းများကြောင့် ပေါ်ပေါက်သည့် ဆိုးကျိုးသက်ရောက်မှုများကို နည်းနိုင်သမျှ နည်းအောင် လျှော့ချပြီး၊ ကောင်းကျိုး သက်ရောက်မှု များကို များနိုင်သမျှ များအောင် မြှင့်တင်နိုင်မည် ဖြစ်သည်။ ဥပမာ- လွတ်လပ်စွာ ရွေးချယ်ထားသည့် အလုပ်သမား ကိုယ်စားလှယ်များဖြင့် စစ်မှန်သော အပြန်အလှန် ဆွေးနွေးမှု တည်ဆောက်ခြင်းဖြင့် အလုပ်သမားများနှင့် အလုပ်ရှင် နှစ်ဖက်လုံးသည် တစ်ဖက်က စိန်ခေါ်မှုများကို တစ်ဖက်က ပိုမို နားလည်ပြီး အဖြေရှာလာနိုင်မည် (ILO, 2006)။

သို့သော်လည်း၊ စိုက်ပျိုးရေးကဏ္ဍ၌ လခစားအလုပ်အကိုင်ရော လက်လုပ်လက်စား ပုံကျ အလုပ်ပါ

တရားဝင်သတ်မှတ်ထားသည့်အလုပ်အကိုင်များ မဟုတ်သဖြင့် အလုပ်သမား အခွင့်အရေးများ လေးစားလိုက်နာရန် စိန်ခေါ်မှု တစ်ရပ်ဖြစ်နိုင်သည်။ ထို့အပြင် စိုက်ပျိုးရေး အလုပ်သမား အများအပြားမှာ အလုပ်သမား ဥပဒေများ၏ နယ်ပယ်အတွင်း၌ မရှိပေ(UN, 2009)။ အသက် ၅ နှစ်မှ ၁၇ နှစ်ကြား ကလေးအလုပ်သမား ၆၀% သည် စိုက်ပျိုးရေး လုပ်ငန်းတွင် လုပ်ကိုင်ကြသည် (ILO, 2011a)။ အပင်စိုက်ပျိုးရေးလုပ်သားများ၏ လုပ်ငန်းခွင်နှင့် နေထိုင်စားသောက်မှု အခြေအနေများ၊ အထူးသဖြင့် ကိုယ်ဝန်ရှိမရှိ မဖြစ်မနေ စစ်ဆေးခြင်း၊ အကြွေးဖြင့် ချည်နှောင်ခြင်း၊ ပိုးသတ်ဆေးများကို ကျယ်ပြန့်စွာ အလွဲသုံးစားမှု နှင့် ဆက်နွယ်သည့် ကျန်းမာရေး အန္တရာယ်များ သည်လည်း အမြဲ စိုးရိမ်ဖွယ် ဖြစ်နေသည်။

အမျိုးသမီးများ၊ လူငယ်နှင့် ဌာနေတိုင်းရင်းသားလုပ်သား နှင့် ရွှေ့ပြောင်းလုပ်သား ကဲ့သို့သော ဖယ်ကြဉ်ခံရသည့် အုပ်စုများအပြင်၊ အလွတ်သဘော၊ ပုတ်ပြတ် သို့မဟုတ် ရာသီချိန် ငှားရမ်း လုပ်ကိုင်သည့် အလုပ်သမားများပါ၊ မကြာခဏ ကြမ်းတမ်းသော သို့မဟုတ် မနှစ်မြို့ဖွယ်ကောင်းသော လုပ်ငန်းခွင် အခြေအနေများနှင့် ရင်ဆိုင်လုပ်ကိုင်ကြရသည် (UN, 2009)။ အမျိုးသမီးများ၏ အခြေအနေတွင် သီးခြား အန္တရာယ်များ ရှိသည်- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုက်ပျိုးရေးလုပ်သားလုပ်အား၏ ၄၃% မှာ အမျိုးသမီးများ ဖြစ်သော်လည်း၊ စိုက်ပျိုးရေး လုပ်ငန်းစု၏ အလုပ်သင်္ကေတများတွင် အမျိုးသမီးများ လုပ်ကိုင်သည့်အလုပ်ကို ကျွမ်းကျင်ဖို့ မလိုသော အလုပ်ဟု သတ်မှတ်ပြီး၊ အမျိုးသမီးများကို အလုပ်ကြမ်းများ လုပ်စေသော်လည်း၊ အမျိုးသားများ လောက် လုပ်ခလစာရော တက်လမ်းအခွင့်အရေးပါ နည်းပါသည်(ILO, 2011b)။

အဓိက အလုပ်သမား အခွင့်အရေးများ ချိုးဖောက်မှုကြောင့် စီးပွားလုပ်ငန်း၏ စွမ်းဆောင်မှု ကို ထိခိုက်စေသော လူမှုရေး တင်းမာမှု အနှောင့်အယှက်များ ပေါ်ပေါက်ရန် စေ့ဆော်နိုင်သည်။ ခွဲခြားဆက်ဆံသည့် အလုပ်အကိုင် ရှာဖွေ ခန့်ထားသော အလေ့အထများ ကျင့်သုံးသည့် စီးပွားလုပ်ငန်းတစ်ခုသည် ကျွမ်းကျင်မှုနှင့် အရည်အချင်းများ ပိုမို တိုးချဲ့ ရှာဖွေနိုင်မည့် အစွမ်းအစ ရှိသူများကို ရသင့်သလောက် ရမည်မဟုတ်ပါ။ ခွဲခြားဆက်ဆံခြင်းမှ အခြေခံသည့် တရားမျှတမှု မရှိ၊ ခံပြင်းသည့် စိတ်များ ကြောင့် အလုပ်သမားများ၏ စွမ်းဆောင်မှုကို ကျဆင်းစေနိုင်သည် (ILO, 2008)

## ***အန္တရာယ်လျော့ကျစေရေး အစီအမံများ***[35]

### ***အလုပ်သမား ကာကွယ်စောင့်ရှောက်ရေး***

- အလုပ်အကိုင်ရှာဖွေခန့်ထားမှုတွင် **အခွင့်အရေးနှင့် ဆက်ဆံရေး တန်းတူညီမျှမှု အခြေခံစည်းမျဉ်း** ဖြင့် လုပ်ငန်းလည်ပတ်မှု တစ်လျှောက်လုံး လမ်းညွှန်ပြုပါ။ အချို့ သီးခြား အလုပ်အကိုင်များတွင်၊ အလုပ်အကိုင်အခွင့်အလမ်း ပိုမို တန်းတူ ညီမျှရေးအတွက် ဖြစ်စေ၊ အလုပ်အကိုင် ခန့်ထားရေးတွင် ထိုအလုပ်တစ်ခုက လိုအပ်သည့် စည်းမျဉ်းများ၊ အလုပ်သမား အရည်အချင်းများနှင့် ပတ်သက်၍ဖြစ်စေ၊ အစိုးရ မူဝါဒများဖြင့် သီးခြား ချမှတ်ပြီး ရွေးချယ် ခန့်ထားသည့် အခြေအနေမျိုးမှလွဲ၍၊ အလုပ်သမားများအား အလုပ်အကိုင် ရှာဖွေ ခန့်ထားသည့်အခါ လူမျိုး၊ အသားရောင်၊ လိင်တိမ်းညွတ်မှု သို့မဟုတ် ကျား-မ ဖြစ်တည်မှု၊ ဘာသာရေး၊ နိုင်ငံရေး အယူအဆ၊

မျိုးရိုးဇာတိ သို့မဟုတ် မွေးရာပါ လူမှု အဆင့်အတန်းသို့မဟုတ် အခြား အနေအထားကဲ့သို့ အကြောင်းများကြောင့် ခွဲခြားဆက်ဆံခြင်း မပြုရပါ။အရည်အချင်း၊ ကျွမ်းကျင်မှု နှင့် အတွေ့အကြုံများကို အခြေခံ၍ အလုပ်သမား စုဆောင်းရေး၊ နေရာ ချထားရေး၊ သင်တန်းပို့ချရေး နှင့် ဝန်ထမ်း အဆင့်တိုင်းအတွက် တိုးတက်ရာတိုးတက်ကြောင်းအတွက် လုပ်ဆောင်ပါ။ [36]

- ကလေးလုပ်သား ခိုင်းစေမှု ပပျောက်ရေးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ရန် အလုပ်အကိုင် ရှာဖွေစုဆောင်းသည့်အခါဖြစ်စေ အလုပ်ခန့်သည့်အခါ ဖြစ်စေ **အနည်းဆုံး ရှိရမည့် အသက်အရွယ်** သတ်မှတ်ချက်ကို လေးစားလိုက်နာပါ။[37]
- မည်သည့်အလုပ် သို့မဟုတ် ဝန်ဆောင်မှု ဖြစ်စေ၊ လူတစ်ဦးတစ်ယောက်၏ အလိုဆန္ဒမပါဘဲ၊ အတင်းအကျပ် ခြိမ်းခြောက်မှုကြောင့်ဖြစ်စေ၊ ပြစ်ဒဏ်ပေးသဖြင့် ဖြစ်စေ ခိုင်းစေမှုများ ပါဝင်သည့် **အဓမ္မစေခိုင်းမှု** မြောက်သည့် အလုပ်ခန့်ခြင်း သို့မဟုတ် အမြတ်ထုတ်ခြင်းတို့ကို ရှောင်ကြဉ်ပါ။
- မိမိလုပ်ငန်းနှင့် ပထမအဆင့် ဆက်ဆံရသည့် လုပ်ငန်းကွင်းဆက်အတွင်း ကလေး လုပ်သားစေခိုင်းမှု၊ အဓမ္မ စေခိုင်းမှု လုပ်ရပ်များ သို့မဟုတ် အန္တရာယ်သစ်များ၊ ကြီးမားသည့် အပြောင်းအလဲများကို သိရှိနိုင်ရန် စဉ်ဆက်မပြတ် **စောင့်ကြည့်လေ့လာ**ပြီး၊ ထိုပထမအဆင့် ပေးသွင်းသူများနှင့် အတူ အမှားပြင် ပြန်လည်တည့်မတ်ရေး ကုစားရေး စတင်အရေးယူ ဆောင်ရွက်ပါ။ [38]

## *ကောင်းမွန်ထိုက်သင့်သည့် လုပ်ငန်းခွင်အခြေအနေများ*

- **မိမိနှင့် အလားတူ အလုပ်ရှင်များမှ လိုက်နာကျင့်သုံးသည့် စံနှုန်းများ**ထက် မနိမ့်ကျသော အလုပ်အကိုင်ရှာဖွေခန့်ထားရေး စံနှုန်းများနှင့် လုပ်ငန်းစုဆိုင်ရာ ဆက်ဆံရေးများကို လိုက်နာပါ။ မိမိလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံတွင် မိမိနှင့် အလားတူ လုပ်ငန်းရှင်များ မရှိပါက၊ အစိုးရ မူဝါဒ ဆိုင်ရာ မူဘောင်အတွင်းမှ၊ တတ်နိုင်သမျှ အထိုက်သင့်ဆုံး လုပ်ခလစာများ၊ အကျိုးခံစားခွင့်များနှင့် လုပ်ငန်းခွင်အခြေအနေများ ဆောင်ကြဉ်းပါ၊ အနည်းဆုံးအားဖြင့်၊ အလုပ်သမားများနှင့် ၄င်းတို့၏ မိသားစုဝင်များ၏ အခြေခံ လိုအပ်ချက်များကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်သင့်သည်။ [39]
- အလုပ်သမားများ **အလုပ်အကိုင် တည်မြဲ**အောင် ကြိုးပမ်းပြီး အလုပ်အကိုင် တည်ငြိမ်ရေးနှင့် လူမှုဖူလုံရေးဆိုင်ရာ လွတ်လပ်စွာ ညှိနှိုင်း သဘောတူထားသည့် တာဝန်များကို လေးစားလိုက်နာပါ။ [40]
- အလုပ်အကိုင်များအပေါ် ကြီးမားသော သက်ရောက်မှုများ ရှိမည့် လုပ်ငန်းလည်ပတ်မှု အပြောင်းအလဲများ လုပ်ဆောင်ရန် စဉ်းစားသည့်အခါ၊ အလုပ်သမား ကိုယ်စားလှယ်များအား **ထိုသို့ အပြောင်းအလဲ ပြုလုပ်မည့်အကြောင်း အချိန်လုံလောက်စွာ ကြိုတင် အကြောင်းကြား ပါ၊** သင့်လျော်လိုအပ်သည့်အခြေအနေတွင် သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များကိုပါ အကြောင်းကြား၍၊ ၄င်းတို့နှင့် ဆိုးကျိုးရိုက်ခတ်မှုများ များနိုင်သမျှ အများဆုံး လျှော့ချရန် ပူးပေါင်းဆောင်ရွက်ပါ။ [41]

## *အလုပ်သမား ကိုယ်စားပြုခြင်းနှင့် စုပေါင်းတောင်းဆိုခြင်း*

- အလုပ်သမားများ၏ ရည်မှန်းချက်နှင့် အညီ၊ နှစ်ဦးနှစ်ဖက် နားလည်မှုနှင့် ယုံကြည်စိတ်ချမှု ရှိခြင်း၏ ဝန်းကျင် ရှိရန် မည်မျှအရေးကြီးသည်ကို အသိအမှတ်ပြုပါ။ .[42]
- အလုပ်သမားများသည် မည်သည့်နည်းနှင့်မျှ ခွဲခြားဆက်ဆံခံရခြင်းမရှိ၊ အာဏာဖြင့် ဝင်ရောက်စေခြင်းမရှိဘဲ၊ ၎င်းတို့၏ ဆန္ဒအရ **အဖွဲ့အစည်း တည်ထောင်ခွင့်နှင့် ပါဝင်ခွင့်ရှိ**သည်။
- နိုင်ငံအဆင့် လူမှု ဖွံ့ဖြိုးရေး မူဝါဒများ လေးစားလိုက်နာမှု သေချာစေရန်အလို့ငှာ၊ အလုပ်ရှင်နှင့် အလုပ်သမားများ၊ ၎င်းတို့၏ ကိုယ်စားလှယ်များ အကြားရော၊ ကြီးကြပ်ရေးအာဏာပိုင်များနှင့်ပါ နှစ်ဦးနှစ်ဖက် သက်ဆိုင်သည့် ကိစ္စရပ်များကို ပုံမှန် **တိုင်ပင် ဆွေးနွေးမှု နှင့် ပူးပေါင်းဆောင်ရွက်မှု** လုပ်နိုင်ရန် စနစ်များ ထူထောင်ပါ။
- အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် အခြေအနေများအပေါ် အဓိပ္ပါယ်ပြည့်ဝသည့် ညှိနှိုင်းမှုများ ပြုလုပ်ရာတွင် အထောက်အကူ ဖြစ်စေရန်နှင့် လုပ်ငန်း၏ စွမ်းဆောင်မှု အခြေအနေမှန်ကို ရရှိနိုင်ရန် အတွက်၊ အလုပ်သမားများနှင့် ၎င်းတို့၏ ကိုယ်စားလှယ်များအား **သတင်းအချက်အလက်များ** ပုံမှန်ပေးနိုင်မည့် စနစ်များ ထူထောင်ပါ။ [43]
- စီမံခန့်ခွဲမှုအားဖြစ်စေ၊ သင့်လျော်လျှင် သင့်လျော်သလို ကြီးကြပ်ရေးအာဏာပိုင်များအား ဖြစ်စေ၊ ဥပဒေ၊ အိုအီးစီဒီ လမ်းညွှန်များ သို့မဟုတ် လုပ်ငန်း၏ မူဝါဒများ နှင့် ဆန့်ကျင်သည့် အလေ့အကျင့်များ တွေ့ရှိသဖြင့်၊ သဘောရိုးဖြင့် အစီရင်ခံသော အလုပ်သမားများအား **နှိမ်ခြင်း သို့မဟုတ် ပြစ်ဒဏ်ပေးခြင်းများ** ရှောင်ကြဉ်ပါ။
- အလုပ်သမား ကိုယ်စားလှယ်များနှင့် ညှိနှိုင်းမှုများတွင် မတရား သြဇာ သက်ရောက် စေရန် သော်လည်းကောင်း၊ အလုပ်သမားအခွင့်အရေး အရ စည်းရုံးခြင်းကို နှောင့်နှေးဟန့်တားရန် သော်လည်းကောင်း၊ အလုပ်သမားများအား ၎င်းတို့လုပ်ကိုင်နေသည့် လုပ်ငန်းဌာန တစ်ခုလုံးမှ ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းမှ ဖြစ်စေ၊ သို့တည်းမဟုတ် အခြားနိုင်ငံများရှိ မိမိတို့ထိန်းချုပ်မှုရှိသည့် လူ၊ အဖွဲ့များမှ **ပြောင်းရွှေ့ရန်** ခြိမ်းခြောက်ခြင်း မပြုရ။
- **အလုပ်သမား ကိုယ်စားလှယ်များ**အား တန်ပြန်ခြင်း၊ ဝင်ရောက်နှောင့်ယှက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း များ မပြုလုပ်ရ။[44]
- **စုပေါင်းတောင်းဆိုခြင်း သို့မဟုတ် အလုပ်သမား စီမံခန့်ခွဲမှု ဆက်ဆံရေး**များ၌ ညှိနှိုင်းဆွေးနွေးရန် အလုပ်သမား ကိုယ်စားလှယ်များအား လုပ်ပိုင်ခွင့်ပေးပါ။
- စုပေါင်းတောင်းဆို သဘောတူညီမှုများတွင် ၎င်းတို့၏ အဓိပ္ပါယ်ဖွင့်ဆိုပုံနှင့် ကျင့်သုံးပုံ မှ ပေါ်ပေါက်သည့် **အငြင်းပွားမှုကို ဖြေရှင်းရန်** အတွက်လည်းကောင်း၊ တာဝန် နှင့် ဝတ္တရားများကို နှစ်ဦးနှစ်ဖက် လေးစားလိုက်နာမှု သေချာစေရန်အတွက်လည်းကောင်း၊ လိုအပ်သည့် အပိုဒ်များ ထည့်သွင်းပါ။ [45]

### *ဒေသခံများအားအလုပ်အကိုင်ခန့်ထားရေး*

- ဒေသခံ များကို တတ်နိုင်သမျှ လက်တွေ့ကျပြီး ခွဲခြား ဆက်ဆံမှု ကင်းစွာဖြင့် စီမံခန့်ခွဲသည့် ရာထူးများ အပါအဝင်၊ **ငှားရမ်း ခန့်ထားပြီး** အလုပ်သမား ကိုယ်စားလှယ်များ၊ လိုအပ်ပါက သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များ၏ ပူးပေါင်းမှုဖြင့် ကျွမ်းကျင်မှုအဆင့်တိုးတက်စေရန်၊ သင်တန်းပို့ချပါ။ [46]

### *သင်တန်းပို့ချရေး*

- လုပ်ငန်းလည်ပတ်မှုများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်အတွက်၊ အဆင့်တိုင်းတွင် ရှိသော အလုပ်သမားများ **ဆီလျော်သည့် သင်တန်းများ** ရရှိရေး သေချာအောင် ဆောင်ရွက်ပါ။ လိုအပ်သင့်လျော်ပါက၊ သက်ဆိုင်ရာ အစိုးရ အာဏာပိုင်များ၊ အလုပ်ရှင်အဖွဲ့များ အလုပ်သမားအဖွဲ့များ နှင့်ပါ ပူးပေါင်း လုပ်ဆောင်ပါ။ ထိုကဲ့သို့ သင်တန်းပို့ချမှုများသည် အသုံးဝင်သည့် ကျွမ်းကျင်မှုများ ပျိုးထောင်သည့် သင်တန်းများ၊ အလုပ်အကိုင်အခွင့်အလမ်း မြှင့်တင်သည့် သင်တန်းများ တတ်နိုင်သမျှ ဖြစ်သင့်သည်။
- ဖွံ့ဖြိုးဆဲနိုင်ငံများတွင် လုပ်ငန်းလုပ်ကိုင်သည့်အခါ၊ အစိုးရများက အားပေးတိုက်တွန်းသည့်၊ အလုပ်ရှင် အလုပ်သမားများအ ဖွဲ့အစည်းများက ထောက်ခံသည့် အစီအစဉ်များတွင် ပါဝင်ဆောင်ရွက်ပါ။ ထိုအစီအစဉ်များသည် **ကျွမ်းကျင်မှု ပျိုးထောင်ရန်၊** အသက်မွေးဝမ်းကျောင်းမှုအတွက် လမ်းညွှန်ရန် အထောက်အကူဖြစ်သည့် အစီအစဉ်များကို ရည်ရွယ်သည်။ [47]
- **လူငယ်များ**အတွက် စွမ်းဆောင်ရည်မြှင့်တင်ရန်၊ ထိုက်သင့်သည့်အလုပ် အကိုင်နှင့် ကိုယ်တိုင် စွန့်ဦးတီထွင်မှု အခွင့်အလမ်းများရရှိရန်၊ အမျိုးသမီးများမှ သင်တန်း အခွင့်အလမ်းများ တိုးမြှင့်ရရှိရန်တို့အတွက်၊ သင့်လျော်သည့် သင်တန်းများ၊ ပညာရေးနှင့် သွန်သင်ပြသရေး အစီအစဉ်များ ဆောင်ကြဉ်းပါ။[48]
- ဖြစ်နိုင်သည့်အခါများတွင်၊ နိုင်ငံအဆင့် ဖွံ့ဖြိုးရေးကို ထည့်ဝင်မှုပေးသည့် တစ်စိတ် တဒေသအဖြစ် အစိုးရများက စီစဉ်သည့် သင်တန်းအစီအစဉ်များတွင် အကူအညီပေးရန် အတွက်၊ **လုပ်ရည်ကိုင်ရည်ရှိသော ကျွမ်းကျင်သူများ၏ ဝန်ဆောင်မှုများ**ရရှိနိုင်ရန် ဆောင်ရွက်ပါ။ [49]

## ၄။ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေး

### *အန္တရာယ်များ*

စိုက်ပျိုးရေးအလုပ်တွင် အလုပ်သမားများအတွက် အလွန် အန္တရာယ်များသည့် လုပ်ငန်းဆောင်တာများ ပါဝင်လေ့ရှိရာ၊ စိုက်ပျိုးလုပ်ကိုင်သူ အများအပြား လုပ်ငန်းခွင် ထိခိုက် ဒဏ်ရာရမှုများနှင့် အနာရောဂါများ ခံစားကြရသည်။ ရာသီဥတုကြမ်းတမ်းခြင်း၊ အန္တရာယ် ရှိသော တိရစ္ဆာန်အကောင်များ သို့မဟုတ် အပင်များနှင့် အနီးကပ်ထိတွေ့လုပ်ကိုင်ရခြင်း၊ ဓာတုဆေးများ အလွန်အကျွံသုံးစွဲခြင်း၊ အဆင်မပြေသည့် ကိုယ်နေဟန်ထားဖြင့် အချိန်ကြာမြင့်စွာ လုပ်ကိုင်ရခြင်း၊ အန္တရာယ်ရှိသော စက်ပစ္စည်း ကိရိယာများ အသုံးပြု လုပ်ကိုင်ရခြင်းတို့အားလုံးသည် ကျန်းမာရေး ပြဿနာများ ဖြစ်ပွားစေသည် (IFPRI, 2006)။ ဥပမာ- ပိုးသတ်ဆေး အဆိပ်အတောက်ကြောင့် တစ်နှစ်လျှင် လူ ၂

သန်းမှ ၅ သန်း ခန့် အဆိပ်ဖြစ်ပြီး၊ ထိုခံစားရသူများအနက် ၄၀,၀၀၀ ခန့် သေဆုံးရသည်(ILO, 2005 and 2011b)။ မြေအသုံးချမှု ပုံစံအပြောင်းအလဲများ၊ သဘာဝ ဘေးအန္တရာယ်ဒဏ်များကို (ရေကြီးမှု၊ မြေပြိုမှုနှင့် မီးဘေး) လျှော့ချပေးသည့် စိမ့်မြေများ၊ လမုတောများနှင့် ကုန်းမြေမြင့်သစ်တောများကဲ့သို့ သဘာဝအလျောက် ဘေးဒဏ်ကို ကြားခံပေးသည့် နယ်မြေများ ဆုံးရှုံးခြင်း၊ သို့မဟုတ် သောက်သုံးရေ အရည်အသွေး၊ ပမာဏနှင့် ရရှိနိုင်မှု လျော့နည်းလာခြင်း အပါအဝင် သဘာဝ သယံဇာတများ နည်းပါးလာခြင်း အရည်အသွေးညံ့ဖျင်းလာခြင်း တို့ကြောင့် ရပ်ရွာလူထုအတွက် ခုခံနိုင်စွမ်း နည်းလာနိုင်သည်၊ ဘေးအန္တရာယ်ရှိသည့် ရိုက်ခတ်မှုများ ပေါ်ပေါက်လာနိုင်သည် (IFC, 2012)။

လူသားကျန်းမာရေးအတွက် အစားအသောက်ထဲတွင် ဇီဝ၊ ဓာတု သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်မြင့်မားသောကြောင့် အန္တရာယ်ဖြစ်လာနိုင်သည်။ ဤအန္တရာယ်များသည် ပတ်ဝန်းကျင် (ဥပမာ- အဆိပ်အတောက်ဖြစ်စေသည့် သတ္တုများ၊ ဒိုင်အောက်ဆင်များ နှင့် သဘာဝအလျောက် ဖြစ်သည့် အဆိပ်များ မှလည်းကောင်း)၊ စိုက်ပျိုးရေးလုပ်ငန်းမှလည်းကောင်း (ဥပမာ- တိရစ္ဆာန် ဆေးဝါးများနှင့် ပိုးသတ်ဆေးများအကြွင်းအကျန်များ) ၊ ကုန်စည် ကိုင်တွယ်မှု စနစ်မကျသဖြင့်လည်းကောင်း (ဥပမာ- ရောဂါဖြစ်စေတတ်သည့် ပုံစံခွက်များ) ထိုမှ စတင် ပေါ်ပေါက်သည်။ ရုပ်ပိုင်းဆိုင်ရာ အန္တရာယ်များတွင် အညစ်အကြေး၊ ပိုးမွှားများ၊ ဆံချည်၊ သို့မဟုတ် ပလတ်စတစ်များ ပါဝင်သည်။ ဇီဝ လုံခြုံရေး အစီအမံများနှင့် သန့်ရှင်းသောရေ အသုံးပြုမှု ‘ လယ်ယာမှ စားပွဲသို့’ ထိန်းချုပ်ရေး စနစ် အပြည့်အစုံ အပါအဝင် အစားအသောက် စီမံခန့်ခွဲရေး စနစ်များဖြင့် ဤအန္တရာယ်များကို တားဆီးနိုင်သည်။

လူသားကျန်းမာရေးသည် တိရစ္ဆာန် ကျန်းမာရေးနှင့် နီးစပ်စွာ ဆက်နွှယ်နေသည်။ “ “One Health” ဟူသည့် သဘောတရားကို လူသား၊ တိရစ္ဆာန်နှင့် ပတ်ဝန်းကျင် ထိတွေ့ဆက်စပ်သည့် ဆုံချက်မှ စ၍၊ တိရစ္ဆာန် များအား ရောဂါဖြစ်စေတတ်သော ရောဂါပိုးမွှားများကို တားဆီး ထိန်းချုပ်ရန် ရည်ရွယ်သည့် မူဝါဒများဖြင့် ပြည်သူ့ကျန်းမာရေး စောင့်ရှောက်နိုင်ရန်အတွက် တည်ရှိသည့် အဓိက အခွင့်အရေးများကို သိနားလည်သည့်အလျောက် တည်ဆောက် ထားခြင်း ဖြစ်သည်။ ဤသဘောတရားကို အစိုးရများက အတည်ပြုထောက်ခံ၍၊ လူသားနှင့် တိရစ္ဆာန်များကို ထိခိုက်စေသည့် ရောဂါများ ကာကွယ်ရန် ရည်ရွယ်သည့် အစီအမံများ ဆောင်ရွက်ခြင်းဖြစ်ပြီး၊ နှစ်ဖက်စလုံးအတွက် ပဋိဇီဝဆေးများကို တာဝန်ယူမှု ရှိစွာ အသုံးပြု သေချာစေရန် ဆောင်ရွက်ခြင်းဖြစ်သည်[50] ။ လူသားတွင် ကူးစက်ရောဂါ ဖြစ်ပွားစေသည့် ပိုးမွှား ၆၀% သည် တိရစ္ဆာန်မှ စတင်ကူးစက်ခြင်းဖြစ်သည်။ ဤရောဂါများကို zoonoses ဟုခေါ်ပြီး၊ အိမ်တွင်း တိရစ္ဆာန်မှ ဖြစ်စေ တောရိုင်း တိရစ္ဆာန်မှ ဖြစ်စေ ကူးစက်နိုင်သည်။ လူသားထံ ကူးစက်နိုင်သည့် တိရစ္ဆာန် ရောဂါများသည် တစ်ကမ္ဘာလုံးအတွက် ပြည်သူ့ကျန်းမာရေး အန္တရာယ် ဖြစ်သည်။ လူသားများ အား ကာကွယ်ရန် ထိရောက်ပြီး စီးပွားရေး တွက်ခြေကိုက် သည့် ဖြေရှင်းနည်းမှာ ဇစ်မြစ်ရင်းဖြစ်သည့် တိရစ္ဆာန်မှ စ၍ zoonotic ပိုးမွှား အားလုံးကို နှိမ်နင်းရန် ဖြစ်သည်။

ICESCR သည် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး စံနှုန်းများကို အမြင့်မားဆုံးဖြစ်မြောက်နိုင်သမျှ ဖြစ်မြောက် ခံစားနိုင်သည့်အခွင့်အရေး တဆင့်ပြီးတဆင့် ဖော်ဆောင်ရန် အတွက် ပြဋ္ဌာန်းထားသည် (Article 12)။ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာ ကော်မတီ[51]က ဤလုပ်ပိုင်ခွင့်ကို ‘အားလုံးပါဝင်ပြီး၊ အချိန်အခါမလင့်ဘဲ ထိုက်လျောက် သည့် ကျန်းမာရေး စောင့်ရှောက်မှုအထိ သာမက၊ ဘေးအန္တရာယ်ကင်းပြီး သောက်သုံးနိုင်သည့် ရေနှင့် လုံလောက်သည့်

မိလ္လာစနစ်၊ ဘေးကင်းသည့် အစားအသောက်နှင့် အိုးအိမ်၊ ကျန်းမာရေးနှင့် ညီညွတ်သည့် အလုပ်အကိုင် ပတ်ဝန်းကျင် အခြေအနေများ၊ နှင့် ကျန်းမာရေးနှင့် သက်ဆိုင်သည့် ပညာပေးမှုနှင့် သတင်းအချက်အလက်များ စသည့် ကျန်းမာရေး ဖော်ဆောင်သည့် အောက်ခံအကြောင်း အချက်များပါ ရည်ညွှန်းသည့် ရပိုင်ခွင့်ဟု ဖွင့်ဆိုသည်။ လူ့အခွင့်အရေးအားလုံးကဲ့သို့ပင်၊ ကျန်းမာရေးဆိုင်ရာ အခွင့်အရေးများကို အဖွဲ့ဝင်နိုင်ငံများက လေးစား၊ ကာကွယ်စောင့်ရှောက်၍ ဖြည့်ဆည်းရန် ဆိုသည့် တာဝန် ၃ မျိုး ၃ စား သတ်မှတ် ထားသည် ဟု ကျန်းမာရေး ကော်မတီမှ ဖော်ပြသည်။ ဖြည့်ဆည်းရန် တာဝန်ဟု ဆိုရာတွင် လွယ်ကူချောမွေ့စေခြင်း၊ ဆောင်ကြဉ်းခြင်းနှင့် မြှင့်တင်ခြင်း တာဝန်များ ပါဝင်သည်။ '[52]

ICESCR ကဲ့သို့ လူ့အခွင့်အရေး သဘောတူစာချုပ်များသည် နိုင်ငံများအား ဦးတည် ရည်ညွှန်းခြင်း ဖြစ်သော်လည်း၊ထိုသို့ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေး၏ အမြင့်ဆုံးပြည့်မီနိုင်သည့် စံနှုန်း ခံစားပိုင်ခွင့်ကို အကောင်အထည်ဖော်မှုတွင် စီးပွား လုပ်ငန်းများကြောင့် ဆိုးကျိုးရိုက်ခတ်မှု သက်ရောက် စေနိုင်သကဲ့သို့ တဆင့်ပြီးတဆင့် အကောင်အထည်ဖော်မှုကို ယိမ်းယိုင်စေသည်။ ထို့အတွက်၊ ၎င်းတို့၏ အခန်းကဏ္ဍသည် ဤအခွင့်အရေးကို အဆင့်ဆင့် ဖော်ဆောင်ရာတွင် အရေးကြီးလှသည်။ အထက်တွင် အသေးစိတ် ဖော်ပြခဲ့သည့် ကျန်းမာရေး အန္တရာယ်များအပြင်၊ စိုက်ပျိုးရေးလုပ်ငန်းနှင့် အစားအသောက် စနစ်များကြောင့် လူများ၏ ကျန်းမာရေးကို သွယ်ဝိုက်သောနည်းဖြင့် ထိခိုက်နိုင်သည်။

### *အန္တရာယ် လျှော့ချရေး အစီအမံများ*[53]

- ရိုက်ခတ်ခံရသည့် ရပ်ရွာလူထု၏ ကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် **အန္တရာယ်များနှင့် ရိုက်ခတ်မှုများကို** လုပ်ငန်းလည်ပတ်မှုတစ်လျှောက် မပြတ် အကဲဖြတ်ပါ။
- ကောင်းမွန်သည့် နိုင်ငံတကာ လုပ်ငန်းစုဆိုင်ရာ အလေ့အကျင့်များနှင့်အညီ[54] **ကာကွယ် ထိန်းသိမ်းရေး အစီအမံများ**ကို ဖော်ထုတ်သိရှိရသည့် အန္တရာယ်နှင့် ရိုက်ခတ်မှုများ၏ သဘောသဘာဝနှင့် ဆိုးရွားမှု အတိုင်းအတာနှင့် အချိုးညီစွာ ထူထောင် ပါ။ ထိုရိုက်ခတ်မှုများ မဖြစ်အောင် ရှောင်ကြဉ်ပြီး၊ ရှောင်ရန် မဖြစ်နိုင်ပါက၊ ထိုအန္တရာယ်နှင့် ရိုက်ခတ်မှုများကို အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ပါ။
- အလုပ်သမားများ၊ တတိယအဖွဲ့များနှင့် ရပ်ရွာလူထုအား လုပ်ငန်းလည်ပတ်မှုများမှ ထုတ်လွှတ်သည့် အန္တရာယ်ရှိသည့် ပစ္စည်းများ၊ အရာဝတ္ထုများနှင့် ထိတွေ့မှု မရှိစေရန် ရှောင်ကြဉ်ပါ၊ သို့မဟုတ် အန္တရာယ်ဖြစ်ရန် အလားအလာရှိသည့် အခြေအနေ သို့မဟုတ် ပစ္စည်းများကို အစားထိုးခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ဖယ်ရှားခြင်း၊ ပြီးနောက် အန္တရာယ် ရှိသည့် **ပစ္စည်းနှင့် အရာဝတ္ထုများ** သယ်ယူပို့ဆောင်မှု၊ နှင့် စွန့်ပစ်မှု များတွင် အန္တရာယ်ကင်းရှင်းစေရန် ကျိုးကြောင်းဆီလျော်စွာ ထိန်းသိမ်းခြင်း ဖြင့် နည်းနိုင်သမျှ နည်းအောင် လျှော့ပါ။
- ရပ်ရွာလူထုအပေါ် လုပ်ငန်းလည်ပတ်မှုများမှ ပေါ်ပေါက်သည့် ရေမှ ပေါက်ပွားသည့်၊ ရေအခြေပြုသည့်၊ ရေနှင့် ပတ်သက်သည့်၊ ပိုးမွှားတိရစ္ဆာန်မှ ကူးစက်နိုင်သည့် **ရောဂါများနှ**င့် အခြား

ကူးစက်နိုင်သည့် ရောဂါများ မကူးစက်နိုင်စေရန် ရှောင်ကြဉ်ပါ သို့မဟုတ် ကူးစက် နိုင်ခြေ နည်းနိုင်သမျှ နည်းအောင် လျှော့ချပါ။ ထိုအန္တရာယ် ထိတွေ့ခံစားရသည့် ခုခံနိုင်ခြေ နည်းပါးသည့် အုပ်စုများအတွက် အခြားသူများနှင့် မတူကြောင်း၊ ပိုမို ထိရှလွယ်ကြောင်းကို လည်း အလေးထား စဉ်းစားရသည်။

- ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုများအပါအဝင်။ ဒေသခံ အစိုးရဌာနများ နှင့်အခြား သက်ဆိုင်ရာ အဖွဲ့များ အား ထိုသို့ **အရေးပေါ် အခြေအနေ**မျိုးကို ထိရောက်စွာ တုံ့ပြန်ရန် ပြင်ဆင်မှုများ၊ အထူးသဖြင့် ထိုသို့ အရေးပေါ် အခြေအနေများကို တုံ့ပြန်ရန် ၄င်းတို့၏ ပါဝင်ပူးပေါင်းမှု လိုအပ်သည့်အခါမျိုးတွင် ကူညီပါ၊ ပူးပေါင်းဆောင်ရွက်ပါ။ [55]
- Codex Alimentarius,[56] ကဲ့သို့ ကမ္ဘာ့ အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး စံနှုန်းများ နှင့် OIE စံနှုန်းကဲ့သို့ ကမ္ဘာ့ တိရစ္ဆာန် ကျန်းမာရေး စံနှုန်းများ ကို လိုက်နာရန် စဉ်းစားပါ။ [57]
- အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး သာမက လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စီမံခန့်ခွဲမှု နှင့် ယုံကြည်မှု တိုးမြှင့်ရေးလုပ်ငန်းပိုမို အဆင်ပြေ ချောမွေ့စေရန် ခြေရာကောက် သည့်နည်းကို တိုးမြှင့်လုပ်ဆောင်ပါ။ [58]

## ၅။ စားနပ်ရိက္ခာဖူလုံရေး နှင့် အာဟာရ ပြည့်ဝရေး

### *အန္တရာယ်များ*

ICESCR (Article 11) အရ၊ အစားအစာလုံလောက်ရေးသည် လုံလောက်သည့် လူမှုအဆင့်အတန်း ပြည့်မီပိုင်ခွင့်၏ တစ်စိတ်တစ်ဒေသဖြစ်သည် [59] ။ ICESCR အဖွဲ့ဝင် နိုင်ငံများသည် လုံလောက်သည့် အစားအစာရရှိရေး အပါအဝင်၊ လုံလောက်သည့် လူမှုအဆင့်အတန်းပြည့်မီပိုင်ခွင့်ကို အဆင့်ဆင့် အကောင်အထည်ဖော်နိုင်ရန် ခြေလှမ်းပြင် ဆောင်ရွက်သည်။ ICESCR သည် လူတိုင်း၏ အခြေခံ အခွင့်အရေး ဖြစ်သည့် ဆာလောင်မွတ်သိပ်ခြင်းမှ ကင်းဝေးရေးကိုလည်း အသိအမှတ်ပြုသည်။ ဤအခွင့်အရေးကို အသိအမှတ်ပြုလျက်၊ အဖွဲ့ဝင်နိုင်ငံများသည် အစားအစာထုတ်လုပ်နည်း၊ ထိန်းသိမ်းနည်းနှင့် ဖြန့်ချိနည်းများ တိုးတက်ကောင်းမွန်စေရန် လိုအပ်သည့် အစီအမံများ ချမှတ်သင့်သည်။ ထိုနည်းတူ၊ အစားအစာ တင်သွင်းသည့်နိုင်ငံ နှင့် တင်ပို့သည့် နိုင်ငံ နှစ်ခုလုံး၏ ပြဿနာများကိုပါ စဉ်းစားသင့်သည် စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေး ကော်မတီ (Committee on Economic, Social and Cultural Rights) က ဤအခွင့်အရေးများကို 'ယောက်ျား၊ မိန်းမနှင့် ကလေးတိုင်းသည် တစ်ဦးချင်းဖြစ်စေ ရပ်ရွာအသိုင်းအဝိုင်းအတွင်းတွင်ဖြစ်စေ၊ အချိန်မရွေး လုံလောက်သည့် အစားအစာ ရယူနိုင်လျှင် သို့မဟုတ် ၄င်းကို ဝယ်ယူနိုင်သည့် ငွေကြေး ရှိလျှင်၊ ဤ အခွင့်အရေးများ ပြည့်မီသည်' ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ ယင်းကော်မတီအဆိုအရ ' အခြား လူ့အခွင့်အရေးများကဲ့သို့ပင်၊ လုံလောက်သည့် အစားအစာ ရရှိရေးအတွက် ဤ အခွင့်အရေးကို လေးစား၊ ကာကွယ်စောင့်ရှောက်ပြီး ဖြည့်ဆည်းရန်' ဟူ၍ အဖွဲ့ဝင်နိုင်ငံများအပေါ် တာဝန် ၃ မျိုး ၃ စား သတ်မှတ်သည်။ ထို့ပြင် ' လူသားများ၏ အစားအစာအတွက် ရင်းမြစ် အခြေခံကို ကာကွယ်ရန် တာဝန် တစ်စိတ်တဒေသအဖြစ်၊ အဖွဲ့ဝင်နိုင်ငံများသည် ပုဂ္ဂလိက စီးပွားရေး ကဏ္ဍနှင့် လူမှု အသိုက်အဝန်းတို့၏

လုပ်ရှားမှုက အစားအစာ ရရှိပိုင်ခွင့်နှင့် သဟဇာတ ဖြစ်စေရန် သင့်လျော်လိုအပ်သည့် ခြေလှမ်းများ ပြင်သင့်သည်' ဟု ဖော်ပြသည်။ [60]

နိုင်ငံအဆင့် စားနပ်ရိက္ခာဖူလုံရေးကိစ္စတွင် လုံလောက်သည့် အစားအစာ ရပိုင်ခွင့် ပြည့်မီရန် အဆင့်ဆင့် အကောင်အထည်ဖော်မှုကို ပံ့ပိုး ရန် FAO အလွတ်သဘော လမ်းညွှန်များ သည် လုံလောက်သည့် အစားအစာရပိုင်ခွင့် အကောင်အထည်ဖော်မှုကို အစိုးရများအား လမ်းညွှန်ပြသည်။ ထိုလမ်းညွှန်၌ အရေအတွက်အားဖြင့်ရော၊ အရည်အသွေးအားဖြင့်ပါ၊ လူတစ်ဦးချင်း၏ အာဟာရ လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်သည်အထိ အစားအစာလုံလောက်စွာ ရရှိအောင် မြှင့်တင် ဆောင်ရွက်ရေး အပြင်၊ အစားအစာအတွင်း အန္တရာယ်ရှိသည့် ပစ္စည်းများ မပါဝင်ရေး၊ ရှိရင်း ထုံးစံအရ လက်ခံနိုင်သည့် နည်းဖြင့် ဖြစ်စေ၊ ဝယ်ယူနိုင်သည့် နည်းလမ်းများဖြင့်ဖြစ်စေ လုံလောက်သည့် အစားအစာ ရရှိနိုင်ရေး နှင့် ဝယ်ယူရန် ငွေကြေး လက်ဝယ်ရှိရေး ပါဝင်နိုင်သည်။

ဤလမ်းညွှန်များအရ အစိုးရများအား အစားအစာအားလုံးသည် ပြည်တွင်း သို့မဟုတ် ပြည်ပတွင် ထုတ်လုပ်ရရှိသည်ဖြစ်စေ၊ ဈေးကွက်တွင် အခမဲ့သို့မဟုတ် ရောင်းချ၍ ရရှိ သည် ဖြစ်စေ၊ ဘေးကင်းပြီး နိုင်ငံအဆင့် အစားအစာ ဘေးအန္တရာယ်ကင်းရှင်းရေး စံနှုန်းများနှင့် ကိုက်ညီမှု သေချာစေသည့် အစီအမံများ ချမှတ်ရန် တိုက်တွန်းထားသည်။ ထို့အပြင် ဤလမ်းညွှန်များဖြင့် တိရစ္ဆာန် စာ အပါအဝင်၊ အစားအစာ ကွင်းဆက်တစ်ခုလုံးအတွင်း အစားအစာ ဘေးအန္တရာယ်ကင်းရေး သေချာအောင် လုပ်ဆောင်ရန်အတွက်၊ အန္တရာယ် ပိုင်းခြား သုံးသပ်နည်းနှင့် ကြီးကြပ်ရေး စနစ်ယန္တရားများ အသုံးပြုကာ၊ အစားအစာမှ ဖြစ်ပွားသည့် ရောဂါအန္တရာယ်များ လျှော့ချသည့် ကျယ်ပြန့်ပြီး ကျိုးကြောင်း သင့်တင့်သည့် အစားအစာ ထိန်းချုပ်ရေး စနစ်များ ထူထောင်ရန် အစိုးရများအား အကြံပေးထားသည်။

FAO လမ်းညွှန်များက နိုင်ငံများအတွက် ဦးတည်ချမှတ်ထားသည် မှန်သော်လည်း၊ စီးပွားလုပ်ငန်း များသည် အရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်သည်။ ၂၀၀၈ ခုနှစ် အစားအစာ ဈေးနှုန်းများ မြင့်တက်လာပြီးနောက်၊ အစားအစာ စိုက်ပျိုးရေးကဏ္ဍအတွင်း ရင်းနှီးမြှုပ်နှံမှုများ တိုးမြင့်လာသည်၊ မျှော်မှန်းသည့် လိုအပ်မှုကို ဖြည့်ဆည်းရန်၊ တစ်ကမ္ဘာလုံးရှိ အစားအစာထုတ်လုပ်မှုကို ၂၀၅၀ တွင် ၆၀% တိုးမြှင့် ထုတ်လုပ်ရန် လိုသည်ဟု ခန့်မှန်းရသည်။ ယင်းသို့ ရင်းနှီးမြှုပ်နှံမှု များလာခြင်းသည် ထုတ်လုပ်မှု တိုးမြှင့်လာပြီး၊ ဆင်းရဲမွဲတေမှု လျှော့ချကာ စီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ဖော်ဆောင်မည့် သဏ္ဍာန် ရှိသော်လည်း၊ အစားအစာ အလှမ်းမီမှုအပေါ် နည်းအမျိုးမျိုးဖြင့် ထိပါး စေနိုင်သည်။ အထင်ရှားဆုံး ဆိုးကျိုးသက်ရောက်မှုမှာ မြေဧရိယာအများအပြားသိမ်းယူခြင်းကြောင့် ရပ်ရွာလူထု အိုးအိမ် ပစ်ခွာ ရွှေ့ပြောင်းခံရခြင်း သို့မဟုတ် အစားအစာ အလှမ်းမီမှု ခက်ခဲခြင်းတို့ ဖြစ်နိုင်သည် (FAO, 2010).

## *အန္တရာယ်လျော့ကျစေရေးအစီအမံများ*

- အစားအစာ ရရှိနိုင်မှု နှင့် အလှမ်းမီမှု၊ဒေသခံများအလုပ်အကိုင် ရရှိမှု၊ ကြိုက်နှစ်သက်ရာ အာဟာရ ရွေးချယ်မှုများနှင့် အစားအစာ ပေးသွင်းမှု တည်ငြိမ်မှုတို့အပေါ်၊ **စီးပွားလုပ်ငန်း များကြောင့် ကျရောက်နိုင်သည့် ရိုက်ခတ်မှု**တို့ကို တတ်နိုင်သမျှ ထည့်သွင်း စဉ်းစားပြီး ဒေသခံအစိုးရများ၊ အခြား သက်ဆိုင်ရာ အကျိုးဆက်စပ်သူများနှင့် ပူးပေါင်းဆောင်ရွက်ပါ။

- သင့်လျော်လိုအပ်သည့်အခြေအနေတွင်၊ အကျိုးဆက်စပ်သူအသီးသီး၏ **အစားအစာနှင့် ဆက်စပ်သည့် စိုးရိမ်မှုများ**ကို သိရှိအောင် ဖော်ထုတ်ပြီး၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဦးတည်ချက် များ ပြည့်မီရေး အတွက် ဗျူဟာများကို အကဲဖြတ်သုံးသပ်ပါ။ တစ်ချိန်တည်းတွင်ပင်၊ မတူ ကွဲပြားသော အကျိုး ဆက်စပ်သူများ ၏ အစားအစာနှင့် ဆက်စပ်သည့် စိုးရိမ်မှုများ ကို အလေးထားလျက်၊ ထိုသက်ဆိုင်သူများနှင့် တိုင်ပင် ဆွေးနွေးမှုများ ပြုလုပ်ပါ။
- စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရ ပြည့်ဝမှုအပေါ် ဆိုးကျိုးရိုက်ခတ်မှု စိုးရိမ်ဖွယ်များကို ဖြေရှင်းရန်၊ တတ်နိုင်သမျှ **စီမံကိန်း ဒီဇိုင်းကို ချိန်ညှိလုပ်**ဆောင်ပါ။ ဥပမာ- အဆိုပြု ရင်းနှီးမြှုပ်နှံမှု လုပ်ငန်း များသည် ရပ်ရွာလူထုအား အိမ်ခြေယာမဲ့ ဖြစ်မည့် စီးပွားပျက်မည့် အခြေအနေ ဆိုက်ရောက် စေမည် ဆိုလျှင်၊ အခြား ဖြစ်နိုင်သည့် ရင်းနှီးမြှုပ်နှံမှု နည်းလမ်းများ စဉ်းစားခြင်း၊ အရည်အသွေး ကျဆင်းနေသည့် မြေကို သိမ်းယူခြင်း သို့မဟုတ် စိုက်ပျိုးရေးအတွက် ယခင်က အသုံးမပြု ရသေးသည့် မြေကို ရွေးခြင်းသည် သဘာဝ ပတ်ဝန်းကျင် အပေါ် အန္တရာယ် မဖြစ်နိုင်ခြင်း၊ သို့မဟုတ် စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရ ပြည့်ဝမှုကို အားပေးပံ့ပိုးရန်အတွက် ရေရှည် အကျိုးငှာ ဆိုးကျိုးရိုက်ခတ်မှုမရှိစေဘဲ စိုက်ပျိုးရေးထုတ်လုပ်မှုကို တိုးတက်စေခြင်း၊
- တတ်နိုင်သရွေ့ ဒေသခံများ၏ အစားအစာ အလုံမ်းမီမှု တိုးတက်ကောင်းမွန်စေရန် နှင့် ခံနိုင်ရည် ရှိမှု နှင့် အာဟာရ ပြည့်ဝမှု တိုးတက်စေရန်[16] - ဘေးကင်းပြီး၊ အာဟာရ ပြည့်ဝသည့် အစားအစာ အမယ် အမျိုးမျိုးကို တိုးတက် ထုတ်လုပ်ခြင်းနှင့် အစားအစာ နှင့် စိုက်ပျိုးရေးကုန်စည်များ ၏ အာဟာရ တန်ဖိုးကို မြှင့်တင်ခြင်း၊ သွင်းအားစုများ၊ နည်းပညာ နှင့် ဈေးကွက် အလုမ်းမီမှု လွယ်ကူ စေခြင်း၊အစုန်လမ်းကြောင်းရှိ လုပ်ငန်းများတွင် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ခြင်း၊ သို့မဟုတ် ရိတ်သိမ်း ပစ္စည်းများ ဆုံးရှုံးမှုနှင့် ဈေးနှုန်းမတည်ငြိမ်မှုတို့ကို လျှော့ချရန် အတွက် ရပ်ရွာ ပိုင် သိုလှောင်ရုံများ ထူထောင်ခြင်းစသည့် **ပံ့ပိုးမှုခြင်းများ** လုပ်ဆောင်ရန် စဉ်းစားပါ။ [62]

## ၆။ သဘာဝ သယံဇာတများကို အလုမ်းမီ အသုံးချပိုင်ခွင့်ရှိရေး

### *အန္တရာယ်များ*

မြေပိုင်ဆိုင်မှု အငြင်းပွားမှုများမှ ပေါ်ပေါက်သည့် မြေအသုံးချခွင့် အန္တရာယ်သည် တိုးတက် ပေါ်ထွန်းလျက်ရှိသော နိုင်ငံများ၌ အထူးအခွင့်အရေးရသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင် ကိန်းဂဏန်းအရ အတော်ကြီးမားသည့် အန္တရာယ်ဖြစ်သည် (Munden Project, 2013)။ ကမ္ဘာ့ဘဏ်နှင့် UNCTAD မှ အကြီးစား စိုက်ပျိုးရေးလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံသည့် လုပ်ငန်းကြီး ၃၉ ခုကို ပိုင်းခြားစိတ်ဖြာမှုပြုရာတွင် မြေအသုံးချမှုသည် ရိုက်ခတ်ခံရသည့် ရပ်ရွာလူထုအတွက် အဖြစ်များဆုံး နစ်နာမှု ပြဿနာဖြစ်သည်ဟု ဖော်ပြထားသည်။ ဖြစ်ရခြင်း အဓိက အကြောင်းမှာ ရပ်ရွာလူထု တွင် မြေအသုံးချခွင့် တရားဝင်မရှိဘဲ၊ အလွတ်သဘောဖြင့်သာ ရှိပြီး၊ စီမံကိန်းလုပ်ငန်းလုပ်ရန် မြေသိမ်းသည့် လုပ်ငန်းစဉ်နှင့် စည်းကမ်းများတွင်လည်း ပွင့်လင်း မြင်သာမှု မရှိခြင်းတို့ကြောင့် ဖြစ်ပွားသည့် မြေအငြင်းပွားမှုများ ဖြစ်သည် (WB, 2014)။ ၂၀၁၃ ခုနှစ်တွင် IFC and MIGA Compliance Advisor

Ombudsman (CAO)[63] သို့ စာဖြင့် တိုင်တန်းချက်များ၌ တင်ပြထားသည့် အကြောင်းအရာတစ်ဝက်မှာ မြေနှင့် စပ်လျဉ်းသည့် ပြဿနာများဖြစ်သည်။ ထို့အပြင် ၂၀၀၀ ပြည့်နှစ်မှ စ၍ CAO မှ ကိုင်တွယ်ရသည့် အမှုအားလုံး၏ လေးပုံတစ်ပုံမှာမြေနှင့် ရေနှင့်ဆက်နွှယ်သည့် ပြဿနာများ ဖြစ်သည်။

ဤသယံဇာတများ အပေါ် ဖိအား တိုးပွားလာသည့်နှင့် အမျှ ၄င်းတို့ကို အလုမ်းမီရေး၊ အရေအတွက်၊ နှင့် စီမံခန့်ခွဲမှု တို့အပေါ် စိုးရိမ်မှုများ ပေါ်ပေါက်လာတတ် သကဲ့သို့ မြေနှင့် ရေတို့သည် ဓလေ့ထုံးစံနှင့် ဖြစ်တည်မှု စသည့် အရာများနှင့် စပ်ယှဥ်လျက်ရှိ တတ်သည်။ CAO ၏ မြေနှင့်ဆက်စပ်သည့် တိုင်ကြားမှုများတွင် တစ်ဦးချင်း တင်ပြသည့် အများဆုံး တိုင်ကြားချက်များမှာ မြေသိမ်းမှု (၂၂%)၊ လျော်ကြေးကိစ္စ (၃၃%) နှင့် ပြန်လည်နေရာချထားမှု (၃၂%) တို့ဖြစ်သည် (CAO, 2013)။ //

အရပ်ဖက် အဖွဲ့အစည်းများမှ စွပ်စွဲတိုင်တန်းချက်များ လက်ခံရရှိသည့် လုပ်ငန်းများအနက်၊ စားသောက်ကုန်နှင့် အဖျော်ယမကာ လုပ်ငန်းစုသည် မြေနှင့် ရေ အလုမ်းမီမှုနှင့် စပ်လျဉ်းသည့် အခွင့်အရေးများ အပေါ် လုံလောက်စွာ အလေးထား စဉ်းစားရန် ပျက်ကွက်သည့်အတွက် တူးဖော်ရေး လုပ်ငန်း ပြီးလျှင် ဒုတိယလိုက်သည် (EC, 2011).[64] ။ မြေကို စိုက်ပျိုးထုတ်လုပ်ရန် ပိုင်ဆိုင်ပစ္စည်း တစ်ရပ်သက်သက်အဖြစ် မမြင်သင့်ပါ။ ၄င်း၏ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှု စီးပွားဆိုင်ရာ အခန်းကဏ္ဍများကိုပါ အသိအမှတ် ပြုသင့်သည်။ မြေသည် သောက်သုံးရေနှင့် ဆည်ရေ အပါအဝင် ဂေဟစနစ် ဝန်ဆောင်မှု အမျိုးမျိုး ပေးဆောင်သည့် ဇစ်မြစ်တစ်ခု ဖြစ်ပြီး၊ လယ်သမားများ အတွက် အားကိုးရာ နှင့် အိုးစာမင်းစာ အာမခံတစ်ခု လည်း ဖြစ်သည်။ မြေသည် ဌာနေတိုင်းရင်းသားများနှင့် ဒေသခံ ရပ်ရွာလူထု ၏ လူမှု၊ ယဉ်ကျေးမှု သို့မဟုတ် ကိုးကွယ်မှု အလေ့အထ တွင် အဓိက အခန်းမှ ပါဝင်သည်။

မြေအသုံးချခွင့်များကို ကာကွယ်စောင့်ရှောက်ရန်မှာ နိုင်ငံများတွင် အဓိက တာဝန် ရှိသော်လည်း၊ စီးပွားလုပ်ငန်းများ အနေနှင့် ဥပဒေ မူဘောင်သည် အမြဲ လုံလောက်ခြင်း မရှိသည်ကို လက်ခံ ရမည်ဖြစ်သည်။ အမှန်တကယ်ပင်၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြေပိုင်ဆိုင်မှု အကွက်များ၏ ၇၀% ခန့်မှာ တရားဝင် မှတ်ပုံတင်ထားခြင်း မရှိပေ။(UN HABITAT, 2015; McDermott *et al.*, 2015)။ သို့ဖြစ်ရာ၊ စီးပွားလုပ်ငန်းများဘက်မှ တရားဝင်လက်ကိုင်ထားသည့် မြေအသုံးချခွင့်များကို လေးစားကြောင်းကို ကြိုတင် အာမခံချက်ပေးသင့်သည်။ အထူးသဖြင့် အောက်ပါ အန္တရာယ်များကို ထည့်သွင်း စဉ်းစား သင့်သည်။

- နိုင်ငံ့ဥပဒေများက တရားဝင် မြေအသုံးချခွင့်၏ အတိုင်းအတာ အပြည့်အဝ အထိ ကျင့်သုံးခြင်း မရှိလျှင် ဖြစ်စေ၊ ထိုဥပဒေများကို ထိရောက်စွာ အကောင်အထည်ဖော်ခြင်း မရှိလျှင်ဖြစ်စေ အန္တရာယ်များ ပေါ်ပေါက်တတ်သည်။ ဥပမာ- နိုင်ငံ၏ မြေပိုင်ဆိုင်မှုနှင့် မှတ်ပုံတင်မှု စနစ်များ ပြည့်စုံ လုံလောက်မှု မရှိခြင်း၊ မြေအသုံးချပိုင်ခွင့်ရှိသူများ-အထူးသဖြင့် အမျိုးသမီးများ-ကို ကာကွယ် စောင့်ရှောက်ရန် ပျက်ကွက်ခြင်း၊ စီးပွားလုပ်ငန်းများအား စီမံကိန်းမြေအဖြစ် သိမ်းယူမှု နှင့် ပတ်သက်သည့် အချက်အလက် မပြည့်စုံခြင်းတို့ ကြောင့် ဖြစ်သည်။ အကယ်၍ မြေသည် ရာသီအလိုက်သာ အသုံးပြုသည့်မြေဖြစ်လျှင်၊ အသုံးပြုထားခြင်းမရှိသည့် မြေ နှင့် တူနေလျှင် မြေအသုံးချခွင့်သည် ပို၍ ရှုပ်ထွေးလာတတ်သည်၊ ဥပမာ- နိုင်ငံတွင်း အိမ်ခြေ စွန့်ခွာရသူများမှ ထားရစ် ခဲ့သည့်မြေဖြစ်လျှင်၊ သို့မဟုတ် တိရစ္ဆာန် စားကျက်မြေအဖြစ်၊ နွားစာ မြင်းစာအဖြစ် သို့မဟုတ် ရွှေ့ပြောင်း စိုက်မြေ

အဖြစ်သာ အသုံးပြုသည့် မြေဖြစ်လျှင်၊ အသုံးပြုခြင်းမရှိသည့် မြေနှင့် တူနေတတ်သည်။ ထိုအခါ စီးပွားလုပ်ငန်းများသည် ၎င်းတို့၏ လုပ်ငန်းဆောင်တာ များကြောင့် ဆိုးကျိုး ရိုက်ခတ် ခံရနိုင်သော မြေယာ အသုံးချခွင့် ရှိသူများ(ဥပဒေအရ ပိုင်ဆိုင်သူ ဖြစ်စေ၊ ဓလေ့ထုံးစံအရဖြစ်စေ၊ ပထမ ပိုင်ရှင်၊ ဒုတိယပိုင်ရှင်၊ တရားဝင်အုပ်စု၊ အလွတ်သဘော အုပ်စု သို့မဟုတ် တစ်ဦးချင်းဖြစ်စေ) ကို တိုင်ပင်ဆွေးနွေးမှုများ အတွင်း ထည့်သွင်းခြင်း မပြုဘဲ ထားတတ်ကြသည်။ (OECD, 2011)

- နိုင်ငံများသည် စီးပွားလုပ်ငန်းများနှင့် အကျိုးဆက်စပ်သူများအကြား တိုင်ပင်ဆွေးနွေးမှုများ အတွက် ရှင်းလင်းပြီး ပွင့်လင်းမြင်သာသည့် စည်းကမ်းများ မချမှတ်ပေးနိုင်လျှင်၊ အန္တရာယ် ကြီးထွားလာမည်၊ မြေအသုံးချမှုနှင့် စပ်လျဉ်းသည့် အကြီးစား စီးပွားဆက်ဆံ ဆောင်ရွက်မှု များမှ ပေါ်ပေါက်သည့် အန္တရာယ်များမှ လက်ရှိ မြေအသုံးချပိုင်ခွင့်များကို ကာကွယ်ရန် အစီအမံများ ချမှတ်ပေးနိုင်ခြင်း မရှိလျှင်လည်း အန္တရာယ်များ ပို၍ ကြီးထွားလာမည်။ အထူးသဖြင့်၊ နိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများမှ အောက်ပါတို့ကို လုပ်ဆောင်ရန် အကောင်အထည် ဖော်ထားခြင်း မရှိပါက၊ သို့မဟုတ် လုံလောက်စွာ အကောင်အထည်ဖော်ထားခြင်းမရှိပါက စီးပွားလုပ်ငန်းများ အတွက် အန္တရာယ်ရှိသည်- ၁။မြေအသုံးချခွင့်ရှိသူများနှင့် ရိုးသားစွာ၊ ဓလေ့ထုံးတမ်းနှင့် လျော်ညီစွာ သင့်လျော်လိုအပ်သည့် ထိတွေ့ဆောင်ရွက်မှုများ သေချာအောင် လုပ်ဆောင်ခြင်း၊ ၂။လွတ်လပ်ပြီး အများပါဝင်မှုရှိသော ရိုက်ခတ်မှု အကဲဖြတ်ချက်များ မပြုလုပ်မီနှင့် ပြုလုပ်ပြီးနောက်၊ မည်သည့်မြေနှင့် အခြား သဘာဝ သယံဇာတများကို လွှဲပြောင်း အသုံးပြုနိုင်မည့် နည်းလမ်းများ ဖော်ထုတ်ခြင်း နှင့် ပြန်လည် ကုစားမှု ရရှိရန် နည်းလမ်းများထားရှိခြင်းတို့ဖြစ်သည် (UN, 2009)။ မြေသိမ်းမှုများအပေါ် တိုင်ပင် ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခွင့် မရှိခြင်းကြောင့် စီးပွားလုပ်ငန်းများနှင့် ထိုလုပ်ငန်းများ၏ လုပ်ပိုင်ခွင့်များကို ကန့်ကွက်ခြင်း မပြုနိုင်အောင် လုပ်ငန်းစဉ်မှ ဖယ်ထုတ်ခြင်းခံရသည်ဟု ခံစားရသည့် ရပ်ရွာလူထုများအကြား ပဋိပက္ခများဖြစ်နိုင်သည်အထိ တင်းမာမှုများ ပေါ်ပေါက် နိုင်သည် (FAO, 2013)။

- မြေသိမ်းယူရသည့်အခါ ယခင် တရားဝင် မြေအသုံးချခွင့်ရှိသူများအား ဆောလျင်၊ လုံလောက် ပြီး ထိရောက်သည့် နစ်နာကြေးပေးရန် တာဝန်မှာ အစိုးရများအပေါ် အဓိက ကျရောက်သည် မှန်သော်လည်း၊ စီးပွားလုပ်ငန်းများအနေနှင့်လည်း ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှု များကြောင့် အဓိပ္ပါယ်ပြည့်ဝသည့် တိုင်ပင်ဆွေးနွေးမှုများ မရှိဘဲ၊ ဒေသခံများ အိုးအိမ် ရွှေ့ပြောင်းခံရသည့် အဖြစ် သို့လည်းကောင်း၊ အတင်းအကျပ် ဖယ်ရှားစေပြီး သင့်လျော်သည့် နစ်နာကြေး မရရှိသည့် အဖြစ်သို့လည်းကောင်း မရောက်အောင် သေချာစွာ လုပ်ဆောင်ရန် တာဝန်ရှိသည်။ VGGTအရ၊ နိုင်ငံများသည် ပြည်သူ့လုပ်ငန်းများအတွက် မြေယာ လုပ်ပိုင်ခွင့်များ လိုအပ်သည့်အခါတွင်သာ၊ ထို့အပြင် ပြည်သူ့လုပ်ငန်းအတွက် ဆိုသည့် စကားရပ်ကို တရားရုံးတော်မှ ပြန်လှန် သုံးသပ်နိုင်ရန် အတွက် ဥပဒေဖြင့် ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားပြီးမှသာ မြေသိမ်းယူသင့်သည်။ သို့သော်လည်း၊ ဖွံ့ဖြိုးဆဲနိုင်ငံ အများအပြားတွင်၊ ပြည်သူ့လုပ်ငန်းအတွက် ဆိုသည့် မရှင်းလင်း သော၊ အသေးစိတ် မကျသော အဓိပ္ပါယ် ဖွင့်ဆိုခြင်းများ၊ မြေအသုံးချမှု အစီအစဉ်များ ချမှတ်ထားမှု မရှိခြင်း၊ မြေ စီမံခန့်ခွဲမှုနှင့် မြေဈေးကစားမှုတို့တွင် အဂတိလိုက်စားမှုအဆင့် မြင့်ခြင်းတို့ကြောင့် ဥပဒေနှင့် ဆန့်ကျင်သည့် မြေသိမ်းမှုများ ပေါ်ပေါက်ကြရသည်။ ထိုသို့ မြေသိမ်းမှု များကြောင့် ဒေသခံများ၏

အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခြင်းများ ပိုမို ဆိုးရွားစေခြင်း၊ သို့မဟုတ် မြေနှင့် အခြား အဓိက သဘာဝသယံဇာတများအား အလုမ်းမီမှု ပိုမို နည်းပါးလာခြင်းများကြောင့် အာဟာရ ချို့တဲ့မှု၊ လူမှု အဆင့်အတန်း ကွာခြားမှု၊ ဆင်းရဲမွဲတေမှု အရိုးစွဲမှု သို့မဟုတ် နိုင်ငံရေး မတည်ငြိမ်မှုများ ပေါ်ပေါက်လာသည် [65] ။ ထို့အတွက် လုံလောက်သည့် အစားအစာ အလုမ်းမီမှုကို အဟန့်အတား ဖြစ်လာနိုင်သည်။ ထိုသို့ မြေသိမ်းမှုများသည် ဌာနေတိုင်းရင်းသားများ၏ အခွင့် အရေး ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်( UN Declaration on the Rights of Indigenous Peoples) တွင် ပြဋ္ဌာန်းထားသည့် ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ချိုးဖောက်ရာလည်း ကျနိုင်သည်။ စီးပွားလုပ်ငန်းများလည်း အစိုးရက ဒေသခံများနှင့် သင့်တော်သည့် တိုင်ပင်မှုများ မပြုလုပ်ဘဲ၊ သို့မဟုတ် ဌာနေတိုင်းရင်းသားများ၏ လွတ်လပ်စွာ နားလည်သဘောပေါက်ပြီး ပေးသည့် ကြိုတင် ခွင့်ပြုမှုချက်မရရှိဘဲ၊ လိုအပ်သည့် နစ်နာကြေးများမပေးဘဲ သိမ်းယူထားသည့် မြေနှင့် ဆက်စပ်နေပါက၊ ၎င်းတို့၏ ဂုဏ်သိက္ခာ နှင့်လုပ်ငန်း လည်ပတ်မှုများကိုလည်း ဆိုးရွားစွာ ထိခိုက်နိုင်သည်။ ထိုအချက်များကြောင့် စီးပွားလုပ်ငန်းများနှင့် ဖယ်ကြဉ်ခံသည် သို့မဟုတ် မတရား ဆက်ဆံခံရသည်ဟု ခံစားရသည့် ဒေသခံများအကြား တင်းမာမှုများ ပဋိပက္ခများ ဖြစ်ပွား စေသည်(FAO, 2013)။ ထိုအခြေအနေမျိုးတွင် စီးပွားလုပ်ငန်းများသည် စီစဉ်ထားသည့် လုပ်ငန်းများ ရပ်သိမ်းရန် နည်းလမ်း စဉ်းစားသင့်သည်။

မြေအသုံးချခွင့် အန္တရာယ်အဆင့်မှာ ရင်းနှီးမြှုပ်နှံမှု အမျိုးအစားပေါ် မူတည်သည်။ ကွင်းစိမ်း ရင်းနှီးမြှုပ်နှံမှု(greenfield investments) ဟုခေါ်သည့် အစအဆုံး တည်ထောင်သည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများအတွက် ဒေသခံ လူထုများအား ပုဂ္ဂလိက လုပ်ငန်းများအတွက် မြေသိမ်းခံရခြင်း မဟုတ်ကြောင်း၊ တရားမျှတသည့် လျော်ကြေး ချက်ချင်းပေးခြင်းမရှိသည့် မြေမဟုတ်ကြောင်း သေချာစေရန် အလေးထား စိစစ် ဆောင်ရွက်မှုကို စေ့စပ်သေချာစွာ ပြုလုပ်သင့်သည်။ ကွင်းညို ရင်းနှီးမြှုပ်နှံမှု (brownfield investments) ဟုခေါ်သည့် အစိုးရ သို့မဟုတ် အခြားကုမ္ပဏီမှ လက်ပြောင်း ဝယ်ယူပြီး၊ ထိုမြေတွင် လုပ်ငန်းအသစ် ဆက်လက်လုပ်ဆောင်သည့် နိုင်ငံခြား ရင်းနှီး မြှုပ်နှံမှု မျိုး၊ ဖက်စပ်လုပ်ငန်းများ၊ ကုမ္ပဏီ ပေါင်းခြင်း နှင့် ဝယ်ယူခြင်းပုံစံဖြင့် လုပ်ကိုင်ခြင်းများတွင် ယခင်လုပ်ငန်း လုပ်ကိုင်သူများအား မြေအသုံးချခွင့်ရပြီး၊ မြေအငြင်းပွားမှု ပြဿနာများလည်း တစ်ပါတည်း ပါလာ တတ်သည်။ ထိုအကျိုးဆက်များကြောင့် ၊ အထူးသဖြင့် VGGT ကို ၂၀၁၂ ခုနှစ်တွင်မှ အတည်ပြုခြင်း ဖြစ်သောကြောင့်၊ ထို မြေသိမ်းခွင့်များသည် ဤလမ်းညွှန်တွင် ချမှတ်သည့် စံနှုန်းများ နှင့် ကိုက်ညီမှု သေချာစေရန် အလေးထား စိစစ် ဆောင်ရွက်သင့်သည်။ လက်ရှိ ဆောင်ရွက်ဆဲ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံခြင်းသည် မြေအသုံးချခွင့်ကို မှန်ကန်စွာ ရရှိထားကြောင်း စီးပွားလုပ်ငန်း အတွက် သေချာစေသည့် အခွင့်အလမ်းတစ်ခုဖြစ်သည်။ မှန်ကန်စွာ ရရှိထားခြင်း မဖြစ်လျှင်လည်း၊ ရိုက်ခတ်ခံရ သည့် အကျိုးဆက်စပ်သူများအား နစ်နာမှုကို ပြန်လည်ပေးဆပ်ရန် နည်းများရှာရန် နှင့်၊ ဒေသခံများနှင့် ပြန်လည်ထိတွေ့ပြီး ပုံစံသစ်ဖြင့် လက်တွဲဆောင်ရွက်ရန် နည်းလမ်းများ စူးစမ်းနိုင်မည့် အခွင့်အလမ်းများ ဖြစ်သည်။

***အန္တရာယ်လျော့ကျစေရေးအစီအမံများ***

- **လုပ်ပိုင်ခွင့်ရရှိသူများ မည်သူမည်ဝါ ဖြစ်သည်ကို သိရှိအောင်ဖော်ထုတ်ပါ**- ထိုအထဲတွင် တရားဝင်

အသိအမှတ်ပြုထားသည့် မြေ အသုံးချ ခွင့် ရှိသူများကိုသာမက၊ တရားဝင် မှတ်ပုံတင်ထားခြင်း အမည်ပေါက်ခြင်း မရှိသော အများပိုင်၊ ပုဂ္ဂလိက၊ ရပ်ရွာအဖွဲ့အစည်း၊ စုပေါင်းနည်း၊ ဌာနေ တိုင်းရင်းသားများ နှင့် ဓလေ့ထုံးတမ်းအရ အသုံးချခွင့်များနှင့် အမျိုးသမီးများ၏ မြေအသုံးချခွင့်များအပြင်၊ အခြား သက်ဆိုင်ရာ အကျိုးဆက်စပ်သူများ ကိုပါ ဒေသတွင်း တိုင်ပင်မှုများ၊ ပြင်ပလူများပါဝင်သည့် တိုင်ပင်မှုများဖြင့် ဖော်ထုတ်ပါ။[66]

- ရိုက်ခတ်မှု အကဲဖြတ်ချက်များကို အထူးသဖြင့် ကနဦး (စိစစ်ခြင်းနှင့် အလုံးစုံ သုံးသပ်ခြင်း) အဆင့်များတွင် အကြံပြုရန် နှင့် စီမံခန့်ခွဲခြင်း၊ စောင့်ကြည့်ကြပ်မတ်ခြင်း နှင့် အရေးပေါ် အစီအစဉ်ချမှတ်ခြင်းတို့၌ အတွက် အကြံပြုရန် သက်ဆိုင်ရာ အကျိုးဆက်စပ်သူများကို ကိုယ်စားပြုသည့် **ကော်မတီတစ်ရပ် ဖွဲ့စည်းပါ။** ဌာနေတိုင်းရင်းသားများ၊ ဒေသခံရပ်ရွာ လူထု နှင့် ဖယ်ကြဉ်ခံရသည့် အုပ်စုများ၏ ကိုယ်စားပြုမှု လုံလောက်စွာ ရစေရန် အထူးစဉ်းစားသင့်သည်။ [67]
- နိုင်ငံများသည် မြေ၊ ရေ နှင့် သစ်တော အသုံးချပိုင်ခွင့်များကို အများပြည်သူ အတွက် လိုအပ်သဖြင့်သာ သိမ်းယူသင့်သည် ဆိုသည့်အချက်ကို လည်းကောင်း၊ အများပြည်သူ အတွက် ဆိုသည့် သဘောတရားကို လည်း ဥပဒေအတွင်း ရှင်းလင်းပြတ်သားစွာ အဓိပ္ပါယ် ဖွင့်ဆိုသင့်သည်ကိုလည်းကောင်း အလေး ထားလျက်၊ အဆိုပြု ရင်းနှီးမြှုပ်နှံမှုများကြောင့် ဒေသခံရပ်ရွာလူထုများ **အိုးအိမ်ရွှေ့ပြောင်းရခြင်း၊ စီးပွားပျက်ခြင်း**များ ဆိုက်ရောက်ရလျှင် အခြား ဖြစ်နိုင်သည့် ရင်းနှီးမြှုပ်နှံမှုများဖြင့် အစားထိုးရန် စဉ်းစားပါ။ [68]
- လုပ်ငန်းလည်ပတ်မှုများကြောင့် မြေအသုံးချခွင့်ရှိသူများအား ဆိုးကျိုးရိုက်ခတ်မှုများ ပေါ်ပေါက်လျှင်၊ ထိုမြေအသုံးချခွင့်ရှိ သူများသည် တရားမျှတပြီး ထိုက်သင့်သည့် **နစ်နာကြေးများ** လက်ခံရရှိနိုင်အောင် အစိုးရနှင့် အတူ အောက်ပါတို့ကို လက်တွဲ ဆောင်ရွက်ပါ။
  - မိမိက ကမ်းလှမ်းသည့် နစ်နာကြေးနှင့် ပတ်သက်သည့် တိုင်ပင်ဆွေးနွေးမှုများကို ရိုးသား၊ ထိရောက်ပြီး အဓိပ္ပါယ် ပြည့်ဝစွာ ပြုလုပ်ကာ၊ နစ်နာကြေးဆိုင်ရာ စံနှုန်းများကို ရှေ့နောက် ကိုက်ညီစွာ နှင့်ပွင့်လင်းမြင်သာစွာ ကျင့်သုံးခြင်း၊
  - မြေအခြေခံသည့် နစ်နာကြေးစနစ်ဖြစ်သည့် မြေ အရည်အသွေး၊ အရွယ်အစားနှင့် တန်ဖိုးနှင့် အချိုးညီသည့် နစ်နာကြေးပေးခြင်းကို ဦးစားပေးခြင်း၊ သို့မဟုတ် မြေမှလွဲ၍ အခြား ဆုံးရှုံး သွားသည့် ပိုင်ဆိုင်ပစ္စည်းများ (ကောက်ပဲ သီးနှံများ၊ ရေအရင်းအမြစ်များ၊ ဆည်မြောင်း အဆောက်အအုံနှင့် မြေ အသုံးပြု ပိုမိုကောင်းမွန်အောင် လုပ်ဆောင်မှုများ) အတွက် လျော်ကြေး အပြည့်အဝ ပေးခြင်းနှင့်၊ ထိုသူတို့၏ လူနေမှု အဆင့်အတန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းမှု များ တိုးတက်စေရန် အခြားအကူအညီများပေးခြင်း။
  - နစ်နာကြေးပေးသည့် အစီအစဉ် အကောင်အထည်ဖော်မှုကို စောင့်ကြည့်ကြပ်မတ်ခြင်း[69]
- အစိုးရ စွမ်းဆောင်နိုင်အားမှာ အကန့်အသတ် ဖြစ်နေလျှင်၊ ပြန်လည် ထူထောင်ရေး အစီအစဉ်၊ အကောင် အထည်ဖော်မှု နှင့် စောင့်ကြည့် ကြပ်မတ်မှုများတွင် ကိုယ်တိုင် ပါဝင်၍ တက်ကြွစွာ လုပ်ဆောင်ပါ။ [70]

## ၇။ တိရစ္ဆာန် ကျန်းမာရေး

### *အန္တရာယ်များ*

ကြီးမားသည့် တိရစ္ဆာန် အန္တရာယ်များသည် စိုက်ပျိုးရေး လုပ်ငန်း ကွင်းဆက်များ အတွင်း ပေါ်ပေါက်တတ်သည်။ တိရစ္ဆာန်များ လှုပ်ရှား သွားလာမှုကို အဟန့်အတားဖြစ်စေသည့် နေရာ ကျဉ်းကျပ်မှု၊ တိရစ္ဆာန် လှောင်သည့် နေရာ ကျဉ်းကျပ်ပြီး၊ ကောင်ရေ ထူထပ်သဖြင့် ရောဂါ ကူးစက်မှုနှင့် အချင်းချင်း အနာတရ ဖြစ်စေမှု ဖြစ်စေသည်။ တိရစ္ဆာန်များ အတွက် ကျတ်တီးမြေ/ အပြောင်းအလဲ မရှိသောပတ်ဝန်းကျင် အခြေအနေများကြောင့် အပြုအမူ ပြဿနာများ ဖြစ်ပွား တတ်သည်၊ ဆာလောင်မှုကို မဖြေရှင်းနိုင်သည့် အာဟာရ ချို့တဲ့မှု၊ အနာတရ ဖြစ်စေသည့် တိရစ္ဆာန် မွေးမြူရေး လုပ်ထုံးလုပ်နည်းများ၊ တိရစ္ဆာန် မွေးမြူရေး ပုံစံများကြောင့် ခန္ဓာကိုယ် ကြီးထွားမှု ချို့တဲ့သည့် ပြဿနာများ နှင့် ဆက်နွယ်၍ ပေါ်ပေါက်တတ်သည်။ အတွေ့အကြုံ ရှိသော ကျွမ်းကျင်သော တိရစ္ဆာန် မွေးမြူသူများ၏ အသိပညာ မရရှိခြင်းကြောင့် အန္တရာယ် ပိုကြီးထွားနိုင်သည်။

တိရစ္ဆာန် ကျန်းမာရေး တိုးတက်ကောင်းမွန်စေခြင်းဖြင့် စီးပွားရေးအတွက် အကျိုးရှိသည်။ ရောဂါဆိုသည်မှာ တိရစ္ဆာန် ကျန်းမာရေးနှင့် စီးပွားရေး ရေရှည် တည်တံ့မှု ရှိရေးတို့ကို ပြိုင်တူ ခြိမ်းခြောက်သည့် သာဓက ကောင်းတစ်ခုဖြစ်သည်။ တိရစ္ဆာန် ရောဂါများကြောင့် ရောဂါ ထူခြင်း နှင့် သေဆုံးခြင်း များပြားပြီး၊ တစ်ကမ္ဘာလုံးရှိ မွေးမြူရေး တိရစ္ဆာန် ၏ ၂၀% ခန့် အနည်းဆုံး ဆုံးရှုံးရကြောင်း OIE ၏ ခန့်မှန်းချက်အရ သိရှိရသည်။ ယင်းဆုံးရှုံးမှုကို အသားချိန်နှင့် တွက်လျှင်အနည်းဆုံး အသား တန်ပေါင်း သန်း ၆၀ နှင့် နို့ရည် တန်ပေါင်း ၁၅၀ သန်း - တန်ဖိုးအားဖြင့်တွက်လျှင် တစ်နှစ်တွင် အမေရိကန် ဒေါ်လာ ၃၀၀ ဘီလီယံခန့် ဆုံးရှုံးရသည်။ ထို့အပြင်၊ ကမ္ဘာ့နိုင်ငံအတော်များများတွင် ချမ်းသာကြွယ်ဝလာသည်နှင့် စားသုံးသူ ရွေးချယ်မှု များ လည်း ပိုမို တိုးမြင့်လာပြီး အစားအစာ ထုတ်လုပ်မှု စံနှုန်းများနှင့် ပတ်သက်၍ မျှော်လင့်ချက် ပိုမိုမြင့်မားလာသည်။ ဥရောပနှင့် မြောက်အမေရိကတွင် ပြုလုပ်သော လေ့လာမှု စစ်တမ်းများ အရ၊ စားသုံးသူအများစုသည် တိရစ္ဆာန် ကျန်းမာရေး ကို ဂရုစိုက်ကြောင်း၊ တိရစ္ဆာန်များကို အကြင်နာတရားဖြင့် မွေးမြူသည့် မွေးမြူရေး ခြံမှ ထွက်သည့် အသားများကို ငွေ အမြောက် အမြား ပိုပေး၍ စားသုံးလိုသည့် ဆန္ဒရှိကြောင်း သိရသည်။

တိရစ္ဆာန် နိုင်ငံတကာ စံနှုန်းနှင့် အခြေခံစည်းမျဉ်းများတွင် အန္တရာယ်ကင်းရှင်းရေးအပေါ် ရည်ညွှန်းဖော်ပြမှု နည်းပါးသည်။ တိရစ္ဆာန်များနှင့် ပတ်သက်သည့် အကျယ်ပြန့်ဆုံး လမ်းညွှန် စည်းမျဉ်းများကို တိရစ္ဆာန် ကျန်းမာရေးဆိုင်ရာ ကမ္ဘာ့အဖွဲ့အစည်း (World Organisation for Animal Health (OIE)) က ရေးသားပြုစုထားခြင်းဖြစ်သည်။ ၂၀၀၈ ခုနှစ်တွင် OIE အဖွဲ့ဝင် နိုင်ငံများသည် တိရစ္ဆာန် ကျန်းမာရေးအတွက် ဆောင်ရွက်ရန် လိုအပ်ချက်များကို နိုင်ငံတကာ အဆင့်ဖြင့် အဓိပ္ပါယ် ဖွင့်ဆို အတည်ပြုခဲ့သည် [71]။ မည်သည့် မွေးမြူရေးခြံတွင်ဖြစ်စေ တိရစ္ဆာန်များကို ထားသည့် အခြေအနေ သို့မဟုတ် စီမံခန့်ခွဲမှု များ လုံလောက်မှု မရှိလျှင် တိရစ္ဆာန် ကျန်းမာရေး စံမီမည်မဟုတ်ပေ။

OIE စံနှုန်း ၉ ချက်သည် တိရစ္ဆာန် သယ်ယူပို့ဆောင်မှုနှင့် သားသတ်မှု၊ နွားနှင့်ကြက် မွေးမြူရေး စနစ်များ၊ လေလွင့်ခွေးများ ထိန်းချုပ်မှု၊ နှင့် သုတေသနများတွင် တိရစ္ဆာန်များကို အသုံးပြုမှုများ

အပါအဝင် အန္တရာယ်ကင်းရှင်းရေးအပေါ် စိန်ခေါ်မှုများကို ဖြေရှင်းသည့် စံနှုန်းများဖြစ်သည်။ ဤစံနှုန်းများသည် သိပ္ပံနည်းကျ အထောက်အထားများအပေါ် အခြေခံထား ခြင်း ဖြစ်ပြီး၊ တိရစ္ဆာန် ကျန်းမာရေးအတွက် အခြေခံ စည်းမျဉ်းများသည် 'ဘေးအန္တရာယ် ကင်းဝေးရေး ၅ ချက်' ဟူ၍ သိကြသည်- အစာရေစာ ငတ်ပြတ်ခြင်းနှင့် အာဟာရ ချို့တဲ့ခြင်းမှ ကင်းဝေးရေး၊ ရုပ်ပိုင်းဆိုင်ရာနှင့်ကိုယ်ခန္ဓာ အပူဓာတ်လွန်ကဲခြင်း သို့မဟုတ် ဆုံးရှုံးခြင်းဘေးမှ ကင်းဝေးရေး၊ နာကျင်ကိုက်ခဲ ရောဂါရခြင်းမှ ကင်းဝေးရေး၊ ကြောက်လန့်တုန်လှုပ်ခြင်းမှ ကင်းဝေးရေးနှင့် ပုံမှန် အမူအရာကို ပြသခွင့်ရှိရေး တို့ဖြစ်သည်[72] ။ ယူကေ၏ ပတ်ဝန်းကျင် အစားအစာနှင့် ကျေးလက်ရေးရာ ဌာန (The United Kingdom Department for Environment Food and Rural Affairs (DEFRA)) က ဤ 'ဘေးအန္တရာယ်ကင်းဝေးရေး ၅ ချက်ကို ချမှတ်ခြင်းကို ကျင့်စဉ်ကောင်း သာဓက တစ်ခုအဖြစ် ကမ်းလှမ်းခဲ့သည်။ DEFRA ၏ မွေးမြူရေး တိရစ္ဆာန်များအတွက် ကျန်းမာရေး အကြံပြုချက် ဆိုင်ရာ သင်္ကေတ ၏ စကားချီးတွင် ထောက်ပြထားသည့်အတိုင်း၊ စီးပွားဖြစ် တိရစ္ဆာန် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ကြသည့် လုပ်ငန်းများသည် -စောင့်ရှောက်မှု နှင့် တာဝန်ယူမှု ရှိသည့် စီစဉ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ ကျွမ်းကျင် ဗဟုသုတ ကြွယ်ဝပြီး တာဝန်ကျေပွန်သည့် မွေးမြူရေးလုပ်ငန်း၊ သင့်လျော် လိုအပ်သည့် သဘာဝ ပတ်ဝန်းကျင် ဆိုင်ရာ ဒီဇိုင်း၊ တိရစ္ဆာန်များကို ညှာတာစွာ ကိုင်တွယ် သယ်ယူ ပို့ဆောင်ခြင်းနှင့် ညှဉ်းပန်းရာမရောက်သည့်နည်းဖြင့် သားသတ်ခြင်း စသည်တို့ ပြသသင့်သည် (DEFRA, 2003)၊

OIE စံနှုန်းများအပြင်၊ ဥရောပ သမဂ္ဂ ကလည်း တိရစ္ဆာန် ကျန်းမာရေး ဥပဒေကို အသေးစိတ် ပြဌာန်းထားပြီး၊ ဥရောပ သမဂ္ဂ လုပ်ငန်းဆိုင်ရာ သဘောတူစာချုပ် ( Treaty on the Functioning of the European Union) အပိုဒ် ၁၃ တွင် တိရစ္ဆာန်များကို 'အသိရှိသောသတ္တဝါ'များအဖြစ် သတ်မှတ်. ကြောင်း ဖော်ပြထားသည်[73] ။ တိရစ္ဆာန် ကျန်းမာရေး ဆိုင်ရာ အီးယူ စည်းမျဉ်း အများစု သည် အီးယူမှ ထုတ်လုပ်သူများအတွက်သာ အကျုံးဝင်လေ့ရှိသော်လည်း၊ အီးယူသို့ အသား တင်ပို့လိုသည့် တတိယ နိုင်ငံများသည် သားသတ်ချိန်တွင် အန္တရာယ်ကင်းရှင်းရေး ဆိုင်ရာ အီးယူ စံနှုန်းများနှင့် တူညီသည့် စံနှုန်းများ ထူထောင်ရန်လိုလာသည်။ ထို့အပြင် အီးယူသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှု သဘောတူညီမှုများဖြင့် တိရစ္ဆာန် ကျန်းမာရေး အပေါ် တစ်ကမ္ဘာလုံး တူညီသည့် စံနှုန်းများ ဖြစ်စေရန် ကြိုးပမ်းလျက်ရှိသည်။ တိရစ္ဆာန် ကျန်းမာရေးနှင့် သက်ဆိုင်သည့် စံနှုန်းများနှင့် အသိအမှတ်ပြု လက်မှတ် ချမှတ်သည့် အစီအစဉ်များကို ပုဂ္ဂလိက လုပ်ငန်း၊ အစိုးရများနှင့် အရပ်ဖက်အဖွဲ့အစည်းများက ထပ်မံရေးဆွဲခဲ့ကြသည်။ [74]

### *အန္တရာယ်လျော့ကျစေရေးအစီအမံများ*

- တိရစ္ဆာန် ကျန်းမာရေးအပေါ် အမှန်တကယ်ကျရောက်သည့် ရိုက်ခတ်မှုများနှင့် ကျရောက် နိုင်ခြေရှိသည့် ရိုက်ခတ်မှုများကို **'ဘေးအန္တရာယ် ကင်းဝေးရေး ၅ ချက်'** မူဘောင်ကို အသုံးပြုကာ အကဲဖြတ်ပါ။
- **ရုပ်ပိုင်းဆိုင်ရာ ပတ်ဝန်းကျင်တွင်** တိရစ္ဆာန်များ သက်သောင့်သက်သာ နားနေနိုင်ရန်၊ ဘေးကင်းပြီး သက်သောင့်သက်သာ လှုပ်ရှားနိုင်ရန်၊ ကိုယ်နေဟန်ထား ပုံမှန် အတိုင်း ပြောင်းလဲနိုင်ရန် နှင့်

တိရစ္ဆာန် ဘာဝ ပြုမူလှုပ်ရှားပုံ အမျိုးမျိုး လှုပ်ရှားနိုင်သည့် အခွင့်အရေး ရှိရန် သေချာအောင် လုပ်ဆောင်ပါ။

- တိရစ္ဆာန်များ၏ ပုံမှန်ကျန်းမာရေးနှင့် ဖြစ်ထွန်းမှုကို ဆက်လက်ထိန်းသိမ်းနိုင်ရန်နှင့် ကြာမြင့်စွာ အစာရေစာ ငတ်ပြတ်ခြင်း၊ အာဟာရ ချို့တဲ့ခြင်း သို့မဟုတ် ရေဓာတ် ခမ်းခြောက် ခြင်းတို့မှ ကာကွယ်ရန်အတွက်၊ ၄င်းတို့၏ အသက်နှင့် လိုအပ်ချက်များနှင့် ဆီလျော်သည့် **လုံလောက်သည့် အစာ နှင့် ရေ အလှမ်းမီနိုင် မှု** သေချာစေရန် လုပ်ဆောင်ပါ။
- **နာကျင်စေသည့် လုပ်ထုံးလုပ်နည်းများ**ကို မရှောင်နိုင်ပါက၊ ထို နာကျင်မှုကို ဖြစ်နိုင်သည့် နည်းလမ်းများဖြင့် သက်သာပြေပျောက်အောင် စီမံပါ။
- **တိရစ္ဆာန်များကို ကိုင်တွယ်ရာတွင်** လူနှင့် တိရစ္ဆာန်ကြား ယုံကြည်မှုရှိစေသည့် ဆက်ဆံရေး ထူထောင်ပြီး၊ ဒဏ်ရာရခြင်း၊ ထိတ်လန့်ခြင်း၊ အကြောက်မပြေခြင်း သို့မဟုတ် မလိုလား အပ်သည့် စိတ်ဖိစီးမှု ဖြစ်စေခြင်းများ မဖြစ်စေရန် တိရစ္ဆာန်များကို ကိုင်တွယ်ပါ။
- တိရစ္ဆာန်များကို မွေးမြူရာမှ ပေါ်ပေါက်သည့် ရောဂါများနှင့်အခြား မွေးရာပါ ပြဿနာများ မဖြစ်ရ အောင် ပတ်ဝန်းကျင်အခြေအနေနှင့် အနေအထားတို့နှင့် လိုက်ဖက် သည့် **မွေးမြူရေး တိရစ္ဆာန် အမျိုးအစားများကို** အသုံးပြုပါ။[75]

## ၈။ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သဘာဝ သယံဇာတ ရေရှည် အသုံးပြုနိုင်ရေး

### *အန္တရာယ်များ*

စိုက်ပျိုးရေးလုပ်ငန်းများသည် ဂေဟစနစ် ဝန်ဆောင်မှုများကို ပိုမို ကောင်းမွန်စေမည့် သဘာဝ ပတ်ဝန်းကျင်နှင့် သဟဇာတ ဖြစ်စေနိုင်သည့် အလေ့အထများ အသုံးချနိုင်သည်။ အထူးသဖြင့် မြေ စီမံခန့်ခွဲမှု နည်းလမ်းများအသုံးပြုကာ မြေဆီလွှာနှင့် ရေစိတ် ထိန်းသိမ်းခြင်း၊ ရေဝေကုန်းတန်းများကို ကာကွယ်ခြင်း၊ သဘာဝေပေါက်ပင်များနှင့် တိရစ္ဆာန်များ ကျက်စား နယ်မြေတို့ကို ပြန်လည် ထိန်းသိမ်းခြင်း နှင့် ဇီဝမျိုးကွဲများကို ထိန်းသိမ်းခြင်းစသည်တို့ လုပ် ဆောင် နိုင်သည်။သို့သော်၊ စိုက်ပျိုးရေး ရေတို ထုတ်လုပ်မှု တိုးမြှင့်ရန် ရည်ရွယ်သည့် စိုက်ပျိုးရေး ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှု များသည် မြေဆီလွှာ ကျဆင်းခြင်း၊ ရေရင်းမြစ် ခမ်းခြောက်ခြင်း နှင့် သစ်တောနှင့် ဇီဝမျိုးကွဲများ ပြုန်းခြင်းများ အပါအဝင် ရေရှည်တွင် ဂေဟစနစ် ကျဆင်းမှု ပေါ်ပေါက် စေတတ်သည်။ တစ်ကမ္ဘာလုံးရှိ သစ်တောပြုန်းတီးမှု၏ ၅၅-၈၀% မှာ စိုက်ပျိုး လုပ်ငန်းအတွက် မြေအသုံးချမှုကြောင့်ဖြစ်သည် (UNEP, 2015)။ ၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်နှင့် UNCTAD မှပြုလုပ်သည့် ပိုင်းခြားသုံးသပ်မှုအရ ရင်းနှီးမြှုပ်နှံမှု ၃၉ ခုအနက် ပေါ်ပေါက်သည့် ပြဿနာများမှာ ရေညစ်ညမ်းမှု၊ ဓာတုမှုန်များ လွင့်မှုနှင့် ဝေဟင်မှ ဆေးဖြန်းမှု ကဲ့သို့ စိုက်ပျိုးရေးသုံးဓာတုဆေးများကြောင့်ဖြစ်သည်။ ၂၀၁၄ ခုနှစ်တွင်၊ စိုက်ပျိုးရေး လုပ်ငန်းများကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှု၊ ရေဝေကုန်းတန်းများ အပေါ် ရိုက်ခတ်မှုများ အပါအဝင်၊ ပြင်ပ ရိုက်ခတ်မှုများဖြစ်ပေါ်စေပြီး၊ လုပ်ငန်းတည်နေရာနှင့် ဝေးလံသည့် နေရာများတွင် ဖြစ်ပွား သော်လည်း လုပ်ငန်းလည်ပတ်မှုများနှင့်တိုက်ရိုက် ဆက်နွယ်မှု ရှိသည့် သစ်တော ပြုန်းတီးမှု များ ဖြစ်ပွားတတ်သည်။

ဆိုးရွားသော သဘာဝ ပတ်ဝန်းကျင် ရိုက်ခတ်မှုများသည် ရင်းနှီးမြှုပ်နှံမှု မတိုင်မီ သဘာဝ ပတ်ဝန်းကျင် ရိုက်ခတ်မှုအတွက် အကဲဖြတ်မှုများ စနစ်တကျ မဆောင်ရွက်ခဲ့ခြင်းနှင့် အကောင် အထည်ဖော်ချိန်တွင် ထိရောက်သည့် သဘာဝ ပတ်ဝန်းကျင် စီမံခန့်ခွဲမှု စနစ်မရှိခြင်း တို့ကြောင့်ဖြစ်သည် (FAO, 2011)။ ဤအကဲဖြတ်ချက်များ၏ အရည်အသွေး၊ ပြည့်စုံမှု နှင့် အများပြည်သူမှ ရယူကြည့်ရှုနိုင်မှု မရှိသဖြင့် အကြီးစား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအပေါ် မကြာခဏ ပေါ်ပေါက်သည့် ဝေဖန်မှုများ ဖြစ်သည်(FAO, 2010)။ ဆိုးကျိုးရိုက်ခတ်မှုများကို အကဲဖြတ်ရန် သိပ္ပံနည်းကျ အထောက်အထားများ လုံလောက်စွာ မရှိသည့်အခါ အန္တရာယ် ပိုမိုမြင့်လာသည်။ စီးပွားလုပ်ငန်းများအတွက် တိကျမှန်ကန်လျင်မြန်စွာ ရင်းမြစ် အသုံးပြုနိုင်မှု၊ အသုံးပြုပစ္စည်းများကို ပြန်လည်အသုံးပြုနိုင်မှု၊ ထုတ်လွှတ် ဓာတ်ငွေ့ လျှော့ချမှု၊ အစားထိုးမှု သို့မဟုတ် အဆိပ်ဖြစ်စေသော ပစ္စည်းများအသုံးပြုခြင်းကို လျှော့ချနိုင်မှု၊ နှင့် ဇီဝ မျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေး စသည့် နိုင်ငံတကာ စံနှုန်းများ တိုးတက်လာသည်နှင့် အမျှ လုပ်ငန်းများအတွက် အန္တရာယ်များသည်လည်း အပြောင်းအလဲများ ဖြစ်ပေါ်လျက်ရှိသည်။ (OECD, 2011; IFC, 2012)

### *အန္တရာယ် လျှော့ချရေး အစီအမံများ*

- အောက်ပါတို့အပါအဝင်၊ စီးပွားလုပ်ငန်း၏ လက္ခဏာနှင့် ကိုက်ညီမည့် **သဘာဝပတ်ဝန်းကျင် ဆိုင်ရာ စီမံခန့်ခွဲမှု စနစ်**တစ်ရပ် ထူထောင် ထိန်းသိမ်းပမိမိလုပ်ငန်းကြောင့် သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းမှုကို ရိုက်ခတ်မှုများနှင့် ပတ်သက်သည့် အချက်အလက်များ စုဆောင်းခြင်းနှင့် လုံလောက်သည့် အချက်အလက်များကို အချိန်နှင့် တစ်ပြေးညီ အကဲဖြတ်ခြင်း၊ သင့်လျော်သည့် အခြေအနေတွင် ပိုမိုကောင်းမွန်သည့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ လုပ်ဆောင်မှုများနှင့် မြေသြဇာ၊ ပိုးသတ်ဆေးတို့ကို စီမံခန့်ခွဲ သည့် အစီအစဉ်များ ပေါင်းစည်း ပြုစုခြင်းအပါအဝင် ရင်းမြစ်အသုံးချမှု[76] တိုးတက်စေရန် ပစ်မှတ်ထား ဆောင်ရွက်ခြင်း၊ ပုံမှန်စောင့်ကြည့် ကြပ်မတ်ခြင်းနှင့် အတူ သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေး နှင့် အန္တရာယ်ကင်းရှင်းမှု ဆိုင်ရာ ဦးတည်ချက်များ သို့မဟုတ် ပစ်မှတ်ထား ဆောင်ရွက်ချက်များ ၏ တိုးတက်မှုအခြေအနေကို စောင့်ကြည့်လေ့လာ၍ အတည်ပြု စိစစ်ခြင်း ။[77]
- သဘာဝပတ်ဝန်းကျင်ဆိုင်ရာစီမံခန့်ခွဲသည့်စနစ်အပေါ် **စောင့်ကြည့် ကြပ်မတ်ရန်**နှင့် တိုင်းတာရန် လုပ်ထုံးလုပ်နည်းများ ထူထောင်ပါ။ အစိုးရ သို့မဟုတ် တတိယအဖွဲ့မှ သီးခြား သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အန္တရာယ်များ၊ ရိုက်ခတ်မှုများနှင့် ဆက်စပ် လျှော့ချရေး အစီအမံများကို စီမံခန့်ခွဲရန် တာဝန်ရှိပါက၊ ထိုသူများနှင့် အတူ လျှော့ချရေး အစီအမံများ ထူထောင်ခြင်း၊ စောင့်ကြည့် ကြပ်မတ်ခြင်းတို့တွင် ပူးပေါင်းဆောင်ရွက်ပါ။ လိုအပ်သင့်လျော် ပါက၊ ရိုက်ခတ်ခံ ရသည့် ဒေသခံလူထုများ၏ ကိုယ်စားလှယ်များ ကို စောင့်ကြည့် ကြပ်မတ်ခြင်း လုပ်ငန်းအတွင်း ပါဝင်ဆောင်ရွက်စေရန် စဉ်းစားပါ။ [78]
- စီးပွားလုပ်ငန်းများသည် ၎င်း၏လုပ်ငန်းစဉ်များ၊ ကုန်စည်နှင့် ဝန်ဆောင်မှုများ နှင့် ဆက်နွယ်သည့် ကြိုတင်မှန်းဆနိုင်သော သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် အန္တရာယ် ကင်းရှင်းမှုနှင့် ဆက်စပ်သော ရိုက်ခတ်မှုများ ပေါ်ပေါက်ခြင်းကို မိမိတို့၏လုပ်ငန်း သက်တမ်း

တစ်လျှောက် ရှောင်ရှားရန် အလို့ငှာ၊ မရှောင်ရှားနိုင်ပါကလည်း လျှော့ချရန် **ကိုင်တွယ်ဖြေရှင်းပါ။** အဆိုပြု ထားသည့် လုပ်ငန်းဆောင်တာများမှ သဘာဝပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် အန္တရာယ်ကင်းရှင်းမှုနှင့် ဆက်စပ်သော ရိုက်ခတ်မှုများ ရှိနိုင်ပါက၊ ထို့အပြင် ကြီးကြပ်ရေးအာဏာပိုင်တစ်ရပ်ရပ်၏ ဆုံးဖြတ်ချက် ခံယူရပါက၊ သင့်လျော် လုံလောက်သည့် သဘာဝပတ်ဝန်းကျင် ရိုက်ခတ်မှု အကဲဖြတ်ချက်တစ်ခု ပြုစုပါ [79]။

- သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် အန္တရာယ်ရှိပါက၊ **သိပ္ပံနည်းကျ အထောက်အထား** မရှိဟုဆိုကာ ငွေကြေးတွက်ခြေကိုက်သည့် အစီအမံများ မလုပ်ဘဲ ရွှေ့ဆိုင်းရသည့် အကြောင်းပြချက်ပေးခြင်းကို ရှောင်ပါ။ လူသားကျန်းမာရေးနှင့် ဘေးကင်းရေးကို ထိခိုက် စေမည့် အန္တရာယ်များကို အလေးထားစဉ်းစားကာ၊ ထိုထိခိုက်မှုများကို ငွေကြေး တွက်ခြေ ကိုက်သည့် အစီအမံများဖြင့် သိပ္ပံနည်းဖြင့်ရော နည်းပညာပိုင်းနှင့်ပါ ကိုက်ညီမည့်ပုံစံဖြင့် တားဆီးနိုင်သည် သို့မဟုတ် လျှော့ချနိုင်သည်။ [80]
- စီးပွားလုပ်ငန်းလည်ပတ်မှုများမှ ထိခိုက်မှုများ နှင့် အရေးပေါ် ကိစ္စများအပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ၊ ကျန်းမာရေး ဆိုင်ရာ ထိခိုက်မှုများ ကာကွယ်၊ လျှော့ချ ထိန်းချုပ်ရန် **အရေးပေါ် အစီအစဉ်များ** ထိန်းသိမ်းထားရှိပါ။ အကျုံးဝင်သည့်အခါ အရေးပေါ် အခြေအနေများကို ထိရောက်စွာ တုံ့ပြန်နိုင်ရန်အတွက်၊ ကြီးကြပ်ရေး အာဏာပိုင်များထံ ချက်ချင်းသတင်းပို့နိုင်သည့် ယန္တရားစနစ်များထူထောင်ခြင်းအပါအဝင်၊ ရိုက်ခတ်ခံရ နိုင်ခြေရှိ သည့် ဒေသခံများ၊ ဒေသခံ အစိုးရဌာနများနှင့် ကူညီ ပူးပေါင်း ဆောင်ရွက်ပါ။ [81]
- စရိတ်စက၊ စီးပွားရေးဆိုင်ရာ လုံခြုံလျှို့ဝှက်ချက်များ၊ နှင့် ဉာဏပစ္စည်း မူပိုင်ခွင့်များ စောင့်ရှောက်မှုဆိုင်ရာအကြောင်းအရာများကိုအလေးထားလျက်၊အများပြည်သူများနှင့်အလုပ်သမားများအား စီးပွားလုပ်ငန်းများမှ ဖြစ်နိုင်ခြေ ရှိသည့် သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးအန္တရာယ် ရိုက်ခတ်မှုများနှင့် သက်ဆိုင်သည့် **အချက်အလက်**များကို လုံလောက်စွာ တိုင်းထွာနိုင်ပြီး ဆောလျင်စွာ အကြောင်းကြားပါ။ လုပ်ငန်း၏ သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေးနှင့် ဘေးကင်းရေး မူဝါဒများကြောင့် တိုက်ရိုက် ရိုက်ခတ်ခံရ သည့် ဒေသခံများနှင့် လုံလောက်စွာ ဆောလျင်စွာ တိုင်ပင်ဆွေးနွေးပါ။ [82]
- **ဇီဝမျိုးကွဲများ၊ မျိုးဗီဇဆိုင်ရာ ရင်းမြစ်များနှင့် ဂေဟစနစ် ဝန်ဆောင်မှုများ** အပေါ် ဆိုးကျိုးရိုက်ခတ်မှုများ ရှောင်ရှားရန်နှင့် ထိန်းသိမ်း ကာကွယ်ရန် ကြိုးပမ်းပါ။ ထိုသို့ ရိုက်ခတ်မှုများ ကို ရှောင်ရှားရန် မဖြစ်နိုင်ပါက၊ ရိုက်ခတ်မှုများကို အတတ်နိုင်ဆုံး လျှော့ချနိုင်ရန်နှင့် ဇီဝမျိုးကွဲများနှင့် ဂေဟစနစ် ဝန်ဆောင်မှုများကို ပြုပြင်လွယ်သည့် စီမံခန့်ခွဲရေး ချဉ်းကပ်ပုံဖြင့် ပြန်လည်ဖြည့်ဆည်းရန် အစီအမံများ အကောင်အထည်ဖော်ပါ။ [83]
- လက်ရှိ ရင်းမြစ်များကို နောင်တွင် ဆက်လက်ရရှိနိုင်ရေး ထိန်းသိမ်းလျက်၊ **ရင်းမြစ် အသုံးပြုမှု ပိုမို တိကျမှန်ကန်စေရန်** လိုအပ်ပါက အစိုးရနှင့် ပူးပေါင်း၍ သင့်လျော်ဆုံး ထုတ်လုပ်မှုစနစ်ကို ရွေးချယ်ပါ[84]။ဆိုလိုသည်မှာ အောက်ပါတို့ကို အထူး ကြိုးပမ်းရန် ဖြစ်သည် -

**ရေ လေလွင့်မှု မရှိရန် ထိန်းသိမ်းစောင့်ရှောက်မှု၊** ရေဆိုး သန့်စင်မှု နှင့် ရေအကျိုးရှိစွာ

အသုံးပြုမှု တို့ကို ပိုမိုကောင်းမွန်အောင်လုပ်ဆောင်ပြီး ဤဦးတည်ချက် ဖြစ်မြောက်ရန် နည်းပညာ များ၌ အရင်းအနှီးထည့်၍ အသုံးပြုပါ။ [85]

- စိုက်ပျိုးထုတ်လုပ်မှု ပိုမိုအကျိုးရှိစေရန်နှင့် သဘာဝ ပတ်ဝန်းကျင်နှင့် အပင်၊ တိရစ္ဆာန်နှင့် လူသား ကျန်းမာရေးတို့အပေါ် ခြိမ်းခြောက်မှုများကို အတတ်နိုင်ဆုံးလျှော့နည်းစေရန် **စိုက်ပျိုးရေး သွင်းအားစုများ** နှင့် ထုတ်လုပ်မှုများတို့၌ စီမံခန့်ခွဲမှု ပိုပို တိုးတက်အောင် လုပ်ဆောင်ပါ။ [86]
- ထုတ်လုပ်မှုနှင့် ရိတ်သိမ်းပြီးနောက် လုပ်ဆောင်သည့်အဆင့်များတွင် **လေလွင့် ဆုံးရှုံးမှုများ** လျှော့ချပြီး စွန့်ပစ်ပစ္စည်းများ၊ ဘေးထွက်ပစ္စည်းများကို ပိုမိုအကျိုးရှိစွာ အသုံးပြုပါ။ [87]
- **စွမ်းအင် အသုံးပြုမှုတွင် ပမာဏနည်းနည်းနှင့် အကျိုးများစေရန်**အတွက်၊ နည်းပညာအရ ရော ငွေကြေးအရပါ ဖြစ်နိုင်ပြီး တွက်ခြေကိုက်မည့် အစီအမံများ အကောင်အထည် ဖော်ပါ။ [88]
- **ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု**ကို လျှော့ချရန် သို့မဟုတ် ဖယ်ရှားရန် လိုအပ်သလို အစီအမံများ ချမှတ်ပါ။[89]

## ၉။ အုပ်ချုပ်မှု

### *၉.၁။ အဂတိလိုက်စားမှု*

*အန္တရာယ်များ*

အစိုးရတွင် ရှင်းလင်းပြတ်သားပြီး အာဏာသက်ရောက်မှုရှိသည့် ပွင့်လင်းမြင်သာမှုနှင့် အဂတိ လိုက်စားမှု တိုက်ဖျက်ရေး ဥပဒေများ မရှိပါက၊ စီးပွားလုပ်ငန်းများအတွက် အုပ်ချုပ်မှုနှင့် စပ်လျဉ်းသည့် အန္တရာယ်အဆင့် မြင့်မည်ဖြစ်သည်(OECD, 2006)။ မြေယာကဏ္ဍကို ကြီးကြပ် ရသည့် အစိုးရ အဖွဲ့များသည် လာဘ်ပေးလာဘ်ယူမှု အများဆုံးရှိသည့် အစိုးရဌာနများတွင် ပါရှိပြီး ထိုဌာနထက် လာဘ်ပေးလာဘ်ယူမှု ပိုများသည့် ကဏ္ဍ ဟူ၍ ရဲနှင့် တရားစီရင်မှု ကဏ္ဍသာ ရှိသည် (TI, 2011). ။ စီးပွားလုပ်ငန်းများသည် မြေကွက်ကြီးများ ရရှိနိုင်ရန် မလိုလားအပ်သည့် အခွင့်အရေးများ ကမ်းလှမ်း ကြ ရပြီး ထုံးတမ်းဓလေ့အရ မြေအသုံးချပိုင်ခွင့်ရှိသော ဒေသခံများ အကျိုးနည်းကြရသည်။ အဂတိ လိုက်စားမှုကြောင့် အစိုးရ ထုတ်ချေးငွေ ခွဲဝေမှုတွင်လည်း အစိုးရအရာရှိများက မလိုလားအပ်သည့် အခကြေးငွေများကောက်ခံမှုများရှိသည်။ စိုက်ပျိုးရေး သွင်းအားစု တင်သွင်းသည့် ကုမ္ပဏီများက အစိုးရအရာရှိများအား အမြတ်အစွန်း ရှယ်ယာ ပေးနိုင်ရန်၊ ၎င်းတို့၏ ကုန်များကို အစိုးရဌာနများအား ဈေးမြင့်တင်၍ ရောင်းသဖြင့် အဂတိ လိုက်စားမှုကြောင့် စိုက်ပျိုးရေးသွင်းအားစုများလည်း ဈေးမြင့်မား လာသည်။

အဂတိလိုက်စားမှုနှင့် ပတ်သက်သည့် စွပ်စွဲချက်များကြောင့် စိုက်ပျိုးရေး ရင်းနှီးမြှုပ်နှံမှု မှ ရရှိနိုင်သည့် အကျိုး ကျေးဇူးများကို လျော့ကျစေသည်၊ သို့မဟုတ် ရင်းမြစ်များကို အလှမ်းမီရေး အတွက် အဖိုးအခမြင့်မားသဖြင့် ရင်းနှီးမြှုပ်နှံမှု အကောင်အထည် ဖော်နိုင်ခြင်းမရှိ ဖြစ်တတ် သည်။ လက်ရှိ အခြေခံအဆောက်အအုံ ဖွံ့ဖြိုးမှုနှင့် နောင်ဖွံ့ဖြိုးမှုအတွက် စုပေါင်း ညှိနှိုင်းဆောင်ရွက်မှုများလည်း

ကျဆင်း လာပြီး၊ ပဋိပက္ခဖြစ်နိုင်ခြေများလာသည် (FAO, 2010)။ ထိုအခါ စီးပွားလုပ်ငန်းအပေါ် ရေရှည် ဆက်ဆံရေးခိုင်မာရန်အတွက် အဓိကလိုအပ်သည့် ဒေသခံများ၏ ယုံကြည်စိတ်ချမှု လျော့ပါး လာတတ်သည်။

*အန္တရာယ်လျော့ကျစေရေး အစီအမံများ*

- ဥပဒေသို့မဟုတ် လူ့အခွင့်အရေး၊ သဘာဝ ပတ်ဝန်းကျင်၊ ကျန်းမာရေး၊ ဘေးအန္တရာယ် ကင်းဝေးရေး၊ အလုပ်သမားရေး၊ အခွန်အကောက် သို့မဟုတ် အခြား ကိစ္စရပ်နှင့် စပ်လျဉ်းသည့် စည်းကမ်း မူဘောင်တွင် မပါရှိသော ကင်းလွတ်ခွင့်များ တောင်းခံခြင်း သို့မဟုတ် လက်ခံခြင်းများ ရှောင်ကြဉ်ပါ။
- အစိုးရ အရာရှိများ၊ စီးပွားဖက်များ၏ အလုပ်သမားများ သို့မဟုတ် ၎င်းတို့၏ ဆွေမျိုးများ သို့မဟုတ် စီးပွားဖက်များအား လုပ်ငန်းတစ်ခု ရရှိရန်၊ သို့မဟုတ် ဆက်လက်လုပ်ကိုင်နိုင်ရန်၊ သို့မဟုတ် အခြား မလျော်ကန်သည့် အခွင့်အရေးများ ရရှိရန် တိုက်ရိုက်ဖြစ်စေ သွယ်ဝိုက်၍ ဖြစ်စေ(တတိယလူမှတဆင့်) လာဘ် ကမ်းလှမ်းခြင်း၊ ကတိပေးခြင်း၊ ပေးခြင်း သို့မဟုတ် လာဘ် တောင်းဆိုခြင်း၊ သို့တည်းမဟုတ် အစိုးရအရာရှိများအား မလိုလားအပ်သည့် အခွင့်အရေးများ တောင်းဆိုခြင်းများ ရှောင်ကြဉ်ပါ။
- လုပ်ငန်းတွင်း စည်းကမ်းအထိန်းအချုပ်များ၊ လုပ်ငန်းကျင့်ဝတ်များနှင့် လိုက်နာဆောင်ရွက်မှု အစီအစဉ်များ ဖြစ်စေ လာဘ်ပေးလာဘ်ယူမှု တားဆီးရန် နှင့် ဖော်ထုတ်ရန် အစီအမံများ ဖြစ်စေ ပြုစု ချမှတ်ပါ။
- အလုပ် လွယ်ကူချောမွေ့စေရန် ငွေအနည်း အကျဉ်းပေးသည့် အလေ့အထကို ထုံးစံအားဖြင့် နိုင်ငံများတွင် တရားမဝင်သည့်အတွက် ကုမ္ပဏီတွင်း စည်းမျဉ်းစည်းကမ်းများ၊ လုပ်ငန်း ကျင့်ဝတ်နှင့် လိုက်နာဆောင်ရွက်မှု အစီအစဉ်များ၊ အစီအမံများတွင် တားမြစ်ပါ သို့မဟုတ် အားမပေးပါနှင့်။ အကယ်၍ ထိုသို့ ပေးခဲ့လျှင်လည်း၊ မှတ်တမ်းများ၊ ငွေစာရင်း ရှင်းတမ်း များတွင် အတိအကျ စာရင်းသွင်းပါ။
- ကိုယ်စားလှယ်များ ခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် အလေးထား စိစစ် ဆောင်ရွက်မှုကို စနစ်တကျ မှတ်တမ်းသွင်းပြီး၊ ၎င်းတို့အား သင့်လျော်သည့် ပုံမှန် ကြီးကြပ်မှုများ ပြုလုပ်၍ ၎င်းတို့အား ပေးသည့် ငွေသည်လည်း တရားဝင် ဝန်ဆောင်မှုများအတွက်သာဖြစ်ကြောင်း သေချာအောင် လုပ်ဆောင်ပါ။
- နယ်မြေဒေသတွင်း နိုင်ငံရေး လှုပ်ရှားမှုများတွင် မလျော်ကန်သော ပါဝင်ပတ်သက်မှုများ ရှောင်ကြဉ်ပါ။ [90]
- ဓမ္မဓိဋ္ဌာန်ကျကျ အကဲဖြတ်ထားသည့် တန်ဖိုးများ၊ ပွင့်လင်းမြင်သာမှုရှိပြီး ဗဟိုချုပ်ကိုင်မှု မရှိသည့် လုပ်ငန်းစဉ်များနှင့် ဝန်ဆောင်မှုများကို အသုံးပြုပါ။ မြေအသုံးချပိုင်ခွင့်၊ အထူးသဖြင့် ဌာနေ တိုင်းရင်းသားများနှင့် ဒေသခံလူထုများ ၏ ထုံးတမ်းဓလေ့အရ အသုံးချ ပိုင်ခွင့်များ နှင့်စပ်လျဉ်းသည့် အဂတိလိုက်စားမှု တားဆီးနိုင်ရန် အယူခံဝင်နိုင်ခွင့်များကို သုံးပါ။ [91]
- နိုင်ငံတကာ စီးပွားဆက်ဆံဆောင်ရွက်မှုများတွင် ပြည်ပ အစိုးရ အရာရှိများအား လာဘ်ပေး ခြင်း တိုက်ဖျက်မှုဆိုင်ရာ အိုအီးစီဒီ ကွန်ဗင်းရှင်း (OECD Anti-Bribery Convention) ကို အကောင်အထည်

ဖော်ရန် အစိုးရများ၏ ကြိုးပမ်းမှုများတွင် ပူးပေါင်းပါဝင်ပါ။ [92]

## *၉.၂။ အခွန်ဆောင်မှု*

*အန္တရာယ်များ*

စီးပွားလုပ်ငန်းများသည် မိမိတို့ သွားရောက်လုပ်ကိုင်သည့် နိုင်ငံများတွင် ကျသင့်သည့် အခွန်အခများကို အချိန်မှန် ဆောင်ခြင်းဖြင့် ထိုနိုင်ငံ ၏ စီးပွားရေး ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်သည်။ ၎င်းတို့၏ အန္တရာယ် စီမံခန့်ခွဲရေး စနစ်များတွင် အခွန်ဆိုင်ရာ အုပ်ချုပ်မှုနှင့် လိုက်နာဆောင်ရွက်မှု စည်းကမ်းများထည့်သွင်းခြင်းဖြင့် အခွန်နှင့် ဆက်နွယ်သည့် ငွေကြေးဆိုင်ရာ၊ စည်းမျဉ်းဆိုင်ရာ ဂုဏ်သိက္ခာ ဆိုင်ရာ အန္တရာယ်များကို အပြည့်အဝ ဖော်ထုတ်ပြီး အသေအချာ အကဲဖြတ်နိုင်မည် ဖြစ်သည်(OECD, 2011)။ လုပ်ငန်းကြီးများအား လတ်တလော ကာလအတွင်း လှုံ့ဆော် တိုက်ခိုက်မှုများကို ကြည့်ခြင်းဖြင့်၊ အခွန်ရှောင်မှုသည် လုပ်ငန်း ဂုဏ်သိက္ခာကို ပိုမို ညှိုးနွမ်းစေကြောင်း တွေ့ရှိနိုင်သည်။

*အန္တရာယ်လျော့ကျစေရေး အစီအမံများ*

- လုပ်ငန်းလည်ပတ်မှုများနှင့် ဆက်စပ်သည့် အခွန်အခများ မှန်ကန်စွာ တွက်ချက် စိစစ်နိုင်ရန်အာဏာပိုင်များအား ဥပဒေအရ လိုအပ်သည့် သို့မဟုတ် သက်ဆိုင်သည့် **အချက်အလက်များ ဆောလျင်စွာ** ပေးပါ။
- မိမိပိုင် လုပ်ငန်းအချင်းချင်း စီးပွားဆက်ဆံ ငွေလွှဲပြောင်းသည့် (**transfer pricing** ) အလေ့အထများမှ ရောင်းသူဝယ်သူနှစ်ဖက်လုံးအကျိုးအမြတ်ရစေသည့်(arm's length)စည်းမျဉ်းသို့ ပြောင်း၍ ကျင့်သုံးပါ။
- အခွန်အခနှင့် ဆက်စပ်သည့် ငွေကြေး၊ စည်းကမ်းနှင့် လုပ်ငန်းသိက္ခာများ ထိပါးသည့် အန္တရာယ်များကို အပြည့်အဝ ဖော်ထုတ် အကဲဖြတ်နိုင်မည့် **အန္တရာယ် စီမံခန့်ခွဲရေး ဗျူဟာများ** ချမှတ်ပါ။ [93]

## *၉.၃။ ယှဉ်ပြိုင်မှု*

*အန္တရာယ်များ*

ယှဉ်ပြိုင်မှုကို အဟန့်အတားဖြစ်စေသည့် အလေ့အထများသည် စားသုံးသူများအား ထိခိုက်စေသည့် အပြင်၊ အလွန်အမင်း ဝယ်လိုအားကြီးမှုကို မထိန်းနိုင်လျှင်၊ အသေးစား လုပ်ငန်းများ၏ ပြောအားဆိုအားကို ချိနဲ့စေပြီး စားနပ်ရိက္ခာဖူလုံမှုနှင့် အာဟာရ ပြည့်ဝမှုကို လည်း ထိခိုက်စေသည် (UN, 2009)။ ထိုနည်းတူစွာ၊ ယှဉ်ပြိုင်မှုကြီးမားသော ဈေးကွက်တစ်ခုတွင် လုပ်ငန်းကြီးများက ကုန်စည်တစ်ခုကို အရှုံးခံရောင်းခြင်းဖြင့် အသေးစားနှင့် အလတ်စား လုပ်ငန်းများအပါအဝင် ပြိုင်ဖက်လုပ်ငန်းများက မယှဉ်နိုင်တော့ဘဲ ဈေးကွက်တွင်းမှ ထွက်သွား ရ တတ်သည်။ ယှဉ်ပြိုင်မှု ဥပဒေများနှင့် စည်းမျဉ်းများ

လုံလောက်စွာ ပြဋ္ဌာန်းခြင်း သို့မဟုတ် အာဏာသက်ရောက်ခြင်းမရှိသည့် နိုင်ငံများတွင် ကျိုးကြောင်း လုံလောက်စွာ အကြောင်းကြား ခြင်းမရှိဘဲ ပေးချေပြီးငွေကို ဈေး ပြန်လည်လျှော့ပေးခြင်း၊ သို့မဟုတ် စားသုံးသူ တိုင်တန်း ချက်များကြောင့် ပေးသွင်းသူအပေါ် မလုပ်အပ်သည့် ငွေပေးချေမှုများ ကျခံစေခြင်း စသည့် (retrospective reduction) နည်းလမ်းများ သုံးခြင်းစသည့် စီးပွားလုပ်ငန်းများ၏ အလွန်အမင်း ဈေးနှိမ်၍ ဝယ်နိုင်အား ကျင့်သုံးရာရောက်သည့် အလေ့အထများကို စီမံခန့်ခွဲရေးအပိုင်းမှ အလွန် သတိထား၍ မကိုင်တွယ်နိုင်ပါက၊ ယှဉ်ပြိုင်မှုဆိုင်ရာ စံနှုန်းများကို ချိုးဖောက်နိုင်သည့် အန္တရာယ်ရှိသည်၊ ၊(OECD, 2006)

*အန္တရာယ်လျှော့ကျစေရေး အစီအမံများ*

- စီးပွားပြိုင်ဖက်များအကြား **ယှဉ်ပြိုင်မှုကို အဟန့်အတားဖြစ်စေသည့် သဘောတူညီမှုများ** ပြုလုပ်ခြင်း သို့မဟုတ် လုပ်ဆောင်ခြင်းများကို ရှောင်ကြဉ်ပါ။
- **ယှဉ်ပြိုင်မှုကို စုံစမ်းစစ်ဆေးသည့် အာဏာပိုင်များနှင့် ပူးပေါင်း၍** သက်ဆိုင်ရာ ဥပဒေများနှင့် သင့်လျော်သည့် ဘေးဆီးရန်ကာများနှင့် အညီ၊ အချက်အလက်တောင်းခံချက် များကို လက်တွေ့ အခြေအနေအရ တတ်နိုင်သမျှ ပြည့်စုံစွာ ပေးပါ။ စုံစမ်းစစ်ဆေးနေသည့် အာဏာပိုင်များနှင့် ထိရောက် မြန်ဆန်သည့် ပူးပေါင်းမှု လွယ်ကူစေရန်အတွက်၊ လျှို့ဝှက် လုံခြုံမှုဆိုင်ရာ အချက်များကို ကျော်လွှားခြင်းကဲ့သို့သော သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ ကို အသုံးပြု၍ ပူးပေါင်းဆောင်ရွက်ရန် စဉ်းစားပါ။ [94]

## ၁၀။ နည်းပညာနှင့် တီထွင်ဆန်းသစ်မှု

### *အန္တရာယ်များ*

နည်းပညာများ မြှင့်တင်ခြင်း နှင့် မျှဝေခြင်းတို့ဖြင့် လူ့အခွင့်အရေးများ ခံစားနိုင်ခွင့်ကို ပံ့ပိုးပေးသည့် ဝန်းကျင် ဖန်တီးရန်နှင့် သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်း စောင့်ရှောက်မှုကို ပိုမိုတိုးတက်စေရန် အထောက်အကူ ဖြစ်စေနိုင်သည်။ သို့သော်လည်း၊ ကိုယ်တွေ့မျက်မြင်ကို အခြေခံသည့် လေ့လာမှု များအရ စိုက်ပျိုးရေး ကဏ္ဍအတွင်း လက်တွေ့အခြေအနေတွင် နည်းပညာ မျှဝေမှု သည် လုပ်ငန်းများ ပြောသည့် အဆင့်သို့ရောက်ခြင်း အလွန်ရှားသည်ကို တွေ့ရသည် (UNCTAD, 2009)။

ဌာနေတိုင်းရင်းသားများ၊ ဒေသခံများနှင့် လယ်သမားများ ၏ မျိုးရိုးဗီဇ ပစ္စည်းနှင့် ရိုးရာ ဗဟုသုတနှင့် ပတ်သက်၍၊ ၊ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအတွက် အပင် မျိုးဗီဇ ရင်းမြစ်များနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ်နှင့် CBD အပေါ် အလုမ်းမီရေးနှင့် အကျိုးအမြတ်ခွဲဝေခံစားရေး ဆိုင်ရာ နာဂိုယာ စာချုပ် အဖွဲ့ဝင်နိုင်ငံများသည် မျိုးရိုးဗီဇ ရင်းမြစ်များနှင့် ဆက်စပ် ရိုးရာ ဗဟုသုတတို့နှင့် စပ်လျဉ်း၍၊ သီးခြား နိုင်ငံတကာ တာဝန်များ ရှိသည်။ ထိုနိုင်ငံတကာ တာဝန်များကို ၄င်းဌာနေ တိုင်းရင်းသားများ၊ ဒေသခံများနှင့် လယ်သမားများက လိုက်နာနိုင်ရန်၊

အနည်းဆုံးအားဖြင့် ယင်းတာဝန်များကို အားနည်း မသွားစေရန်အတွက် လုပ်ငန်းများသည်၊ သက်ဆိုင်ရာ ဉာဏပစ္စည်းမူပိုင်ခွင့် ဥပဒေများကို ထည့်သွင်းစဉ်းစားခြင်းနှင့် အတူ၊ အစိုးရများနှင့် ပူးပေါင်းပါဝင်၍ အကူအညီပေးနိုင်သည်။

***အန္တရာယ်လျော့ကျစေရေး အစီအမံများ***

- လုပ်ငန်းဆောင်တာများသည် **မိမိလုပ်ငန်းလုပ်ကိုင်သည့် နိုင်ငံများ**၏ သိပ္ပံနှင့် နည်းပညာ မူဝါဒများ အစီအစဉ်များနှင့် ကိုက်ညီမှု သေချာစေရန်လည်းကောင်း၊ သင့်လျော်သလို ဒေသနှင့် နိုင်ငံအဆင့် တီထွင်ဆန်းသစ်မှုအား ဖွံ့ဖြိုးရေးကို ထည့်ဝင်မှုပေးရန် လည်းကောင်း ကြိုးပမ်းပါ။
- လုပ်ငန်းလည်ပတ်နေသည့်တစ်လျှောက်၊ လက်တွေ့ဖြစ်နိုင်သည့် အခြေအနေများ တွင် နေရာဒေသနှင့် ကိုက်ညီချိန်ညှိထားသည့် ဆန်းသစ်သော နည်းပညာများ၊ လက်တွေ့ ကျွမ်းကျင်မှုများနှင့် အလေ့အထများကို **အမြန် လွှဲပြောင်း ဖြန့်ဝေနိုင်မည့်** ကျင့်စဉ်များ ချမှတ် ကျင့်သုံးပါ။ [95]
- နိုင်ငံ့ဥပဒေကို လိုက်နာလျက်၊ အကျုံးဝင်သည့် နိုင်ငံတကာ သဘောတူ စာချုပ်များနှင့် အညီ၊ မျိုးစေ့အပါအဝင် မျိုးရိုးဗီဇ ရင်းမြစ်များ စုဆောင်း၊ ဖလှယ် ရောင်းဝယ်နိုင်သည့် **လယ်သမားများ၏ လုပ်ပိုင်ခွင့်များ**ကို လေးစားပါ။ မွေးမြူရေးသမားများ၏ အကျိုး စီးပွား များ ကို အသိအမှတ်ပြုပါ။[96]
- သင့်လျော်သည့်အခါ၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် **ပြည်တွင်းဈေးကွက်** လိုအပ်ချက်များ ကို ဖြည့်ဆည်းရန် အတွက် သိပ္ပံနှင့် နည်းပညာ ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ဆောင်ပါ။ စီးပွားရေး လိုအပ်ချက်များကို ထည့်သွင်းစဉ်းစားလျက် ဒေသခံများကို အလုပ်အကိုင်ပေး၍ သင်တန်း များ ပို့ချအားပေးပါ။
- **ဉာဏ ပစ္စည်း မူပိုင်ခွင့်များ** အသုံးပြုရန် လိုင်စင် ထုတ်ပေး သည့်အခါဖြစ်စေ နည်းပညာ လွှဲပြောင်းသည့်အခါဖြစ်စေ၊ မိမိလုပ်ကိုင်သည့် နိုင်ငံ၏ ရေရှည် ဖွံ့ဖြိုးမှုကို အထောက်အပံ့ လည်း ဖြစ်စေမည့်၊ ကျိုးကြောင်းသင့်တော်သော စည်းမျဉ်းစည်းကမ်းနှင့် အညီ ထုတ်ပေးပါ။
- စီးပွားရေး ဦးတည်ချက်များနှင့် ဆက်စပ်ပါက၊ **ဒေသခံ တက္ကသိုလ်များ၊** အများပိုင် သုတေသန အဖွဲ့များနှင့် ဆက်ဆံရေး ထူထောင်ပြီး၊ ပြည်တွင်း လုပ်ငန်းစု သို့မဟုတ် လုပ်ငန်းစု အသင်းအဖွဲ့များနှင့် အတူ ဖက်စပ် သုတေသန စီမံကိန်းများတွင် ပူးပေါင်းပါဝင်ပါ။ [97]

## ဖြည့်စွက်ချက် က၊ မှတ်ချက်များ

1. OECD Guidelines, III.1-3, VIII.2; CFS-RAI Principle 9.ii; VGGT, 12.3; Akwé: Kon Guidelines, 10-11; IFC Performance Standard 1, 29; UN Guiding Principles ၏ နောက်ဆက်တွဲအဖြစ် သတ်မှတ်ပြီး UN Human Rights Council, Principle 10 ဖြင့် ထောက်ခံထားသည့် UN Principles for Responsible Contracts . ဤအချက်သည် Aarhus Convention Article 5.6 အား အကောင်အထည်ဖော်မှုကိုလည်း အထောက်အကူ ပြုနိုင်မည်။ 'ထုတ်ကုန်၏ လက္ခဏာများ' ဆိုရာတွင် စျေးနှုန်းများနှင့် စားသုံးသူများက သိနားလည် စွာဖြင့် ဆုံးဖြတ်ဝယ်ယူနိုင်အောင် လုံလောက်သည့် အချက်အလက် များ ပါရှိသင့်သည်။ သင့်လျော်သည့်အခါတွင်၊ ပါဝင်ပစ္စည်း၊ ဘေးကင်းစွာ အသုံးပြုရန် အချက်များ သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ အချက်အလက်များ၊ ထိန်းသိမ်း သိုလှောင်ရန်နှင့် စွန့်ပစ်ရန်နှင့် စပ်လျဉ်းသည့် အချက်များကိုပါ ထည့်သွင်း ဖော်ပြသင့်သည်။ (MNE Guidelines, VIII.2).
2. Akwé: Kon Guidelines, 10-11.
3. Aarhus Convention, Article 5.1.c.
4. OECD Guidelines, III.1.
5. IFC Performance Standard 1, para. 27.
6. IFC Performance Standard 7, paras. 13-17; Akwé: Kon Guidelines, 29, 52-53, 60; VGGT, 3B.6, 9.9; CFS-RAI Principle 9.iii; UN Declaration on the Rights of Indigenous Peoples, Article 10. As per IFC Performance Standard 1, para 33 အရ အကျိုးဆက်စပ်သူနှင့် ထိတွေ့ဆောင်ရွက်ရန်သည် အဓိကအားဖြင့် အစိုးရ တာဝန်ဖြစ်သော်လည်း၊ စီးပွားလုပ်ငန်း များသည် တာဝန်ရှိ အစိုးရ ဌာနနှင့် ၎င်းဌာနခွင့်ပြုသလောက် ပူးပေါင်းပါဝင်သင့်သည်။ အစိုးရ လုပ်နိုင်စွမ်းမှာ အကန့်အသတ် ရှိပါက၊ လုပ်ငန်းများက အကျိုးဆက်စပ်သူနှင့် ထိတွေ့ဆောင်ရွက်ရေး စီစဉ်မှုများ၊ အကောင်အထည် ဖော်မှုနှင့် စောင့်ကြည့်ကြပ်မတ်မှု လုပ်ငန်းများတွင် တက်ကြွသည့် အခန်းကဏ္ဍမှ ပါဝင် ဆောင်ရွက် သင့်သည်။ အစိုးရမှ ဆောင်ရွက် သည့် လုပ်ငန်းစဉ်သည် အဓိပ္ပါယ်ပြည့်ဝသည့် ထိတွေ့ဆောင်ရွက်မှုများ ပြုလုပ်ရန် လိုအပ်ချက်များနှင့် ပြည့်မီခြင်း မရှိပါက၊ နောက်ထပ်ဖြည့်စွက် လုပ်ငန်းစဉ်တစ်ရပ် လုပ်ဆောင်သင့်ပြီး၊ သင့်လျော်သည့် အခြေအနေတွင်၊ ဖြည့်စွက်လုပ်ရှားမှု များကို သိရှိ အောင် ဖော်ထုတ်သင့်သည်။
7. VGGT, 3B.6; IFC Performance Standard 1, 30.
8. VGGT, 9.9 and 4.10; Akwé: Kon Guidelines, 14-17; PRAI Principles 1 and 4; IFC Performance Standard 1, 26-27 and 30.
9. Akwé: Kon Guidelines, 17; IFC Performance Standard 1, 30-31.
10. Akwé: Kon Guidelines, 7-8; IFC Performance Standard 1, 27.
11. OECD Guidelines, VI.3 and VI.67.
12. အထူး ထိန်းသိမ်းကာကွယ်ရေးတန်ဖိုးနှင့် ကာဗွန်သိုလှောင်မှု အကဲဖြတ်ချက်စသည့် နည်းကိရိယာများ(High Conservation Value and Carbon Stock Assessments) ကို အသုံးပြုနိုင်သည်။ ဆိုးကျိုးရိုက်ခတ်ခံရနိုင်ခြေများကို အသေးစိတ် ဖတ်လိုလျှင် 'သဘာဝ

ပတ်ဝန်းကျင်ထိန်းသိမ်း ကာကွယ်ရေးနှင့် သဘာဝရင်းမြစ်များ ရေရှည် သုံးစွဲရေး’ ၏ အခန်းခွဲ (၈) ကို ရည်ညွှန်း ကိုးကားနိုင်သည်။

13. CFS-RAI Principle 10; Akwé: Kon Guidelines, 6, 37 and 48.

14. CFS-RAI Principle 10.i; Akwé: Kon Guidelines, 14.

15. IFC Performance Standard 1, paras 8 and 10.

16. CBD Articles 8(j) and 10; ITPGR Article 9.2; Nagoya Protocol Article 5; ILO Convention 169, Article 15.

17. ညွှန်ပြသည့် စာရင်းကို Nagoya Protocol ၏ ဖြည့်စွက်ချက်တွင် တွေ့ရှိနိုင်သည်။

18. Akwé: Kon Guidelines, 46.

19. CFS-RAI Principles 1.iii and 2, iv-vii; PRAI Principle 6; ILO MNE Declaration, para. 20; Akwé: Kon Guidelines, 46; IFC Performance Standard 7, paras 18-20.

20. ILO MNE Declaration, para. 10, PRAI Principle 5.

21. PRAI Principle 6; Akwé Kon Guidelines, 46; IFC Performance Standard 7, paras 18-20.

22. IFC Performance Standard 1, para 35.

23. UN Guiding Principle 31, commentary.

24. OECD Guidelines, IV.46.

25. OECD Guidelines, IV.1-3.

26. OECD Guidelines, IV.37.

27. Akwé: Kon Guidelines 13; IFC Performance Standard 7, para.8.

28. ရိုက်ခတ်မှုအကဲဖြတ်ချက်များနှင့် စပ်လျဉ်း၍ အသေးစိတ်ကို အထက်ပါအခန်းတွင်ကြည့်ပါ။

29. OECD Guidelines, II.2 and IV.5 and 45.

30. CFS-RAI Principles 3 and 4.

31. CFS-RAI Principle 3; Convention on the Elimination of All Forms of Discrimination Against Women (CEDAW).

32. CFS-RAI Principle 3.iii.

33. Freedom of Association and Protection of the Right to Organise Convention, 1948 (No. 87); Right to Organise and Collective Bargaining Convention, 1949 (No. 98); Forced Labour Convention, 1930 (No. 29); Abolition of Forced Labour Convention, 1957 (No. 105); Minimum Age Convention, 1973 (No. 138); Worst Forms of Child Labour Convention, 1999 (No. 182); Equal Remuneration Convention, 1951 (No. 100); Discrimination (Employment and Occupation) Convention, 1958 (No. 111).

34. ထို့ပြင်၊ အလုပ်သမားသမဂ္ဂ ဝင်ခွင့်နှင့် ဖွဲ့စည်းခွင့်များကို European Convention on Human Rights (Article 11) ဖြင့်အကာအကွယ်ပေးထားသည်။ အလုပ်သမားသမဂ္ဂ ဝင်ခွင့်ကို American Convention on Human Rights (Article 16) နှင့် African Charter on Human and Peoples' Rights (Article 10) တွင် ပါဝင်သည့် လွတ်လပ်စွာ ဖွဲ့စည်းခွင့်ဖြင့် အကာအကွယ်ပေးထားသည်။

35. CFS-RAI Principle 2 သည် အလုပ်အသမားအခွင့်အရေးကို အကာအကွယ် ပေးထားသည်။

36. ILO MNE Declaration 21; OECD Guidelines, V.1.e. ။OECD Guidelines ၏ သုံးသပ်ချက် ၅၄တွင် "အခြားအနေအထား" ဆိုသည့် စကားရပ်ကို သတ်မှတ်ရာတွင်၊ လမ်းညွှန်အလို့ငှာ အလုပ်သမားသမဂ္ဂ လှုပ်ရှားမှု နှင့် အသက်၊ မသန်မစွမ်းမှု၊ ကိုယ်ဝန်ဆောင်မှု၊ အိမ်ထောင်ရှိမရှိ၊ လိင်တိမ်းညွတ်မှု သို့မဟုတ် HIV ရှိမရှိ စသည့် ပုဂ္ဂိုလ်ရေးဆိုင်ရာ လက္ခဏာများကို ဆိုလိုသည်။ Convention on the Rights of Persons with Disabilities (CRPD) သည် မသန်မစွမ်းမှုကို အခြေခံပြီး ခွဲခြားဆက်ဆံခြင်းကို တားမြစ်ထားသည် ကို သတိပြုသင့်သည်။

37. ILO MNE Declaration 36; OECD Guidelines, V.1.c; Children's Rights and Business Principle 2. The Children's Rights and Business Principles သည် အပြည်ပြည်ဆိုင်ရာ ဥပဒေတာဝန်အသစ် ဖန်တီးထားခြင်းမဟုတ်ပါ။ Convention on the Rights of the Child and its Optional Protocols တွင်ဖော်ပြထားသည့် အခွင့်အရေးများအပေါ် အခြေခံထားခြင်းဖြစ်သည်။ ဤကွန်ဗင်းရှင်း သည် အများကကျယ်ပြန့်ဆုံး အတည်ပြု သည့် လူ့အခွင့်အရေး သဘောတူ စာချုပ် ဖြစ်သည်- ၁၉၃ နိုင်ငံမှ အစိုးရများက လက်မှတ်ထိုးပြီး အတည်ပြုထားသည့် ကွန်ဗင်းရှင်းဖြစ်သည်။ ဤအခြေခံသဘော တရားများသည် Worst Forms of Child Labour and No. 138 on the Minimum Age ဆိုင်ရာ ILO ကွန်ဗင်းရှင်းများ အမှတ် ၁၈၂ ကိုပါ အခြေခံထားခြင်းဖြစ်သည်။ UN Global Compact's 'Ten Principles' နှင့် the UN Guiding Principles အပါအဝင်၊ စီးပွားရေးလုပ်ငန်းအတွက် လက်ရှိ စံနှုန်းများကို ချဲ့ထွင်ထားခြင်းဖြစ်သည်။

38. OECD Guidelines, V.1.d; IFC Performance Standard 2, paras. 13, 15, 21, 22 and 27.

39. ILO MNE Declaration, 34; OECD Guidelines, V.4.a & b.

40. ILO MNE Declaration, 25.

41. ILO MNE Declaration, 26; OECD Guidelines, V.6.

42. ILO Communications within the Undertaking Recommendation, 1967 (No. 129), para. 2.

43. ကုမ္ပဏီနှင့် ကဏ္ဍအဆင့်ဆင့်၌ စုပေါင်း တောင်းဆိုမှု အပါအဝင်လုပ်ငန်းစု ဆက်ဆံရေး စနစ်များသည် နစ်နာမှုများ တားဆီးရန်နှင့် ကိုင်တွယ်ဖြေရှင်းရန် အရေးပါသော အခန်းကဏ္ဍမှ ပါဝင်နိုင်သည်။

44. IFC Performance Standard 2, 14; ILO MNE Declaration, 17, 52-53.

45. OECD Guidelines, II.9, V.1-3, V.6-8; ILO MNE Declaration, 41, 44, 47, 51-56.

46. OECD Guidelines, V.4-5; ILO MNE Declaration, para. 18.

47. ILO MNE Declaration, 16-18, 30-34.

48. CFS-RAI Principles 3.iii and 4.ii.

49. ILO MNE Declaration, 31.

50. အောက်ပါ နိုင်ငံများနှင့် အဖွဲ့အစည်းများသည် ဤချဉ်းကပ်ပုံကို ထောက်ခံ အတည်ပြုထားသည်- ဥရောပကော်မရှင်၊ အမေရိကန်ပြည်ထောင်စု ပြည်ထဲရေး ဝန်ကြီးဌာန၊ အမေရိကန်ပြည်ထောင်စု စိုက်ပျိုးရေးဝန်ကြီးဌာန၊ ရောဂါထိန်းချုပ်ရေးနှင့် တားဆီးကာကွယ်ရေးဌာန(CDC)၊ ကမ္ဘာ့ဘဏ် ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း(WHO), FAO, OIE နှင့် တုပ်ကွေး

ရောဂါညှိနှိုင်းရေး အတွက် ကုလသမဂ္ဂစနစ်(UNSIC) တို့ဖြစ်သည်။ ထပ်မံသိရှိလိုပါက၊ www.onehealthglobal.net. သို့ သွားရောက်ကြည့်ရှုပါ။

51. Committee on Economic, Social and Cultural Rights ၏ အထွေထွေမှတ်ချက်များသည် ဥပဒေအရ စည်းနှောင်မှု မရှိသော်လည်း၊ ICESCR ၏ လုပ်ပိုင်ခွင့်ရှိသော အဓိပ္ပါယ်ဖွင့်ဆိုချက်များ ဖြစ်သည်။

52. Committee on Economic, Social and Cultural Rights, General Comment No. 14 of 2000။ ICESCR သည် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးကို အမြင့်ဆုံးရနိုင်သည့် စံနှုန်းဖြင့် စံစားပိုင်ခွင့်ကို အသိအမှတ်ပြုထားသည့် နိုင်ငံအတော်များများက အတည်ပြုထားသည့် စာတမ်း ဖြစ်သော်လည်း၊ ကျန်းမာရေးနှင့် စပ်လျဉ်းသည့် အခွင့်အရေးများကို Convention on the Rights of the Child (CRC), the Convention on the Elimination of all Forms of Discrimination against Women (CEDAW), the Convention on the Elimination of All Forms of Racial Discrimination (CERD), နှင့် the Convention on the Rights of Persons with Disabilities (CRPD) တို့တွင်လည်း တွေ့ရှိနိုင်သည်။

53. စားသုံးသူအကျိုးစီးပွားအပေါ် သီးခြားအကြံပြုချက်များအတွက် OECD Guidelines, VIII ကို ကြည့်ပါ။

54. The IFC Performance Standard 3 တွင် 'နိုင်ငံတကာ ကျင့်စဉ်ကောင်း' ကို ကမ္ဘာတစ်လွှား၌ သို့မဟုတ် ဒေသတွင်း၌ အလားတူ အခြေအနေများတွင် တူညီသောအလုပ်အကိုင် အမျိုးအစား လုပ်ကိုင်ကြသော ကျွမ်းကျင်ပြီး အတွေ့အကြုံရှိသည့် ပညာရှင်များထံမှ ပုံမှန် မျှော်လင့်ရသည့် ' လုပ်ငန်းကျွမ်းကျင်မှု၊ ကြိုးစားမှု၊ ဆင်ခြင်မှုနှင့် အမြော်အမြင်ရှိမှုတို့ကို ကျင့်သုံးခြင်း' ဟု အဓိပ္ပါယ်ဖွင့်ဆိုသည်။ ထိုသို့ကျင့်သုံးခြင်း၏ ရလဒ်အဖြစ် စီမံကိန်းမှ သီးခြားစီမံကိန်းနှင့် ပတ်သက်သည့် အသင့်တော်ဆုံး နည်းပညာများကို အသုံးပြုသင့်ကြသည်။

55. IFC Performance Standard 4.

56. PRAI Principle 5, ။ ၁၉၆၃ ခုနှစ်တွင် FAO နှင့် WHO တို့ ဖွဲ့စည်းသည့် The Codex Alimentarius Commission က စားသုံးသူများ၏ ကျန်းမာရေးကို စောင့်ရှောက်ရန်၊နှင့် အစားအစာ ကုန်သွယ်မှုတွင် တရားမျှတသော အလေ့အထများကျင့်သုံးမှု သေချာစေရန်အတွက်၊ နိုင်ငံတကာ အစားအစာ စံနှုန်းများ၊ လမ်းညွှန်များနှင့် ကျင့်ဝတ်များ ချမှတ်ရန် အဆိုပြုသည်။ ကော်မရှင်သည် နိုင်ငံတကာ အစိုးရနှင့် အစိုးရမဟုတ်သည့် အဖွဲ့အစည်းများက ချမှတ်သည့် အစားအစာ စံနှုန်းအမျိုးမျိုးကိုလည်း ညှိနှိုင်းရန် အားပေးသည်။ HACCP စည်းမျဉ်းများသည် Codex ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည်။ ၄င်းတို့သည် အစားအစာ ဘေးအန္တရာယ် ကင်းရှင်းရေး နည်းလမ်းတစ်ခုဖြစ်ပြီး၊ ထုတ်လုပ်သည့်အဆင့်ဆင့်တွင် ဇီဝ၊ ဓာတုဗေဒနှင့် ရုပ်ဆိုင်ရာ အန္တရာယ်များကြောင့် အပြီးသတ် စားသုံးကုန်ပစ္စည်းတွင် အန္တရာယ် ဖြစ်စေမှုကို စနစ်တကျ တားဆီးကာကွယ်သည့် ချဉ်းကပ်ပုံဖြစ်သည်။ ဤအန္တရာယ်များကို ဘေးကင်း သည့်အဆင့်အထိ လျှော့ချနိုင်ရန် တိုင်းတာနည်းများကို ရေးဆွဲသည်။ အခြေခံစည်းမျဉ်း ၇ ချက်မှာ အောက်ပါ အတိုင်းဖြစ်သည်- ၁၊ ဘေးအန္တရာယ်ဆိုင်ရာ ပိုင်းခြားစိတ်ဖြာမှု ပြုလုပ်ရန်၊ ၂၊ အရေးကြီး သည့်

ထိန်းချုပ်ပွိုင့်များ ရှာရန်၊ ၃၊ အရေးကြီးသည့်အဆင့်များသတ်မှတ်ရန်၊ ၄၊ အရေးကြီး ထိန်းချုပ်ပွိုင့်များ ကို စောင့်ကြည့်ကြပ်မတ်ရန်၊ ၅၊ ပြန်လည်တည့်မတ်ပေးရန်၊ ၆၊ စိစစ်အတည်ပြုရန်၊ နှင့် ၇၊ မှတ်တမ်းမှတ်ရာများ ထားရန် တို့ဖြစ်သည်။ HACCP စနစ်ကို အစားအသောက်ထုတ်လုပ်ပြင်ဆင်သည့်အဆင့်များမှ စ၍ ထုပ်ပိုး ဖြန့်ဖြူးသည့်အဆင့်များအထိ စားသောက်ကုန်ကွင်းဆက် အဆင့်တိုင်းတွင် အသုံးပြုနိုင်သည်။

57. ဥပမာ - Global Food Safety Initiative က အသိအမှတ်ပြုသည့် အစီအစဉ်များတွင် SSC 22000 Food Safety Management System, BRC Global Standards နှင့် International Featured Standards တို့ပါဝင်သည်။ European Food Safety Authority ကလည်း အစားအစာ ဘေးကင်းရေး စံနှုန်းများ ချမှတ်ပေးသည်။

58. Codex Alimentarius Commission of 2006 အရ၊ ခြေရာကောက်နည်း(traceability) ကို ထုတ်လုပ်မှု၊ ပြင်ဆင်ထုပ်ပိုးမှုနှင့် ဖြန့်ဖြူးမှုစသည့် အစားအစာ ထုတ်လုပ်သည့် အဆင့်အသီးသီး တစ်လျှောက် အစားအစာကိုခြေရာခံနိုင်ခြင်းကို ခေါ်သည်။ ခြေရာကောက်နည်းဖြင့် အစားအစာ ကွင်းဆက် တစ်လျှောက် မည်သည့်အ ဆင့်တွင်မဆို ထိုအစားအစာ ဘယ်ကလာသည်ကို (နောက်တစ်လှမ်း ဆုတ်) ကိုလည်းကောင်း၊ ထိုအစားအစာ ဘယ်ကိုရောက်သွား သည် (ရှေ့တစ်လှမ်းတိုး) ကို လည်းကောင်း၊ အစားအစာ စစ်ဆေးမှုနှင့် အသိအမှတ်ပြုမှု လက်မှတ်ထုတ်ပေးသည့် စနစ၏ဦးတည်ချက် ပေါ်မူတည်၍ ဖော်ထုတ်နိုင်စွမ်းရှိသင့်သည်။

59. အစားအစာနှင့်စပ်လျဉ်းသည့်အခွင့်အရေးများကိုလည်း the Convention on the Rights of the Child (CRC), the Convention on the Elimination of all Forms of Discrimination against Women (CEDAW), and the Convention on the Rights of Persons with Disabilities (CRPD) အပါအဝင်၊ အခြားအပြည်ပြည်ဆိုင်ရာနှင့် ဒေသဆိုင်ရာ စာတမ်းများဖြင့် ကာကွယ်စောင့်ရှောက်ထားသည်။

60. UN Committee on Economic, Social and Cultural Rights, General Comment 12 (1999), paras. 6, 15 and 27.

61. ထပ်မံသိရှိလိုပါက *www.accesstonutrition.org*. ရှိ Access to Nutrition Index တွင် ကြည့်ရှု နိုင်သည်။

62. CFS-RAI Principles 1.i and iii, 2.iii and iv, and 8.i; 3.i and iii; VGGT, 12.4; PRAI Principle 2.

63. CAO သည် IFC နှင့် the Multilateral Investment Guarantee Agency (MIGA) အတွက် သီးခြားလွတ်လပ်သည့် ပြန်လည်ကုစားရေးယန္တရားဖြစ်သည်။ စီမံကိန်းကြောင့်ရိုက်ခတ်ခံရသည့် အသိုက်အဝန်းများထံမှတိုင်ကြားမှုများကို တုံ့ပြန်ပေးပြီး၊ မြေပြင်၌ လူမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရလဒ်ကောင်းများ ရရှိစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

64. မြေနှင့် အခြား သဘာဝသယံဇာတများ အသုံးချခွင့်များသည် လူ့အခွင့်အရေး မဟုတ်သော်လည်း၊ လူ့အခွင့်အရေးအသီးသီးကို ခံစားရေး အတွက် အရေးကြီးသော သက်ရောက်မှုများ ပေးနိုင် သကဲ့သို့ RBC စံနှုန်းများတွင်လည်း ထိုအတိုင်း ဖော်ပြသည်။ အရေးကြီးသည့် ခြွင်းချက်တစ်ခုမှာ ဌာနေ တိုင်းရင်းသားများ ထုံးတမ်း အစဉ်အလာအရ နေထိုင်လာသည့်

မြေများကို ပိုင်ဆိုင်ခွင့် ဖြစ်သည်။ ထိုအချက်ကို ILO Convention 169 တွင် ထည့်သွင်း ပြဌာန်းထားပြီး၊ စည်းနှောင်မှု မရှိသော်လည်း ကျယ်ပြန့်စွာ ကိုးကားသည့် UN Declaration on the Rights of Indigenous Peoples တွင် ထောက်ခံအားပေးထားသည် (see Annex B)။

65. အလိုဆန္ဒမပါဘဲ ရွှေ့ပြောင်းနေရာချခြင်းဆိုရာတွင် ရုပ်ပိုင်းဆိုင်ရာ ရော (နေရာ ပြောင်းရွှေ့ခံရခြင်း သို့မဟုတ် မြေဆုံးရှုံးခြင်း) အပြင် သဘာဝ ရင်းမြစ် အသုံးပြုမှုအပေါ် အကန့်အသတ်များ ထားရှိခြင်း တို့ကြောင့် စီးပွားရေး ပျက်ပြားခြင်း (သဘာဝ ရင်းမြစ်များဆုံးရှုံးခြင်း၊ သို့မဟုတ် အလုပ်မီမှု လျော့ပါး ဆုံးရှုံးခြင်းကြောင့် အသက်မွေးဝမ်းကျောင်းမှု ဆုံးရှုံးခြင်းကိုပါ ရည်ညွှန်းသည်။အလိုဆန္ဒမပါဘဲ နေရာပြောင်းရွှေ့ချထားခံရခြင်းဆိုသည်မှာ ရိုက်ခတ်ခံရသူများ တွင် မြေသိမ်းခံရခြင်း၊ သဘာဝရင်းမြစ် အသုံးပြုမှု ကန့်သတ်ခြင်းကို ကန့်ကွက်ပိုင်ခွင့် မရှိခြင်းကို သတ်မှတ်သည်(IFC Performance Standard 5)။

66. VGGT, 2.4; PRAI Principle 1; Akwé: Kon Guidelines 13; IFC Performance Standard 7, para 8.

67. Akwé: Kon Guidelines 13.

68. ဤစံနှုန်းများကို မကြာသေးမီက အကြီးစား စိုက်ပျိုးရေးထွက် စားသောက်ကုန် ထုတ်လုပ်သည့် ကုမ္ပဏီကြီးများက မြေသိမ်းမှုနှင့် စပ်လျဉ်း၍ ပြုရသည့် ကတိကဝတ်များတွင်လည်း ကိုးကား ထား သည်။

69. PRAI, 6.2.1; IFC Performance Standard 5, paras. 9-10, 19, 27-28, and IFC Performance Standard 7, paras 9 and 14.

70. IFC Performance Standard 5, para. 30။ထို့အပြင် ဤစံနှုန်း၏ စာပိုဒ် ၃၁ အရ စီးပွားလုပ်ငန်းများ သည် ပြန်လည်နေရာချထားရေးနှင့် အသက်မွေးဝမ်းကျောင်းမှု ပြန်လည်ထူထောင်ရေး ဖြည့်စွက် အစီအစဉ် ပြင်ဆင်ရန် လိုသည်။

71. နိုင်ငံပေါင်း ၁၇၀ ကျော်မှ လက်ခံထားသည့် OIE ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်အရ၊ တိရစ္ဆာန် ကျန်းမာရေး ဆိုသည်မှာ တိရစ္ဆာန်တစ်ကောင်သည် မိမိ နေထိုင်သည့်ဝန်းကျင် အခြေအနေများ တွင် မည်သို့ ရှင်သန်နိုင်သည်ကို ဆိုလိုသည်။ တိရစ္ဆာန်တစ်ကောင်သည် ကျန်းမာသည်၊ နေသာထိုင်သာရှိသည်၊ အစာရေစာဝသည်၊ ဘေးကင်းသည်၊ သဘာဝအတိုင်း ပြုမူနိုင်သည်၊ ထို့အပြင် နာကျင်မှု၊ ကြောက်လန့်မှုနှင့် စိတ်ဖိစီးမှု စသည့် မနှစ်မြို့ဖွယ်ရာ အခြေအနေများ မခံစားရလျှင် (သိပ္ပံနည်းကျ အထောက်အထားဖြင့်) ကျန်းမာသည့်အခြေအနေတွင် ရှိသည်ဟု ခေါ်သည်။ အချက်အလက်ထပ်မံ သိရှိလိုလျှင် www.defra.gov.uk/fawc. ကို ကြည့်ပါ။//

72. ဘေးအန္တရာယ်ကင်းဝေးရေး ၅ ချက် ကို တိရစ္ဆာန် ကျန်းမာရေး ဆိုင်ရာ OIE အကြံပြုချက်များ၏ နိဒါန်း- Article 7.1.2. of the Terrestrial Animal Health Code - တွင် အသိအမှတ်ပြုထားသည်။ ထပ်မံသိရှိလိုလျှင်၊ www.fawc.org.uk/freedoms.htm. ရှိ Farm Animal Welfare Council's Five Freedoms တွင် ကြည့်ပါ။

73. See http://eur-lex.europa.eu/legal-content/EN/TXT/?uri=CELEX:12012E/TXT.

74. ဤစံနှုန်းများတွင် IFC Good Practice Note on Animal Welfare in Livestock Operations; Freedom Food of the Royal Society for the Prevention of Cruelty to Animals (RSPCA); Label Rouge; GAP 5-step; and the Soil Association's organic standards တို့ပါဝင်သည်။

75. OIE, Terrestrial Animal Health Code 2015, Article 7.1.4.။ ဤအန္တရာယ် လျော့ကျစေရေး အစီအမံများသည် Business Benchmark on Farm Animal Welfare (www.bbfaw.com). ၏ အဓိက

သတ်မှတ်စံများနှင့် အညီ ဖော်ပြထားသည်။

76. ပိုးမွှား စီမံခန့်ခွဲရေးအစီအစဉ်သည် အကျိုးပြုသည့် ပိုးကောင်များ သို့မဟုတ် အဏုဇီဝ ပိုးမွှားများကို အသုံးချကာ ဇီဝ ထိန်းချုပ်နည်း၊ ပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသည့် သီးနှံအမျိုးအစားများ၊ ဆေးဖြန်းခြင်း သို့မဟုတ် အကိုင်းအခက်ချိုင်ခြင်းစသည့် အစားထိုး စိုက်ပျိုးရေး အလေ့အထများ အသုံးပြုခြင်း စသည့် နည်းစနစ်အမျိုးမျိုး ပေါင်းစပ်ကာ၊ ပိုးမွှား ပေါက်ဖွားမှု လျှော့ချရန် ရည်ရွယ်သင့်သည်။

77. OECD Guidelines, VI.1.

78. IFC Performance Standard 1, paras 5 and 21-22.

79. OECD Guidelines, VI.2-3.

80. OECD Guidelines, VI.1, 4-5; IFC Performance Standard 1, 5 and 21-22; UN Global Compact, Principles 7-8; United Nations Framework Convention on Climate Change, Article 3.

81. OECD Guidelines, VI.1, 4, and 5; IFC Performance Standard 1, paras. 5 and 21-2

82. OECD Guidelines, VI.2-3.

83. IFC Performance Standard 6, para. 7; CBD Articles 8 and 9; CFS-RAI Principle 6.ii.။ IFC Performance Standard 6, para 26 တွင် 'ဖြစ်နိုင်သည့်အခြေအနေများတွင်၊ လုပ်ငန်းရှင်သည် မြေအခြေခံ စိုက်ပျိုးရေး လုပ်ငန်းနှင့် သစ်တောရေးရာ စီမံကိန်းများကို သစ်တောမရှိသည့်မြေ သို့မဟုတ် အနေအထား ပြောင်းလဲပြီးမြေများကို ရှာဖွေရန် ဖြစ်သည်'ဟု ဖော်ပြထားသည်။ The Forest Policy Proposals of the International Commission on Land Use Change and Ecosystems (October 2009), the EU Renewable Energy Directive No. 2009/28/EG (April 2009), the EU Timber Regulation No. 995/2010 (October 2010), နှင့် ၂၀၁၄ ရာသီဥတုဆိုင်ရာ ညီလာခံတွင် အတည်ပြုခဲ့သည့် သစ်တောများဆိုင်ရာ နယူးယောက် ကြေညာချက်တို့တွင် မြေအသုံးချမှု အပြောင်းအလဲများ ကို ကိုးကားထားသည်။

84. PRAI Principle 7။ ဥပမာ- သင့်လျော်သည့် သီးနှံ လှည့်ပြောင်းစိုက်ပျိုးခြင်း၊ မြသြဇာကျွေးခြင်း၊ စားကျက်မြေ စီမံခန့်ခွဲခြင်းနှင့် သင့်လျော်သည့် စက်ဖြင့် သို့မဟုတ် မြေထိန်းသိမ်းရေးပုံစံဖြင့် ထွန်ယက်သည့် အလေ့အထများဖြင့် မြေသြဇာကောင်းမွန်မှု ထိန်းသိမ်းထားနိုင်သည်။

85. The CEO Water Mandate သည် ၂၀၀၇ တွင် ကုလ အထွေထွေ ညွှန်ကြားရေးမှူးချုပ်မှ စတင်ထူထောင်သည့် အစိုးရနှင့် ပုဂ္ဂလိက ဖက်စပ်လုပ်ငန်းဖြစ်သည်။ The CEO Water Mandate ၏ လိုအပ်သတ်မှတ်ချက်မှာ ရေရှည်တည်တံ့မည့် ရေထိန်းသိမ်းရေး မူဝါဒများနှင့် အလေ့အထများ ပြုစုချမှတ်ခြင်း၊ အကောင်အထည် ဖော်ခြင်းနှင့် ဖော်ထုတ် ပြောကြားခြင်းတို့တွင် ကုမ္ပဏီများအား အကူအညီပေးရန် ရေရင်းမြစ် ထိန်းသိမ်းရေး ၊ရေဆိုးသန့်စင်ရေးနှင့် ရေအသုံးလျှော့ချရေးများနှင့် စပ်လျဉ်း၍ ဦးတည်ဆောင်ရွက်ရန်များ ချမှတ်ရန် ဖြစ်သည်။ သို့သော်လည်း Rio +20 မှ ထွက်ပေါ်လာသည့် စာတမ်းဖြစ်သော 'The Future We Want' တွင် ရေအကျိုးရှိစွာ အသုံးပြုရေး တိုးမြှင့်ခြင်းနှင့် ရေပြုန်းတီးမှု လျှော့ချခြင်းတို့ကိုသာ ဦးတည်ဖော်ပြထားသည်။//

86. CFS-RAI Principle 8.iii.

87. CFS-RAI Principle 6.iii။ အစားအစာ လေလွင့်မှုကိုလည်း တိုင်းတာနည်းများဖြင့် အကဲဖြတ်သင့်သည်။ ဖြစ်နိုင်သည့်အခြေအနေများတွင်၊ တတိယအဖွဲ့များအား နည်းပညာ လွှဲပြောင်းပေးခြင်း၊ အစားအစာ လေလွင့်မှု၊ နောက်ဆက်တွဲအကျိုးဆက်များနှင့်ပတ်သက်သည့် အသိပညာ ပေးခြင်းတို့ပြုလုပ်ခြင်းဖြင့် လေလွင့်မှုကို လျှော့ချသင့်သည်။ လေလွင့်မှုကို မရှောင်

နိုင်လျှင်၊ အစားအစာများကို တိရစ္ဆာန်စာအဖြစ် အသုံးပြုခြင်း သို့မဟုတ် ဖြစ်နိုင်သည့်အခါများတွင် စွမ်းအင်အဖြစ် ပြောင်းလဲအသုံးပြုခြင်း စသည်တို့ဖြင့် ဖို့မြေအဖြစ်အသုံးပြုခြင်းမှ လျှော့ချ သင့်သည်။

88. IFC Performance Standard 3.6.

89. CFS-RAI Principle 6.v.

90. OECD Guidelines, II.A.5 & 15, and VII. 91.

91. VGGT, 6.9, 8.9, 9.12, 16.6, 17.5.

*92.* နိုင်ငံတကာ စီးပွားလုပ်ငန်း ဆောင်ရွက်မှုများ၌ ပြည်ပ အစိုးရ အရာရှိများအား လာဘ်ပေးမှုကို နိုင်ငံအများက တားဆီး ကာကွယ် တိုက်ဖျက်ရန်အတွက် ထိရောက်သည့် အစီအမံများ မည်သို့ ချမှတ်နိုင်သည်ကို ဖော်ပြချက် အသေးစိတ်များ ထပ်မံ သိရှိလိုလျှင်၊ OECD Recommendation of the Council for Further Combating Bribery of Foreign Public Officials in International Business Transactions, www.oecd.org/daf/anti-bribery/44176910.pdf. ကိုကြည့်ပါ။

93. OECD Guidelines, XI.1-2.

94. OECD Guidelines, X.2-3.

95. OECD Guidelines, IX.1-2 ; CFS-RAI Principle 7.iv.

96. CFS-RAI Principle 7.ii; International Treaty on Plant Genetic Resources for Food and Agriculture, Article 9.3.

97. OECD Guidelines, IX.

# ဖြည့်စွက်ချက် ၊က၊ ကိုးကားစာရင်းများ


CAO (2013), *Annual Report*, Compliance Advisor Ombudsman, Washington DC.

CAO (2008), A Guide to Designing and Implementing Grievance Mechanisms for Development Projects, Advisory Note, Compliance Advisor Ombudsman, Washington DC.

DEFRA (2003), "Preface", in *The Code of Recommendations for the Welfare of Livestock*, United Kingdom Department of Environment, Food and Rural Affairs, London.

EC (2011), *Report - A Sectoral Approach to CSR to Tackle Societal Issues in the Food Supply Chain*, High Level Forum for a Better Functioning Food Supply Chain, Expert Platform on the Competitiveness of the Agro-food Industry, European Commission, Brussels.

FAO (2013), Trends and Impacts of Foreign Agricultural Investment in Developing Country Agriculture: Evidence from Case Studies, Food and Agriculture Organization, Rome.

FAO (2011), Report of Expert Meeting on International Investment in the Agricultural Sector of Developing Countries, 22-23 November 2011, Food and Agriculture Organization, Rome.

FAO (2010), *Principles for Responsible Agricultural Investment that Respects Rights, Livelihoods and Resources*, Discussion Note Prepared by FAO, IFAD, UNCTAD and the World Bank Group, Food and Agriculture Organization, Rome.

IFC (2014), *Improving Animal Welfare in Livestock Operations*, Good Practice Note, International Finance Corporation, Washington DC.

IFC (2012), *IFC Performance Standards*, International Finance Corporation, Washington DC.

IFC (2009), Addressing Grievances from Project-affected Communities - Guide for Projects and Companies Designing Grievance Mechanisms, Good Practice Note No. 7, International Finance Corporation, Washington DC.

IFPRI (2006), Occupational Health Hazards of Agriculture - Understanding the Links between Agriculture and Health, Brief 13(8), International Food Policy Research Institute, Washington DC.

ILO (2011a), "Unleashing rural development through productive employment and decent work: Building on 40 years of ILO work in rural areas", *Paper to the Governing Body's Committee on Employment and Social Policy*, International Labour Organization, Geneva.

ILO (2011b), *Safety and Health in Agriculture, Code of Practice*, International Labour Organization, Geneva.

ILO (2008), The Labour Principles of the United Nations Global Compact: A Guide for Business, International Labour Organization, Geneva.

ILO (2006), Tripartite Declaration of Principles concerning Multinational Enterprises and Social Policy, International Labour Organization, Geneva.

ILO (2005), *Safety and Health in Agriculture*, International Labour Organization, Geneva.

McDermott, M. *et al.* (2015), *Towards the Valuation of Unregistered Land*, Paper Prepared for a Presentation at the 2015 World Bank Conference on Land and Poverty by McDermott, M., Selebalo, C. and Boydell, S., World Bank, Washington DC.

Munden Project (2013), Global Capital, Local Concessions: A Data-Driven Examination of Land Tenure Risk and Industrial Concessions in Emerging Market Economies, The Munden Project Ltd.

OECD (2011), *OECD Guidelines for Multinational Enterprises, 2011 Edition*, OECD Publishing, Paris. *http://dx.doi.org/10.1787/9789264115415-en*.

OECD (2006), "OECD Risk Awareness Tool for Multinational Enterprises in Weak Governance Zones", in *Annual Report on the OECD Guidelines for Multinational Enterprises 2006: Conducting Business in Weak Governance Zones*, OECD Publishing, Paris. *http://dx.doi.org/10.1787/mne-2006-4-en*.

RSPCA (2014), *Large-scale Farming, A Briefing Paper with an Emphasis on Dairy Farming*, Royal Society for the Prevention of Cruelty to Animals, Southwater.

TI (2011), "Corruption in the land sector", Working Paper 04/2011, Transparency International.

UN (2009), *Large-scale land acquisitions and leases - A set of minimum principles and measures to address the human rights challenge*, UN Special Rapporteur on the Right to Food, United Nations document A/HRC/13/33/3/Add.2, *www.srfood.org/images/stories/pdf/officialreports/20100305_a-hrc-13-33-add2_land- principles_en.pdf.*

UNCTAD (2009), *Transnational Corporations, Agricultural Production and Development*, World Investment Report, United Nations Conference on Trade and Development, New York and Geneva.

UNEP (2015), Bank and Investor Risk Policies on Soft Commodities, A Framework to Evaluate Deforestation and Forest Degradation Risk in the Agricultural Value Chain, United Nations Environment Programme.

UN HABITAT (2015), *Issue Papers and Policy Units of the Habitat III Conference*, United Nations Conference on Housing and Sustainable Urban Development, Nairobi.

WB and UNCTAD (2014), The Practice of Responsible Investment in Larger-Scale Agricultural Investments – Implications for Corporate Performance and Impacts on Local Communities, World Bank Report Number 86175-GLB, Agriculture and Environmental Services Discussion Paper 08, World Bank and United Nations Conference on Trade and Development, Washington DC.

*ဖြည့်စွက်ချက် (ခ)*

## ဌာနေတိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်ခြင်း

စံပြလုပ်ငန်းမူဝါဒတွင် ပြဆိုထားသည့်အတိုင်း၊ ရပ်ရွာလူထုများအား ရိုက်ခတ်နိုင်ခြေရှိသည့် မည်သည့် လုပ်ငန်းလည်ပတ်မှုများမဆို မစတင်မီအချိန်ကစ၍ လည်ပတ်နေစဉ် လည်ပတ်ပြီးသည့် ကာလအထိ၊ ၄င်းတို့နှင့် သဘောရိုးဖြင့် ထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝသော ညှိနှိုင်း ဆွေးနွေးမှုများကို ပြုလုပ်သင့်သည်။ ထို့အပြင်၊ အချို့နိုင်ငံတကာ စာချုပ်စာတမ်းများနှင့် စံနှုန်းများတွင် နိုင်ငံအနေနှင့် ဌာနေတိုင်းရင်းသား များ၏ မြေ သို့မဟုတ် ပိုင်နက် နှင့် အခြား ရင်းမြစ်များအပေါ် သက်ရောက်မှု ရှိသည့် မည်သည့် စီမံကိန်းအား ဖြစ်စေ ၄င်းတို့၏ လွတ်လပ်ပြီး၊ နားလည် သဘော ပေါက်စွာ ပေးသည့် ကြိုတင်ခွင့်ပြုချက်(FPIC) ကို ရရှိရန်အတွက်၊ စီမံကိန်းခွင့်ပြုချက်မရမီ တိုင်ပင် ဆွေးနွေးမှုတွင် ထိတွေ့ ဆောင်ရွက်ရန် ကတိကဝတ်ကို ဖော်ပြသည်[1] ။ အချို့ လူ့အခွင့်အရေး အဖွဲ့များ နှင့် ဌာနေတိုင်းရင်းသားများ၏ အဆိုအရ၊ FPIC ၏ အခြေခံသဘောတရားမှာ ဌာနေတိုင်းရင်းသားများ၏ ကိုယ်ပိုင် အုပ်ချုပ်ခွင့်၊ ပိုင်နက်နှင့် ယဉ်ကျေးမှုဆိုင်ရာ အခွင့်အရေးများမှ ဆင်းသက်ခြင်းဖြစ်ပြီး ထိုလုပ်ပိုင်ခွင့်များ အကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည်ဟု သိရသည်။ အချို့နိုင်ငံများ၏ ဥပဒေများတွင် FPIC ရယူနိုင်ရန်အတွက် တိုင်ပင်ရန် နှင့် ပူးပေါင်းပါဝင်ရန် ကတိကဝတ်နှင့် ကိုက်ညီသော ပြဋ္ဌာန်းချက်များ ပါရှိပြီး ဖြစ်သည်[2]။

CFS-RAI Principles နှင့်. VGGT တို့တွင် ဌာနေတိုင်းရင်းသားများ၏ FPIC ရရှိရန်အတွက် အဓိပ္ပါယ်ပြည့်ဝသော တိုင်ပင်မှုများ ပြုလုပ်ရန် တောင်းဆိုထားသည်။ထို့အပြင် အချို့ အဓိက စိုက်ပျိုးရေး ထွက် အစားအစာ ကုမ္ပဏီများနှင့် လူသုံးကုန် ပစ္စည်းများ၏ စားပွဲဝိုင်းဆွေးနွေးမှုများတွင် အချို့ အခြေအနေများ၌ FPIC ရယူရန်လိုအပ်ကြောင်း ဖော်ပြထားသည်။ ဥပမာ- ရေရှည်ခံ စားအုန်းဆီ နှင့်သက်ဆိုင်သည့် စားပွဲဝိုင်းဆွေးနွေးပွဲ (RSPO )တွင် စားအုန်းဆီ စိုက်ပျိုးရေးအတွက် မြေအသုံးပြုရန် ရိုက်ခတ်ခံရမည့်အုပ်စုများထံမှ FPIC ရယူရန်လိုသည်[3]။ အိုင်အီးစီဒီ လမ်းညွှန်များတွင် ဆိုးကျိုး ရိုက်ခတ် ခံရသည့် ကိစ္စများနှင့် စပ်လျဉ်း၍ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ စာချုပ်များကို ရည်ညွှန်း ကိုးကားထားသော်လည်း၊ FPIC နှင့် ပတ်သက်သည့် အသုံးအနှုန်းများ မပါရှိပေ[4] ။

## ဌာနေတိုင်းရင်းသားများအား အဓိပ္ပါယ်ဖွင့်ဆိုချက်

ဌာနေတိုင်းရင်းသားများ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်မှာ တစ်ခုတည်းဟူ၍ မရှိသကဲ့သို့၊ ဌာနေ အုပ်စုများသည်လည်း မျိုးတူ အုပ်စုများ မဟုတ်ပေ။ သို့သော်လည်း အပြည်ပြည်ဆိုင်ရာ အလုပ်သမား ရေးရာအဖွဲ့ (ILO)သည် ၄င်း၏ ကွန်ဗင်းရှင်းအမှတ် ၁၆၉ ကို မှီငြမ်းကာ၊ ဌာနေတိုင်းရင်းသားများ ဆိုသည်မှာ အောက်ပါ စရိုက်လက္ခဏာ အမျိုးမျိုး ပိုင်ဆိုင်ပြီး ထင်ရှားသော လူမှုနှင့် ယဉ်ကျေးမှုရှိသော အုပ်စုဖြစ်သည်ဟု ဖွင့်ဆိုထားသည်။

- ထင်ရှားသော ယဉ်ကျေးမှု အုပ်စုဝင်များဟု မိမိကိုယ်မိမိသတ်မှတ်ထားခြင်း

- ရိုးရာအစဉ်အလာ ပုံစံများရှိခြင်း

- ယဉ်ကျေးမှုနှင့် လူနေမှုပုံစံများသည် နိုင်ငံရှိ အခြားလူမျိုးများ၏ ပုံစံများနှင့် ကွဲပြားခြင်း၊ ဥပမာ- ဝမ်းစာရှာပုံ၊ ဘာသာစကား၊ ထုံးတမ်း စသည်၊

- ရိုးရာဓလေ့များ၊ ဥပဒေများ ပါဝင်နိုင်သည့် သီးခြား လူမှု အဖွဲ့အစည်းဖြစ်ခြင်း[5]၊

ဌာနေတိုင်းရင်းသားဟု မိမိတို့ကိုယ်မိမိ သတ်မှတ်ခြင်းသည် ဌာနေတိုင်းရင်းသားများဟူ၍ သတ်မှတ်ရန် အခြေခံ သတ်မှတ်စံတစ်ခုအဖြစ် မှတ်ယူသင့်သည်[6]။

Indigenous peoples သည် ၄င်းတို့၏ လူမှု၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်မှု အလေ့အထများ၊ ၄င်းတို့၏ ယဉ်ကျေးမှုနှင့် လူမှု စီးပွား အနေအထားများသည် ၄င်းတို့၏ မြေနှင့် ဆက်စပ်မှု အပေါ် အလွန် အရေးပါ တတ်ကြသည် ဖြစ်ရာ၊ ထိုအချက်များကို အခြေခံကာ၊ ဆိုးကျိုးရိုက်ခတ်မှုများကို အခြား အကျိုးဆက်စပ်သူ အုပ်စုများနှင့် မတူကွဲပြားစွာ၊ သို့မဟုတ် ပို၍ ဆိုးရွားစွာ ခံစားတွေ့ကြုံရနိုင်သည်။ ထိုသူတို့သည် နိုင်ငံ့လူဦးရေအတွင်း ဖယ်ကြဉ်ခံရဆုံးနှင့် ခုခံနိုင်အား အနည်းဆုံး အုပ်စုများလည်း ဖြစ်တတ်ကြသည်။ ထိုသူတို့သည် ခွဲခြားဆက်ဆံခံရခြင်း၊ အလွန်ဆင်းရဲ မွဲတေ ခြင်းများနှင့် တွေ့ကြုံရသဖြင့် ဆိုးကျိုး ရိုက်ခတ်မှုများကို ခုခံနိုင်အားနှင့် ခံနိုင်ရည် ပိုနည်းပါးတတ်ကြသည်။ လုပ်ငန်းလည်ပတ်သည့် နိုင်ငံ၏ ဥပဒေများ မည်သို့ပင် ရှိစေကာမူ၊ ၄င်းတို့၏ မြေ၊ ယဉ်ကျေးမှုနှင့် လူမှု စီးပွားရေး အနေအထားများနှင့် ဆက်စပ်မှုကို အခြေခံပြီး ထုံးတမ်းစဉ်လာ အခွင့်အရေးများ ပိုင်ဆိုင်တတ်ကြသည်။

- **မြေ၊** ဌာနေတိုင်းရင်းသားများ သည် မိမိတို့၏ ဘိုးဘွားပိုင်မြေများနှင့် ထူးခြားသော ဆက်သွယ်မှု၊ ထုံးတမ်း အခွင့်အရေးများ ရှိတတ်ကြသည်။ ဤမြေနှင့် ဆက်သွယ်မှုသည် ဌာနေတိုင်းရင်းသားများ များ၏ ထင်ရှားသော လက္ခဏာတစ်ခု ဖြစ်ရာ၊ မြေအလှမ်းမီမှု လျော့နည်းခြင်း၊ ဆုံးရှုံးခြင်း၊ သို့မဟုတ် သဘာဝပတ်ဝန်းကျင် ပျက်သုဉ်းခြင်း စသည့် မြေနှင့် ပတ်သက်သည့် ရိုက်ခတ်မှုများသည် ဌာနေတိုင်းရင်းသားများ၊ ၄င်းတို့၏ အသက်မွေးဝမ်းကျောင်းမှုလုပ်ငန်းများနှင့် ယဉ်ကျေးမှုတို့ကို အခြား ဒေသခံမဟုတ်သည့် အကျိုးဆက်စပ်သူအုပ်စုများထက် ပို၍ဆိုးရွားစွာ ခံစားရနိုင်သည်။ ထို့ပြင် နိုင်ငံ့ဥပဒေများက ဌာနေတိုင်းရင်းသားများ၏ ထုံးတမ်းအရ မြေနှင့် ပတ်သက်သည့် အခွင့်အရေး များကို အသိအမှတ်ပြုချင်မှ ပြုပေမည်။ အထွတ်အမြတ်ထားသည့် နေရာများ သို့မဟုတ် ယဉ်ကျေးမှုအရ အရေးပါသော နယ်မြေများနှင့် ဆက်စပ်သည့် ဒြပ်မဲ့ တန်ဖိုးများအပေါ် စူးစမ်း တိုင်ပင် ဆွေးနွေးသင့်သည်။

- **ယဉ်ကျေးမှု-** ဌာနေတိုင်းရင်းသားများတွင် ထူးခြားသည့် ယဉ်ကျေးမှု တန်ဖိုးနှင့် စရိုက်လက္ခဏာများ ပိုင်ဆိုင်တတ်ကြရာ၊ ထိုသူတို့နှင့် ထိတွေ့ဆောင်ရွက်သည့်အခါ လေးစားမှု ဖြင့် သုံးသပ်စဉ်းစား သင့်သည့် အချက်များဖြစ်သည်။ ဥပမာ- လူမှုနှင့် ယဉ်ကျေးမှုအရ ခွဲခြားဆက်ဆံခံရခြင်း၊ ဖယ်ကြဉ်ခံရခြင်းများ နှစ်ပေါင်းများစွာ ခံကြရသောကြောင့် သော်လည်းကောင်း၊ သမားရိုးကျ ယဉ်ကျေးမှုများနှင့် အဆက်အသွယ်မရှိသဖြင့် ၄င်းတို့အတွက် ထလွယ်ရှုလွယ် ဖြစ်ခြင်းကြောင့် သော်လည်းကောင်း၊ ပုဂ္ဂိုလ်ရေး လွတ်လပ်ခွင့်သည် ဌာနေတိုင်းရင်းသားများအတွက် အထူး

အရေးကြီးသည့် ကိစ္စဖြစ်နိုင်သည်။ ထိုအခြေအနေ များတွင် သင့်လျော်ကောင်းမွန်သည့် ထိတွေ့ဆောင်ရွက်မှုဆိုသည်မှာ ၎င်းတို့၏ ယဉ်ကျေးမှုပုံစံ မပျက်ပြားစေရန်အလို့ငှာ ရိုးရာဓလေ့ကျင့်စဉ်များ၊ ပွဲများ နှင့် ဘဝမှတ်တိုင်များ အကြောင်း အချက်အလက် မှတ်တမ်းယူသည့်အခါ ခွင့်တောင်းခံခြင်းများ ပါဝင်နိုင်သည်။ အထူးသဖြင့် လုပ်ငန်း လည်ပတ်မှုများကြောင့် အိုးအိမ် နေရာ ပြန်လည်ချထားရသည့်အခါ၊ ဖယ်ရှားခံ ရသည့် အခါများတွင် ဤအချက်သည် အထူးအရေးကြီးသည်။ ဌာနေတိုင်းရင်းသားများ ၏ ရိုးရာ ဘဝပုံစံသည် သီးခြားနယ်မြေတစ်ခုခုနှင့် ဆက်နွယ်နေတတ်ရာ၊ အိုးအိမ်နေရာ ပြန်လည် နေရာချထားခြင်းခံရပါက လူမှု ကွန်ရက်များ ဆုံးရှုံးခြင်း၊ ယဉ်ကျေးမှု ဆုတ်ယုတ်လာခြင်း၊ နှင့် ဘာသာစကားနှင့် ထင်ရှားသည့် ဖြစ်တည်မှု ဆုံးရှုံးခြင်းတို့ ဖြစ်ပွားနိုင်သည်။ အကြီးစား လုပ်ငန်းများတွင် အလုပ်အကိုင်ခန့်ထားမှု သည်လည်း တစ်နည်းအားဖြင့် ရိုးရာပြုဖွယ် ဆောင်တာများအတွက် ထိခိုက်နစ်နာစေသည်ဟု အချို့ဌာနေတိုင်းရင်းသားများကထင်မြင် တတ်သည်။ ၎င်းတို့၏စီးပွားရေးများတွင် ငွေကြေးအသုံးပြုသည့် စနစ်ကို စတင်အသုံးပြုခြင်းသည် ယခင်ကတည်းက ရှိသည့် ဖလှယ်သည့် စနစ်နှင့် သဟဇာတ ဖြစ်ချင်မှ ဖြစ်တော့မည်။ ဤရိုက်ခတ်မှုများကို လျော့ကျစေရန် ဌာနေတိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်ခြင်းဖြင့် ၎င်းတို့၏ ရည်မှန်းချက်၊ ဦးစားပေးရပ်များနှင့် ထင်ဟပ်စေမည့် နည်းများဖြင့် ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်သည်။

- **လူမှုစီးပွား အနေအထား-** လူမှု စီးပွားအနေအထား- ကမ္ဘာ့နိုင်ငံအနှံ့အပြားရှိ လူဦးရေများတွင် ဌာနေတိုင်းရင်းသားများသည် ဖယ်ကြဉ်ခံရဆုံး ခုခံနိုင်အား အနည်းဆုံးအုပ်စုဖြစ်သည်။ ခွဲခြားဆက်ဆံခံရပြီး အလွန်အမင်း ဆင်းရဲမွဲတေမှုနှင့် လူမှုရေးတွင် အားနည်းချက်များ ခံစား တွေ့ကြုံကြရသည်။ ၎င်းတို့၏လုပ်ပိုင်ခွင့်များ၊ ယဉ်ကျေးမှု အမွေအနှစ်များအကြောင်း သိနားလည်မှုဖြင့် ကာကွယ်စောင့်ရှောက်နိုင်အား နည်းကြသည်။ ထို့ကြောင့် တုန်လှုပ် ခြောက်ခြားမှုများ၊ ဆိုးကျိုးရိုက်ခတ်မှုများကို ခံနိုင်ရည် နည်းတတ်ကြပြီး၊ စီးပွားနှင့် လူမှုဆိုင်ရာ ဆိုးရွားသည့် အကျိုးသက်ရောက်မှုများကိုခုခံအား ပိုနည်းတတ်ကြသည်။ စကားပြောဆို ဆက်သွယ် ရာတွင် လည်း ဒေသိယစကားများ သို့မဟုတ် အရေးအသားမရှိသော နှုတ်စကားများဖြင့်သာ ပြောဆိုတတ်ကြသဖြင့် အကြောင်းကြောင်းကို ထိရောက်စွာ ဆက်သွယ်ပြောဆိုရာတွင် အခက်အခဲများ ပေါ်ပေါက် တတ်ကြသည့်အတွက် တိုင်ပင်ဆွေးနွေးရန် ထိတွေ့ဆောင်ရွက်ရန် နည်းလမ်းသစ်များ တီထွင်ရန် လိုလိမ့်မည်။ ထို့အပြင် ရှေးယခင်က မကျေနပ်မှုများ နစ်နာမှုများ ရှိနိုင်သည့်အတွက် လုပ်ဆောင်ရန် များတွင် ပိုမို ခက်ခဲရှုပ်ထွေးနိုင်သည် ကို ထည့်သွင်းစဉ်းစားသင့်သည်။

တိုင်းရင်းသား အုပ်စုများတွင် ဆိုးကျိုးရိုက်ခတ်မှုများကို ပိုမို ဆိုးရွားစွာ ရိုက်ခတ်ခံရသူများ၊ အမျိုးသမီးနှင့် ကလေးငယ်များကဲ့သို့ ပိုမို ခုခံအားနည်းသည့် အုပ်စုများ ပါဝင်သည့်အတွက် ထိုသူများအတွက် ပိုမို ဂရုစိုက်ပြီး ထိတွေ့ဆောင်ရွက်ရန် မျှော်လင့်ရမည် ဖြစ်သည်။

## FPIC အကောင်အထည်ဖော်ခြင်း

စီးပွားလုပ်ငန်းများသည် ပြည်တွင်းဥပဒေနှင့် စည်းမျဉ်းများကို အမြဲလိုက်နာသင့်သကဲ့သို့၊ နိုင်ငံတကာက အသိအမှတ်ပြုထားသည့် သက်ဆိုင်ရာ လူ့အခွင့်အရေးများကိုလည်း အလေးထားသင့်သည်[7] ။ စီမံကိန်း အစီအစဉ်ဆွဲစဉ်ကာလတစ်လျှောက်၊ လုပ်ငန်းလည်ပတ်မှုနှင့် စပ်လျဉ်းသည့် စည်းမျဉ်းများ မည်သို့ပင်ရှိစေကာမူ၊ ဌာနေတိုင်းရင်းသားများဘက်က FPIC ကို မျှော်လင့်မည် ဆိုသည့် အချက်နှင့် ၎င်းတို့၏ မျှော်လင့်ချက် မပြည့်ဝခဲ့သော် အန္တရာယ်များ ပေါ်ပေါက်နိုင်သည်ကို လုပ်ငန်းများက ကြိုတင်မှန်းဆထားသင့်သည်။ FPICကို စည်းမျဉ်းစည်းကမ်းဖြင့် ပြဋ္ဌာန်းထားခြင်း မရှိသည့် နိုင်ငံများတွင် လုပ်ငန်းများသည် ဒေသခံများ၏ မျှော်လင့်ချက်များ၊ ဌာနေတိုင်းရင်းသားများ အပေါ် ကျရောက်သည့် အန္တရာယ်များ[8] အပြင်၊ ဒေသခံများက ကန့်ကွက်လျှင် လုပ်ငန်း လည်ပတ်မှုများ အပေါ် ကျရောက်နိုင်သည့် အန္တရာယ်များကို စဉ်းစားသင့်သည်။ ပြည်တွင်းဥပဒေကို ချိုးဖောက်ခြင်း မရှိပါက ဌာနေတိုင်းရင်းသားများ ၏တရားသဖြင့် မျှော်မှန်းချက်များကို ပြည့်မီနိုင်မည့် ထိတွေ့ဆောင်ရွက် နည်း ဗျူဟာတစ်ရပ်ရပ်ကို ချမှတ် သင့်သည်။

ဤအချက်နှင့် စပ်လျဉ်း၍ အောက်ပါ အခရာကျသော အဆင့်များသည် ဌာနေတိုင်းရင်းသားများ နှင့် ထိတွေ့ဆောင်ရွက်ရန်အတွက် အသုံးဝင်နိုင်သည်။

- FPIC လုပ်ဆောင်နိုင်ရေး ရေးရှုသည့် တိုင်ပင်ဆွေးနွေးသည့်လုပ်ငန်းစဉ် လုပ်ဆောင်ရန် ရိုက်ခတ်ခံရသည့် ဌာနေတိုင်းရင်းသားများ နှင့် သဘောတူညီချက်ယူပါ။ ထိုသို့ဖြင့် ခွင့်ပြုချက် တောင်းခံနိုင်မည့် လတ်တလော လုပ်ငန်းဆောင်တာများရော နောင်လုပ်ငန်းများကိုပါ အတိအကျ ဖော်ထုတ် နိုင်ကောင်းသည်[9] ။ အချို့အခြေအနေများတွင် ဤသို့လုပ်ငန်းစဉ်ကို တရားဝင် ပုံစံဖြင့်ဖြစ်စေ စာချုပ်စာတမ်းဖြင့်ဖြစ်စေ[10] အာမခံသင့်သည်။ ဤလုပ်ငန်းစဉ်သည် အကျပ်ကိုင်မှု၊ ခြိမ်းခြောက်မှု ၊ ခြယ်လှယ်မှု ကင်းပြီး သဘောရိုးဖြင့် ပြုလုပ်သည့် ညှိနှိုင်းမှု ဖြစ်သင့်သည်။

  ရိုက်ခတ်ခံရသည့် ဌာနေတိုင်းရင်းသားများ အတွက် သင့်လျော်သော ခွင့်ပြုချက်မြောက်သည့် သဘောတူညီမှု ရယူရန် ၎င်းတို့၏ အစိုးရ အဖွဲ့အစည်းများ၊ ရိုးရာဥပဒေများနှင့် အလေ့အထ များနှင့်အညီ တိုင်ပင်ပါ။ဥပမာ- ရပ်ရွာလူထု၏ ဆန္ဒအများစု ရယူ၍ဖြစ်စေ၊ သက်ကြီးသူများ ကောင်စီ၏ ခွင့်ပြုချက် ဖြစ်စေ။ ဌာနေတိုင်းရင်းသားများသည် ၎င်းတို့လွတ်လပ်စွာ ရွေးချယ် ထားသည့် ကိုယ်စားလှယ် များ၊ ထုံးတမ်းစဉ်လာ သို့မဟုတ် အခြားအဖွဲ့များမှတဆင့် ပါဝင် နိုင်သင့်သည်။

- စီမံကိန်းအစီအစဉ်ဆွဲနေချိန် လုပ်ငန်းများမ စတင်မီ ခွင့်ပြုချက် ရယူရန်၊ သို့မဟုတ် ခွင့်ပြုမိန့်ရရန် လုပ်ငန်းစဉ်တွင် တတ်နိုင်သမျှ အမြန်ဆုံး ပါဝင်ဆောင်ရွက်ပါ။

- FPIC ရယူရေး လုပ်ငန်းစဉ်ကို တစ်ကြိမ်တည်းဆွေးနွေးမှု မဟုတ်ဘဲ ကြိမ်ဖန်များစွာ ဆွေးနွေးရသည်ကို အသိအမှတ်ပြုပါ။ ဒေသခံလူထုနှင့် အဆက်မပြတ် အပြန်အလှန် ဆွေးနွေးခြင်းဖြင့် စီမံကိန်း အဆင့်တိုင်းတွင် ရင်းနှီးမြှုပ်နှံမှု အကျိုးများနိုင်မည့် ယုံကြည်မှု တည်ဆောက်နိုင်ပြီး၊ ဟန်ချက်ညီသည့် သဘောတူညီမှု ရရှိနိုင်သည်။

- ဌာနေတိုင်းရင်းသား အသိုက်အဝန်းအား လုပ်ငန်းနှင့် ပတ်သက်သည့် အချက်အလက်အားလုံးကို

ဆောလျင်စွာ၊ ဓမ္မဓိဌာန်ကျစွာ၊ တိကျစွာ နှင့် ၄င်းတို့ နားလည်နိုင်သည့် ပုံစံဖြင့်ပေးပါ။

- ကတိကဝတ်များ/သဘောတူညီမှုများ ဆွေးနွေးပြီးစီးသည့်အခါ၊မည်သည့်လုပ်ငန်း ဆောင်တာများ အတွက် ခွင့်ပြုချက်ရသည်၊ မည်သည့်လုပ်ငန်းကို ခွင့်ပြုချက် ဆိုင်းငံ့ထားသည်၊ ခွင့်ပြုချက်ပါ စည်းကမ်းများ၊ နှင့် ဆက်လက်ဆွေးနွေးနေသည့် ကဏ္ဍများစသည်တို့ကို စာဖြင့် မှတ်တမ်းတင်၍ ဌာနေ လူထုအား ၄င်းတို့ နားလည်သည့် ပုံစံ၊ ဘာသာစကားဖြင့် ဆောလျင်စွာ မျှဝေပါ။
- အကယ်၍ ဌာနေတိုင်းရင်းသားများ က (က)ညှိနှိုင်းရန် ငြင်းပယ်ခဲ့ပါက၊ နှင့် (ခ) ၄င်းတို့၏ နယ်မြေတွင် လုပ်ငန်းလုပ်ဆောင်ရန် ခွင့်ပြုချက် မပေးပါက၊ ဘာဆက်လုပ်မည်ကို သတ်မှတ် ဆုံးဖြတ်ပါ။

## ခွင့်ပြုချက် မရသည့်အခါ သို့မဟုတ် ထိတွေ့ဆောင်ရွက်ရန် ငြင်းဆိုသည့်အခါ တုံ့ပြန်ခြင်း

ဌာနေအသိုက်အဝန်းမှ ခွင့်ပြုချက် မပေးဘဲ ဆိုင်းငံ့ထားသည့်အခါ၊ စီးပွားလုပ်ငန်းသည် ထိုအသိုက် အဝန်းက ဘာကြောင့် ခွင့်ပြုချက် မပေးသည်၊ ဆက်လက်ဆွေးနွေးရမည့် အကြောင်းအရာ များကို ဖြေရှင်းနိုင်ခြင်း၊ အဆင်ပြေအောင် ချိန်ညှိနိုင်ခြင်း ရှိမရှိ နားလည်ရန် ၄င်းတို့နှင့် တိုင်ပင်သင့်သည်။ လွတ်လပ်ပြီး၊ သိနားလည်စွာဖြင့် ကြိုတင် ပေးထားသည့် ခွင့်ပြုချက် စည်းကမ်းများကို စိတ်ထင်သလို ရုတ်သိမ်းခြင်း မပြုသင့်ပါ။

ခွင့်ပြုချက် တော်တော်နှင့် မရရှိနိုင်သည့်အခြေအနေတွင်၊ သို့မဟုတ် ဌာနေတိုင်းရင်းသားများ က ထိတွေ့ ဆောင်ရွက်ရန် ငြင်းပယ်သည့်အခြေအနေတွင်၊စီးပွားလုပ်ငန်းအပေါ် မရေရာသည့် အန္တရာယ် ပေါ်ပေါက် နိုင်သကဲ့သို့၊ ဌာနေတိုင်းရင်းသားများ အပေါ် ဆိုးကျိုးသက်ရောက်မှုများ လည်း ပေါ်ပေါက်နိုင်သည်။ စီမံကိန်းများ ဆက်လက် လုပ်ဆောင်သဖြင့် ဌာနေတိုင်းရင်းသားများအား ဆိုးကျိုး ရိုက်ခတ်မှုများ ဖြစ်ပွားမည် ဆိုလျှင်၊ ထိုရိုက်ခတ်မှုများ အဆုံးသတ်ရန် သို့မဟုတ် တားဆီးရန် လိုအပ်သည်များ လုပ်ဆောင် သင့်သည်[11]။

အကယ်၍ မိမိ၏အလေးထားစိစစ်ဆောင်ရွက်မှုအရ[12] စီးပွားလုပ်ငန်းတစ်ခုက လုပ်ငန်း စတင် လုပ်ဆောင်ရန် ခွင့်ပြုချက် လိုကြောင်း ကောက်ချက်ချ ပြီး နောက်တွင်၊ သဘောတူ ထား သည့် လုပ်ငန်းစဉ် သည် ခွင့်ပြုသည်အထိ မဆိုက်ရောက်သေးပါက၊ FPIC မရမချင်း ရှေ့မတိုးသင့်ပါ။ ဥပမာ- IFC မှ မတည်သည့် စီမံကိန်းတစ်ခု ကို အစိုးရက ခွင့်ပြုသည့်တိုင်အောင်၊ ဌာနေအသိုက်အဝန်း များ နေရာရွှေ့ပြောင်းရန်လည်း လိုသည့်အခြေအ နေ ဖြစ်ပြီး FPIC လည်း၄င်းတို့ထံမှ မရရှိပါက ၊ လုပ်ငန်း ရှေ့ဆက်မတိုးသင့်ပါ။

| | |
|---|---|
| UN Declaration on the Rights of Indigenous Peoples (UNDRIP)* | |
| ILO Convention No. 169 on Indigenous and Tribal Peoples** | ထိုသူတို့အား သာမန်မဟုတ်သော အစီအမံ အနေနှင့် ၊ရွှေ့ပြောင်း ပြန်လည် နေရာချထား ရန် လိုပါက၊ ထိုသူတို့၏ လွတ်လပ်၊ သိနားလည်စွာဖြင့် ပေးသည့် ခွင့်ပြုချက် ရမှသာ နေရာချထားရမည်။ ထိုသူတို့၏ ခွင့်ပြုချက် မရနိုင်ခဲ့သော်၊ ထိုသို့ရွှေ့ပြောင်း နေရာချထားမှုကို၊ နိုင်ငံဥပဒေများနှင့် စည်းမျဉ်း စည်းကမ်း များ သင့်လျော်သည့် လုပ်ထုံးလုပ်နည်းများအတိုင်း လိုက်နာ လုပ်ဆောင်ရ မည်။ လိုအပ်ပါက သက်ဆိုင်သည့် ပုဂ္ဂိုလ်များ ထိရောက်စွာ ကိုယ်စားပြုနိုင်ရန် အခွင့်အရေးရမည့် အများပြည်သူ ပါဝင်သည့် စုံစမ်းရေးများ လိုအပ်လျှင်၊ ထိုစုံစမ်းရေးများပါဝင်ရမည်။ *(Article 16)* |
| CFS-RAI Principles | စိုက်ပျိုးရေးနှင့် အစားအစာ စနစ်များတွင် တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှု တို့တွင် အားလုံးပါဝင်ပြီး ပွင့်လင်းမြင်သာသည့် အုပ်ချုပ်မှု ဖွဲ့စည်းပုံများ၊ ... လုပ်ငန်းစဉ်များ၊ အဆုံးအဖြတ်ပေးခြင်း များကို ဌာနေ တိုင်းရင်းသားများနှင့် .. ၏ ကိုယ်စားလှယ်များ မှ တဆင့်၊ နိုင်ငံတစ်ခုချင်း၏ အနေအထားပေါ်သော ပေါက်လျက်၊ ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂ ကြေညာချက်အရ (Principle 9) အရ၊ ၄င်းတို့၏ FPIC ရနိုင်ရန်၊ ထိရောက်ပြီး အဓိပ္ပါယ်ပြည့်ဝသည့် တိုင်ပင်ဆွေးနွေးမှုများ ကိုပါ ထည့်သွင်းသင့်သည်။ |
| VGGT | နိုင်ငံများနှင့် အခြားပါဝင်သူများသည် ဒေသခံများ လုပ်ပိုင်ခွင့်ရှိသည့် ရင်းမြစ်များ ထိခိုက်စေမည့် မည်သည့် စီမံကိန်းဖြစ်စေ မစမီ သို့မဟုတ် ဥပဒေဆိုင်ရာ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ အစီအမံများ ချမှတ် အကောင်အထည်ဖော်ခြင်း မပြုမီ၊ *FPIC* ရရှိရန် နိုင်ငံတစ်ခုချင်း၏ အနေအထားပေါ် နားလည်သဘာပေါက်လျက်၊ ဌာနေ တိုင်းရင်းသားများ၏ အခွင့်အရေး ဆိုင်ရာ ကုလသမဂ္ဂကြေညာချက်အရ *(Para 9.9)*အရ ဌာနေတိုင်းရင်းသားများ ကိုယ်တိုင်ရွေးချယ်သည့် ကိုယ်စားလှယ်အဖွဲ့များမှ တဆင့်၊ ၄င်းတို့နှင့် သဘောရိုးဖြင့် တိုင်ပင်မှု များ ပြုလုပ်သင့်သည်။ |
| Akwe: Kon Guidelines | ယဉ်ကျေးမှုဆိုင်ရာ ရိုက်ခတ်မှုအတွက် အကဲဖြတ်ချက် ပြုလုပ်ရာတွင်၊ ရိုးရာ ဗဟုသုတများ၊ တီထွင်ဆန်းသစ်မှုများ၊ အလေ့အထများနှင့် အခြား ဗဟုသုတများ |

ပိုင်ဆိုင်သူများအား အလေးထား စဉ်းစားရန် လျှို့ဝှက်သည့် ...အထွတ်အမြတ်ထားသည့် ဇဟုသုတများ ကို ဖော်ထုတ် ပြောကြားရပါက၊ လုပ်ငန်းမတိုင်မီ သိနားလည် ဖြင့်ပေးသည့်ခွင့်ပြုချက် ရရန်နှင့် ထိုလျှို့ဝှက်ချက်ကို စနစ်တကျ စောင့်ရှောက်သည့် အစီအမံများ အသေအချာ ချမှတ်သင့်သည် *(Para 29)*။

ဌာနေတိုင်းရင်းသားများနှင့် ဒေသခံလူထုများ အစဉ်အလာအရ အခြေချ နေထိုင်သော သို့မဟုတ် အသုံးပြုသော အထွတ်အမြတ် ထားသည့် နေရာများ မြေနှင့် ရေများတွင် လုပ်ကိုင်ရန် အဆိုပြုထား သည့် ဖွံ့ဖြိုးရေးလုပ်ငန်းဖြစ်စေ ထိုနေရာများ အပေါ် ရိုက်ခတ် နိုင်ခြေရှိမည့် ဖွံ့ဖြိုးရေးလုပ်ငန်း ဖြစ်စေ ထိုလုပ်ငန်းအတွက် ရိုက်ခတ်မှု အကဲဖြတ်ချက် ပြုလုပ်ရာတွင် အောက်ပါ အထွေထွေ သုံးသပ်ချက်များ ကိုလည်း ထည့်စဉ်းစားသင့်သည်။

- ရိုက်ခတ်ခံရနိုင်ခြေရှိသည့် ဌာနေနှင့် ဒေသခံ အသိုက်အဝန်း များ ၏ လုပ်ငန်း မတိုင်မီ သိနားလည်မှု အပြည့်ဖြင့် ပေးသည့် ကြိုတင်ခွင့်ပြုချက် - နိုင်ငံအဆင့် ဥပဒေအရ ဌာနေနှင့် ဒေသခံ အသိုက်အဝန်းများ၏ လုပ်ငန်း မတိုင်မီ သိနားလည်မှု အပြည့်ဖြင့် ပေးသည့် ခွင့်ပြုချက်လိုအပ်ပါက၊ အကဲ အကဲဖြတ် လုပ်ငန်းစဉ် တွင် ထိုသို့ လုပ်ငန်းမတိုင်မီ သိနားလည်မှု အပြည့်ဖြင့် ပေးသည့် ခွင့်ပြုချက်ရရှိပြီး ဖြစ်မဖြစ် စဉ်းစားသင့် သည်။ ရိုက်ခတ်မှု အကဲဖြတ်ချက်လုပ်ငန်းစဉ်၏ အဆင့်အသီးသီးနှင့် စပ်လျဉ်းသည့် လုပ်ငန်း မတိုင်မီ သိနားလည်မှု အပြည့်ဖြင့် ပေးသည့် ခွင့်ပြုချက်ရယူရာတွင် ဌာနေနှင့် ဒေသခံအသိုက် အဝန်းများ၏ အခွင့်အရေးများ၊ ဇဟုသုတ၊ တီထွင် ဆန်းသစ်မှုများ နှင့် အလေ့အထများကို ထည့်သွင်းစဉ်းစားသင့်သည်၊ သင့်လျော်သည့် ဘာသာစကားနှင့် လုပ်ငန်းစဉ်၊ လုံလောက် သည့် အချိန်ပေးရန်နှင့် တိကျမှန်ကန်ပြီး ဥပဒေအရ မှန်ကန် သည့် အချက်အလက် များပေးရန်။ ကနဦး ဖွံ့ဖြိုးရေး လုပ်ငန်း အဆိုပြုချက်ကို ပြင်ဆင်မည် ဆိုပါက၊ ရိုက်ခတ်ခံရ သည့် ဌာနေနှင့် ဒေသခံ အသိုက်အဝန်းများ၏ လုပ်ငန်းမတိုင်မီ သိနားလည်မှု အပြည့်ဖြင့် ပေးသည့် ကြိုတင်ခွင့်ပြုချက် ထပ်မံ တောင်းခံရန်လိုသည် *(Para 53).*
- ယဉ်ကျေးမှုဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့် လူမှု ဆိုင်ရာ ရိုက်ခတ်မှု အကဲဖြတ်သည့်လုပ်ငန်းစဉ်များတွင် အသုံးပြုသည့် ရိုးရာ အစဉ်အလာ ဇဟုသုတ၊ တီထွင် ဆန်းသစ်မှုများနှင့် အလေ့အထများနှင့် နည်းပညာများ အပေါ် ပိုင်ဆိုင်မှု၊ ကာကွယ်စောင့်ရှောက်မှုနှင့် ထိန်းချုပ်မှု ... ထိုကဲ့သို့ ဇဟုသုတများကို ထို ရိုးရာအစဉ်အလာ ဇဟုသုတ ပိုင်ဆိုင်သူများ ကဲ့သို့ ဇဟုသုတများကို ထို ရိုးရာအစဉ်အလာ ဇဟုသုတ ပိုင်ဆိုင်သူများ ၏ မတိုင်မီ သိနားလည်မှု အပြည့်အဝဖြင့် ခွင့်ပြုချက်ရမှသာ အသုံးပြုနိုင်သည်

| | |
|---|---|
| IFC Performance Standards | *FPIC* ကို အဓိပ္ပါယ်ဖွင့်ဆိုချက် တစ်ပြေးညီ မရှိပါ (....)*FPIC* ကို သိနားလည်မှု အပြည့်ဖြင့် တိုင်ပင်ညှိနှိုင်းခြင်း နှင့် ပါဝင်ခြင်း (*Performance Standard 1* တွင် ဖော်ပြသည့် *Informed Consultation and Participation*) ဆိုင်ရာ လုပ်ငန်းစဉ်အပေါ် အခြေတည်ပြီး ချဲ့ထွင်ထားခြင်း ဖြစ်ပြီး လုပ်ငန်းရှင်နှင့် ရိုက်ခတ်ခံရသည့် ဌာနေ တိုင်းရင်း သားများ၏ အသိုက်အဝန်းအကြား ထူထောင်ရန် ဖြစ်သည်။ လုပ်ငန်းရှင်သည် အောက်ပါတို့ကို မှတ်တမ်း တင် ရန် ဖြစ်သည် ၁။ လုပ်ငန်းရှင်နှင့် ရိုက်ခတ်ခံရ သည့် ဌာနေ -တိုင်းရင်း သားများ၏ အသိုက်အဝန်းအကြား နှစ်ဖက် သဘောတူ လက်ခံသည့် လုပ်ငန်းစဉ်၊ နှင့်<br>၂။ ညှိနှိုင်းမှု ရလဒ်အဖြစ် နှစ်ဦးနှစ်ဖက်အကြား ရရှိသည့် သဘောတူညီမှု အထောက်အထား။ *FPIC* သည် တစ်ဦး မကျန် လက်ခံရန် မလိုအပ်ဘဲ အချို့လူပုဂ္ဂိုလ် သို့မဟုတ် အုပ်စုများက အတိအလင်း ကန့်ကွက်လျှင် သော်မှ ပြီးမြောက်နိုင်သည်။<br><br>ရိုက်ခတ်ခံရသည့် ဌာနေတိုင်းရင်းသားများ၏ အသိုက်အဝန်းများ သည် ၎င်းတို့၏ မြေ ကို ခေါင်းပုံဖြတ်ခံရခြင်း၊ ဆုံးရှုံးခြင်း၊ ဖယ်ရှား ခံရခြင်း နှင့် သဘာဝနှင့် ယဉ်ကျေးမှုဆိုင်ရာ ရင်းမြစ်များ အလှမ်းမမီခြင်း တို့ကို အထူး ခုခံနိုင်အား နည်းတတ်ကြသည်။ ဤအချက်ကို အသိအမှတ်ပြုသည့်အနေနှင့်၊ လုပ်ငန်းရှင်သည် ရိုက်ခတ် ခံရသည့် ဌာနေတိုင်းရင်းသားများ၏ အသိုက်အဝန်းမှ *FPIC* ကို အောက်ပါ အခြေအနေများတွင် တောင်းခံရန် လိုအပ်သည်။<br><br>• ရိုးရာအစဉ်အလာ ပိုင်ဆိုင်မှု သို့မဟုတ် ထုံးတမ်းဓလေ့အရ အသုံးပြု မှုရှိသည့် မြေများနှင့် သဘာဝသယံဇာတများအပေါ် ရိုက်ခတ်မှုများ၊<br>• ရိုးရာအစဉ်အလာ ပိုင်ဆိုင်မှု သို့မဟုတ် ထုံးတမ်းဓလေ့အရ အသုံးပြုမှုရှိသည့် မြေများနှင့် သဘာဝ သယံဇာတများမှ ဌာနေတိုင်းရင်းသားများကို ပြောင်းရွှေ့ နေရာချထားခြင်း ရိုးရာအစဉ်အလာ ပိုင်ဆိုင်မှု သို့မဟုတ် ထုံးတမ်းဓလေ့အရ - အသုံးပြုမှုရှိသည့် မြေများနှင့် သဘာဝ သယံဇာတများမှ ဌာတိုင်းရင်းသား များကို ပြောင်းရွှေ့ နေရာချထားခြင်း မပြုရန် လုပ်ငန်းရှင်သည် ဖြစ်နိုင်သည့် အခြား စီမံကိန်း ဒီဇိုင်းများကို စဉ်းစားရန်ဖြစ်သည်။ ထိုသို့ ပြောင်းရွှေ့ခြင်းကို မရှောင်နိုင်ပါက၊ *FPIC* မရမချင်း စီမံကိန်း ဆက်မလုပ်ရ။<br>• အရေးပါသော ယဉ်ကျေးမှုအမွေအနှစ် အရေးပါသော ယဉ်ကျေးမှု -အမွေအနှစ် တို့အပေါ် ကြီးမားသော စီမံကိန်း ရိုက်ခတ်မှုများ မရှောင်နိုင်ပါက၊ လုပ်ငန်းရှင်သည် ရိုက်ခတ်ခံရသည့် ဌာနေ တိုင်းရင်းသားများ၏ အသိုက်အဝန်း များထံမှ *FPIC* တောင်းခံရယူ ရန်ဖြစ်သည်။ စီမံကိန်းက ဌာနေ တိုင်းရင်းသား များ၏ ဗဟုသုတ၊ တီထွင်ဆန်းသစ်မှုများ သို့မဟုတ် ၎င်းတို့၏ အလေ့အထများကို စီးပွားဖြစ် အသုံးပြုရန် အဆိုပြုသည်ဆိုလျှင်၊ လုပ်ငန်းရှင် သည် .... |

| | |
|---|---|
| | ရိုက်ခတ်ခံသည့် ဌာနေတိုင်းရင်းသားများ၏ အသိုက်အဝန်းထံမှ *FPIC* တောင်းခံရန်ဖြစ်သည်။ |

* ၂၀၀၇ ကြေညာချက်သည် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် နိုင်ငံပေါင်း ၁၄၃ ခုမှ ထောက်ခံ၍လည်းကောင်း၊ ၄ နိုင်ငံမှ ကန့်ကွက်၍လည်းကောင်း၊ ၁၁ နိုင်ငံမှ ကြားနေ၍လည်းကောင်း အတည်ပြုထားသည့် ဥပဒေအရ စည်းနှောင်မှု မရှိသော စာတမ်းဖြစ်သည်။ နိုင်ငံရေး ရည်ရွယ်ချက်ကို ကိုယ်စားပြုခြင်းဖြစ်သည်။

** ဤ ၁၉၈၉ ခုနှစ် ကွန်ဗင်းရှင်းသည် လက်မှတ်ရေးထိုး အတည်ပြုခဲ့သည့်နိုင်ငံ ၂၂ နိုင်ငံအပေါ် စည်းနှောင်မှု ရှိသည်။ ILO အတွင်း အတည်ပြုခြင်းဖြင့် ဌာနေတိုင်းရင်းသားများနှင့် လူမျိုးစုငယ်များ၏ အခွင့်အရေးများကိုလည်းကောင်း၊ ဤအခွင့်အရေးများကို အစိုးရများမှ ကာကွယ်စောင့်ရှောက်ရန် တာဝန်များကိုလည်းကောင်း၊ ILO သုံးပွင့်ဆိုင် အဖွဲ့ဝင်များအကြား အများဆန္ဒကို ကိုယ်စားပြုခြင်းဖြစ်သည်။ ကွန်ဗင်းရှင်း၏ အခြေခံမှာ ဌာနေတိုင်းရင်းသားများ၏ ယဉ်ကျေးမှုများနှင့် ဘဝပုံစံကို အလေးထားရန်၊ ၄င်းတို့၏ မြေနှင့် သဘာဝ - သယံဇာတများအပေါ် အသုံးချပိုင်ခွင့်ကို အသိအမှတ်ပြုရန်၊ နှင့် ဖွံ့ဖြိုးရေးအတွက် ၄င်းတို့၏ ဦးစားပေးရပ်များကို ကိုယ်ပိုင်ဖော်ဆောင်ပိုင်ခွင့်ရှိရန်တို့ဖြစ်သည်။ အဓိက စည်းမျဉ်းများမှာ တိုင်ပင်ညှိနှိုင်းခြင်းနှင့်ပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်သည်။

## FPIC အပေါ် နောက်ထပ် လမ်းညွှန်ချက်များ


Expert Mechanism on the Rights of Indigenous Peoples (2011), Expert Mechanism advice No. 2: indigenous peoples and the right to participate in decision-making. Geneva.

Foley-Hoag (2010), Implementing a corporate free, prior, and informed consent policy: benefits and challenges, by Lehr, A. and Smith, G. www.foleyhoag.com/publications/ebooks-and-white-papers/2010/may/implementing- a-corporate-free-prior-and-informed-consent-policy.

FAO (2014), Respecting free, prior and informed consent - Practical guidance for governments, companies, NGOs, indigenous peoples and local communities in relation to land acquisition, Governance of tenure technical guide 3.

ILO (2013), Understanding the Indigenous and Tribal Peoples Convention, 1989 (No.169), Handbook for ILO Tripartite Constituents, International Labour Standards Department, International Labour Organisation, Geneva.

OECD (2016), *OECD Due Diligence Guidance for Meaningful Stakeholder Engagement in the Extractive Sector*, forthcoming, OECD Publishing, Paris.

Oxfam Australia (2005), Guide to free, prior and informed consent, by Hill, C., Lillywhite, S. and Simon, S., Carlton, Victoria, Australia.

RSB (2011), RSB guidelines for land rights: respecting rights, identifying risks, avoiding and resolving disputes and acquiring lands through free, prior and informed consent, Roundtable on Sustainable Biofuels, Geneva.

UN Permanent Forum on Indigenous Issues (2005), Report of the International Workshop on Methodologies Regarding Free, Prior and Informed Consent and Indigenous Peoples. Document E/C.19/2005/3, submitted to the Fourth Session of the UNPFII, 16-17 May.

World Bank (2005), Operational Policy 4.10: Indigenous Peoples. Washington, DC.

## ဖြည့်စွက်ချက် ခ၊ မှတ်ချက်များ

1. ဌာနေတိုင်းရင်းသားများနှင့် စပ်လျဉ်းသည့် အပြည်ပြည်ဆိုင်ရာ စာတမ်းများမှာ UNDRIP နှင့် ILO Convention No. 169 တို့ဖြစ်သည်။ UNDRIP တွင် နိုင်ငံများသည် ၊ ၎င်းတို့၏မြေနှင့် ပိုင်နက်များ သို့မဟုတ် အခြား ရင်းမြစ်များကို ရိုက်ခတ်သည့် စီမံကိန်းများအပါအဝင်၊ အခြေအနေအသီးသီးတွင် သက်ဆိုင်ရာ ဌာနေတိုင်းရင်းသားများထံမှ FPIC တောင်းခံရယူရန် ၎င်းတို့နှင့် တိုင်ပင် ပူးပေါင်းရန် အကြံပြုထားသည်(Articles 19 and 32)။ ILO Convention No. 169 သည် လက်မှတ်ရေးထိုး အတည်ပြုသည့်နိုင်ငံများအပေါ် ဥပဒေ စည်းနှောင်မှု ရှိပြီး၊ အဖွဲ့ဝင်နိုင်ငံများက အဆိုပြုသည့် အစီအမံများအပေါ် သဘောတူညီမှု သို့မဟုတ် ခွင့်ပြုချက် ရရှိရန် ဌာနေတိုင်းရင်းသားများနှင့် တိုင်ပင်ရန် လိုသည်ဟု ပါရှိသည် (Article 6)။ ခွင့်ပြုချက်နှင့် စပ်လျဉ်းသည့် ကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်၏ လမ်းညွှန်အတွက်၊ ILO Handbook for ILO Tripartite Constituents – Understanding the Indigenous and Tribal Peoples Convention, 1989 (No. 169) (2013) ကို ကြည့်ပါ။ အခြား ကုလသမဂ္ဂအဖွဲ့များက FPIC နှင့် စပ်လျဉ်းသည့် နိုင်ငံတကာ စံနှုန်းများသည် အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအားလည်း တန်းတူ အကျုံးဝင်သည်ဟု ထောက်ပြကြသည်။ ဤအဖွဲ့များတွင် UN Permanent Forum on Indigenous Issues, လူ့အခွင့်အရေးကိစ္စနှင့်စပ်လျဉ်းသည့် UN Working Group နှင့် နိုင်ငံစုံတွင် လုပ်ကိုင်သော လုပ်ငန်းကြီးများနှင့်အခြား စီးပွားလုပ်ငန်းများ၊ UN Special Rapporteur on the rights of indigenous peoples, the UN Experts Mechanism on the Rights of Indigenous Peoples, နှင့် အခြားလူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂ သဘောတူစာချုပ် အဖွဲ့များပါဝင်သည်။

*2.* FAO " လွတ်လပ်ပြီး သိနားလည်မှု အပြည့်ဖြင့် ကြိုတင် ပေးသည့် ခွင့်ပြုချက်ကို လေးစားခြင်း - မြေသိမ်းယူမှုနှင့် စပ်လျဉ်း၍ အစိုးရများ၊ ကုမ္ပဏီများ၊ NGO များ၊ ဌာနေတိုင်းရင်းသားများ နှင့် ဒေသခံအသိုက်အဝန်းများအတွက် လက်တွေ့လမ်းညွှန်၊(2014), p. 7, *www.fao.org/3/a-i3496e.pdf.*

3. RSPO Executive Board မှ ထောက်ခံအတည်ပြုပြီး၊ ၎င်းအဖွဲ့ဝင်နိုင်ငံများမှ ၂၀၁၃ ဧပြီ ၂၅ ရက်နေ့တွင် အထူးအထွေထွေညီလာခံတွင် လက်ခံလိုက်သည့် 'Principles and criteria for the production of sustainable palm oil' တွင်၊ စားအုန်းဆီအတွက် မြေအသုံးချပြုမှုကြောင့် အခြားအသုံးချသူများ၏ ဥပဒေဆိုင်ရာ ထုံးတမ်းဆိုင်ရာ သို့မဟုတ် အသုံးချပိုင်ခွင့်များ ကို ၎င်းတို့၏ လွတ်လပ်ပြီး၊ သိနားလည်မှု အပြည့်ဖြင့် ကြိုတင်ပေးသည့် ခွင့်ပြုချက်ကို မပျက်ပြယ်စေပါ ဟု ဖော်ပြထားသည်(Principle 2.3.)။ FPIC လုပ်ငန်းစဉ်ကို အသေးစိတ် ဖော်ပြသည့် ညှိနှိုင်းသဘောတူညီချက်များ၏ မိတ္တူများသည် ရယူနိုင်သင့်ပြီး၊ အောက်ပါတို့ ပါဝင်သင့်သည်ဟု ညွှန်ပြသည်- က။ အသိုက်အဝန်းများအတွင်း ရှိ ရိုက်ခတ်ခံရသည့် အုပ်စုများနှင့် တိုင်ပင်ညှိနှိုင်းသည့်ဆွေးနွေးမှုများဖြင့်အစီအစဉ်တစ်ခုကို ပြုစုပြီး ဖြစ်ကြောင်း အထောက်အထားများ ခ။ ဤဆုံးဖြတ်ချက်ချမှတ်ချိန်တွင် လုပ်ငန်း လည်ပတ်မှု ကို ခွင့်ပြု သည့် ဆုံးဖြတ်ချက်ဖြစ်စေ၊ ခွင့်ပြုချက်ကို မပေးဘဲထားသည့် ဆုံးဖြတ်ချက်ဖြစ်စေ၊ ကုမ္ပဏီသည် အသိုက်အဝန်းများ၏ ဆုံးဖြတ်ချက်ကို အလေးထား ကြောင်း အထောက် အထားများ၊ ဂ၊

၎င်းတို့၏ မြေတွင်လုပ်ငန်း လည်ပတ်ခွင့်ပြုသည့် အတွက်၊ မြေကို ကုမ္ပဏီ ပိုင်ဆိုင်မှု၊ အထူးအခွင့်အရေးများသို့မဟုတ် ငှားရမ်းမှု သက်တမ်း ကုန်ဆုံးချိန်တွင် ၎င်းတို့၏ မြေနှင့် ပတ်သက်သည့် ဥပ ဒေ အနေအထား အပါအဝင် ပေါ်ပေါက်လာမည့် ဥပဒေဆိုင်ရာ စီးပွားရေးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ နှင့်လူမှုဆိုင်ရာ ဂယက် ရိုက်ခတ်မှုများကို ရိုက်ခတ်ခံရမည့် အသိုက်အဝန်းများက နားလည် လက်ခံကြောင်း အထောက်အထားများ။

4. [...] လုပ်ငန်းများသည် ဆိုးရွားသည့် လူ့အခွင့်အရေး ရိုက်ခတ်ခံခဲ့ရနိုင်သဖြင့် သီးသန့် ဂရုစိုက်ရန်လိုသည့် သီးခြားအုပ်စုများ သို့မဟုတ် လူဦးရေ အတွင်းရှိ လူတစ်ဦးချင်း၏ အခွင့်အရေးများကို လေးစားသင့်သည် OECD Guidelines, IV.40: ကို ကြည့်ပါ။ ဤသည်နှင့် စပ်လျဉ်း၍၊ ကုလသမဂ္ဂ စာတမ်းများက ဌာနေတိုင်းရင်းသားများ၏ အခွင့်အရေးကို ထပ်မံ ချဲ့ထွင်ထားသည်။

5. ILO Convention No. 169 က ဌာနေတိုင်းရင်းသားနှင့် လူမျိုးစုနွယ်များအား အောက်ပါ အဓိပ္ပါယ်ဖွင့်ဆိုချက်များကို ထုတ်ပြန်သည်၊ လူမျိုးစုနွယ်များ- ၎င်းတို့၏ လူမှုဆိုင်ရာ ယဉ်ကျေးမှု ဆိုင်ရာနှင့် စီးပွားရေးအခြေအနေများသည် နိုင်ငံ၏ အခြားအသိုက် အဝန်းများနှင့် မတူခြားနားမှု ထင်ရှားပြီး၊ ၎င်းတို့၏အခြေအနေများကို ကိုယ်ပိုင် ဓလေ့ထုံးတမ်းများ သို့မဟုတ် အစဉ်အလာများ သို့မဟုတ် အထူးဥပ ဒေ စည်းမျဉ်း များဖြင့် အလုံးစုံဖြစ်စေ တစ်စိတ် တစ်ဒေသဖြစ်စေ ထိန်းကျောင်းသည်။ ဌာနေတိုင်းရင်းသားများ- ထိုသူတို့အား နိုင်ငံအတွင်း သို့မဟုတ် နိုင်ငံပိုင်သည့်ပထဝီဒေသတစ်ခုအတွင်း ထိုနိုင်ငံအား ကိုလိုနီအဖြစ် သိမ်းပိုက်ချိန် တွင် သို့မဟုတ် လက်ရှိ နိုင်ငံနယ်နိမိတ်အတွင်းထူထောင်ထားသည့် နယ်မြေ အတွင်းတွင်၊ နေထိုင်သည့် လူများမှ ဆင်းသက်ပြီး၊ ဥပဒေအရ ၎င်းတို့၏ အခြေအ နေ မည်သို့ပင် ရှိစေကာမူ၊ ကိုယ်ပိုင် လူမှု၊ စီးပွား၊ ယဉ်ကျေးမှု နှင့် နိုင်ငံရေး အဆောက်အအုံများ တစ်စိတ်တစ်ဒေသ သို့မဟုတ် အပြည့်အဝ ဆက်ခံသူများကို ဌာနေဟု သတ်မှတ်ပြီးသည်။

6. ILO Convention No. 169, Article 1.2. ကိုကြည့်ပါ။

7. OECD Guidelines, I.2 and IV. 1.

*8.* အောက်ပါ ရင်းမြစ်များသည် အသိုက်အဝန်းများ၏ မျှော်လင့်ချက်များကို FPIC နှင့် စပ်လျဉ်း၍ အသေးစိတ်ဖော်ပြထားသည် -

FPIC: *Guide to Free Prior and Informed Consent,* *http://resources.oxfam.org.au/pages/view.php?ref=588&search=mining&order_by=relevance&sort=DESC&offset=48&archive=0&k=&curpos=54,* Oxfam Australia (2014); *Making Free Prior and Informed Consent a Reality: Indigenous Peoples and the Extractive Industries,* Doyle C. and Carino J., Middlesex University, PIPLinks & ECCR (2013), *www.ecojesuit.com/wp-content/uploads/2014/09/Making-FPIC-a- Reality-Report.pdf.*

9. အောက်ပါ ဇယားကွက်တွင် ရည်ညွှန်းသည့် အပြည်ပြည်ဆိုင်ရာ စာတမ်းများသည် FPIC သက်ဆိုင်သည့် အခြေအနေများ၊ နေရာရွှေ့ပြောင်းချထားရန် လိုသည့်ကိစ္စများ- ကို သတ်မှတ် သည်။

10. FPIC ကို အသိုက်အဝန်း၏ ပိုမို မြင့်မားပြီး တရားဝင်ပုံစံဖြစ်သည့် သဘာတူညီချက်အဖြစ်

ယူဆနိုင်သည်ဟု အကြံပြုထားသည်။ ထို့ကြောင့် အချို့ကိစ္စများတွင် ကုမ္ပဏီများသည် ကြီးမားသော ရိုက်ခတ်မှုများ ရှိနိုင်သည့် ဌာနေ ပိုင်နက်အပေါ်တွင်ဖြစ်စေ အနီးအနားတွင် ဖြစ်စေ၊ စီမံကိန်းတစ်ခု အကောင်အထည်ဖော်ရန် ချမှတ်သည့်အခါ၊ တရားဝင် ပုံစံရှိသည့် လုပ်ငန်းစဉ်မျိုး လုပ်ဆောင်လိုစိတ်ရှိနိုင်မည်။ Lehr & Smith, *Implementing a Corporate Free Prior Informed Consent Policy*, *www.foleyhoag.com/publications/ebooks-and-white-papers/2010/may/implementing- a-corporate-free-prior-and-informed-consent-policy*, Foley Hoag (2010), p. 8. တွင် ကြည့်ပါ။

The World Resources Institute က FPIC လုပ်ထုံးလုပ်နည်းများကို လက်တွေ့အကောင်အထည် ဖော်ရာတွင် ပေါ်ပေါက်သည့် စိန်ခေါ်မှုများကို ကျော်လွှားရန် ကြိုးစားနေသည့် ကုမ္ပဏီများ အား တရားဝင်ပုံစံ သဘော တူညီချက်များကို အခြား အကျိုးဆက်စပ်သူများနှင့် ထိတွေ့ဆောင်ရွက် သည့် ကျင့်စဉ်ကောင်းများနှင့် တွဲ၍ လုပ်ဆောင်ရန် အကြံပြုထားသည်။ *Development without Conflict: The Business Case for Community Consent, Development without Conflict: The Business Case for Community Consent*, World Resources Institute (2007), *http://webcache.googleusercontent.com/search?q=cache:KBxXOS9628IJ:pdf.wri.org /development_without_conflict_fpic.pdf+&cd=1&hl=en&ct=clnk&gl=fr*. ကို ကြည့်ပါ။

11. OECD Guidelines, II.B.18-19 and IV.40 & 42.
12. ဌာနေတိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် ဥပဒေစည်းမျဉ်း တာဝန်များကို ရှင်းလင်းစွာ နားလည်ရန် ဥပဒေကျွမ်းကျင်သူများနှင့် တိုင်ပင်ဆောင်ရွက်သင့်သည်။

OECD PUBLISHING, 2, rue André-Pascal, 75775 PARIS CEDEX 16
(20 2016 01 1 P) ISBN 978-92-64-25095-6 – 2016

# တာဝန်ယူမှု ရှိသော စိုက်ပျိုးရေး ထုတ်လုပ်ဖြန့်ချိမှု လုပ်ငန်းကွင်းဆက်အတွက် OECD-FAO လမ်းညွှန်

OECD နှင့် FAO တို့သည် စီးပွားလုပ်ငန်းများအနေနှင့် တာဝန်ယူမှုရှိသော လုပ်ငန်းကျင့်ဝတ် စံနှုန်းများကို လေးစားလိုက်နာရန်လည်းကောင်း၊ ၎င်းတို့၏ လုပ်ငန်းလည်ပတ်မှုဖြင့် ရေရှည်ဖွံ့ဖြိုးမှုကို ပံ့ပိုးမှု သေချာစေရန် အတွက် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များတစ်လျှောက် အလေးထားစိစစ် ဆောင်ရွက်မှု ကျင့်သုံးရာတွင် လည်းကောင်း အထောက်အကူအဖြစ် ဤလမ်းညွှန်ကို ပြုစုခြင်းဖြစ်ပါသည်။ ဤလမ်းညွှန်တွင် အောက်ပါတို့ပါဝင်ပါသည်။

- စီးပွားလုပ်ငန်းများ တာဝန်ယူမှုရှိသည့် စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်ဖြန့်ချိမှုလုပ်ငန်းကွင်းဆက်များ ထူထောင်ရန် အတွက် လိုက်နာရန် စံနှုန်းများ ချမှတ်သည့် စံပြလုပ်ငန်းမူဝါဒတစ်ရပ်
- စီးပွားလုပ်ငန်းများက ၎င်းတို့၏ လုပ်ငန်းဆောင်တာများကြောင့် ဖြစ်ပွားသည့် ဆိုးကျိုးရိုက်ခတ်မှုများကို သိရှိအောင် ဖော်ထုတ်ရန်၊ အကဲဖြတ်ရန်၊ လျော့ကျစေရန်နှင့် မည်သို့ဖြေရှင်းသည်ကို တာဝန်ယူရန်များကို လိုက်နာဆောင်ရွက်ရန် အန္တရာယ်အခြေပြု အလေးထား စိစစ်ဆောင်ရွက်ခြင်း အဆင့် ၅ ဆင့်ပါ မူဘောင် တစ်ရပ်
- စီးပွားလုပ်ငန်းများ တွေ့ကြုံရသည့် အဓိကအန္တရာယ်များဖော်ပြချက်နှင့်ယင်းအန္တရာယ်များကို လျော့ကျ စေရန် အစီအမံများ
- ဌာနေတိုင်းရင်းသားများနှင့် ထိတွေ့ဆောင်ရွက်ရန် လမ်းညွှန်များ